
လူငယ်တွေပဲ ဖတ်ဖတ် . . . ။
လူကြီးတွေပဲ ဖတ်ဖတ် . . . ။
နည်းနည်းဖတ်ပြီး များများတွေးဖို့ . . . ။
ဦးဘုန်း(ဓာတု)မန္တလေး
[ နေ့စဉ် အတွေးရသစာစု ]

အကြံပြုဝေဖန်စာများရေးသားပေးပို့လိုပါလျှင်

ဦးဘုန်း ၊တာတု၊ မန္တလေး
သံယောဇဉ်နွယ်ဂေဟာ
ယ/၅၊ ခြံအမှတ် (၄၂)၊ လမ်းသွယ် (၁၄)၊
အရှေ့ကျွဲဆည်ကန်၊ မန္တလေး။
ဖုန်း (စာရေးသူ) - ၀၉ ၆၈၀၁၀၈၂၊ ၀၉ ၄၄၄၀၂၆၄၀၉
ဖုန်း (အိမ်) - ၀၉ ၆၈၀၁၁၄၃၊ ၀၉ ၉၁၀၂၇၄၅၉၊
ဖုန်း (မန်နေဂျာ) - ၀၉ ၉၁၀ ၁၁၁၃၅



စာအုပ်အမှတ် - ၁၉၇

လူငယ်တွေပဲ ဖတ်ဖတ်...။
လူကြီးတွေပဲ ဖတ်ဖတ်...။
နည်းနည်းဖတ်ပြီး များများတွေးဖို့...။

## ဦးဘုန်း(ဓာတု)မန္တလေး

[ နေ့စွဲ အတွေးရသစာစု ]

# ငါ့နှင်းဆီ

စာအုပ်အပြင်အဆင် ✿ Myint Soe

ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်၊ ၂၀၁၅ ခုနှစ်၊ မေလ

အုပ်ရေ
၁၀၀၀

ထုတ်ဝေသူ
ဦးသိန်းလွင် (လင်းလွန်းခင်စာပေတိုက်)
လိပ်ကန်ပန်းခြံဈေး၊ လိပ်ကန်လမ်း၊ တိုက် (D)၊ ပထမထပ်၊
ပုဇွန်တောင်မြို့နယ်။

ပုံနှိပ်သူ
ဦးဇော်မင်းလတ် (ခိုင်ရဝေပုံနှိပ်တိုက်)
အမှတ် (၁၁)၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်။

မျက်နှာဖုံးဒီဇိုင်းနှင့် အတွင်းသရုပ်ဖော်
ဗဂျီလင်းဝဏ္ဏ

မျက်နှာဖုံးဖလင်
Eagle

တန်ဖိုး
၂၂၀၀ ကျပ်

၈၉၅.၈၄
ဦးဘုန်း(ဓာတု)မန္တလေး
ရဲရင့်နှင်းဆီ နေ့စွဲအတွေးရသစာစု/ ဦးဘုန်း(ဓာတု)မန္တလေး။
- ရန်ကုန်၊ လင်းလွန်းခင်စာပေတိုက်၊ ၂၀၁၅။
စာ-၁၇၈၊ ၂၁ စင်တီ။
(၁) ရဲရင့်နှင်းဆီ နေ့စွဲအတွေးရသစာစု

## ✿ မာတိကာ ✿

✿ စာရေးသူ၏ အမှာစာ ၉
✿ ထုတ်ဝေသူ၏ အမှတ်တရစကား ၁၁

**ဇွန်လ**

၁။ ချွေးထဲက အတွေး… ၁၅
၂။ အမြစ် ၂၃
၃။ ကောင်းကင်ပြာမွေးနေ့ ၃၁
၄။ ကဗျာသစ်ပင် ၄၁

**ဇူလိုင်လ**

၅။ အမြင့်ပျံ ဂီတငှက် ၅၁
၆။ အရိုင်းလက်ဆောင် ၆၁
၇။ ဝိညာဉ် ရင်ခုန်သံ ၇၁
၈။ ထာဝရ စီးဆင်းနေတဲ့ မြစ်တစ်စင်း ၈၁

**ဩဂုတ်လ**

၉။ ငွေရတု ၉၃
၁၀။ ရဲရင့်နှင်းဆီ ၁၀၁
၁၁။ ကျိုးမည်း ၁၁၁
၁၂။ သူဆင်းရဲတို့၏ သူတော်စင် ၁၂၁
၁၃။ ညှို့ဖျင်းမှုသီအိုရီ ၁၃၁

လင်းလွန်းခင်စာပေ

**စက်တင်ဘာလ**


၁၄။ ဝါတွင်းမိုးစက် ၁၄၁
၁၅။ လက်နက်ကိုင်မှ သူရဲကောင်းတဲ့လား ၁၄၉
၁၆။ ယစ် ၁၅၉
၁၇။ ကဗျာတစ်ပုဒ်… သေနတ်တစ်လက် ၁၆၉


✿ ✿ ✿

## တန်ဖိုးရှိသော နေ့စွဲများ

မြန်မာ့သမိုင်းတွင် မေ့မရသော နေ့စွဲ များစွာ ရှိပါသည်။

တချို့ နေ့စွဲများသည် ကြည်နူးမှုဖြင့် မွေးဖွားလာ၏။

တချို့ နေ့စွဲများသည် မျက်ရည်ဖြင့် ဖွဲ့နှောင်၏။

တချို့ နေ့စွဲများသည် လွမ်းဆွတ်ဖွယ်ရာများဖြင့် ပြည့်နှက်နေ၏။

တချို့ နေ့စွဲများသည် နာကြည်းစက်ဆုပ်ဖွယ်ရာများဖြင့် ဖွဲ့သီထား၏။

ကျွန်တော်သည် နေ့စွဲများကို စိတ်ဝင်စားသည်။

ထိုနေ့စွဲများဖြင့် ဆက်နွယ်နေသော လူပုဂ္ဂိုလ်များ၊ ဖြစ်ရပ်များ၊ သမိုင်းများကို ယနေ့လူငယ်များအား သိစေချင်သည်။ ထို့ကြောင့် စာသင်ဆရာဘဝတစ်လျှောက်လုံး စာသင်ခန်းထဲရှိ ကျောင်းသား လူငယ်လေးများအား ကျွန်တော် သိသလောက်၊ ကျွန်တော် မှတ်မိသ၍ ရှင်းပြ၊ ပြောပြတတ်ပါသည်။ စာသင်ဆရာဘဝမှ စာရေးဆရာဘဝဖြစ်လာသော် ကျွန်တော့်မှာ ရေးစရာတွေက တစ်ပုံတစ်ပင်၊ ပြောစရာတွေက အများကြီး။

ဤသို့ဖြင့် နေ့စွဲအတွေးရသစာစုများ ဖြစ်လာရပါတော့သည်။

ပထမဦးဆုံး စာအုပ်မှာ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ (၃)လ 'သတ္တိရှိတဲ့ မြက်ပင်များ' အမည်ဖြင့် ထုတ်ဝေခဲ့ပါသည်။

ဒုတိယစာအုပ်မှာ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ၊ မေ (၅)လ 'စွယ်တော်' အမည်ဖြင့် ထုတ်ဝေခဲ့ပြန်ပါသည်။

ယခု တတိယ စာအုပ်မှာ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ (၄)လ 'ရဲရင့်နှင်းဆီ' အမည်ဖြင့် ထုတ်ဝေလိုက်ပါသည်။

လင်းလွန်းခင်စာပေ

ဤစာစုများသည် The First Music ဂျာနယ်တွင် အပတ်စဉ် ပါရှိခဲ့ပါသည်။

The First Music ဂျာနယ်၏ အယ်ဒီတာ ကိုအောင်စိုးသူကို အထူးပင် ကျေးဇူးတင်ပါသည်။ သူ၏ တွန်းအားများကြောင့် ဤစာစုများကို ကျွန်တော် ရေးသားမိခြင်း ဖြစ်ပါသည်။

ဤ 'နေ့စွဲအတွေးရသစာစု' ကို ဖတ်ရှုခြင်းဖြင့် တန်ဖိုးရှိသော နေ့စွဲများကို ဖန်တီးနိုင်သူများ ဖြစ်ကြပါစေ…။

**ဦးဘုန်း ၊ဓာတု၊ မန္တလေး**

✿ ✿ ✿

## ထုတ်ဝေသူရဲ့ အမှတ်တရစကား

ကျွန်တော်နဲ့ ဆရာ ဦးဘုန်း(ဓာတု) နဲ့ လက်တွဲပြီး စာအုပ်လေးတွေ ထုတ်လာတာ အခု 'ရဲရင့်နှင်းဆီ' စာအုပ်နဲ့ ဆိုရင် ၁၅ အုပ်မြောက် ဖြစ်ပါတယ်။ ဆရာ့စာအုပ်တွေမှာ ကျွန်တော့်အမှာစာ သိပ်မပါတတ်ပါဘူး။ စာရေးဆရာကြီးများရဲ့ ဩဝါဒစကား အမှာစကားတွေကိုသာ တခုတ်တရ ထည့်ဖြစ်ပါတယ်။

အခုတော့ စာအုပ်ထုတ်ဖို့က အချိန်ကလည်း နီးကပ်နေပြီ တောင်းထားတဲ့ အမှာစာကလည်း မရနိုင်တော့ ကျွန်တော်ပဲ အမှတ်တရ ရေးဖြစ်ပါတော့တယ်။ ဆရာဦးဘုန်း စာတွေက ဆရာ ပြောထားသလိုပါပဲ၊ 'လူငယ်တွေပဲဖတ်ဖတ်၊ လူကြီးတွေပဲဖတ်ဖတ် နည်းနည်းဖတ်ပြီး များများတွေးဖို့' ဆိုတာလိုပဲ အတွေးလေးတွေကို အဓိကထားပြီး ရေးဖွဲ့ဖြစ်တာ ဖြစ်ပါတယ်။ များသောအားဖြင့် စာဖတ်ပရိသတ်က စာအရှည်ကြီးတွေ ဖတ်ရမှာထက် စာတိုလေးတွေပဲ ဖတ်ချင်ကြတာဆိုတော့ ဦးဘုန်းရဲ့ စာတွေနဲ့လည်း အကိုက်ပါပဲ။

အခု ပရိသတ်ကြီး လက်ထဲကို ထည့်ပေးလိုက်တဲ့ စာအုပ်လေးကတော့ နှေ့ခွဲအတွေးရသစာစုများ ဖြစ်ပါတယ်။ ဦးဘုန်းကို ချစ်တဲ့ ပရိသတ်တွေအတွက် The First Music ဂျာနယ်မှာ အပတ်စဉ် ရေးထားတဲ့ စာစုလေးတွေကို တစ်ပေါင်းတစ်စည်းတည်း ထုတ်ဖို့လည်း စီစဉ်နေပါတယ်။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ စာအုပ်လေးကိုလည်း ထုတ်ဖို့ ရွေးချယ်ထားတယ် ဆိုတာ သတင်းကောင်း ပါးပါရစေ။

စာအုပ်ဈေးကွက်ကလည်း တော်တော်များများ မကောင်းလေတော့ ထုတ်ဝေရတဲ့သူတွေမှာ အခက်အခဲ ဖြစ်ရတာကိုတော့ စာဖတ်ပရိသတ်များ သိနားလည်မယ်လို့ ယုံကြည်ပါတယ်။ တကယ်တော့ စာဖတ်တဲ့သူ ဦးရေလည်း တိုးလာတယ်၊ အစိုးရ စာကြည့်တိုက်တွေလည်း များလာတယ် ဆိုပေမယ့်

စာအုပ်ဝယ်ဖတ်တဲ့ ဦးရေက မတိုးတက်လို့ ဒီအခက်အခဲတွေ ကြုံတွေ့ရတယ်လို့ ယူဆမိပါတယ်။ အစိုးရ စာကြည့်တိုက်ပေါင်းများစွာကို စာအုပ်တွေ ရောင်းပေးနိုင်ရင် ထုတ်ဝေသူဘက်က စာအုပ်ရောင်းအားကောင်းတဲ့ စာရင်းတက်လာမယ် ထင်ပါတယ်။ စာပေကို ဝါသနာပါလွန်းလို့ အစိုးရအလုပ်က အနားယူပြီးတဲ့နောက်ပိုင်း စာပေလောကထဲကို ရောက်ရှိလာခဲ့တဲ့ ကျွန်တော်တောင်မှ မနည်း ရုန်းကန်လှုပ်ရှားနေရပါပြီ။ စာအုပ်ကောင်းတွေ အဆင့်အတန်းမီမီ ထွက်လာဖို့ဆိုရင် အစိုးရစာကြည့်တိုက်တွေအတွက်လည်း ပြန်ကြားရေးဝန်ကြီးဌာနနဲ့ စာကြည့်တိုက်ဖောင်ဒေးရှင်းက စာအုပ်တွေ များများဝယ်နိုင်ပါစေလို့ ဆုတောင်းပေးရင်း ကျွန်တော့်အမှတ်တရစကားကို ရပ်နားပါရစေ။

**သိန်းလွင် (ကျောက်ပုထိုး)**

✿ ✿ ✿

## ဇွန် နေ့စွဲများ

၁။ ချွေးထဲက အတွေး···

ဆရာသိပ္ပံမောင်ဝ

(၅-၆-၁၈၉၉ မွေးဖွား၊ ၆-၆-၁၉၄၂ ကွယ်လွန်)

၂။ အမြစ်

ဗိုလ်ချုပ်အောင်ဆန်းအစ်ကို ဦးဘဝင်း

(၁၁-၆-၁၉၀၁ မွေးဖွား၊ ၁၉-၇-၁၉၄၇ ကျဆုံး)

၃။ ကောင်းကင်ပြာမွေးနေ့

ဒေါ်အောင်ဆန်းစုကြည်

(၁၉-၆-၁၉၄၅ မွေးဖွား)

၄။ ကဗျာသစ်ပင်

သခင်ဗဟိန်း

(၂၇-၆-၁၉၁၇ မွေးဖွား၊ ၂၀-၁၁-၁၉၄၆ ကွယ်လွန်)



ချွေးထဲက အတွေး...
ဆရာ သိပ္ပံမောင်ဝ
(၅-၆-၁၈၉၉ မွေးဖွား ၆-၆-၁၉၄၂ ကွယ်လွန်)



**ချွေးထဲက အတွေး...**

ဆရာ သိပ္ပံမောင်ဝ

(၅-၆-၁၈၉၉ မွေးဖွား ၆-၆-၁၉၄၂ ကွယ်လွန်)

✿ သခင့်အလိုကျ သခင်က ရန်တိုက်ပေးရင်
ခွေး… ခွေးချင်းလည်း ကိုက်တယ်။
ကိုယ့်ကို ကျွေးထားတဲ့
သခင်တစ်ယောက်အပေါ်မှာသာ သစ္စာရှိပြီး
ခွေးလောကအပေါ်မှာ သစ္စာမရှိတဲ့
ခွေးတွေရဲ့ စရိုက် ကျုပ် မကြိုက်ဘူး။

✿ သခင်အားရ ကျွန်ဝါးဝ ဆိုတာ
ခွေးတွေရဲ့ အပြုအမူဗျ။

✿ ရှူးတိုက်တိုင်း၊ မြှောက်ပေးတိုင်း
ဟောင်တတ်၊ ကိုက်တတ်တဲ့ ခွေးတွေ။

## ချွေးထဲက အတွေး...

"လေယာဉ်ပျံတွေ မိုးပေါ် ဘာကြောင့် ပျံတာလဲ"

"အင်ဂျင်ပါလို့ပေါ့"

"အင်ဂျင်ဆိုတာ ဘာလဲ"

"အင်ဂျင်ဆိုတာ စက်ကွ"

"စက်ဆိုတာက ဘာလဲ"

ခက်ပြီ၊ ဖိုးခွားတစ်ယောက် ကျွန်တော့်ကို ကတ်သီးကတ်သတ်တွေ မေးလေပြီ။

"စက်ဆိုတာ အင်ဂျင်ပေါ့"

"ဒါဆိုရင် စက်မပါဘဲ ငှက်တွေက ဘာဖြစ်လို့ ကောင်းကင်ကို ပျံနိုင်တာလဲ"

"အတောင်ပံပါလို့"

"ဒါဆိုရင် အိမ်မှာ မွေးထားတဲ့ ကြက်တွေ အတောင်ပံ ပါတယ်၊ ကောင်းကင်ကိုလည်း မပျံဘူး"

ဖိုးခွားနဲ့ အချီအချ စကားပြောနေရင်း သိပ္ပံမောင်ဝ၏ 'နှိုက်နှိုက် ချွတ်ချွတ်' ထဲမှ မောင်လူမွေးကို ပြေး၍ သတိရလိုက်မိသည်။

အဲဒီလို အမေးအမြန်းထူသည့် မောင်လူမွေးလို၊ ဖိုးခွားလို လူငယ်တွေ ဒီနေ့ခေတ်မှာ အများကြီး လိုသည်။

ဤသို့ဖြင့် ဖိုးခွား၏အဘိုး ဘကြီးညိုနှင့် သိပ္ပံမောင်ဝ အကြောင်း ပြောဖြစ်ကြတော့သည်။

"ဒီမယ် ဆရာဘုန်းရဲ့၊ သိပ္ပံမောင်ဝကို စာအစုံရေးခဲ့သူလို့ လူတွေက ပြောကြတယ်"

"ဟုတ်တယ်လေ ဘကြီးညိုရဲ့၊ 'ရွာကျက်သရေ' ဆိုတဲ့ စကားပြေကို ကျောင်းသားဘဝတုန်းက ကျွန်တော်တို့ သင်ခဲ့ရဖူးတယ်။ ရွာတစ်ရွာက ဆရာစော ဖွင့်တဲ့ကျောင်း။ ကလေးတွေကလည်း တစ်ယောက်တစ်ပေါက်။ ဆရာစော ငေါက်ရင် ငြိမ်၊ ဆရာစော လစ်ရင် ဆော့။ ဆရာစောက ကျောင်း ဆရာပီပီ ရွာသူကြီး ရွေးကောက်ပွဲအကြောင်းတွေ ပြော။ နောက်ဆုံးစကားရဲ့ နိဂုံးမှာ ဆရာစောကျောင်းက နောင်နှစ်ပေါင်းလေးဆယ်၊ ငါးဆယ်ခန့် ကြာလျှင် ဤရွာကျောင်းမှပင် မြန်မာပြည်သမ္မတ ထွက်ချင်ထွက်နေမည်ကိုလည်း စဉ်းစား မိပုံမပေါ်လို့ သရော်တော်တော် ရေးထားတာကို ကြိုက်တယ်ဗျ။ လူငယ်တွေရဲ့ အနာဂတ်ကို တန်ဖိုးထားတဲ့ ဆရာစော။ ရွာကျက်သရေ ဆိုတာ ပညာရေးလို့ အဓိပ္ပာယ်ပါတဲ့ စကားပြေ။ ကောင်းမှကောင်း"

"ဆရာဘုန်းက သိပ္ပံမောင်ဝရဲ့ စာတွေကို ဘယ်လောက်အထိ ဖတ်ခဲ့ ဖူးတုံး"

"လက်လှမ်းမီသလောက်တော့ ဖတ်ဖူးတာပေါ့ ဘကြီးညိုရယ်။ သိပ္ပံမောင်ဝက မော်လမြိုင်သားဗျ။ ၁၈၉၉ ဇွန် ၅ ရက်မှာ မွေးတယ်။ ဒီနေ့ က တိုက်တိုက်ဆိုင်ဆိုင် သိပ္ပံမောင်ဝရဲ့ မွေးနေ့။ ငယ်နာမည်က မောင်စိန်တင်။ မြန်မာဘာသာ၊ ပါဠိဘာသာရပ်တွေမှာ ကျွမ်းကျင်တဲ့သူ။ စာသိပ်ကြိုးစားတဲ့ သူ။ ဒါကြောင့် M.A တန်း တက်နေစဉ်မှာ I.C.S အဖြစ် အရွေးခံရတဲ့သူ။ အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှာ ပညာသင်ခဲ့တဲ့သူ။ မညံ့ဘူးဗျ"

ဘကြီးညိုက ယပ်တောင်တဖျပ်ဖျပ်ဖြင့် ကျွန်တော့်စကားကို ပြုံးပြုံး ကြီး နားထောင်နေလေသည်။

"ပြီးတော့ ရှိသေးတယ်ဗျ။ နေ့စဉ်နေ့တိုင်းလည်း ဒိုင်ယာရီရေးတဲ့သူ။ သိပ္ပံမောင်ဝရဲ့ 'စစ်အတွင်း နေ့စဉ်မှတ်တမ်း' ကို ဖတ်ပြီး ဒုတိယကမ္ဘာစစ်မှာ အင်္ဂလိပ်တွေ ဘယ်လို စစ်ဆုတ်ခွာတယ်၊ ဂျပန်တွေ ဘယ်လို ဝင်လာတယ်။ အဲဒါတွေကို သိခွင့်ရတယ်ဗျ။ ၁၉၄၂ ဇွန်လ ၅ ရက်နေ့အထိ အသေအချာ မှတ်တမ်းတင်သွားတယ်။ ဟော- နောက်တစ်နေ့ စနေနေ့လင်းအားကြီး ဇွန်လ ၆ ရက်နေ့မှာ ကန့်ဘလူအရှေ့ဘက် ဂါးထာရွာ ဗိုလ်တဲမှာ လူဆိုးဓားပြတွေ သတ်လို့ ကွယ်လွန်ရရှာတယ်။ သိပ္ပံမောင်ဝဟာ ၄၃ နှစ်ပဲ နေသွားရရှာတယ်"

ဘကြီးညိုက ကျွန်တော့်စကားကို နားထောင်ရင်း သူ၏ နှုတ်ခမ်း

တစ်ချက်တစ်ချက် တွန့်သွားသည်ကို သတိထားလိုက်မိသည်။

"ဆရာဘုန်း၊ ဆရာ ပြောလို့ ဝပြီ ဆိုရင် ကျုပ် ပြောမယ်။ ကျုပ် ပြောလို့ ရပြီလား"

ကျွန်တော်ကလည်း အတွေးကောင်းသော ဘကြီးညို၏ ပြောစကားများကို နားထောင်ချင်နေသူ။ ဘကြီးညိုက အတွေးရဲသူ။ စေ့စေ့တွေးတတ်သူ။ ရိုးရိုးတွေးတတ်သူ။

"ကျုပ် တွေးမိတာ ရှိတယ်"

"ဘာများလဲ ဘကြီးညိုရဲ့"

"အာမိတ် ဆိုတဲ့ ဝတ္ထု"

"အာမိတ်က ခွေးနဲ့ လူတို့ရဲ့ သံယောဇဉ်နဲ့ ချစ်ခြင်းကို ဖွဲ့ဆိုထားတဲ့ အတွေးကောင်းကောင်း စကားပြေတစ်ပုဒ်ပဲ"

"ဟုတ်တယ်၊ အတွေးကောင်းကောင်းပေါ်ကို ကျုပ်က ဆက်တွေးတယ်ဗျ"

ဖွန်လကလည်း ပူလိုက်တာ။ ဘကြီးညိုတစ်ယောက် ယပ်တောင်ခတ်ရင်း ကျွန်တော့်ကို သူ၏ ခံစားချက်များ ပြောလေတော့သည်။

"ခွေးတွေက သစ္စာရှိတယ်။ နိုးကြားတယ်။ ကျေးသလောက်နဲ့ ကျေနပ်တယ်။ ထားရာနေ စေရာသွား သခင်အလိုကျ။ ပြီးတော့ သခင်တွေကိုလည်း အလွန်ချစ်တယ်။ ဒါပေမဲ့ အဲဒီလို ခွေးတွေရဲ့ သစ္စာရှိမှုနဲ့ အပြုအမူကို ကျုပ်က အားမကျဘူး"

"ဘာလို့လဲ ခင်ဗျ"

"ဆရာဘုန်းပဲ စဉ်းစားကြည့်။ ခွေးတွေက သူတို့ရဲ့ သခင်အပေါ်မှာသာ သစ္စာရှိကြတာပါ။ သခင့်စကားကိုသာ နားထောင်တာ။ သူ့သခင်ကိုသာ ချစ်တာပါ"

"ဟုတ်တယ်လေ"

"တွေးကြည့်ဗျာ၊ ခွေးတွေက ခွေးအမျိုးအနွယ်အတွက်ကိုတော့ သစ္စာမရှိဘူးဗျ။ သခင့်အလိုကျ သခင်က ရန်တိုက်ပေးရင် ခွေးခွေးချင်းလည်း ကိုက်တယ်။ ကိုယ့်ကို ကျွေးထားတဲ့ သခင်တစ်ယောက်အပေါ်မှာသာ သစ္စာရှိပြီး ခွေးလောကအပေါ်မှာ သစ္စာမရှိတဲ့ ခွေးတွေရဲ့ စရိုက် ကျုပ်မကြိုက်ဘူး။

သခင်အားရ ကျွန်ဝါးဝ ဆိုတာ ခွေးတွေရဲ့ အပြုအမူဗျ။ ရှူးတိုက်တိုင်း၊ မြှောက်ပေးတိုင်း ဟောင်တတ်၊ ကိုက်တတ်တဲ့ခွေးတွေကို မြင်တွေ့နေရတိုင်း အာဏာရှင်စနစ်ဆိုးကို ကျုပ်က ပြေးပြေးပြီး နှိုင်းယှဉ်မြင်ယောင်နေမိတယ်။ တကယ်တော့ လူဟာ ခွေးမဟုတ်ဘူး။ အသိဉာဏ်ရှိတယ်။ ဆင်ခြင်ဉာဏ် ရှိတယ်။ အမှားအမှန်ကို ဝေဖန်ပိုင်းခြားတတ်တယ်။ အခုတော့ ခွေးတွေလိုပဲ။ ခိုင်းတိုင်းလုပ်ပြီး သခင့်အပေါ်မှာသာ သစ္စာခံတတ်တဲ့ စိတ်ဓာတ်၊ စဉ်းစားကြည့်ဗျာ''

ထိုအချိန်တွင် ကျွန်တော်တို့နံဘေး၌ ဆော့ကစားနေသော ဖိုးခွားက သူ့ဘိုးဘိုး ဘကြီးညိုကို ပြောလေသည်။

''ဟုတ်တယ် ဘိုးဘိုး။ သားတို့အိမ်ရှေ့က တယ်လီယာခွေးက သူ့ခြံထဲကို ဝင်ရင် ဟောင်တယ်။ သူ့သခင်ရှိရင် အသံက ပိုတောင်ကျယ်လိုက်သေးတယ်''

သူ့မြေးစကားကြောင့် ဘကြီးညိုတစ်ယောက် ဟက်ဟက်ပက်ပက် ရယ်လေသည်။

''ဘိုးဘိုးကြီးကိုလည်း ပြောရဦးမယ်။ ဘွားဘွားကြီးက ရိုက်ခိုင်းတိုင်း ဘိုးဘိုးကြီးက သားကို ရိုက်တယ်နော်။ အဲဒါဆိုရင် ဘိုးဘိုးကြီး ဘာဖြစ်သွားမလဲ။ ဟဲ ဟဲ ဟဲ''

ဒီနေ့ခေတ်ကလေးတွေက အကင်းပါးသည်။ ဆော့ကစားနေသလိုနှင့် ကျွန်တော်တို့ လူကြီးနှစ်ယောက် စကားပြောနေသည်ကို နားစွင့်နေသည်။ ပြီးတော့ စကား၏ ဆိုလိုရင်းကိုလည်း နားလည်သည်။ ဖိုးခွားက သူ ပြောချင်ရာ ပြောပြီး ဆက်၍ ဆော့ကစားနေလေပြန်သည်။

''ဒီမယ် ဆရာဘုန်း၊ သိပ္ပံမောင်ဝ စာပေတွေကို ကျုပ် နှစ်သက်ပါတယ်။ ဒါပေမဲ့ မကြိုက်တာတွေလည်း ရှိတယ်။ ဥပမာဗျာ...''

ဘကြီးညိုက သူ့စကားကို ဖြတ်ပြီး ကျွန်တော့်ကို အကဲခတ်သည်။ ပြီးမှ သူ့စကားကို ဆက်၍ပြောသည်။

''သူပုန်အငွေ့ ဆိုတဲ့ဝတ္ထု ရေးထားပုံက ကြည့်လိုက်ဦး။ 'သူပုန်၊ သူပုန်၊ သူပုန် ၁၂၉၂ မှာ သူပုန်ခပ်ပြင်းပြင်းလေး ထလိုက်၏။ ဆရာစံက ဥက္ကဋ္ဌကြီး၊ ဂဠုန်(က)၊ ဂဠုန်(ခ)တွေနဲ့ နိုင်ငံဆူအောင် လုပ်လိုက်လေ၏' တဲ့။ ရေးထားတဲ့ အရေးအသားကိုက အစိုးရဝန်ထောက်မင်း ပီသပါပေတယ်ဗျာ။

မြန်မာအချင်းချင်း သရော်ထားတဲ့နိဒါန်းဗျ။ ပြီးတော့ ရှိသေးတယ်။ ဆရာစံကား ရှင်ဘုရင်ဖြစ်ချင်သူ တစ်ယောက်တည်းတဲ့။ အလံတောင်မှာ နန်းတော်တွေ ဆောက်၊ စည်တော်တွေ ရွမ်း၊ ဘိသိက်တွေ သွန်းနဲ့။ နောက်လိုက်ငယ်သား တွေကိုလည်း နှိမ်ချပြီး ရေးထားသေးတယ်။ ပီယဆေးတွေ ထိုးပေး၊ ဂဠုန်ဆေး တွေ ထိုး၊ ထုံးမန်းတွေကို မှုတ်။ အဟုတ်မှတ်ပြီး ဗြိတိသျှအစိုးရကို ခုခံတိုက်ခိုက် ကြလေသည်တဲ့"

ဘကြီးညိုက ခံစားချက်ဖြင့် ပြောနေပါလားဟု ကျွန်တော့်စိတ်ထဲ တွင် မှတ်ချက်ချလိုက်မိသည်။

"ရေးထားသေးတယ်။ ဂဠုန်ဆေးဆရာတွေ၊ လက်ဖွဲ့ဆရာတွေ၊ ထုံးမန်းဆရာတွေ၊ စက်အမြောက်တွေရဲ့ ရှေ့မှာ ကားခနဲ ကားခနဲ နေကြသတဲ့။ သေကြသတဲ့။ ပြီးတော့ ရေးထားသေးတယ်။ မကြာမီမှာ အကြင်ဆရာစံသည် လည်း စက်တိုင်ထက်မှာ အသက်ကုန်ရရှာ၏တဲ့။ သိပ္ပံမောင်ဝက မြန်မာလူမျိုး ဖြစ်ပြီး မြန်မာသူရဲကောင်းတွေကို ချစ်တတ်ပုံမပေါ်ဘူးဗျ။ ရိသဲ့သဲ့ အရေး အသားကတော့ ပြောင်မြောက်ပါပေ့ဗျာ။ ဆရာစံ သေတော့ တချို့က ငရဲပြည် ရောက်သတဲ့။ တချို့က နတ်ပြည်ရောက်သတဲ့။ ငရဲပြည်ရောက်ရင်လည်း ငရဲသားတွေကို မြှောက်ပေးပြီး သူပုန်ထလို့ ယမမင်းတော့ အလုပ်များဦးမှာပဲ တဲ့။ ဒီလိုပဲ နတ်ပြည်ရောက်ရင်လည်း နတ်သားတွေကို စည်းရုံးပြီး သူပုန်ထ လို့ သိကြားမင်းတော့ အလုပ်ရှုပ်ဦးတော့မှာပဲတဲ့။ ရောက်တဲ့နေရာမှာ သူပုန် ထမယ့် ဆရာစံတဲ့"

ခံစားချက်အကြီးကြီးဖြင့် ပြောနေသော ဘကြီးညိုပါလားဟု မှတ်ချက် ချလိုက်မိသည်။

"စဉ်းစားကြည့်ဗျာ။ မြန်မာ့သမိုင်းရဲ့ သူရဲကောင်းကို သိပ္ပံမောင်ဝ ဖြစ်ပြီး သရော်ရက်တယ်ဗျာ။ ဒီမယ် ဆရာဘုန်း၊ အဲဒီလို သူပုန်တွေကို သရော် ခဲ့တဲ့ သိပ္ပံမောင်ဝ နောက်ဆုံးမှာတော့ သူပုန်သတ်လို့ပဲ သေရတယ်လေ။ လူများ သတ်တာလို့ ကျုပ်ကတော့ မယူဆဘူး။ အဲဒီခေတ် နယ်ပိုင်တို့၊ ဝန်ထောက်တို့ ဆိုတာ လူထုကို အတော်နှိပ်စက်တာကလား။ လူထုကလည်း အဲဒီလို ဗြိတိသျှ အလိုတော်ရိတွေ၊ လက်ကိုင်တုတ်တွေကို အမုန်းကြီး မုန်းနေကြတာကလား။ ဒီတော့ ခေတ်ပျက်ကာလမှာ လက်ဦးမှု ရယူလိုက်တာပဲ ဖြစ်မယ်"

ယပ်တောင်ခတ်နေတဲ့ကြားက ချွေးတွေကလည်း တပြိုက်ပြိုက်နှင့်။

"ကဲ- ကျုပ်မေးမယ်။ သိပ္ပံမောင်ဝ ကွယ်လွန်တာ ၁၉၄၂ နော်"

"ဟုတ်တယ်လေ ဘကြီးညို"

"၁၉၄၂ ဆိုတာ သခင်အောင်ဆန်းတို့ တိုင်းပြည်အတွက် အလုပ်များနေတဲ့ ကာလ။ လွတ်လပ်ရေးအတွက် အလုပ်ရှုပ်နေတဲ့ အချိန်။ သိပ္ပံမောင်ဝ ရေးသွားတဲ့ စာတွေထဲမှာ သခင်အောင်ဆန်းအကြောင်း ကျုပ်ဖြင့် မတွေ့ဖူးဘူး။ အိုးဝေညီမြ တွေ့ဆုံပုံအကြောင်းကိုပဲ ကျုပ် ဖတ်ဖူးတယ်"

"ဘာဖြစ်လို့လဲ ဘကြီးညိုရဲ့"

"ဒီလောက် ကလောင်ခွဲ ၅၀ ကျော်နဲ့ သတင်းဆောင်းပါးတွေ၊ ခရီးသွားဆောင်းပါးတွေ၊ စာပေယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးတွေ၊ ပေးစာတွေ၊ နေ့စဉ်မှတ်တမ်းတွေ၊ ဝတ္ထုတွေ ရေးခဲ့တဲ့ မောင်စိန်တင်(ခေါ်)သိပ္ပံမောင်ဝ။ သခင်အောင်ဆန်းအကြောင်း အရိပ်အမြွက်ကလေးတောင် ရေးမသွားရှာဘူး။ ကျုပ်ပဲ ဗဟုသုတနည်းလို့လား မသိ"

"သိပ္ပံမောင်ဝက ဝန်ထမ်းကိုးဗျ"

"ဘာပဲဖြစ်ဖြစ်ဗျာ။ မြန်မာ့သူရဲကောင်း တစ်ယောက်ကိုတော့ မှတ်တမ်းတင်သင့်တာပေါ့။ သူရဲကောင်းကို မှတ်တမ်းမတင်ရဲလောက်အောင် သစ္စာစောင့်သိတဲ့ အပြုအမူကိုတော့ ကျုပ်မကြိုက်ဘူးဗျာ။ ကျုပ်နဲ့ သဘောထားကွဲလွဲခွင့်ရှိတယ်။ ဒါ ကျုပ်ခံစားချက်နဲ့ စာပေအမြင်ပဲ"

ဖိုးခွားရဲ့ အဘိုးဖြစ်လို့လား မသိ။ ဖိုးခွားက နိုက်နိုက်ချွတ်ချွတ် မေးသည်။ သူ့အဘိုးက နိုက်နိုက်ချွတ်ချွတ် တွေးသည်။ ထိုနေ့က ဆရာသိပ္ပံမောင်ဝ၏ စာပေများအကြောင်း ဆွေးနွေးကြရင်း ကျွန်တော်တို့နှစ်ဦးသား ချွေးတလုံးလုံးဖြင့် စကားကောင်းခဲ့ကြသည်။ ဘကြီးညိုက သူ၏စကားများကို 'ချွေးထဲက အတွေး' ဟု ဆို၏။

စာပေလောကအတွက် နေတစ်စင်း၊ လတစ်စင်း ဖြစ်ခဲ့တယ် ဆရာ။ မြန်မာ့လွတ်လပ်ရေး သူရဲကောင်းတွေအကြောင်း ရေးခွင့်မကြုံခဲ့တာလား··· မရေးရဲခဲ့တာလား ဆရာရယ်။

သြော်··· ဖျူရိုကရေစီစိတ်ဓာတ်ဟာ အတော်ကြောက်စရာကောင်းပါလား။



အမြစ်

ဗိုလ်ချုပ်အောင်ဆန်း အစ်ကို ဦးဘဝင်း

(၁၁-၆-၁၉၀၁ မွေးဖွား။ ၁၉-၇-၁၉၄၇ ကျဆုံး)

✿ ဒီမယ်...

မြန်မာ့စီးပွားရေးနဲ့
မြန်မာ့သယံဇာတ လုပ်ပိုင်ခွင့်တွေကို
မြန်မာနိုင်ငံသူ နိုင်ငံသား၊
တိုင်းရင်းသားတွေရဲ့ လက်ထဲမှာ မထားဘဲ
တိုင်းတစ်ပါးသားတွေရဲ့ လက်ထဲမှာ
ရှိနေမယ် ဆိုရင်
လွတ်လပ်ရေးရလည်း ဘာထူးမှာလဲ... တဲ့။

✿ ဒီနေ့ခေတ်နဲ့တော့ ကွာပ့ါ။

## အမြစ်

"အဓိပ္ပာယ် အပြည့်ဝဆုံး ဗိုလ်ချုပ်ဆိုလို့ ဗိုလ်ချုပ်အောင်ဆန်း တစ်ယောက်ပဲ ငါ တွေ့ဖူးသေးတယ်"

စာသင်ခန်းထဲတွင် စာသင်ရင်း ဆရာက စကားစလိုက်သည်။

"ဗိုလ်ချုပ်အောင်ဆန်းကို အဓိပ္ပာယ်ပြည့်ဝတဲ့ လူသား။ ပြီးတော့ ရိုးသားတဲ့သူ။ ဖြောင့်မတ်တဲ့သူ။ အလွန်တော်တဲ့သူလို့ ငါတို့အားလုံးက ချီးမွမ်း ပြောဆိုကြတယ်။ အေး… အဲဒီလို လူတစ်ယောက်ဖြစ်လာဖို့ သူ့ရဲ့ ပဲ့ကိုင်ရှင် ဟာ ဘယ်သူလဲ။ တွေးမိကြရဲ့လား။ ဗိုလ်ချုပ်က ကျဆုံးသွားတာ။ ကျရှုံးသွားတဲ့ ဗိုလ်ချုပ် မဟုတ်ဘူး"

ဆရာဇော်ဂျီ၏ 'သင်သေသွားသော်' ကဗျာကို သင်ကြားပေးနေရင်း မြန်မာစာပို့ချသူ ဆရာက ကျောင်းသား၊ ကျောင်းသူများအား အမှတ်တမဲ့ မေးလိုက်သည်၊ ပြောလိုက်သည်။ အားလုံးက မျက်လုံးအဝိုင်းသားဖြင့် နား ထောင်နေကြသည်။

"ဒီနေ့က အင်္ဂါနေ့၊ ဇွန်လ ၁၁ ရက်နေ့။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အစ်ကိုကြီး ဦးဘဝင်းရဲ့ မွေးနေ့။ ဦးဘဝင်းက ၁၉၀၁ ခု၊ ဇွန်လ ၁၁ ရက် အင်္ဂါနေ့မှာ မွေးတယ်။ ဗိုလ်ချုပ်အောင်ဆန်းက ၁၉၁၅ ခု၊ ဖေဖော်ဝါရီ ၁၃ မှာ မွေးတယ်။ ဦးဘဝင်းက ဗိုလ်ချုပ်အောင်ဆန်းထက် ၁၄ နှစ် ကြီးတယ်။ အစ်ကိုကြီးဆိုလည်း ဟုတ်။ ဆရာဆိုလည်း ဟုတ်။ ဖခင်လို ဦးလေးလို အစ်ကိုကြီးကွ"

စာသင်ခန်းဆိုတာ ကျောင်းသင်ရိုးတစ်ခုတည်းသာ မဟုတ်။ လိုအပ် တဲ့ စိတ်အာဟာရတွေ၊ ဗဟုသုတတွေ ပေးဝေတဲ့ နေရာ။ မြန်မာစာပို့ချသော ဆရာက 'သင်သေသွားသော်' ကဗျာကို ပေါ်လွင်ထင်ရှားအောင် သူ ဖတ်ထား သော စာပေများဖြင့် မွှေနှောက်၍ ရှင်းပြနေလေသည်။

"ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိဘတွေဖြစ်တဲ့ ဦးဖာနဲ့ ဒေါ်စုမှာ သားသမီး (၉)ယောက် ထွန်းကားတယ်။ ဦးဘဝင်း တတိယမြောက် သားကြီးဩရသ။ ကိုအောင်ဆန်းက အငယ်ဆုံး သားထွေး။ ဗိုလ်ချုပ်အောင်ဆန်း ဆိုတဲ့ လူတစ်ယောက် တိုင်းပြည်အတွက် မွေးဖွားလာဖို့ စနစ်တကျ ပြုစုပျိုးထောင်ပေးတဲ့သူဟာ အစ်ကိုကြီး ဦးဘဝင်းပဲ။ မင်းတို့ သိချင်တာရှိရင် မေး။ ငါသိသလောက် ဖြေမယ်"

ကျောင်းသားတစ်ယောက် ထ၍ မေးသည်။

"ဦးဘဝင်းက ကျောင်းဆရာလို့ သိရပါတယ်။ ဟုတ်ပါသလား… ဆရာ"

"ဟုတ်တယ်…။ ဦးဘဝင်းက စာကြိုးစားတယ်။ နတ်မောက် ဦးသောဘိတကျောင်းမှာပဲ ကျောင်းတက်ခဲ့သူ။ (၇) တန်းလည်း အောင်ရော သူတို့ နတ်မောက်မှာ တက်စရာ ကျောင်းမရှိတော့ဘူး။ ဒီလိုနဲ့ တောင်တွင်းကြီး ဦးသုန္ဒရကျောင်းမှာ ဆက်ပြီး ပညာသင်ကြားတယ်။ (၁၅)နှစ်သားမှာ (၉)တန်း အောင်တယ်။ သူ (၉)တန်းအောင်တဲ့အချိန်မှာ ကိုအောင်ဆန်းက မွေးပြီကွ။ ဒီလိုနဲ့ (၁၀)တန်း ဖြေချင်တာကြောင့် ရေနံချောင်းမှာ ရှိတဲ့ ဦးဟံသာကျောင်းမှာ လက်ထောက်ဆရာ ဝင်လုပ်တယ်။ အင်္ဂလိပ်စာကို ကြိုးစားသင်ယူတယ်။ လေ့လာတယ်"

ကျောင်းသူတစ်ယောက်က မေးပြန်သည်။

"ရေနံကုမ္ပဏီမှာလည်း အလုပ်လုပ်ဖူးတယ်လို့ မှတ်သားဖူးပါတယ်။ ဟုတ်ပါသလားရှင့်"

"ဒီလိုကွဲ့၊ ဦးဘဝင်းက သားအကြီးဆိုတော့ သူ့အောက်မှာ သက်ရှိထင်ရှား ညီငယ် (၃)ယောက် ရှိတယ်။ ကိုနေအောင်၊ ကိုအောင်သန်း၊ ကိုအောင်ဆန်း။ သူတို့အတွက် ပညာရေးစရိတ် လိုတယ်။ ဒါကြောင့် လစာ (၁၀၀)ကျပ်ရတဲ့ ဘီအိုစီရေနံကုမ္ပဏီမှာ စာရေးဝင်လုပ်တယ်။ တစ်ဝက်ကို သုံးတယ်။ တစ်ဝက်ကို ညီတွေအတွက် ပညာရေးစရိတ်အဖြစ် ထောက်ပံ့တယ်။ သိပ်တော်တဲ့ အစ်ကိုကြီးကွ။ ကြုံလို့ ပြောရဦးမယ်"

ဆရာက စကားစကို ဖြတ်လိုက်ပြီး အားလုံးကို ဟန်ပါပါဖြင့် လှမ်းပြီး ကြည့်လိုက်သည်။ ပြီးမှ သူ့စကားကို ဆက်လေ၏။

"ရေနံကုမ္ပဏီမှာ အလုပ်လုပ်တော့ အမေရိကန်နိုင်ငံသား ရေနံတွင်းတူး ဆရာက မြန်မာလူမျိုးတွေအပေါ်မှာ မတရားဖိနှိပ်တယ်။ နှိပ်စက်တယ်။ အဲဒီကိစ္စနဲ့ စကားများကြတယ်။ ဦးဘဝင်းက အဲဒီအမေရိကန်လူမျိုးကို မြင်းလှံနဲ့ ထပြီး ရိုက်လိုက်တယ်။ အဲဒီလို ဦးဘဝင်း"

ကျောင်းသားတစ်ယောက်က မေးပြန်သည်။

"ဒါဆိုရင် ဦးဘဝင်းက (၁၀)တန်းကို ဘယ်လို ဖြေသလဲ ဆရာ"

"အဲဒီလို ရေနံကုမ္ပဏီမှာ အလုပ်လုပ်ရင်း (၁၀)တန်း စာမေးပွဲကို ဝင်ပြီး ဖြေတယ်။ သင်္ချာ၊ ဓာတု၊ ရူပ ဂုဏ်ထူး (၃)ဘာသာနဲ့ အောင်တယ်။ သင်္ချာအလွန်တော်တဲ့သူ။ စာရင်းအင်း အတော်နိုင်နင်းတဲ့သူ။ ကျောင်းပိတ်လို့ အိမ်ပြန်ရင်လည်း သူ့ညီငယ်တွေကို စာပြတယ်။ သင်္ချာသင်ပေးတယ်။ မထင်ရင် ရိုက်တယ်။ ကိုနေအောင်က အရိုက်ခံရဆုံး။ ကိုအောင်သန်းကတော့ အရိုက်ခံရလို့ မူးမေ့တောင် လဲကျဖူးသတဲ့။ ကိုအောင်ဆန်း အသက် (၁၀)နှစ်သားလောက်မှာ မန္တလေး ဥပစာကောလိပ် စတင်ဖွင့်လှစ်တယ်။ အဲဒီကျောင်းမှာ ဦးဘဝင်းက သိပ္ပံဥပစာတန်းကို စပြီးတက်တယ်။ ဗိုလ်မင်းရောင်ရဲ့ မြေး၊ အာဇာနည်ရဲ့ သွေးပါတော့ ဦးဘဝင်းက မဟုတ်မခံစိတ် အမြဲ ရှိတယ်"

"ဘာများပါလဲ ဆရာ"

"မန္တလေးဥပစာကောလိပ် ဆိုတာ ဗဟိုရ်ရှိစည် ဦးဘဦးရယ်၊ ရသေ့ကြီး ဦးခန္တီရယ်၊ ကျောက်စာဝန် တော်စိန်ခိုတို့က ကိုယ့်ငွေနဲ့ ကိုယ် ဖွင့်လှစ်ခဲ့တာ။ အဲဒီကျောင်းမှာနေစဉ် စိုက်ပျိုးရေးကောလိပ်ကျောင်းအုပ်ကြီး မစ္စတာချာလ်တန်နဲ့ ပြဿနာတက်တယ်ကွ။ အဲဒီကျောင်းအုပ်ကြီးက မြန်မာလူမျိုးတွေကို နှိမ့်ချဆက်ဆံတယ်။ အဲဒါကို မနှစ်သက်တဲ့ ဦးဘဝင်းက အဲဒီ ကျောင်းအုပ်ကြီးကို ထွေးခံနဲ့ ကောက်ပေါက်သတဲ့ကွာ။ တကယ့်အာဇာနည်မျိုး"

ကျောင်းသူတစ်ယောက်က မေးပြန်သည်။

"မန္တလေးဥပစာကောလိပ်မှာ (၂)နှစ်ပဲ ကျောင်းနေရတာဆို"

"သမီးတို့က သိလှချည်လား"

"အများကြီး မသိပါဘူးရှင့်။ ဆရာဦးဘုန်းရဲ့ စာကြည့်ခန်းထဲက စာအုပ်တွေကို သမီးတို့တစ်တွေ စနေနဲ့ တနင်္ဂနွေနေ့တိုင်း ဖတ်ရှုခွင့် ရပါတယ်။ သမီးက နည်းနည်းလောက် ဖတ်ဖူးလို့ မေးကြည့်တာပါရှင့်"

"ဟုတ်တယ်၊ (၂)နှစ် နေပြီး သင်္ချာဂုဏ်ထူးနဲ့ အောင်တယ်။ ရန်ကုန်တက္ကသိုလ်ကို ပြောင်းရွှေ့တယ်။ (၂)နှစ်ဆက်ပြီး ကျောင်းတက်တယ်။ ၁၉၂၉ ခုနှစ်မှာ သိပ္ပံဘွဲ့ကို သင်္ချာဂုဏ်ထူးနဲ့ အောင်တယ်။ အဲဒီအချိန်မှာ ကိုအောင်ဆန်း အသက်က (၁၄)နှစ်ပဲ ရှိသေးတယ်"

ထိုကျောင်းသူကပင် ဆက်ပြီး မေးလေ၏။

"ဗိုလ်ချုပ်အောင်ဆန်းနဲ့ အစ်ကိုကြီး ဦးဘဝင်းတို့ ဆက်နွယ်ပုံလေးကို သိပါရစေ"

"သမီး မေးခွန်းက အလွန်ကောင်းတယ်။ ဒီလိုကွဲ့၊ အဲဒီခေတ်က ဘွဲ့ရတဲ့သူတွေဟာ အင်္ဂလိပ်ဗြိတိသျှအစိုးရရဲ့ အောက်မှာ မင်းမှုထမ်းကြတယ်။ မြို့အုပ်တို့၊ နယ်ပိုင်ဝန်ထောက်တို့ပေါ့။ လစာကလည်း အလွန်ကောင်းတယ်။ မြန်မာ မြန်မာချင်း အုပ်ချုပ်နိုင်းတယ်။ ဖိနှိပ်နိုင်းတယ်။ ဦးဘဝင်းက လစာကောင်းတဲ့ မြို့အုပ်အလုပ်ကို မလုပ်ဘူး။ လစာအလွန်နည်းတဲ့ ရေနံချောင်း အမျိုးသားအထက်တန်းကျောင်းမှာ အထက်တန်းပြဆရာ ဝင်ပြီး လုပ်တယ်။ အဲဒီအချိန်မှာ ကိုအောင်ဆန်းက (၇)တန်း အောင်ပြီ။ သူ့အစ်ကိုကြီး ဦးဘဝင်းက သူ့ညီကို ကျောင်းဆက်ပြီးတက်ဖို့ ကူညီတယ်။ ဒီလိုနဲ့ ကိုအောင်ဆန်း တစ်ယောက် ရေနံချောင်း အမျိုးသားအထက်တန်းကျောင်းမှာ ကျောင်းနေခွင့် ရခဲ့တယ်"

"ဦးဘဝင်းက အင်္ဂလိပ်စကားပြော အလွန်ကောင်းတယ်ဆို"

"ဟုတ်တယ်ကွဲ့၊ သူက အင်္ဂလိပ်စာကောင်းတော့ သူ့ညီ ကိုအောင်ဆန်းကိုလည်း အင်္ဂလိပ်စာနဲ့ အင်္ဂလိပ်စကားပြော ကျွမ်းကျင်ဖို့ လေ့ကျင့်ပေးတယ်။ သူ့ညီ ကိုအောင်ဆန်းကို တစ်ပတ်တစ်ခါ ရုပ်ရှင်ကြည့်ခွင့်ပေးတယ်။ ကြည့်လာတဲ့ ရုပ်ရှင်ကားကို အင်္ဂလိပ်လို ပြန်ရေးနိုင်းတယ်။ အင်္ဂလိပ်လို ပြန်ပြောနိုင်းတယ်။ အဲဒီလို လေ့ကျင့်ပေးတဲ့သူ။ ပြီးတော့ အာဇာနည်မျိုး သေရိုးမရှိ ဆိုတဲ့အတိုင်း သူ့ညီ ကိုအောင်ဆန်းကို အာဇာနည်စိတ်ဓာတ်တွေ ထည့်ပေးတယ်။ အဘိုး ဦးမင်းရောင်ရဲ့ သွေးတွေကို ကိုအောင်ဆန်း နှလုံးသား ထဲထိ ရောက်အောင် ပျိုးထောင်ပေးနိုင်ခဲ့တဲ့သူ"

ကျောင်းသားတစ်ယောက်က စိတ်ဝင်တစားဖြင့် မေးသည်။

"ဒါဆိုရင် ကျောင်းဆရာလုပ်နေတဲ့ ဦးဘဝင်းက ဘယ်လိုလုပ်ပြီး

နိုင်ငံရေးနယ်ပယ်ထဲကို ရောက်သွားရတာလဲ ခင်ဗျ"

"ဒီမေးခွန်းလည်း မေးသင့်တယ်။ ဦးဘဝင်းက သူ့အသက် (၃၅) နှစ်ရောက်မှ မိဘ ပေးစားတဲ့ တောင်တွင်းကြီးသူနဲ့ အိမ်ထောင်ပြုတယ်။ တောင်တွင်းကြီးမှာ အခြေချတယ်။ အထက်တန်းပြ ကျောင်းဆရာအဖြစ် အမှုထမ်းတယ်။ ပြီးတော့ ဖြူးမြို့ အမျိုးသားကျောင်းမှာလည်း ကျောင်းအုပ်ကြီး အဖြစ် အမှုထမ်းသေးတယ်။ ဦးဘဝင်းကို ရောက်လေရာ အရပ်တိုင်းက ချစ်ကြတယ်။ ခင်ကြတယ်။ ဒီလိုနဲ့ ၁၉၄၃ မှာ နတ်မောက်မြို့ အုပ်ချုပ်ရေး အဖွဲ့မှာ ဒုတိယဥက္ကဋ္ဌအဖြစ် ယုံကြည်စွာ တာဝန်ပေးအပ်ခြင်း ခံရတယ်။ အဲဒီအချိန်မှာ ဘီအိုင်အေခေတ်"

ထိုကျောင်းသားကပင် ဆက်ပြီး မေးသည်။

"ဦးဘဝင်းက ကျဆုံးခါနီး (၃)လလောက် အလိုကျမှ နိုင်ငံရေး လောကထဲ ရောက်တာဆို"

"ဒီလိုရှိတယ်၊ ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားတော့ ဗိုလ်ချုပ် အောင်ဆန်းက ဖဆပလ အစိုးရအဖွဲ့မှာ ဥက္ကဋ္ဌ လုပ်တယ်။ သူ့ညီငယ် ကိုအောင်ဆန်းကို ကူညီအားဖြည့်တဲ့အနေနဲ့ ရေနံချောင်းမြို့နယ် ဖဆပလ ဥက္ကဋ္ဌအဖြစ် တာဝန်ယူတယ်။ ဦးဘဝင်းက ရိုးသားတယ်။ မာနကင်းတယ်။ တပ်မက်မှုနည်းတယ်။ ဒီလိုနဲ့ ၁၉၄၇၊ ဧပြီလ (၉)ရက်နေ့ တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲမှာ မကွေးအနောက်မြောက်ပိုင်း မဲဆန္ဒနယ်ကနေပြီး ဝင်ရောက်ယှဉ်ပြိုင်တယ်။ ရွေးချယ်တင်မြှောက်ခံရတယ်။ ဒီလိုနဲ့ ပါလီမန် အမတ် ဖြစ်လာတယ်။ ဦးဘဝင်းကို ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအဖြစ် နေရာပေး ခန့်အပ်ခဲ့တာ ကိုအောင်ဆန်း မဟုတ်ဘူး။ သခင်နုက ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး ဦးဘဘေ အစိုးရအဖွဲ့က နုတ်ထွက်သွားလို့ လစ်လပ် သွားတဲ့နေရာမှာ ဝန်ကြီးအဖြစ် လက်ခံပေးပါရန် မေတ္တာရပ်ခံတယ်။ အဲဒီအချိန် တုန်းက ကိုအောင်ဆန်းက ပြင်ဦးလွင် မေမြို့ကို ရောက်နေတယ်။ ဒီလိုနဲ့ ဦးဘဝင်းက ကူးသန်းရောင်းဝယ်ရေးနဲ့ ထောက်ပံ့ရေးဝန်ကြီး ဖြစ်လာခဲ့တယ်။ ၁၉၄၇ ခုနှစ်၊ မေလ နောက်ဆုံးပတ်မှာ ဝန်ကြီးဖြစ်လာခဲ့သူပဲ"

"သိချင်လို့ ခင်ဗျ၊ ဦးဘဝင်းက ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဆိုတော့ လုပ်ပိုင်ခွင့် အလွန်ရှိမှာပဲနော်။ ဘာတွေ ပြောခဲ့၊ လုပ်ခဲ့သလဲ"

"အေး- ဟုတ်တယ်၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး (၂)လနီးပါးပဲ တာဝန်ထမ်းဆောင်ခဲ့တဲ့ကာလမှာ နေ့ညမပြတ် အလုပ်ကို ကုန်းကျုံးပြီး လုပ်တဲ့သူ။ သူ ပြောသွားတဲ့ မှတ်သားစရာကောင်းတဲ့ စကားတစ်ခွန်း ရှိတယ်။ 'ဒီမယ်… မြန်မာ့စီးပွားရေးနဲ့ မြန်မာ့သယံဇာတ လုပ်ပိုင်ခွင့်တွေကို မြန်မာနိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသားတွေရဲ့ လက်ထဲမှာ မထားဘဲ တိုင်းတစ်ပါးသားတွေရဲ့ လက်ထဲမှာ ရှိနေမယ်ဆိုရင် လွတ်လပ်ရေးရလည်း ဘာထူးမှာလဲ' တဲ့။ ဒီနေ့ခေတ်နဲ့တော့ ကွာပါ့"

ကျောင်းသား၊ ကျောင်းသူ အားလုံးက ထိုစကားကို ဝမ်းနည်းစွာဖြင့် နားထောင်ကြလေသည်။

"ဒီမယ် မှတ်ထားကြ။ သစ်ပင်တစ်ပင်ကို တွေ့ရင် အရိပ်ကလေးက အေးမြလိုက်တာ။ သစ်သီးလေးက ချိုလိုက်တာ။ ပန်းရနံ့လေးက သင်းပျံ့နေတာပဲလို့ ချီးမွမ်းကြတယ်။ တကယ်ချီးမွမ်းရမှာက အဲဒီသစ်ပင်ရဲ့ အမြစ်။ အမြစ်ကောင်းမှ အပင်သန်မယ်။ အရိပ်ကောင်းမယ်။ အသီးသီးမယ်။ ရနံ့သင်းမယ်။ ဗိုလ်ချုပ်အောင်ဆန်းက တော်တယ်။ စိတ်ကောင်းရှိတယ်။ ရိုးသားတယ်။ ရဲရင့်တယ်။ ပြတ်သားတယ်။ တည်ကြည်တယ်။ မဟုတ်မခံစိတ်ဓာတ်ရှိတယ်။ အများအတွက် အသက်ပေးရဲတဲ့သူ ဖြစ်တယ်။ အဓိပ္ပာယ်ပြည့်ဝတဲ့ ဗိုလ်ချုပ်တစ်ယောက် ဖြစ်တယ်။ အဲဒါဟာ အမြစ်ကောင်းလို့ကွ။ ဗိုလ်ချုပ်အောင်ဆန်းက ရနံ့သင်းတဲ့ ပန်းတစ်ပွင့် ဆိုရင်၊ အေးမြတဲ့ အရိပ်တစ်ခုဆိုရင်၊ ချိုမြိန်တဲ့ သစ်သီးတစ်လုံး ဆိုရင်… ဦးဘဝင်းက အဲဒီသစ်ပင်ရဲ့ အမြစ်ပဲ။ အပင်သန်တာ အမြစ်ကောင်းလို့ပေါ့"

ထိုနေ့က ကျွန်တော်၏ စာသင်ခန်းသည် စာပေစကားဝိုင်းတစ်ခု ဖြစ်ခဲ့ရပါသည်။

✿ ✿ ✿



**ကောင်းကင်ပြာ မွေးနေ့**

ဒေါ်အောင်ဆန်းစုကြည်

(၁၉-၆-၁၉၄၅ မွေးဖွား)

✿ ဒီကနေ့ဟာ ...
မြန်မာနိုင်ငံအတွက်သာမက
ကမ္ဘာကပါ လေးစားအားကျရတဲ့
မြန်မာအမျိုးသမီးတစ်ဦး မြန်မာ့မြေပေါ်မှာ မွေးဖွားခဲ့တဲ့ နေ့။

✿ ကမ္ဘာကျော် သူဌေးကြီးတွေ၊ လုပ်ငန်းရှင်ကြီးတွေ၊
ဦးညွှတ်ကြရတဲ့ လူသားတစ်ဦး မွေးဖွားတဲ့နေ့။

✿ ကမ္ဘာကျော် နိုင်ငံခေါင်းဆောင်ကြီးတွေ၊ သမ္မတကြီးတွေ၊
နိုဘယ်လ်ဆုရှင်တွေရဲ့ နှလုံးသားထဲမှာ
ကိန်းဝပ်နေတဲ့ နတ်သမီးတစ်ပါး ဖွားမြင်တဲ့နေ့။

✿ ကိုယ့်နိုင်ငံအတွင်းသာမက၊
ကိုယ့်ဒေသအတွင်းသာမက
တစ်ကမ္ဘာလုံးမှာရှိတဲ့ လူသားတိုင်းရဲ့ စိတ်ဝိညာဉ်ကို
ဖမ်းစားနိုင်တဲ့ တန်ခိုးရှင်တစ်ယောက် ဖွားမြင်တဲ့နေ့။

✿ သည်းခံခြင်းရယ်၊ မေတ္တာတရားရယ်၊
မကြောက်တရားရယ်ကို အချိုးကျကျ ပေါင်းစပ်နိုင်စွမ်းရှိတဲ့
ကရုဏာရှင် ဖွားမြင်တဲ့နေ့။

## ကောင်းကင်ပြာ မွေးနေ့

ဒီနေ့က ဇွန်လ ၁၉ ရက်နေ့။

ကောင်းကင်ပြာပြာကြီးကို မမြင်ရ။ တိမ်တောင် တိမ်လိပ်များက ကောင်းကင်ပြာကြီးကို မင်းမူဖို့ ကြိုးစားနေကြသည်။

ထိုနေ့က တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ တပည့်ဟောင်းများ နှင့် တွေ့ဆုံခွင့်ရခဲ့သည်။ သူတို့ စာမေးပွဲအောင်မြင်သည့် အထိမ်းအမှတ်အဖြစ် ဘိုးဘွားရိပ်သာတွင် ကောင်းမှုကုသိုလ်ပြုကြသည်။ ပြီးနောက် မန္တလေးတောင် တော်ပေါ်တွင် ပျော်ရွှင်စရာ ကစားပွဲများ ကျင်းပဖြစ်ကြသည်။

ထိုကစားပွဲကို ကျောင်းသူတစ်ယောက်က ဦးဆောင်သည်။ သူက ထူးထူးခြားခြား အမှတ်တရ စကားပြော အစီအစဉ်တစ်ခု ပါသည်ဟု ကြေညာ လိုက်သည်။ သူမက ပြောသည်။

"ဒီနေ့က ဇွန်လ ၁၉ ရက်နေ့။ ငါတို့အားလုံးရဲ့အမေ ဒေါ်အောင်ဆန်း စုကြည်ရဲ့ မွေးနေ့။ ၁၉၄၅၊ ဇွန်လ ၁၉ ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်ကို မွေးတယ်။ မြန်မာသက္ကရာဇ်နဲ့ ပြောရရင် ၁၃၀၇ ခု၊ ပထမဝါဆိုလဆန်း ၁၀ ရက်နေ့မှာ မွေးတယ်။ ဒီနေ့ ဒေါ်အောင်ဆန်းစုကြည် အသက် (၆၈)နှစ် ပြည့်ပြီ။ ဒေါ်အောင်ဆန်းစုကြည်ကို စိတ်ဝင်စားတဲ့လူငယ်တွေ ဒီထဲမှာ အများ ကြီး ပါတယ်။ ဖြေဆိုသူကို ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုတစ်ခု လက်ဆောင် ပေးမယ်။ ကိုယ် သိသလောက် ရှေ့ကို ထွက်ပြီး ပြောပါ။ အမျိုးသမီးတွေကို ဦးစားပေးမယ်။ အမျိုးသား သူငယ်ချင်းတွေက နားထောင်ပေးပါ"

ကျွန်တော့် စာသင်တန်းကို တက်ရောက်ခဲ့ဖူးသူ ကျောင်းသား၊ ကျောင်းသူတိုင်းသည် အနည်းနှင့် အများ ဆိုသလို စာဖတ်ကြသည်။ ရဲရင့် ကြသည်။ ရိုးသားကြသည်။ အကြောင်းနှင့် အကျိုးကို သိကြသည်။ အမှန်ကို

လုပ်ရဲပြီး အမှားကိုလည်း ဝန်ခံရဲကြသည်။

ထိုနေ့က တစ်ယောက်ပြီးတစ်ယောက် အလှအယက် ဖြေဆိုကြသည်။ ပြောကြလေတော့သည်။ လက်ခုပ်သံ တဖြောင်းဖြောင်းနှင့်ပေါ့။

■

"အမေစုမှာ မောင်နှမ (၃)ယောက် ရှိတယ်။ သူက အငယ်ဆုံး။ သူ့အသက် (၂)နှစ်နဲ့ (၁)လပြည့်တဲ့နေ့မှာ သူ့ဖခင် အမျိုးသားခေါင်းဆောင်ကြီး ကျဆုံးတယ်။ သူ့အဖေက သူ့ကို 'စုစု'လို့ ချစ်စနိုးခေါ်တယ်တဲ့။ သူ့ကို အလွန်ချစ်တယ်။ ရန်ကုန်မှာ ကျောင်းနေတယ်။ (၁၅)နှစ်သမီးမှာ အိန္ဒိယနိုင်ငံကို ရောက်တယ်။ သူ့မိခင် ဒေါ်ခင်ကြည်က အိန္ဒိယနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် အမှုထမ်းလို့ အတူပါသွားရတာ။ အိန္ဒိယ ပြီးတော့ အင်္ဂလန်နိုင်ငံ အောက်စ်ဖို့ဒ်တက္ကသိုလ်မှာ ဒဿနိကဗေဒ၊ နိုင်ငံရေး၊ စီးပွားရေးနဲ့ သမိုင်းဘာသာရပ်တွေကို လေ့လာသင်ယူတယ်။ တကယ့်ပညာတတ်တစ်ဦးရှင့်။ 'အမေစု' (၁၂)နှစ်သမီးအရွယ်မှာ သူ့သူငယ်ချင်းအတွက် ရေးခဲ့ဖူးတဲ့ အော်တိုစာအုပ်ထဲက စာတစ်ပုဒ်။ ငါ ရွတ်ဆိုပြမယ်။

- *မျက်စိမမြင်သော မိန်းကလေးသည်*
  *ကြားနိုင်သေး၏။*
- *နားမကြားသော မိန်းကလေးသည်*
  *မြင်နိုင်သေး၏။*
- *အဝတ်မပါသော မိန်းကလေးသည်*
  *အေးချမ်းမှုကို ခံစားနိုင်သေး၏။*
- *သို့သော်…*
  *ရည်မှန်းချက်မရှိသော မိန်းကလေးသည်*
  *အရှုံးပမာသာတည်း… တဲ့။*

အမေစုက ငယ်ငယ်လေးကတည်းက အတွေးအခေါ် အရမ်းကောင်းတဲ့သူ။ အမေစုကို ငါ ချစ်တယ်"

■

"ငါတို့က မကြာခင် တက္ကသိုလ် တက်ကြရတော့မှာ။ ဒီတော့ အမေစု ပြောခဲ့ဖူးတဲ့ တက္ကသိုလ်နဲ့ ပတ်သက်တဲ့ စကားစုတစ်ခုကို ငါ မှတ်မိသလောက် ရွတ်ပြမယ်။ နားထောင်ကြ။ 'လွန်ခဲ့တဲ့ ဆယ်စုနှစ် အနည်းငယ်အတွင်းမှာ မြန်မာနိုင်ငံရဲ့ ဝမ်းနည်းစရာ အကောင်းဆုံးအရာဟာ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားတွေအတွက် တက္ကသိုလ်ပရဝဏ် မရှိခဲ့တာပဲလို့ မကြာခဏ တွေးမိတယ်။ တက္ကသိုလ်ဘဝ ဆိုတာ ငယ်ရွယ်သူတွေအတွက် သူတို့ကိုယ်ပိုင်ကမ္ဘာလေးတွေကို ဖန်တီးပေးနိုင်တဲ့နေရာပါ။ သူတို့မှာ လွတ်လပ်မှုရယ်၊ လွတ်လပ်ဖို့ အခြေအနေရယ် ရှိရပါတယ်။ မြန်မာနိုင်ငံက လူငယ်တွေဟာ ဒီလိုလွတ်လပ်မှုမျိုးတွေ မရရှိခဲ့တာ ဆယ်စုနှစ် အနည်းငယ် ရှိခဲ့ပါပြီ။ တက္ကသိုလ်တွေမှာ စည်းကမ်းတကျရှိဖို့ ဆိုတာချည်းကြောင့် တက္ကသိုလ်ဘဝဟာ လွင့်စဉ်ခဲ့ရတယ်။ ဒါဟာ မဖြစ်နိုင်ပါဘူး။ တက္ကသိုလ်ကျောင်းသားဘဝ ဆိုတာ စည်းကမ်းကြီးတွေနဲ့ချည်း ထိန်းချုပ်ဖို့ မဖြစ်နိုင်ဘူး ဆိုတာ လူတိုင်းသိနိုင်ပါတယ်။ တက္ကသိုလ်ဘဝလေးတွေကို အရင်ကလို ပြန်ဖြစ်တာမျိုး မြင်ချင်ပါတယ်'တဲ့။ အမေစုကို နင်တို့ ချစ်သလို ငါကလည်း သိပ်ချစ်တာပဲ"

■

"အမေစုကို ငါက စိတ်ဝင်စားတယ်။ အထူးသဖြင့် အမေစု ဝတ်သလိုမျိုး ချည်ထဘီ၊ ချည်အင်္ကျီလေးတွေကို ငါက ကြိုက်တယ်။ ပြီးတော့ ငါ့ခန္ဓာကိုယ်အချိုးအစားက အမေစုအတိုင်းပဲ။ စိတ်ဓာတ်ကတော့ အမေစုလို ဖြစ်ဖို့ ကြိုးစားရဦးမယ်။ အမေစုက လက်ရှည် ရင်ဖုံးအင်္ကျီလေးကို အမြဲဝတ်တယ်။ ချည်ထဘီ၊ ချိတ်ထဘီလေးတွေကို ချပ်ချပ်ရပ်ရပ် ဝတ်တယ်။ ပြီးတော့ ဦးခေါင်းမှာ ပန်း အမြဲတမ်း ပန်တယ်။ မြန်မာအမျိုးသမီးတွေရဲ့ အလှနဲ့ ကျက်သရေရှိမှုကို ကမ္ဘာက သိအောင် လုပ်ပေးနိုင်တဲ့သူ။ ဘယ်အချိန်ကြည့်ကြည့် အမြဲတမ်း ကျက်သရေရှိနေတဲ့အလှကို တွေ့ချင်မြင်ချင်ရင် အမေစုရဲ့ ဓာတ်ပုံကို အိတ်ထောင်ထဲမှာ ဆောင်ထား။ ပြီးတော့ ရှိသေးတယ်။ အမေစုက စကားပြောရင် အလွန်ထိမိတယ်။ မြန်မာစကားပြောရင် အင်္ဂလိပ်လို ဘယ်တော့မှ ညှပ်ပြီး မပြောဘူး။ အင်္ဂလိပ်လို ပြောရင်လည်း ဒေါက်... ဒေါက်... ဒေါက်... နဲ့။ မထစ်ဘူး။ မငေါ့ဘူး။ မနှေးဘူး။ မလေးဘူး။

အရမ်းသွက်လက်နေတာပဲ။ ပြီးတော့ သူ့မျက်လုံးတွေက အရောင်တွေ တောက်နေတယ်။ အမေစုကို အနီးကပ် ငါ မြင်ဖူးတယ်။ အမေစုကို မြင်လိုက်တာနဲ့ ရင်ထဲမှာ သတ္တိတွေ သူ့အလိုလိုဖြစ်လာတယ်။ စိတ်ထဲမှာ အင်အားတွေ ပြည့်လာတယ်။ ဒီနေ့က အမေစုရဲ့ မွေးနေ့။ အမေစု ကျန်းမာပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။ အမေစုရယ်… အမေစု ကိုယ်စား ကျွန်မကိုပဲ ဖျားနာခွင့်ပြုပါလို့ ဘုရားမှာ သမီး အမြဲ ဆုတောင်းနေပါတယ် အမေ"

■

"ငါက အောင်ပန်းမြို့သူ။ အမေစု တောင်ပိုင်းရှမ်းပြည်နယ် ခရီးစဉ်ကို လာတုန်းက ဆရာကြီး ဒဂုန်တာရာ ရေးတဲ့ ကဗျာတစ်ပုဒ်။ ငါကြိုက်လို့ အလွတ်ကျက်ထားတယ်။ အဲဒီ အချိန်တုန်းက အမေစု ဝတ်ထားတဲ့ ရိုးရာရှမ်းခေါင်းပေါင်းလေးနဲ့။ သိပ်ပြီး ကျက်သရေရှိတာပဲ။ ငါဖြင့် မျက်စိထဲကကို မထွက်ဘူး။ အမေစုလို ငါ ဖြစ်ချင်တယ်။ ကဲ… ဆရာကြီး ဒဂုန်တာရာရဲ့ ကဗျာကို ငါ ရွတ်ပြမယ်နော်။ နားထောင်ကြ။

*ခွပ်ဒေါင်းကို ရှာ၊ ဘယ်ချိန်ခါလဲ*
*လူထုအကြား၊ သွားလာလှုပ်ရှား*
*တွေ့ရမှာပဲ ။ ။*
*ဒေါ်အောင်ဆန်းစုကြည်၊ ရှမ်းပြည်တောင်ကြော*
*မောတောင်တန်းနှင့်၊ သစ်ပင် ပန်းပင်*
*ရေပြင်အင်းလေး… ကြိုဆိုလျှက်။ ။"*

■

"နင်တို့က ကဗျာရွတ်တော့ ငါက သီချင်းဆိုပြမယ်။ အဲဒီသီချင်းက ငါတို့အိမ်မှာ အမြဲတမ်း ဖွင့်တဲ့သီချင်း။ မြန်မာသံစဉ်ဟဲ့။ ငါ့အဖေက ပြောဖူးတယ်။ အဲဒီသီချင်း ခေတ်စားစဉ်တုန်းက ငါတို့ မမွေးသေးဘူးတဲ့။ ဒီနေ့… ဒီအချိန်ကျမှ သီဆိုခွင့်၊ ဖွင့်ခွင့်ရတာတဲ့။ ဒီနေ့ဟာ အမေစုရဲ့ (၆၈)နှစ်ပြည့် မွေးနေ့။ အမေစုအတွက် ငါက သီချင်းဆိုရင်… နင်တို့က မရယ်ရဘူးနော်။ ငါ မှတ်မိသလောက် ဆိုပြမယ်။ နားထောင်ကြ။

*မုန်တိုင်းကြားက ဖူးပွင့်ခဲ့ပြီ*
*လူထုခေါင်းဆောင်ပီ*
*သူ့အဘိုးရယ်၊ သူ့အဖေရယ်*
*သူ့အမေရယ်၊ သူ့ဂုဏ်ဒြပ်က*
*မြန်မာပြည်သူ့လွတ်မြောက်ရေးနဲ့*
*ခွဲခြားမရပြီ။*
*ဒီမိုကရေစီ လူ့အခွင့်အရေးအတွက်*
*အကျိုးမဖက် တစ်ဆံခြည်*
*မျိုးဆက်မှန်သည်*
*သူ့ဖခင် ဗိုလ်အောင်ဆန်းလို*
*ပြည်သူ့အသွေးအသား*
*ဒေါ်အောင်ဆန်းစုကြည် ။ ။ ''*

■

''အားလုံး မင်္ဂလာပါရှင်။ ဒီကနေ့ဟာ တကယ့်မင်္ဂလာနေ့ပါ။ ဒီကနေ့ဟာ မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာကပါ လေးစား အားကျရတဲ့ အမျိုးသမီးတစ်ဦး မြန်မာ့မြေပေါ်မှာ မွေးဖွားခဲ့တဲ့နေ့။ ကမ္ဘာကျော် သူဌေးကြီးတွေ၊ လုပ်ငန်းရှင်ကြီးတွေ ဦးညွှတ်ကြရတဲ့ လူသားတစ်ဦး မွေးဖွားတဲ့နေ့။ ပြီးတော့ ကမ္ဘာကျော် နိုင်ငံခေါင်းဆောင်ကြီးတွေ၊ သမ္မတကြီးတွေ၊ နိုဘယ်လ်ဆုရှင်တွေရဲ့ နှလုံးသားထဲမှာ ကိန်းဝပ်နေတဲ့ နတ်သမီးတစ်ပါး ဖွားမြင်တဲ့နေ့။ မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာပေါ်မှာ နှစ်ယောက် မရှိနိုင်တဲ့ လူသားတစ်ယောက် လူ့ပြည်ရောက်လာတဲ့နေ့။ ပြီးတော့ ကိုယ့်နိုင်ငံအတွင်းသာမက၊ ကိုယ့်ဒေသအတွင်းသာမက တစ်ကမ္ဘာလုံးမှာရှိတဲ့ လူသားတိုင်းရဲ့ စိတ်ဝိညာဉ်ကို ဖမ်းစားနိုင်တဲ့ တန်ခိုးရှင်တစ်ယောက် ဖွားမြင်တဲ့နေ့။ သည်းခံခြင်းရယ်၊ မေတ္တာတရားရယ်၊ မကြောက်တရားရယ်ကို အချိုးကျကျ ပေါင်းစပ်နိုင်စွမ်းရှိတဲ့ ကရုဏာရှင် ဖွားမြင်တဲ့နေ့။ ပြီးတော့ သူ့ရဲ့ မိသားစုဘဝတစ်ခုလုံးကို စွန့်လွှတ်ဝံ့တဲ့၊ စွန့်စားဝံ့တဲ့၊ ကိုယ့်မိသားစုအရေးထက် မြန်မာတိုင်းရင်းသားလူထုတစ်ရပ်လုံးရဲ့ ဒီမိုကရေစီရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်ဖို့ လူသားအဖြစ် လူ့လောက

ကို ရောက်လာရတဲ့သူ မွေးဖွားတဲ့နေ့။ ဒါကြောင့် ဒီနေ့ဟာ တကယ့်မင်္ဂလာနေ့။ နင်တို့ ငါတို့ အားလုံး ချစ်ရတဲ့ အမေစုရဲ့ မွေးနေ့။ အမေစု စိတ်ချမ်းသာပါစေ၊ ကိုယ်ကျန်းမာပါစေလို့ ဆုတောင်းလိုက်ပါတယ်ဟယ်"

■

"နင်တို့က ပြောသွားတော့ ငါလည်း ပြောချင်လာတယ်။ နင်တို့က ဆုတောင်းတော့ ငါကလည်း ဆုတောင်းချင်လာတယ်။ ငါတို့အသက်က အခုမှ (၁၆)နှစ်ဝန်းကျင်ပဲ ရှိသေးတာ။ ၂၀၁၅ ဆိုရင် (၁၈)နှစ်ပြည့်ပြီ။ မဲထည့်လို့ ရပြီ။ ငါကတော့ အမေစုတို့ပါတီကို မဲပေးမယ်။ ဘာကြောင့်လဲ ဆိုတော့ ၂၀၁၅ ဆိုရင် အမေစုအသက်က (၇၀)။ အမေစု သမ္မတဖြစ်ရင် သိပ်ကောင်းမယ်။ အသက်တွေ ကြီးပြီ။ ဘာပဲဖြစ်ဖြစ် အမေစု စွမ်းအားကို အနာဂတ် မျိုးဆက်သစ်တွေအတွက် အသုံးချခွင့် ပေးသင့်တယ်။ စဉ်းစားကြည့်စမ်းပါ။ လုပ်နိုင်တယ်။ လုပ်တတ်တယ်။ လုပ်နိုင်စွမ်းလည်း ရှိတယ်။ ဒါပေမဲ့ လုပ်ခွင့် မရဘူး။ လုပ်ဖို့ အခွင့်မသာဘူး။ ငါတို့လူငယ်တွေရဲ့ အနာဂတ်အတွက် အမေစု သမ္မတဖြစ်ဖို့ လိုတယ်။ ငါ ရဲရဲကြီး ပြောရဲတယ်။ အမေစုက ကုလားထိုင်ပေါ်ကို ထိုင်ပြီး ပိုက်ဆံရှာမယ့်သူ မဟုတ်ဘူး။ ငွေရှာမယ့်သူ မဟုတ်ဘူး။ တိုင်းပြည်အတွက် အလုပ်လုပ်မယ့်သူ။ လူငယ်တွေနဲ့ တိုင်းပြည် အနာဂတ်အတွက် စံပြအပြုအမူတွေ လုပ်ဆောင်ပြမယ့်သူ။ အမေစုကို ငါ သနားတယ်။ ဘာကြောင့်လဲ ဆိုတော့ ပရီးမီးယားလိဂ်ဘောလုံးပွဲလိုပေါ့ဟယ်။ ကစားနိုင်လျက်နဲ့ အရန်ခုံပေါ်မှာ ၂၀၁၅ ထိ ထိုင်နေရတယ်။ တကယ်လို့ ၂၀၁၅ မှာ ငါတို့တစ်တွေ အတွေးအခေါ် မကောင်းခဲ့ရင်၊ အဆုံးအဖြတ် မှားခဲ့ရင်၊ မညီမညွတ်နဲ့ အကွဲကွဲအပြားပြား ဖြစ်နေရင် အမေစုဟာ အရန်ထိုင်ခုံပေါ်မှာပဲ ဆက်ပြီး ထိုင်နေရဦးမှာ။ ဒါကြောင့် 'အမေစုကို ချစ်တယ်၊ ချစ်တယ်' လို့ ပါးစပ်က ပြောနေမယ့်အစား အမေစုရဲ့ ဉာဏ်အမြော်အမြင်ကို လက်ခံယုံကြည်ပြီး ငါတို့အနာဂတ်အတွက် အမေစုကို လုပ်ပိုင်ခွင့်ရဖို့ ငါတို့ ကြိုးစားကြရမယ်"

■

"ငါ့ကိုလည်း ပြောခွင့်ပေးကြပါဦး။ ငါလည်း ပြောပါရစေ။ နင်တို့ ငါတို့က ဒေါ်အောင်ဆန်းစုကြည်ကို အမေစုလို့ ခေါ်ကြတယ်နော်။ ကောင်းပါတယ်။ ဒါပေမဲ့ ငါ တွေးမိတာလေး ဝေမျှပါရစေ။ ဗိုလ်ချုပ်အောင်ဆန်းက သူ့အမေ ဒေါ်စုကို အမေလို့ မခေါ်ဘဲ တို့အညာဓလေ့အတိုင်း 'အမဲ'လို့ ခေါ်တယ်တဲ့။ ဒါပေမဲ့ တက္ကသိုလ်ကျောင်းသားကြီး ဖြစ်လာပြီးတဲ့နောက် နတ်မောက်ကို ရောက်တဲ့အချိန် သူ့အမေကို တစ်ခါတလေ 'အမေစု'လို့ ခေါ်တယ်တဲ့။ ငါပြောချင်တာက 'အမေစု' ဆိုတဲ့ နာမ်စားဟာ ဗိုလ်ချုပ် အောင်ဆန်းက သူ့အမေကို ခေါ်တဲ့ စကားလုံး။ ဒီတော့ ဒေါ်အောင်ဆန်းစုကြည်ကို 'အမေစု'လို့ ခေါ်ကြတဲ့ လူငယ်တွေကို ငါက ဒီလို ပြောချင်တယ်။ ဗိုလ်ချုပ်အောင်ဆန်းလို ကိုယ်ကျိုးစွန့်မှု၊ ကြိုးစားမှု၊ ရိုးသားမှု၊ တိုင်းပြည်နဲ့ လူမျိုးအတွက် အနစ်နာခံနိုင်မှု၊ အသက်စွန့်လွှတ်နိုင်မှုတွေ ရှိစေချင်တယ်။ အဲဒီလို စိတ်ဓာတ်တွေ ငါတို့ရဲ့ ရင်ထဲမှာ ကိန်းဝပ်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို 'အမေစု'လို့ ခေါ်ကြရင် ပိုပြီး မကောင်းဘူးလား။ ပါးစပ်အရသာခံပြီး ခေါ်နေရုံနဲ့ ငါတို့ ကျေနပ်မနေသင့်ဘူး။ ဗိုလ်ချုပ်အောင်ဆန်း စိတ်ဓာတ်နဲ့ ဒေါ်အောင်ဆန်းစုကြည်ကို 'အမေစု'လို့ ငါတို့က ခေါ်ကြရအောင်။ တကယ်တော့ ဒီနေ့ဟာ ဇွန် ၁၉။ ဒါမှမဟုတ် ကောင်းကင်ပြာပြာကြီး မွေးဖွားတဲ့နေ့။ 'အမေစု' ကောင်းကင်ပြာကြီးဖြစ်ခွင့်ရမှ ကြယ်တာရာလေးတွေနဲ့တူတဲ့ ငါတို့လူငယ်တွေ လင်းလက်ခွင့်ရကြမှာ။ ကောင်းကင်ပြာဆိုတာ ကြယ်တာရာတွေရဲ့ ရင်ခွင်နွေးနွေးပဲလေ။ 'အမေစု' စွမ်းအားရှိသလောက် လုပ်ပိုင်ခွင့်ရပါစေ၊ ကျန်းမာပါစေလို့ နင်တို့အားလုံး ကိုယ်စား ငါက ဆုတောင်းပေးပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်"

ဒီနေ့ခေတ်လူငယ်တွေ မညံ့ကြပါလား ဟူသော အတွေးဖြင့် ထိုနေ့က ကျွန်တော် ကြည်နူးခဲ့ရပါသည်။

✿ ✿ ✿



**ကဗျာသစ်ပင်**

သခင်ဗဟိန်း

(၂၇-၆-၁၉၁၇ မွေးဖွား၊ ၂၀-၁၁-၁၉၄၆ ကွယ်လွန်)

✿ 'ကွန်မြူနစ်' ဆိုတာ ဖောက်ထွက်တွေးရဲ့သူ။
ကိုလိုနီနယ်ချဲ့စနစ်နဲ့အတူ ပေါ်ပေါက်လာတဲ့
အရင်းရှင်စနစ်ကို မနှစ်မြို့တဲ့သူ။

✿ ဒါပေမဲ့ ...
ကွန်မြူနစ်တိုင်းဟာ လူဆိုး မဟုတ်ဘူး။

✿ ငါတို့နိုင်ငံမှာ ...
လူတစ်ယောက်၊ တစ်သင်း၊ တစ်ဖွဲ့ကို မကျေနပ်ရင်
'ကွန်မြူနစ်တံဆိပ်' ကပ်ပြီး အပုပ်ချတတ်ကြတယ်။
'ကွန်မြူနစ်' ဆိုတဲ့ စကားလုံးဟာ
နိုင်ငံရေး 'ဆဲလုံး'တစ်ခုပဲ။

## ကဗျာသစ်ပင်

"ပိတောက်တွေ ရွှေရည်လူးခဲ့ပေါ့လေ
ပုလဲငုံ စံပယ်ဖြူ ဖူးခိုက်ဝေ။
ပန်းမျိုးစုံ ရာသီကုန် ကူးခဲ့ပေါ့လေ
ချစ်သူကိုရည်စူး ချူးတယ်လို့ခြွေ။
ကိုယ်ကိုယ်တိုင် လှရာရာရွေးလို့
ဆင်မပေးရ ဆံမြည္ဘာကေ..."

စာသင်ခန်း၏ရှေ့တွင် ကာတွန်းရှုပ်ရှုပ်က ဆိုင်းမပါ၊ ဗုံမပါ၊ အတီးမပါဘဲ အသံအောအောကြီးဖြင့် သီချင်းတစ်ပုဒ်ကို အစမှ အဆုံး သီကျူးဟစ်ကြွေးလေ၏။ နားထောင်နေကြသူ ကျောင်းသား၊ ကျောင်းသူ လူငယ်လေးများက ပထမတော့ ကြောင်ပြီးကြည့်နေကြသည်။ ပြီးနောက် ပြုံးစစ ဖြစ်လာကြသည်။ နောက်ဆုံးတွင် 'ဝါးခနဲ' 'ဟားခနဲ' ရယ်ကြလေတော့သည်။

ကာတွန်းရှုပ်ရှုပ်သည် ပန်းချီလည်း ဆွဲ၏။ အက်ဆေးလည်း ရေး၏။ ကာတွန်းကိုလည်း လက်လွတ်မခံ။ ဒီနေ့က ဗုဒ္ဓဟူးနေ့။ လာမည့် ဇွန်လ ၂၇ ရက်နေ့တွင် ကျရောက်သော (၉၆)နှစ်ပြည့် 'သခင်ဗဟိန်း'၏ မွေးနေ့အကြိုအတွက် စကားသဘင် ဆင်ယင်ပွဲကို စာသင်ခန်းထဲ၌ ကာတွန်းရှုပ်ရှုပ်ကို ခေါ်ပြီး ကျင်းပဖြစ်ခဲ့သည်။ ပြောသူက တစ်ယောက်။ နားထောင်သူက (၁၅)ယောက်။ ကာတွန်းရှုပ်ရှုပ်သည် နားထောင်သူ (၁၅)ယောက်ကို အင်အားသိန်းသောင်းချီပြီး ရှိသယောင် ခံစားနေသည်လား မသိ။ သူ၏ အသံဝါကြီးဖြင့် ဟန်ပါပါ နိဒါန်းပျိုးလေပြီ။

"လာမယ့် ဇွန်လ ၂၇ ရက်နေ့ဟာ 'သခင်ဗဟိန်း'ရဲ့ မွေးနေ့ကွဲ့။ သခင်ဗဟိန်းက ဗိုလ်ချုပ်အောင်ဆန်းထက် (၂)နှစ် ငယ်တယ်။ ၁၉၁၇၊ ဇွန်လ ၂၇ ရက် ဗုဒ္ဓဟူးနေ့မှာ မွေးတယ်"

ကာတွန်းရှုပ်ရှုပ်က ဖြစ်စပ်စပ် ရယ်ကျဲကျဲဖြင့် စကားကို ပြောသည်။ ကျောင်းသားများကလည်း ပြုံးတုံ့တုံ့၊ ရွှင်တင်တင်။

ဆိုးကနဲ၊ ဆတ်ကနဲ ကျောင်းသူတစ်ယောက်က မတ်တတ်ရပ်ပြီး မေးသည်။

"ခုနင်က သီချင်းနဲ့ သခင်ဗဟိန်းနဲ့ ဘာဆိုင်လို့လဲရှင့်"

"ဆိုင်ပါသကော သမီးရယ်။ သခင်ဗဟိန်းက နိုင်ငံရေးသမား။ ဒါပေမဲ့ နူးညံ့တယ်။ သခင်ဗဟိန်းက မျိုးချစ်စိတ်ဓာတ် ပြင်းထန်တယ်။ ဒါပေမဲ့ နိုင်ငံတကာ တေးသီချင်း အားလုံးကိုလည်း နှစ်သက်တယ်။ တန်ဖိုးထားတယ်။ ပြီးတော့ သခင်ဗဟိန်းက သီချင်းကြီး၊ သီချင်းခံတွေကို ကြိုက်သလို သီဆိုနိုင်တယ်။ သီဆိုတတ်တယ်။ ခုနင်က ကျွန်တော်မျိုး 'ရှုပ်ရှုပ်' သီဆိုခဲ့တဲ့သီချင်းဟာ ကိုဗဟိန်း သိပ်ကြိုက်တဲ့သီချင်း။ မူရင်း သီဆိုသူက 'ပြည်လှဖေ'။ ရေးသူက 'မြို့မငြိမ်း'။ သီချင်းနာမည်က 'နတ်သျှင်နောင်'။ ဒါကြောင့် ကိုဗဟိန်းကို ဂုဏ်ပြုတဲ့အနေနဲ့ 'နတ်သျှင်နောင်'သီချင်းကို သီဆိုပြီး ကျွန်တော်မျိုးက ဖွင့်လှစ်ရခြင်း ဖြစ်ကြောင်းပါ ခင်ဗျား"

ကာတွန်းရှုပ်ရှုပ်၏ မျက်နှာပေးနှင့် အပြုအမူကြောင့် အားလုံးက လက်ခုပ် ထပြီး တီးကြလေသည်။

"ကျေးဇူးပါပဲကွယ်။ မောင်မင်းလေးတို့က လက်ခုပ်တီးကြတော့ ကျွန်တော်မျိုးကလည်း ပြောချင်လာသပေါ့။ 'ဗဟိန်း'တဲ့။ အဲဒါ သူ့နာမည်အရင်း။ မွေးချင်း(၇)ယောက်ထဲမှာ သူက (၆)ယောက်မြောက်။ အဖေက ပွဲစားကြီး 'ဦးမှင်'တဲ့။ အမေက 'ဒေါ်ဦး'။ တံတားဦးမြောက်ဘက် အင်းဝမှာ မွေးတယ်။ ကိုင်းတန်းရပ်သား။ ငယ်စဉ်ကတည်းက သပ်သပ်ရပ်ရပ် နေတတ် ထိုင်တတ် ဝတ်တတ် စားတတ်တဲ့သူ။ 'ရှုပ်ရှုပ်'ကျွန်တော်မျိုးလိုပေါ့"

နားထောင်သူအပေါင်းက တစ်ယောက်ကိုတစ်ယောက် လက်တို့ပြီး ရယ်ကြပြန်လေသည်။

"အေး··· ပြောရဦးမယ်။ ကိုဗဟိန်းက မန္တလေးမြို့၊ ဗဟိုအမျိုးသား အထက်တန်းကျောင်းထွက်။ အခု ၈၁ လမ်းနဲ့ လမ်း ၃၀ ထောင့်မှာရှိတဲ့ အ·ထ·က(၂) ဆိုတာ သခင်ဗဟိန်း နေခဲ့တဲ့ကျောင်း။ သူ့အသက် ၁၈ နှစ်မှာ တက္ကသိုလ်ဝင်တန်း အောင်တယ်။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ရာဇဝင်ဘာသာရပ်

တွေမှာ ဂုဏ်ထူးရခဲ့တယ်။ ပြီးတော့ မန္တလေး ဥပစာကောလိပ်မှာ နှစ်နှစ်ဆက်ပြီး ပညာသင်ယူတယ်။ ပါဠိဘာသာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့တယ်။ အဲဒီအချိန်မှာ အသက်က ၂၀။ မန္တလေး ဥပစာကောလိပ်ရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေမှာ တက်ကြွစွာ ပါဝင်နေပြီ။ မန္တလေး ဥပစာကောလိပ်ရဲ့ ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ။ ကျွန်တော်မျိုး 'ရှုပ်ရှုပ်'တို့ကတော့ (၂၀) (၁၈) အချစ်သစ်ရှာဖို့ပဲ စိတ်ကူးခဲ့တယ်။ ကွာတယ်နော်… ဟဲဟဲ…"

ကာတွန်းရှုပ်ရှုပ်သည် အသက်(၅၀)ဝန်းကျင်။ သို့သော် လူပုံက (၆၀)လောက်ဟု ထင်ရသည်။ ပါးရေနားရေများပင် တွန့်နေပြီ။ လမ်းလျှောက်လျှင်လည်း ကားတားတား။ ဆံပင်ကလည်း ဖုတ်သိုက်နှင့်။ အမူအရာက ဖြစ်ပပ်စပ်။ သူ့ပုံကို မြင်ရုံဖြင့် ရယ်ချင်စရာက ကောင်းနေသည်။ 'အချစ်သစ်'ဟု ပြောလိုက်သောကြောင့် 'အချစ်ဟောင်း' ရှိသယောင်ယောင်။ စကားပြောရင်း ငယ်ဘဝကို ရှုပ်ရှုပ်က ကြော်ငြာဝင်လေသည်။

"သခင်ဗဟိန်းအသက် ၂၁ နှစ်။ ရန်ကုန်တက္ကသိုလ်ကို အရောက်။ လူပုံက ခပ်နွဲ့နွဲ့။ ဆံပင်က ကွေးကွေးကောက်ကောက်။ မျက်လုံးမျက်ဖန်က တောက်ပဝင်းလက် ရွှန်းစို။ ဘန်ကောက်လုံချည် အပြာရောင်ကို နှစ်သက်သူ။ သူ့ရဲ့ အပြုံးတစ်ပွင့်ဟာ ကြာဖူးကြာပန်းထဲက ဝတ်ဆံကလေးကို မြင်လိုက်ရသလို။ မြင်သူတိုင်းရဲ့ ရင်ကို အေးမြစေတဲ့ အညာသား 'ကိုဗဟိန်း'။ လူကသာ ပျော့နွဲ့နွဲ့။ စိတ်ဓာတ်က မာသလား မမေးနဲ့တော့။ မကွေးထောင်၊ အင်းစိန်ထောင်။ ထောင်အမျိုးမျိုးမှာ တိုက်ပိတ်ခံရ။ ဒုက္ခနဲ့ ဆင်းရဲခြင်းကို သီချင်းတစ်ပုဒ်လို ပျော်ပျော်ရွှင်ရွှင် သီဆိုရင်းနဲ့ ဖြတ်ကျော်ခဲ့တဲ့သူ။ အဲဒီလို ရန်ကုန်တက္ကသိုလ်ကို ရောက်တဲ့အချိန်။ ကိုအောင်ဆန်းနဲ့ ရင်းနှီး။ ကိုအောင်ဆန်းတို့၊ ကိုကြီးနုတို့က တို့ဗမာအစည်းအရုံးဝင်တွေ ဖြစ်ကြ။ အဲဒီအခါ အညာသား ကိုဗဟိန်းက ရန်ကုန်တက္ကသိုလ်ရဲ့ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများအားလုံးရဲ့ ဥက္ကဋ္ဌ ဖြစ်ခဲ့တော့တယ်။ ကျွန်တော်မျိုး ရှုပ်ရှုပ်တို့ကတော့ နိုင်ငံရေးကို 'သရဲ၊ တစ္ဆေ'လောက် ကြောက်သဗျာ"

ကျောင်းသူတစ်ယောက်က မေးသည်။

"ဘာကြောင့် ကြောက်ရတာလဲရှင့်"

"နိုင်ငံရေးဆိုတာ အများအရေး၊ အများအကျိုးကို ဆောင်ရွက်ခြင်း

ဟာ နိုင်ငံရေးပဲ။ ရှုပ်ရှုပ်တို့က ကိုယ်ကျိုးရှာသမား။ အတ္တကောင်။ ဘို့တစ်ဘို့တည်း ရှိတဲ့နွား။ ကိုယ်နဲ့ ကိုယ့်မိသားစု ကောင်းစားရေးကို ဘဝပန်းတိုင်လို့ သတ်မှတ်ထားတဲ့သူ။ ဒီတော့ အများအရေး၊ နိုင်ငံ့အရေးကို မလုပ်ဘူး။ ကြောက်တယ်''

''ဒါဆိုရင် နိုင်ငံရေးသမားဆိုတာ အများအကျိုး ဆောင်ရွက်သူလို့ အဓိပ္ပာယ်ရတာပေါ့နော်။ နိုင်ငံရေးနဲ့ ကင်းကင်းရှင်းရှင်း နေခိုင်းတာဟာ 'ကိုယ်ကျိုးရှာကြ' လို့ ပြောတာနဲ့ အတူတူပဲပေါ့''

''မှန်လိုက်လေ သမီးတော်။ ပြီးခဲ့တဲ့ နှစ်(၅၀)။ နိုင်ငံရေးနဲ့ ကင်းရှင်းခိုင်းတော့ အတ္တသမားတွေ တို့နိုင်ငံမှာ ကြီးစိုးတော့တယ်။ အဲဒီအထဲမှာ ကျွန်တော်မျိုး ရှုပ်ရှုပ်လည်း ပါတယ်။ မင်းတို့လည်း ပါတယ်။ မင်းတို့မိဘတွေလည်း ပါတယ်။ အုပ်ချုပ်သူ လူ့အဖွဲ့အစည်းတွေလည်း ပါတယ်။ နိုင်ငံတော်ရဲ့ အနာဂတ်ကို စီမံခန့်ခွဲခွင့်ရှိသူတွေလည်း ပါတယ်။ တကယ်လို့များ 'သခင်ဗဟိန်း' အသက်ပြန်ပြီး ရှင်ခွင့်ရခဲ့ရင် ငါတို့အားလုံးကို ဖနောင့်နဲ့ ပေါက်မှာ သေချာတယ်။ 'ခွေးကောင်လေးတွေ' လို့ အညာလေသံနဲ့ ဆဲမှာသေချာတယ်''

ကျောင်းသားတစ်ယောက်က မေးသလိုနှင့် ပြောသည်။

''ဒါဆိုရင် ကိုဗဟိန်းက ၁၉၁၇ မှာ မွေးတယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံက ၁၉၃၈ မှာ ဖြစ်တယ်။ ကိုဗဟိန်း အသက်က (၂၁)နှစ်။ ငယ်ငယ်လေး ရှိသေးတာပဲ။ ကျောင်းသားဘဝနဲ့ တိုင်းပြည်ကို ချစ်တတ်ကြတယ်နော်။ အဲဒါ ဘာကြောင့်လဲဗျ''

''အမျိုးသားကျောင်းနဲ့ အမျိုးသားကျောင်းဆရာတွေ တော်ကြ၊ ထက်ကြ၊ တိုင်းပြည်ကို ချစ်ကြလို့ပေါ့ကွ။ ၁၃၀၀ ပြည့် အရေးတော်ပုံမှာ ရေနံမြေသပိတ်ကြီး ဖြစ်ကြတော့ 'အာဠာဝက သခင်ဖိုးလှကြီး' တို့ရှိတဲ့ မကွေးမြို့ကို သွားတယ်။ မကွေးမှာ သပိတ်တားထားတယ်။ မကွေးမြို့၊ မဲထီးကျောင်းတိုက်မှာ ရွတ်ဆိုခဲ့တဲ့ ကဗျာတစ်ပုဒ်''

နားထောင်နေသူ လူငယ်များအားလုံး မျက်လုံးအဝိုင်းသားဖြင့် ရှုပ်ရှုပ်ကို အထင်တကြီး မော့ကြည့်နေကြလေ၏။

''မြင်းခွာတစ်ချက်ပေါက်ရင်... မီးဟုန်းဟုန်း တောက်စေရမယ်။
မြင်းခွာတစ်ချက်ပေါက်ရင်... မီးဟုန်းဟုန်း တောက်စေရမယ်။

မြင်းခွာတစ်ချက်ပေါက်ရင်… မီးဟုန်းဟုန်း တောက်စေရမယ်''

ရုပ်ရုပ်က သုံးကြိမ်သုံးခါ မာန်ပါပါဖြင့် လက်သီးလက်မောင်း တန်းပြီး ရွတ်ဆိုလေ၏။ လူငယ်များပင် ဆိုမထားနှင့်။ ကွယ်ရာမှ နားထောင်နေသော ကျွန်တော်သည်ပင် ကြက်သီးဖြန်းဖြန်း ထသွားရလေတော့သည်။

''ဒါကြောင့် စာရေးဆရာ ဒဂုန်တာရာက သူ့သူငယ်ချင်း 'သခင်ဗဟိန်း'ကို ဒီလိုစာဖွဲ့တယ်။ 'ကိုဗဟိန်း (သို့မဟုတ်) ကဗျာ' ဆိုပြီး ရုပ်ပုံလွှာမှာ ရေးခဲ့၊ ဂုဏ်ပြုခဲ့တာပေါ့။ သခင်ဗဟိန်းက စာအရေးလည်း ကောင်းသကွ။ သူ ရေးခဲ့တဲ့စာတွေ ရှိတယ်။ အင်းစိန်ထောင်ထဲမှာ ရေးခဲ့တဲ့ 'ခနရှင်လောက'၊ 'ကျောင်းသား အရေးတော်ပုံ'၊ 'ကမ္ဘာစစ်နှင့် ဗမာ့နောင်ရေး'။ သိပ်ကောင်းတဲ့စာတွေ။ မင်းတို့ ကြီးလာရင် လက်လှမ်းမီသလောက် ဖတ်ကြည့်ကြ''

လူငယ်တချို့က သူတို့၏ ဗလာစာအုပ်ထဲတွင် လိုက်ပြီး ရေးမှတ်ကြလေ၏။

''ပြောရဦးမယ်။ သခင်ဗဟိန်းရဲ့အဖေ ဦးမှင်က ဗိုလ်ချုပ်အောင်ဆန်းကို ပြောဖူးတယ်။ 'ငါ့သား ဗဟိန်းလည်း မင်းလိုပါပဲကွယ်။ မိဘထက် နိုင်ငံရေးကို အပုံကြီးချစ်တဲ့သူ။ မိဘကို နိုင်ငံရေးလောက် မချစ်တတ်ပါဘူး'တဲ့။ အဲဒါ ဟုတ်တယ်။ နိုင်ငံ့အရေးအတွက်ဆိုရင် ထမင်းမေ့၊ ဟင်းမေ့။ ပညာရေးကိုတောင် စွန့်လွှတ်ပြီး တိုင်းပြည်လွတ်လပ်ရေးကို ကြိုးပမ်းခဲ့ကြတဲ့သူ''

ကျောင်းသားတစ်ယောက်က မေးသည်။

''ကျွန်တော့်အဖေ ပြောဖူးတယ် ခင်ဗျ။ ကိုဗဟိန်းက ကွန်မြူနစ်ဆို။ 'ကွန်မြူနစ်' ဆိုတာ ဘာလဲဗျ''

''မင့်မေးခွန်း အလွန်ကောင်းတယ်။ 'ကွန်မြူနစ်'ဆိုတာ ဖောက်ထွက်တွေးရဲသူ။ ကိုလိုနီနယ်ချဲ့စနစ်နဲ့အတူ ပေါ်ပေါက်လာတဲ့ အရင်းရှင်စနစ်ကို မနှစ်မြို့တဲ့သူ။ ဒါပေမဲ့ ကွန်မြူနစ်တိုင်းဟာ လူဆိုးမဟုတ်ဘူး။ ငါတို့နိုင်ငံမှာ လူတစ်ယောက်၊ တစ်သင်း၊ တစ်ဖွဲ့ကို မကျေနပ်ရင် 'ကွန်မြူနစ်တံဆိပ်'ကပ်ပြီး အပုပ်ချတတ်ကြတယ်။ 'ကွန်မြူနစ်'ဆိုတဲ့စကားလုံးဟာ နိုင်ငံရေး'ဆဲလုံး' တစ်ခုပဲ''

ထိုကျောင်းသားကပင် ဆက်ပြီး မေး၏။

''ဗိုလ်ချုပ်အောင်ဆန်းက ဖ-ဆ-ပ-လ အဖွဲ့ချုပ်ထဲကနေပြီး ဗမာ

ကွန်မြူနစ်ပါတီကို ထုတ်ပယ်လိုက်တာဆို။ အဲဒီအချိန်မှာ ကိုဗဟိန်းက မန္တလေးမှာ ဆေးရုံတက်နေရတာဆို''

''အေး- ဟုတ်တယ်။ အဲဒီခေတ်တုန်းက ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ တော်တဲ့၊ ထက်တဲ့ လူငယ်ခေါင်းဆောင်တွေ အများကြီးရှိတယ်။ အကွဲအပြဲတွေကလည်း တစ်ပုံတစ်ပင်ကြီး။ နောက်ဆုံး မန္တလေးမြို့ စိန့်ပီတာဆေးရုံ။ အခု အမှတ်(၉) အ.ထ.က ဖွင့်ထားတဲ့နေရာ။ အဲဒီမှာ ဆေးကုသခံယူရင်း ကွယ်လွန်ရရှာတယ်။ ကျန်းမာရေးကြောင့် ကွယ်လွန်တယ်ဆိုပေမယ့် ဖ.ဆ.ပ.လ ထဲကနေပြီး ဗမာကွန်မြူနစ်ပါတီကို ထုတ်ပယ်လိုက်တဲ့အကြောင်း ပေါင်မုန့်ထုပ်လာတဲ့ 'ပြည်သူ့ဟစ်တိုင်'သတင်းစာကို တွေ့ပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ခဲ့ရတယ်လို့ ဆိုတယ်။ ဘာပဲဖြစ်ဖြစ် တိုင်းပြည်ကို အသက်ပေးပြီး ချစ်ခဲ့တဲ့ ကိုဗဟိန်း၊ သခင်ဗဟိန်း။ ၁၉၄၆ နိုဝင်ဘာ ၂၀ မှာ ကွယ်လွန်ရရှာတယ်။ ကွယ်လွန်ချိန်မှာ အသက်က (၂၉)နှစ်ပဲ ရှိသေးတယ်။ အသက်ငယ်ငယ်လေး။ ကိုဗဟိန်းရဲ့ ရျာပနကို ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်ခဲ့တယ်တဲ့။ တော်လှန်ရေးကာလမှာ ကိုဗဟိန်းတစ်ယောက် ကျဆုံးသွားရခြင်းဟာ ဘယ်လိုမှ တန်ဖိုးဖြတ်လို့ မရဘူးတဲ့။ ဗိုလ်ချုပ်အောင်ဆန်းကသာ အဲဒီလို ပြောတာပါ။ အခုဆိုရင် ကိုဗဟိန်းရဲ့ အုတ်ဂူ ဘယ်နားသွားပြီး ရှာရမှန်းတောင် မသိတော့ဘူး။ အရင်က တော့ အခု ကျောက်ဝိုင်း လုပ်ထားတဲ့ ရဟိုင်းသင်္ချိုင်းမှာ ကိုဗဟိန်းအုတ်ဂူ ရှိခဲ့ဖူးတယ်။ သူရဲကောင်းတွေကို တန်ဖိုးမထားတတ်သူဟာ ဘယ်တော့မှ သူရဲကောင်း မဖြစ်နိုင်ဘူးကွ။ သူရဲကောင်းတွေကို မချစ်တတ်တဲ့သူဟာ သူရဲဘောကြောင်တဲ့သူပဲ''

မှတ်သုံမိုး၏ အောက်၌ စိမ်းစိုသော သစ်ပင်တို့ မွေးဖွားရှင်သန်ကြလေ၏။

ဖိနှိပ်ခြင်း၊ ချုပ်ချယ်ခြင်း၊ အနိုင်အထက်ပြုခြင်း၊ ရက်စက်ခြင်း၊ မတရားခြင်းတို့၏ အောက်၌ မြင့်မြတ်သော သူရဲကောင်းတို့ မွေးဖွားရှင်သန်ကြလေ၏။

ကိုဗဟိန်းသည် မှတ်သုံမိုးအောက်၌ ထာဝရ စိမ်းစိုနေမည့် ကဗျာသစ်ပင်တစ်ပင်။

✿ ✿ ✿

## ရှုလိုင် နေ့စွဲများ

၅။ အမြင့်ပျံ ဂီတငှက်
**ထူးအိမ်သင်**
(၁-၇-၁၉၆၃ မွေးဖွား၊ ၁၄-၈-၂၀၀၄ ကွယ်လွန်)

၆။ အရိုင်းလက်ဆောင်
**ဦးနေဝင်း**
(၆-၇-၁၉၁၀ မွေးဖွား၊ ၅-၁၂-၂၀၀၂ သေဆုံး)

၇။ ဝိညာဉ် ရင်ခုန်သံ
**အာဇာနည် (၉)ဦး**
(၁၉-၇-၁၉၄၇ တွင် အာဇာနည် (၉)ဦး ကျဆုံး)

၈။ ထာဝရ စီးဆင်းနေတဲ့ မြစ်တစ်စင်း
**ဆရာသိန်းဖေမြင့်**
(၁၀-၇-၁၉၁၄ မွေးဖွား၊ ၁၅-၁-၁၉၇၈ ကွယ်လွန်)



အမြင့်ပျံ ဂီတနက်
ထူးအိမ်သင်
(၁-၇-၁၉၆၃ မွေးဖွား ၁၄-၈-၂၀၀၄ ကွယ်လွန်)

✿ ကျွန်တော်ဟာ ငယ်ငယ်တုန်းက
အဖြူရောင်အင်္ကျီလေးကို
တကယ်စိတ်စွဲနှစ်သက်စွာ
အမြဲတမ်း ဝတ်တတ်တယ်။
✿ ဒီလိုနဲ့ ...
အချိန်တွေ ကုန်လွန်ခဲ့တော့
ကျွန်တော်လည်း အရွယ်ရောက်ပြီ
ဖြူစင်လှသော အင်္ကျီလေး
ဝတ်ဖို့ ရှက်လာတယ်။
✿ လူ့ဘဝဟာ ရခဲလွန်းလှတယ်
ကိုယ့်ဘဝကို အလွဲသုံးစားမလုပ်နဲ့
တစ်နေ့နေ့ သေခြင်းတရားမှာ ....
အားလုံး အဆုံးသတ်ရမယ်။
✿ အို ... ရှင်သန်ချိန်တွေ တိုတောင်းလွန်းတယ်
မကောင်းမှုလုပ်ဖို့ အချိန်တွေ နှမြောပါတယ်။

## အမြင့်ပျံ ဂီတငှက်

ဇူလိုင်လ (၁) ရက်နေ့။

ဧရာဝတီမြစ်ကြီးကို ဖြတ်ပြီး မင်းကွန်းဘက်သို့ မော်တော်စီး၍ လူငယ်တစ်သိုက်ဖြင့် ခရီးသွားခဲ့ရသည်။ ထိုလူငယ်လေးတွေက ဒေါ်မမနိုင်၏ အင်္ဂလိပ်စကားပြောသင်တန်းမှ ဖြစ်ကြသည်။

သူတို့လေးတွေ လွန်ခဲ့တဲ့(၆)လလောက်က မင်းကွန်းဘက်ကို အင်္ဂလိပ် စကားပြော လေ့ကျင့်ဖို့ ကွင်းဆင်းကြရင်း ရွာငယ်တစ်ခုသို့ ရောက်သွားခဲ့ ကြသည်။ ထိုရွာလေးတွင် စုတ်ပြတ်နေသော မူလတန်းကျောင်းကလေး တစ်ကျောင်းကို မြင်တွေ့ခဲ့ရသည်။ ထိုကျောင်းကလေး ပြန်လည်ပြုပြင်ဖို့အတွက် သူတို့၏ မုန့်ဖိုးများကို စုကြသည်။ ဆောင်းကြသည်။ ထည့်ဝင်ကြသည်။ ကျွန်တော့်ထံမှလည်း အလှူခံကြ၏။ သိန်း(၄၀)လောက် ရကြ၏။ ထိုငွေဖြင့် ထိုမူလတန်းကျောင်းငယ်လေးသည် ပြန်လည်၍ ရှင်သန်ထမြောက်လာလေ တော့၏။ ဤခရီးသည် မူလတန်းကျောင်းငယ်လေး ပြန်လည် ကျန်းမာရှင်သန် လာမှုကို ပျော်ပျော်ပါးပါး သွားရောက်ကြည့်ရှု ဝေမျှသည့်ခရီး ဖြစ်ပါသည်။

လူငယ်များက ဦးဆောင်သည့်ပွဲ ဖြစ်သောကြောင့် ပျော်စရာ အလွန် ကောင်းပါသည်။ အတီး၊ အဆို ဝါသနာပါသော လူငယ်လေးများက ဟော်လို ဂီတာနှစ်လက် ယူလာသည်။ စန္ဒရားနှင့် စာပေပညာရှင် 'ထက်လူဦး'မှလည်း ထိုခရီးအတွက် ကုသိုလ်ဖြစ် ပါဝင်ကူညီခဲ့သည်။ သူကလည်း ကီးဘုတ်ကြီးနဲ့ ပေါ့။

'ထက်လူဦး'က သီချင်းတွေ သူကိုယ်တိုင်လည်း တီး၊ သူကိုယ်တိုင် လည်း ဆို။ သီချင်းသီဆိုနေရင်း စာပေပညာရှင်ပီပီ လူငယ်များကို စကားက ပြောလိုက်သေးသည်။ စန္ဒရား 'ထက်လူဦး'က စန္ဒရားတီးရင်း ကျွန်တော့်ကို

ထူးအိမ်သင်၏ သီချင်းတစ်ပုဒ်အား သီဆိုပေးဖို့ တောင်းဆိုလာသည်။

"ဒီနေ့ဟာ ဇူလိုင်လ(၁)ရက်နေ့။ ဂီတလောကရဲ့ အမြင့်ပျံ 'ဂီတငှက်တစ်ကောင်' လောကကြီးထဲကို လွတ်လပ်စွာ ပျံဝဲနိုင်ဖို့ ရောက်လာတဲ့နေ့။ မွေးဖွားတဲ့နေ့။ လွန်ခဲ့တဲ့ နှစ်(၅၀)။ ၁၉၆၃၊ ဇူလိုင်လရဲ့ ပထမဆုံးနေ့။ ဇူလိုင် ၁ ရက်နေ့။ နှလုံးသားရှိသူတိုင်းရဲ့ စိတ်ဝိညာဉ်တွေကို ဖမ်းစားနိုင်စွမ်းရှိတဲ့ 'ဂီတမှော်ဆရာ' တစ်ယောက် မွေးဖွားလာခဲ့တဲ့နေ့။ 'နာရီပေါ်က မျက်ရည်စက်များ' ဆိုတဲ့ တေးသီချင်းတွေနဲ့ ခင်ဗျားတို့၊ ကျွန်တော်တို့ရဲ့ သောတအာရုံကို ညှို့ဖွဲ့နိုင်စွမ်းရှိတဲ့ အကြင်နာအိပ်မက်ထဲက လူသားတစ်ယောက် လောကကြီးထဲကို သံစဉ်တွေနဲ့ ရောက်လာတဲ့နေ့။ သူဟာ ခင်ဗျားတို့ သိတဲ့၊ လေးစားတဲ့၊ အားကျရတဲ့ ဂီတပညာရှင် 'ထူးအိမ်သင်'ပါပဲ။ ဒီနေ့ဟာ ဒီကမ္ဘာမြေပေါ်ကို သူ ရောက်လာတဲ့နေ့။ ထူးအိမ်သင်က ပုသိမ်သား။ ဒါပေမဲ့ သူ့ရဲ့ ဂီတပုံရိပ်တွေမှာ မော်လမြိုင်နဲ့ ရန်ကုန် မပါလို့ မပြီးဘူး။ ဒီနေ့ဟာ 'ထူးအိမ်သင်'မွေးနေ့ဖြစ်တာကြောင့် ဆရာဦးဘုန်းကို ထူးအိမ်သင်ရဲ့ 'လူနဲ့ အင်္ကျီ' သီချင်း သီဆိုဖို့ ကျွန်တော်က ဖိတ်ခေါ်လိုက်ပါတယ်"

စန္ဒရား'ထက်လူဦး'က အတီးကောင်းသလို အပြောကောင်းသည်။ သူ၏ တောင်းဆိုမှုကြောင့် 'လူနဲ့ အင်္ကျီ' သီချင်းကို သီဆိုဖြစ်ခဲ့သည်။

✿ ကျွန်တော်ဟာ ငယ်ငယ်တုန်းက
အဖြူရောင်အင်္ကျီလေးကို
တကယ်စိတ်ဖွဲ့နှစ်သက်စွာ
အမြဲတမ်း ဝတ်တတ်တယ်။
ဒီလိုနဲ့…
အချိန်တွေ ကုန်လွန်ခဲ့တော့
ကျွန်တော်လည်း အရွယ်ရောက်ပြီ
ဖြူစင်လှသော အင်္ကျီလေး
ဝတ်ဖို့ ရှက်လာတယ်။
✿ လူရယ် ခေါ်နိုင်အခါ
နာကျင်တတ်ပြီ စိတ်မှာ
ပြန်လည် လျှော်ဖွပ်မရတော့ဘူး

ဘဝက ညစ်ပတ်တယ်။
အမှန်ကို မမြင်နိုင်သေးတော့
ဒီအညစ်အကြေးတွေ စွန်းဆဲ
ဖြူစင်လှသော အင်္ကျီလေး
မင်းအတွက် အားနာတယ်။
✿ အင်္ကျီဖြူဖြူလေးရယ်
မင်းလောက် တို့ မသန့်စင်တယ်
စိတ်မှာ ဒီအညစ်အကြေးတွေ
ဆေးကြောလိုက်ချင်တယ်။
လိပ်ပြာမလုံချင်ဘူးကွယ်
အဖြူရောင်မြင်ရင်
ရင်မှာ နာကျင်ခဲ့။
✿ တစ်ခါတစ်ရံ မြင်နိုင်လိမ့်မယ်
အဖြူရောင်အင်္ကျီအောက်မှာ
နာကျင်ညစ်ထေး စွန်းပေသော
ဘဝတစ်ခု ရှိနေတယ်။

ထိုသီချင်း၏ နောက်ကွယ်က 'ဘဝ၏ ဒဿန'များကို ရှာဖွေခံစားရင်း ကျွန်တော်က ပိုင်ပိုင်နိုင်နိုင် သီဆိုပြလိုက်သည်။ ပြီးနောက် ကျွန်တော်က သီချင်းဆိုရန် လူငယ်များကို ဖိတ်ခေါ်လိုက်၏။

"ကဲ… ဒီနေ့ဟာ ငယ်နာမည် 'ဘဲဥ'၊ သူငယ်ချင်းတွေ ချစ်စနိုးခေါ်တဲ့ 'ကိုသျှပ်'၊ 'ကိုငှက်ကြီး'၊ နာမည်ရင်း 'ကျော်မြင့်လွင်'၊ လူတိုင်းရဲ့ နှလုံးသားထဲမှာ 'ထူးအိမ်သင်'လို့ မှတ်မိနေတဲ့ ဂီတငှက်တစ်ကောင်ရဲ့ မွေးနေ့တဲ့။ ဒီတော့ ထူးအိမ်သင်ကို ဂုဏ်ပြုချင်တဲ့သူတွေ ရှိရင် သူ့သီချင်းတွေကို သီဆိုပြီး ဂုဏ်ပြုနိုင်ပါတယ် ခင်ဗျား"

ချက်ချင်းဆိုသလို လူငယ်တစ်ယောက်က ထလာပြီး ထူးအိမ်သင်၏ 'နာရီနဲ့ သီချင်း'ကို ကျွမ်းကျွမ်းကျင်ကျင် သီဆိုပြလေသည်။

✿ မြစ်တစ်ခုလို အချိန်များ စီးဆင်းဆဲ…
လူ့ဘဝကို တို့ ရရှိခဲ့တယ်

လောကကို ပေးဆပ်ဖို့ပဲ… ဘဝအတွက် နှစ်သိမ့်ခဲ့
အို… ရေဆန် လေဆန် သည်ခရီးကြမ်းထဲ
လူ့ဘဝတစ်ခုတော့ အခိုင်အမာ ဆောက်တည်မယ်။
✿ လောကမှာ ကိုယ်အသက်ဆက်ဖို့အတွက်
အခြားဘဝတွေ ဆုံးရှုံးမသွားဖို့ပဲ
နှလုံးသားမှာ သတိရှိနေ…
အိုး… စွန့်လွှတ်ဖို့ အသင့်ပဲ
ကိုယ်ရည်ရွယ်တာတွေ… မဖြစ်သေးလည်း
သန့်သန့်ရှင်းရှင်း နေထိုင်အသက်ရှင်မယ်။
✿ လောဘ ဒေါသ မီးတောက်တွေ
မောဟ သောက မီးတောက်တွေ
ငြိမ်းရ သတ်ရ ခက်ခဲ့ရင်
သီချင်းလေး နားဆင်ဦး။
အို… နာရီနဲ့ သီချင်း
✿ လူ့ဘဝဟာ ရခဲလွန်းလှတယ်
ကိုယ့်ဘဝကို အလွဲသုံးစားမလုပ်နဲ့
တစ်နေ့နေ့ သေခြင်းတရားမှာ…
အားလုံး အဆုံးသတ်ရမယ်။
အို… ရှင်သန်ချိန်တွေ တိုတောင်းလွန်းတယ်
မကောင်းမှုလုပ်ဖို့ အချိန်တွေ နှမြောပါတယ်။

ထိုလူငယ်က အချစ်သီချင်းကို မရွေးချယ်။ ဘဝအတွက် အဓိပ္ပာယ်ရှိရှိ ရှင်သန်နေထိုင်တတ်ဖို့ သတိပေးသည့် သီချင်းတစ်ပုဒ်ကို သီဆိုပြသွားသည်။

နောက်တစ်ခါ သီဆိုသူက အမျိုးသမီးငယ် တစ်ယောက်။ သူက ဟော်လိုဂီတာကို ကိုယ်တိုင်တီးပြီး ထူးအိမ်သင်၏ သီချင်းတစ်ပုဒ်ကို ထိထိမိမိ သီဆိုပြပြန်၏။

✿ ကလေးများအားလုံးလည်း
စာသင်မယ့်ဆရာကို မျှော်နေတယ်။
စာသင်ခုံတွေလည်း

ဖရိုဖရဲ ပိုးစားခြကိုက်နဲ့။
✿ ခေါင်းလောင်းကြီးလည်း အိပ်ပျော်နေဆဲ
အသံမမြည်နိုင်ရှာတယ်။
စာအံသံတွေ ကြားချင်ပါတယ်
ကွက်လပ်ဖြည့်လိုက်ပေါ့ကွယ်။
✿ ကျေးလက်က ဆရာသူငယ်ချင်းရယ်
စိတ်ဓာတ်ကလေး ဖြူစင်သန့်ရှင်းတယ်။
အမျိုးအကျိုးအတွက် တာဝန်တွေ ထမ်းဆောင်မယ်။
မင်းအတွက်… တို့… ဂုဏ်ယူလိုက်ပါတယ်။
✿ ဆေးပေးခန်းထဲ ပင့်ကူတွေလည်း
အခိုင်အမာ အိမ်ရာဖွဲ့။
လူနာခုတင်တွေလည်း
ဖရိုဖရဲ ပိုးစားခြကိုက်နဲ့။
✿ ဆင်းရဲလွန်းတဲ့ဘဝတွေ တကယ်ပဲ
ချူချာနေရှာတယ်။
လူတွေအကုန် ကျန်းမာရေးအတွက်
ကွက်လပ်ဖြည့်လိုက်ပေါ့ကွယ်။
✿ ကျေးလက်က ဒေါက်တာ သူငယ်ချင်းရယ်
စိတ်ဓာတ်ကလေး ဖြူစင်သန့်ရှင်းတယ်။
အများအကျိုးအတွက် တာဝန်တွေ ထမ်းဆောင်မယ်။
မင်းအတွက်… တို့… ဂုဏ်ယူလိုက်ပါတယ်။

သူမ၏ သီဆိုမှု အပြီး၌ လက်ခုပ်သံများ ဆူညံ၍ သွားတော့သည်။ ဒီသီချင်းက ဒီနေ့ အလှူပွဲလေးနှင့် ကိုက်ညီနေသည်ကိုး။

ဒီတစ်ခါ သီဆိုသူက အမျိုးသမီးအဖွဲ့။ သူတို့ သီဆိုတဲ့ သီချင်းကို အားလုံးက တပျော်တပါးကြီး လိုက်၍ သီဆိုကြလေသည်။ သူတို့၏သီချင်းက သဘာဝပတ်ဝန်းကျင်ကို မချစ်တတ်သော လူ့အဖွဲ့အစည်းအား ချစ်တတ်အောင် သတိပေးသည့် သီချင်း။

✿ ကမ္ဘာမြေ ငြိမ်းချမ်းပါစေ…

ပန်းပွင့်တွေ ဆုတောင်းနေ။
ကမ္ဘာမြေ စိမ်းလန်းပါစေ…
ကျေးငှက်တို့ တေးဆိုနေ။
ကမ္ဘာမြေ စိမ်းလန်းပါစေ…
နှလုံးသားတွေ ဆုတောင်းနေ။
ကမ္ဘာမြေ ငြိမ်းချမ်းပါစေ…
အားလုံးက တောင်းဆိုနေ။
✿ ဟေ… လာ မိတ်ဆွေတို့ရေ
လောကကြီး ပျော်ပါစေ။
ဟေ… လာ မိတ်ဆွေတို့ရေ
ကလေးငယ်များ ပျော်ပါစေ။
တို့… ချစ်တဲ့ကမ္ဘာကြီး အသက်ရှည်ပါစေ။

ကီးဘုတ်ကို တီးခတ်နေသော စန္ဒရား 'ထက်လူဦး' ကလည်း ကျွမ်းကျင်ပါပေ့။ သူ၏မြူးဇစ်အောက်တွင် လက်ခုပ်ကို သံပြိုင်တီးပြီး အားလုံးက အော်ဟစ်သီကျူးကြလေသည်။ ထို့နောက် ထူးအိမ်သင်၏ 'အမေ့အိမ်'၊ 'ဂျပ်ဆင်ထိပ်က လရိပ်ပြာ' သီချင်းများကို ဆက်လက် သီဆိုကြပြန်လေသည်။

စန္ဒရား 'ထက်လူဦး' က စကားတစ်ခွန်းကို ပြောပြန်လေ၏။

" 'ဂျပ်ဆင်ထိပ်က လရိပ်ပြာ' ဆိုတာ နိမိတ်ပုံပါတဲ့ သီချင်းတစ်ပုဒ်ပဲ။ ထူးအိမ်သင်ရဲ့ သီချင်းတွေက ဘယ်တော့မှ 'မသေဆုံး' နိုင်တဲ့ သီချင်းတွေ။ ထာဝရရှင်သန်နေမယ့် ဂီတတွေ။ အနှစ်သာရ ပြည့်ဝတဲ့ လူတစ်ယောက်ဖြစ်ဖို့ စေ့ဆော်တိုက်တွန်းထားတဲ့ စာသားတွေ။ လောကကြီးကို ချစ်တတ်ဖို့ သင်ကြားပေးသွားတဲ့ အဖွဲ့အနွဲ့တွေနဲ့ ကျွန်တော်တို့အားလုံးကို လက်ဆောင်တွေ ပေးထားခဲ့တယ်။ သူဟာ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့မှာ ကွယ်လွန်ရှာတယ်။ သူ ကွယ်လွန်ချိန်မှာ (၄၁)နှစ်ပဲ ရှိသေးတယ်။ ဒီနေ့ဟာ 'ထူးအိမ်သင်' ရှိနေခဲ့မယ်ဆိုရင် သူ့အသက် (၅၀)ပြည့်တဲ့နေ့ပဲ။ 'ရန့်သင်းတဲ့ ပွင့်ဦးပွင့်သစ်' ကြွေလွင့်ခြင်းလို့ ကျွန်တော့်ရင်ထဲမှာ ခံစားနေမိတယ်။ ဒီတော့ နောက်ဆုံးအနေနဲ့ ကျွန်တော်တို့ သီဆိုမှုကို တိတ်တဆိတ် အားပေးနေတဲ့ မင်းဝံတောင်ကြီးရယ်၊ မင်းကွန်း ပုထိုးတော်ကြီးရယ်၊ မင်းကွန်း ခေါင်းလောင်းကြီးရယ်၊ ထာဝရ ရှင်သန်ဖို့

ရှန်းကန် ကြိုးစားနေရရှာတဲ့ ဇရာဝတီမြစ်ကြီးရယ်။ သူတို့ကို ဂုဏ်ပြုတဲ့အနေနဲ့ 'ထူးအိမ်သင်'ရဲ့ 'ရာဇဝင်များရဲ့ သတို့သမီး' သီချင်းကို အားလုံး သံပြိုင် သီးကျူးကြရအောင်လားဗျာ"

✿ ရွှေအတိပြီးသော မြို့ပြများ၊
အစဉ်အလာ ကြီးမားခဲ့ကြရာ
ရာဇဝင်ဟောင်းရဲ့ အမှတ်တရ။
ဒီမြေဟာ တို့ရဲ့ အမိမြေ။
ယဉ်ကျေးမှုရဲ့ နှလုံးသား။
ရှင်သန်နေသူ တန်ခိုးရှင်
အခမ်းနားဆုံးသော သက်ရှိကဗျာ…
ဧရာဝတီ။
✿ ပိုင်ဆိုင်မှုအတွက် စစ်မက်များ
ရင်ဆိုင်တိုက်ခိုက်ခဲ့ကြရာ
ဂန္ထဝင်မြောက်တဲ့အချစ်နဲ့
ကာကွယ်သူ တို့ရဲ့ ဓားတွေ
သူရဲကောင်းတွေ မွေးဖွား
ဒါဟာ ငါတို့သမိုင်းရဲ့
တောက်ပခဲ့တဲ့ နေ့ရက်များ…
ဧရာဝတီ။
ရာဇဝင်များရဲ့… သတို့သမီး
ငါတို့ရဲ့ ဝိညာဉ်… ဧရာဝတီ…။
………

ရာဇဝင်များရဲ့ သတို့သမီးတဲ့။ ထိုသီချင်းကို နားထောင်ရင်း ကျွန်တော့်ရင်ထဲတွင် တိုးညင်းစွာ စကားတစ်ခွန်း ရေရွတ်မိပါသည်။

" ….'အရေးကြီးပြီ… ညီနောင်အပေါင်းတို့…။ သွေးစည်းကာ ညီလျှင်… ညီကြစို့…။ ငါတို့ရဲ့ သမိုင်းကို… ငါတို့သွေးနဲ့ ရေးခဲ့ပြီ… သွေးသစ္စာလည်း ပြုကြမည်…' ဆိုတဲ့ 'သွေးသစ္စာ' သီချင်းကို ရေးခဲ့တဲ့ 'အမြင့်ပျံဂီတငှက်'…။ တမလွန်ခရီးကို ဘာကြောင့်များ အစောကြီး ထွက်ခွာ

သွားရတာလဲဗျာ…။ ဧရာဝတီမြစ်ကြီးရေ…။ မိုးမိုး(အင်းလျား)ရဲ့ ဈာပနပွဲမှာ ဆရာတင်မိုးက ဒီလို ပြောခဲ့ဖူးတယ်။

'ချစ်သောသူတို့ သက်တမ်းက တိုလွန်းလှ၏။
မုန်းသူတို့ သက်တမ်းကား ရှည်လျားလွန်း၏။
ငါ ကြေကွဲ၍ မဆုံးပါ' တဲ့။

လူထုချစ်တဲ့သူတွေ။ သူတို့သက်တမ်းက တိုပေမယ့် သူတို့ရဲ့အဓိပ္ပာယ်ရှိတဲ့ လုပ်ဆောင်ချက် သက်တမ်းတွေကတော့ ရှည်လျားနေမှာပါ''

✿ ✿ ✿



**အရှိန်းလက်ဆောင်**

ဦးနေဝင်း

(၆-၇-၁၉၁၀ မွေးဖွား၊ ၅-၁၂-၂၀၀၂ သေဆုံး)

✿ ကျောင်းသားနဲ့ ရန်ဖြစ်ပြီး တက်လာတဲ့ အစိုးရ။
ပြီးခဲ့တဲ့ နှစ်(၅၀)လုံးလုံး ... ကျောင်းသားကို သူပုန် ...
စာသင်ကျောင်းတွေကို သူပုန်စခန်းလို့
သံသယစိတ်နဲ့ ဖြတ်သန်းခဲ့တဲ့ အစိုးရ။

✿ အဲဒါ တိုင်းပြည်ကို မွဲပြာကျစေတဲ့ စိတ်ရောဂါ။
ပညာရေးတွေ နိမ့်ကျ။
ကမ္ဘာ့အလယ်မှာ မျက်နှာငယ်ရ။
ပြင်လို့မရတဲ့သမိုင်း။
ဖုံးထားဝှက်ထားလို့ မရတဲ့သမိုင်း။
နောက်ထပ် ဒါမျိုးတွေ ပြန်ပြီး မဖြစ်စေချင်ဘူးဗျာ။

## အရိုင်းလက်ဆောင်

''ဒေါင်းပျိုထိုးဆွပ်
ဘယ်ညာခွပ်၍
လွတ်လပ်ရလေ
တို့တတွေသည်
အိုးဝေကျေးဇူးပါတကား။''

ကဗျာဆရာ အနီမောင်က ဆရာကြီး မင်းသုဝဏ်၏ ကဗျာတစ်ပုဒ်ကို မက်မက်စက်စက် ရွတ်ဆိုပြီး ဇူလိုင် (၆)ရက် နံနက်ခင်း၏ နေခြည်နုနုကို လက်ဖက်ရည်သောက်ရင်း နှုတ်ဆက်လေ၏။

''တကယ်တော့ အိုးဝေခွပ်ဒေါင်း··· ခွပ်ဒေါင်းအိုးဝေလို့ တင်စားကြတဲ့ ကျောင်းသားတွေရဲ့ အမျိုးသားရေးတိုက်ပွဲ၊ လွတ်လပ်ရေးတိုက်ပွဲဆိုတာ ၁၉၂၀ မတိုင်ခင် ၁၉၀၃ ခုနှစ်မှာ စပြီး ပေါ်ပေါက်နေခဲ့ပြီ။ ကျူပ် လေ့လာမိသလောက် ၁၉၀၃ ခုနှစ် စက်တင်ဘာလ (၇)ရက်နေ့။ ရန်ကုန်မြို့ရဲ့ ဟိုက်စကူးကျောင်းတစ်ခုမှာ၊ (၈)တန်းအတန်းပိုင် အင်္ဂလိပ်လူမျိုး ကျောင်းဆရာက ခရိုင်ပညာဝန် 'မစ္စတာကောက်စ်'ရဲ့ အမိန့်ဆိုပြီး စာသင်ခန်းထဲက ကျောင်းသားတွေကို မတ်တတ်ရပ်ခိုင်းတယ်။ အမိန့်စာကို ဖတ်ပြတယ်။ 'ဒီနေ့က စပြီး သင်တို့ မြန်မာကျောင်းသားများအားလုံး စာမသင်ခင် ကျွန်ုပ်တို့ အင်္ဂလိပ်လူမျိုး ဆရာတွေကို ဦးစွာရှိခိုးကန်တော့ပြီးမှ စာသင်ကြားခြင်း အမှုကို ပြုကြရမည်။ အဲဒါ အမိန့်ပဲ။ ဒါကြောင့် အားလုံး ကြမ်းပြင်ပေါ်တွင် ထိုင်ပြီး ကျွန်ုပ်ကို ကန်တော့ကြပါ။ အရိုအသေပြုကြပါ' တဲ့''

လက်ဖက်ရည်ဝိုင်းတွင် တက္ကသိုလ်ကျောင်းသား (၃)ယောက် ပါ၏။ ကျွန်တော်က နားထောင်သူ၊ မှတ်သားသူ။

ကျောင်းသားတစ်ယောက်က စိတ်ဝင်တစားဖြင့် မေးသည်။

"အဲဒီတော့ မြန်မာကျောင်းသားတွေက ရှိုးကန်တော့ကြသလားဗျ"

"ဟ… မြန်မာစိတ်ဓာတ် အပြည့်အဝရှိတဲ့ ကျောင်းသား။ ဘယ်ထိုင်မလဲ။ ဘယ်ရှိုးကန်တော့မလဲ။ မတ်တတ်ရပ်မြဲ ရပ်နေကြတယ်"

"ဒီတော့ ဘာဆက်ဖြစ်သလဲ ဆရာ"

"ထပ်ပြီး အမိန့်ပေးတာပေါ့။ အားလုံးက တုတ်တုတ်မှ မလှုပ်ဘဲ ရပ်မြဲ ရပ်နေကြတယ်။ မတရားတဲ့အမိန့်ကို မနာခံကြဘူး။ ဒီတော့ အင်္ဂလိပ်လူမျိုး ကျောင်းဆရာက အော်ဟစ်ပြီး ပေါက်ကွဲတော့တယ်"

"အဲဒီတော့ အင်္ဂလိပ်ကျောင်းဆရာက ဘာဆက်လုပ်သလဲ"

"အင်္ဂလိပ်ကျောင်းဆရာက အဲဒီလို အော်ဟစ်ပေါက်ကွဲနေတုန်း အတန်းရှေ့ဆုံးမှာ မတ်တတ်ရပ်လျက်ရှိနေတဲ့ 'မောင်တင်'ဆိုတဲ့ ကျောင်းသား။ သူက ဦးဆောင်ပြီး အတန်းအပြင်ဘက်ကို ထွက်သွားတယ်။ သူ့နောက်ကနေပြီး မြန်မာကျောင်းသားတွေ တစ်ယောက်ပြီးတစ်ယောက် ထွက်သွားလိုက်ကြတာ။ အင်္ဂလိပ်ကျောင်းဆရာ ဒေါသထွက်ပြီး စာသင်ခန်းထဲမှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့တယ်။ အဲဒီ သတင်းဟာ ရန်ကုန်တစ်မြို့လုံးကို ပျံ့နှံ့သွားတယ်။ အင်္ဂလိပ်ကိုလိုနီအစိုးရအဖို့ အရှက်ရစရာ ဖြစ်စေခဲ့တဲ့ သမိုင်းဖြစ်ရပ်ပဲ။ အင်္ဂလိပ်ပညာရေးအာဏာပိုင်တွေက 'မောင်တင်'တို့အားလုံးကို ကျောင်းထုတ်ပစ်လိုက်တယ်။ ဒီတော့ ပြဿနာ ဖြစ်တော့တာပေါ့"

"ဘယ်လို ပြဿနာလဲ ခင်ဗျ"

"ကျောင်းသားနဲ့ ကျောင်းသားမိဘတွေက မကျေမနပ်ဖြစ်ပြီး တစ်ခဲနက်အရေးဆိုကြတယ်။ နောက်ဆုံး အင်္ဂလိပ် ပညာရေးအာဏာပိုင်တွေရယ်၊ ကျောင်းသားမိဘတွေရယ်၊ ကာယကံရှင်ဖြစ်တဲ့ 'မောင်တင်'တို့ ကျောင်းသားတွေရယ် အကြိတ်အနယ် တွေ့ဆုံဖြေရှင်းကြရတော့တယ်"

"အဲဒီကျောင်းသား 'မောင်တင်'က ဘာတွေပြောသလဲ ခင်ဗျ"

"မောင်တင်က ယဉ်ယဉ်ကျေးကျေး ဒီလိုပြောတယ်။ 'ကျွန်တော်တို့မြန်မာနိုင်ငံသား တိုင်းရင်းသားတွေဟာ ရှေးအတီတေကတည်းက ကြီးမြတ်တဲ့ယဉ်ကျေးမှုနဲ့ နေထိုင်ကြီးပြင်းလာတဲ့ လူမျိုးတွေပါ။ ကျွန်တော့်တို့ ယဉ်ကျေးမှုမှာ အာစရိယ ဆရာ၊ ဆရာမတွေကို ဘုရား၊ တရား၊ သံဃာ၊ မိဘနဲ့ တစ်ဂိုဏ်း

တည်း ထားပြီး ရိုသေမြတ်နိုး ရှိခိုးပူဇော်ကြစမြဲပါ။ ရိုသေခြင်း၊ မြတ်နိုးခြင်း၊ ရှိခိုးပူဇော် ကန်တော့ခြင်းတွေဟာ နှလုံးသားထဲက၊ ရင်ဘတ်ထဲက သူ့အလိုလို ဖြစ်ပေါ်လာမှ တန်ဖိုးရှိပါတယ်။ ရိုသေခြင်း၊ မြတ်နိုးခြင်း၊ ရှိခိုးပူဇော်ခြင်းတွေကို အမိန့်တွေ၊ စာရွက်တွေနဲ့ ဖန်တီးယူလို့ မရပါဘူး'။ အဲဒီလို ရဲရဲတောက်တောက် ပြောခဲ့တဲ့ မောင်တင်။ နောက်ဆုံးတော့ မောင်တင်တို့ ကျောင်းပြန်တက်ခွင့် ရခဲ့တယ်။ အဲဒါဟာ အင်္ဂလိပ်နယ်ချဲ့ရဲ့ မတရားတဲ့ အမိန့်အာဏာတွေကို စတင် တွန်းလှန်ခဲ့တဲ့ ခွပ်ဒေါင်းစိတ်ဓာတ်ပဲ။ 'ခွပ်ဒေါင်းစိတ်ဓာတ်အစ··· မောင်တင် က'လို့တောင် မှတ်တမ်းတင် ဂုဏ်ပြုသင့်တယ်''

''အဲဒီ မောင်တင်ဆိုတဲ့ ကျောင်းသားလေးက ဘယ်သူလဲ ခင်ဗျ။ နောင် တစ်ချိန်မှာ ဘယ်သူ ဖြစ်လာသလဲ ခင်ဗျ''

လူငယ်တွေက အဲဒီလို စိတ်ဝင်တစား မေးမြန်းသည်ကို တွေ့ရ၍ ကျွန်တော့်စိတ်ထဲတွင် သဘောကျနေမိသည်။ လက်ဖက်ရည်ပူပူ တစ်ခွက် အေးစက်သွားသည်ကိုပင် သတိမပြုမိ။ ကဗျာဆရာ အနီမောင်၏ အပြော အောက်တွင် နံနက်ခင်း၏ ကျက်သရေရှိမှုကို နွေးထွေးစွာ ခံစားနေမိ၏။

''အေး- အဲဒီမောင်တင်ဆိုတဲ့ ကျောင်းသားလေးဟာ နောင်တစ်ချိန်မှာ ရန်ကုန်တက္ကသိုလ်ရဲ့ ပထမဆုံး မြန်မာလူမျိုး ကျောင်းအုပ်ကြီး ဦးဖေမောင်တင် ဖြစ်လာခဲ့တယ်။ ၁၉၀၃ ကို ၁၇ နှစ် ပေါင်း။ ၁၉၂၀ မှာ ပထမကျောင်းသား သပိတ် ဖြစ်တယ်။ နောက်ထပ် ၁၆ နှစ် ပေါင်း။ ၁၉၃၆ မှာ ဒုတိယကျောင်းသား သပိတ် ဖြစ်တယ်။ အဲဒီသပိတ် ဘာကြောင့် ဖြစ်ရတာလဲ။ မင်းတို့ သိလား''

ကျောင်းသားတစ်ယောက်က ဖြေဆိုလေသည်။

''သိတယ်ခင်ဗျ၊ ၁၉၃၆ မှာ ကိုနု ကျောင်းထုတ်ခံရတယ်။ အိုးဝေ မဂ္ဂဇင်း အယ်ဒီတာ ကိုအောင်ဆန်းလည်း မဂ္ဂဇင်းကိစ္စကြောင့် ကျောင်းထုတ် ခံရတယ်။ အဲဒီအချိန်မှာ ကျောင်းအုပ်ကြီးက မစ္စတာစလော့။ ဒါကြောင့် အဲဒီ ကျောင်းအုပ်ကြီးလည်း ပြဿနာတက်ပြီး အပြောင်းအရွှေ့ ခံရတယ်''

''မှန်တယ်၊ အဲဒီကျောင်းအုပ်ကြီး မစ္စတာစလော့ နေရာကို ရောက် လာတာ ခွပ်ဒေါင်းစိတ်ဓာတ် အပြည့်ရှိတဲ့ ဦးဖေမောင်တင်ပဲ။ ဦးဖေမောင်တင် ရယ်၊ ကိုအောင်ဆန်းရယ်၊ ကိုနုရယ်၊ ကျောင်းသားသမဂ္ဂရယ် ပေါင်းဆုံမိခြင်း ဟာ မြန်မာ့လွတ်လပ်ရေးရဲ့ အရုဏ်ဦး အလင်းရောင် ထွက်ပေါ်လာခြင်းပဲ။

ကျောင်းသားသမဂ္ဂ သက်ဝင်လှုပ်ရှားစေခြင်းပဲ။ အမျိုးသားရေးအမြင်တွေ ရှင်သန်ကြီးထွားလာခြင်းပဲ"

နားထောင်နေသော ကျောင်းသားတစ်ယောက်က ဝင်ပြီး ဆွေးနွေးသည်။

"ကျွန်တော်တို့ သင်ဖူးတဲ့ 'သင်သေသွားသော်' ကဗျာ။ ဆရာဇော်ဂျီ ရေးတယ်တဲ့။ အဲဒီကဗျာကို ပထမဦးဆုံး ပုံနှိပ်ဖော်ပြတာ အိုးဝေမဂ္ဂဇင်း။ အဲဒီ အချိန်မှာ ကဗျာပိုင်ရှင်ဖြစ်တဲ့ ဆရာဇော်ဂျီရဲ့ အသက် ၂၉ နှစ်။ ကိုအောင်ဆန်းရဲ့ အသက်က ၂၁ နှစ်။ တကယ့် ငယ်ငယ်ရွယ်ရွယ်လေးတွေပဲ။ သမိုင်းက ပေးတဲ့ တာဝန် တကယ်ကျေပွန်တဲ့ လူငယ်တွေပဲ"

"မှန်လိုက်လေ။ အဲဒီခေတ်တုန်းက လူငယ်တွေ တိုင်းချစ် ပြည်ချစ် စိတ် ရှိကြမှာပေါ့။ အစွန်းမရောက်တဲ့ အမျိုးသားရေးစိတ်ဓာတ် ရှိကြလို့ပဲ။ ကျောင်းသားသမဂ္ဂဆိုတာ လွတ်လပ်ရေးအတွက် သူရဲကောင်းတွေ မွေးဖွား ပေးတဲ့ နေရာ။ ပြီးတော့ ကျုပ် တွေးမိတာ ရှိသေးတယ်"

"ဘာများလဲ အနီမောင်ရဲ့"

ကျွန်တော်က စိတ်လိုလက်ရ မေးလိုက်မိသည်။

"စဉ်းစားကြည့်လေ။ တပ်မတော်ရဲ့ ဖခင်ကို ဗိုလ်ချုပ်အောင်ဆန်းလို့ ပြောကြတယ်။ ပြီးခဲ့တဲ့ တပ်မတော်နေ့၊ သို့မဟုတ် တော်လှန်ရေးနေ့တုန်းက ကျုပ်တို့ရဲ့ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးကိုယ်တိုင် ဗိုလ်ချုပ်အောင်ဆန်း ကို တပ်မတော်ရဲ့ ဖခင်လို့ သုံးနှုန်းသွားတယ်။ ဒါဆိုရင် ဗိုလ်ချုပ်အောင်ဆန်း ဆိုတာ တစ်ချိန်တုန်းက ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ။

အဲဒီကတည်းက ကိုအောင်ဆန်းက ပြောနေပြီ။ အင်္ဂလိပ်ဆီက လွတ်လပ်ရေးကို အနုနည်းနဲ့ မရရင် လက်နက်စွဲကိုင်ပြီး တိုက်ယူရမယ်။ ဒီလိုနဲ့ ဂျပန်ကို ရောက်။ စစ်ပညာသင်။ မြန်မာပြည်ကို ပြန်လာ။ ဘီအိုင်အေဖွဲ့။ အင်္ဂလိပ်ကို တိုက်ထုတ်။ ပြီးတော့ ဂျပန်ကိုတိုက်ထုတ်။ ဘီဒီအေဖွဲ့။ နောက်ဆုံး အခု ကျုပ်တို့ မြင်တွေ့နေရတဲ့ မြန်မာ့အမျိုးသားတပ်မတော်ကြီး ဖြစ်ပေါ် လာတော့တယ်။ ဒီတော့ ကျောင်းသားသမဂ္ဂဆိုတာ လွတ်လပ်ရေးရဲ့ အောင်မြေ ဖြစ်သလို လက်ရှိ မြန်မာ့တပ်မတော်ရဲ့ သန္ဓေတည်ရာဌာန။ အဲဒီလို သမိုင်း အစဉ်အလာကြီးခဲ့တဲ့ ကျောင်းသားသမဂ္ဂဗျ"

ကျောင်းသားသမဂ္ဂဟု ဆိုလိုက်သဖြင့် နားထောင်နေသော ကျောင်းသား (၃)ဦးစလုံး၏ မျက်ဝန်းများ ဝင်းလက်တောက်ပသွားကြလေ၏။

"ဒါဆိုရင် ဘာဖြစ်လို့ ကျောင်းသားသမဂ္ဂကို ဖောက်ခွဲဖျက်ဆီးပစ်လိုက်တာလဲ ခင်ဗျ"

တစ်ယောက်၏ အမေးကို အနီမောင်က သူ့အမြင်ဖြင့် ဤကဲ့သို့ ဖြေဆို၏။

"၁၉၃၀ မှာ စတင်ခဲ့တဲ့ ကျောင်းသားသမဂ္ဂ။ ၁၉၆၂ မှာ ဖျက်ဆီးခံရတယ်။ ၃၂ နှစ် သက်တမ်းပဲ ရှိခဲ့တယ်။ ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌပေါင်း (၃၀)ရှိခဲ့တယ်။ ကိုအောင်ဆန်းဟာ ဆယ်ဦးမြောက် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌပဲ။ အဲဒီ ကျောင်းသားသမဂ္ဂဟာ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ ခွပ်ဒေါင်းစိတ်ဓာတ်နဲ့ မတရားမှုတွေကို စိန်ခေါ်ခဲ့တယ်။ ရင်ဆိုင်ခဲ့တယ်။ မြန်မာ့နိုင်ငံရေးအတွက် နိုင်ငံရေးသမားကောင်းတွေ အများကြီးကို မွေးထုတ်ပေးခဲ့တယ်။ လွတ်လပ်ရေးရပြီးတဲ့နောက် ဖဆပလခေတ်။ ခွပ်ဒေါင်းဟာ ခွပ်စရာရှိရင် ခွပ်ခဲ့သလို ကခွင့်ကြုံရင်လည်း တိုင်းပြည်အတွက် စည်းချက်ညီညီ အချိုးကျကျ ကခဲ့တယ်။ မြူးထူးခဲ့တယ်။ ဒီလိုနဲ့ ၁၉၆၂ မတ်လ(၂)ရက်နေ့မှာ ဗိုလ်ချုပ်ကြီးနေဝင်းက တပ်မတော်အားကိုးနဲ့ နိုင်ငံတော်အာဏာကို လုယူခဲ့တယ်။ အာဏာသိမ်းတာ မဟုတ်ဘူး။ အာဏာကို လုယူတာ"

"အာဏာသိမ်းတာနဲ့ အာဏာလုတာ မတူဘူးနော်။ ဟုတ်သားပဲ"

နားထောင်နေသော ကျောင်းသားတစ်ယောက်က တွေးသလိုနဲ့ ပြောသည်။

"ဘယ်တူပါ့မလဲ။ သိမ်းထားတယ်ဆိုတာ အချိန်တန်ရင် ပြန်ပေးကြရတယ်။ လုယူထားတယ်ဆိုတာ လိုချင်လွန်းလို့ ယူထားတာဆိုတော့ ဘယ်ပြန်ပေးချင်တော့မလဲ။ သူတို့ အချင်းချင်းပဲ လက်ပြောင်းလက်လွှဲ လုပ်ခဲ့ကြတာ။ နှစ်(၅၀) နီးပါး"

အနီမောင်က ကဗျာဆရာ ဆိုတော့ အတွေးရဲသည်။

သူက ဆက်ပြီး ပြောသည်။

"၁၉၆၂ မတ်လမှာ အာဏာလုတော့ ဦးနေဝင်းကို ထောက်ခံတဲ့ ပါတီတွေ၊ နိုင်ငံရေးသမားတွေလည်း ရှိတယ်။ ဦးနေဝင်းနဲ့ ပေါင်းစားချင်တဲ့

နိုင်ငံရေးစားဖားတွေပေါ့။ ဒီတော့ ငြိမ်နေကြတယ်။ မတ်ပြီးတော့ ဧပြီ၊ မေ၊ ဇွန်။ ဇွန်လမှာ ကျောင်းတွေ ပြန်ဖွင့်တယ်။ တပ်မတော်ကို အသုံးချပြီး နိုင်ငံတော် အာဏာကို လုယူတယ်ဆိုတာ တိုင်းပြည်အတွက်လည်း မကောင်းဘူး။ တပ်မတော်ရဲ့ ပုံရိပ်ကိုလည်း ထိခိုက်တယ်။ နိုင်ငံရဲ့ အနာဂတ်လည်း အကျည်းတန်စေတယ်။ ဒါကြောင့် ကျောင်းသားတွေက ကန့်ကွက်တယ်။ ဆန္ဒပြကြတယ်။ ဒါကို ဖိနှိပ်လိုတဲ့သဘောနဲ့ ကျောင်းသားတွေကို ချုပ်ကိုင်ဖို့ ကျောင်းဆောင် စည်းကမ်း (၂၂)ချက်ကို ထုတ်ပြန်တယ်။ ဒီလိုနဲ့ ဆန္ဒပြမှု အရှိန်မြင့်တက်လာတော့တယ်။ ဦးနေဝင်းဟာ စကားလုံးချိုချိုတွေကို သုံးပြီး လှည့်စားတယ်။ ဒါဟာ ပညာရေးစနစ် ပြုပြင်ပြောင်းလဲခြင်းပဲတဲ့။ နောက်ဆုံး ခွပ်ဒေါင်းရဲ့ ပင်ကိုစိတ်ဓာတ်ဖြစ်တဲ့ မဟုတ်ရင် မခံဘူးဆိုတဲ့ သတ္တိ။ ၁၉၆၂ ဇူလိုင် ၇ ရက်။ ရန်ကုန်တက္ကသိုလ် ကျောင်းဝင်းအတွင်းမှာပဲ ဆန္ဒပြကြတယ်။ ညနေ ၄ နာရီ ၅ နာရီ လောက်ကစပြီး ဆန္ဒပြကျောင်းသားတွေကို ပူပူနွေးနွေး တော်လှန်ရေးကောင်စီအစိုးရက ကျည်ဆံတွေ၊ ကျည်ဖိုးတွေ၊ မောင်းပြန်သေနတ်တွေနဲ့ ပစ်ခတ်လိုက်တာ တက္ကသိုလ်ကျောင်းဟာ စစ်မြေပြင်ဖြစ်ခဲ့ရတယ်။ နိုင်ငံရေးကို သေနတ်နဲ့ ဖြေရှင်းခြင်းဟာ တပ်မတော်ရဲ့ ဂုဏ်သိက္ခာလည်း ကျရှုံးစေတယ်။ တိုင်းပြည်ရဲ့ အနာဂတ်လည်း ပျက်စီးစေတယ်။ နောက်တစ်နေ့ မနက် လင်းအားကြီးမှာ သမိုင်းအစဉ်အလာကြီးမားတဲ့ ကျောင်းသားသမဂ္ဂကြီးကိုလည်း ဒိုင်းနမိုက်တွေနဲ့ ဖောက်ခွဲဖျက်ဆီးပစ်လိုက်ကြတယ်။ ပြီးတော့ ဦးနေဝင်းက မနက် ၈ နာရီ ရေဒီယိုသတင်းကနေ ဒီလို ပြောသေးတယ်။ ဓားကို ဓားချင်း၊ လှံကို လှံချင်း၊ face to face ရင်ဆိုင်ဖို့ပဲတဲ့"

အနီမောင်က ကြေကွဲခြင်းဖြင့် သူ့စကားကို ဆို၏။

"စဉ်းစားကြည့်ကြဗျာ။ ကျောင်းသားနဲ့ ရန်ဖြစ်ပြီး တက်လာတဲ့ အစိုးရ။ ပြီးခဲ့တဲ့ နှစ်(၅၀)လုံးလုံး ကျောင်းသားကို သူ့ပုန်၊ စာသင်ကျောင်းတွေကို သူပုန်စခန်းလို့ သံသယစိတ်နဲ့ ဖြတ်သန်းခဲ့တဲ့ အစိုးရ။ အဲဒါ တိုင်းပြည်ကို မွဲပြာကျစေတဲ့ စိတ်ရောဂါ။ ပညာရေးတွေ နိမ့်ကျ။ ကမ္ဘာ့အလယ်မှာ မျက်နှာငယ်ရ။ ပြင်လို့မရတဲ့ သမိုင်း။ ဖုံးထားဝှက်ထားလို့ မရတဲ့ သမိုင်း။ နောက်ထပ် ဒါမျိုးတွေ ပြန်ပြီး မဖြစ်စေချင်ဘူးဗျာ"

သူ့စကားကြောင့် နားထောင်နေသူ ကျွန်တော်သည်ပင် မျက်ရည်ဝဲ

လာချင်မိသည်။ ဤသို့ဖြင့် လက်ဖက်ရည်ဆိုင်မှ ထပြီး ပြန်လာခဲ့သည်။ ပြန်ခါနီးတွင် အနီမောင်က 'နိုင်ငံရေးသံဝေဂ' စကားတစ်ခွန်းကို မှတ်မှတ်ရရ ဆိုခဲ့ပါ၏။

"ဇူလိုင် ၇ တဲ့။ အခုဆိုရင် (၅၁)နှစ် ရှိခဲ့ပြီ။ ဦးနေဝင်းက ၁၉၁၀၊ ဇူလိုင် ၆ ရက်မှာ မွေးတယ်လို့ တချို့က ဆိုကြတယ်။ ဒီတော့ ဇူလိုင် ၇ ရက် အဖြစ်ပျက်တွေဟာ ဦးနေဝင်းက ပေးခဲ့တဲ့ သူ့ရဲ့ မွေးနေ့လက်ဆောင်။ သမိုင်းလက်ဆောင်။ အရိုင်းလက်ဆောင်။ နိုင်ငံရေးသံဝေဂ ယူတတ်ကြရင်တော့ ကောင်းတာပေါ့ဗျာ။ အဲဒီပြည်သူ့အချစ်တုံးကြီးဟာ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့မှာ သေဆုံးတယ်။ သူ့ရဲ့ အသုဘအကြောင်းကိုတော့ ကြုံမှ ဆွေးနွေးကြတာပေါ့။ နောက်ထပ် ဦးနေဝင်းတွေ မြန်မာပြည်မှာ အကြိမ်ကြိမ် ရောက်မလာပါစေနဲ့လို့ ဆုတောင်းကြရအောင်။ အရိုင်းလက်ဆောင်တွေ မယူပါရစေနဲ့တော့..."

✿ ✿ ✿



ဗိညာဉ် ရင်ခုန်သံ

အာဇာနည် (၉) ဦး

(၁၉-၇-၁၉၄၇ တွင် အာဇာနည် (၉)ဦးကျဆုံး)

✿ လူငယ်တွေရဲ့ အနာဂတ်ကို စိုက်ပျိုးခြင်းဟာ
တိုင်းပြည်ကို ချစ်ခြင်းပဲ။

✿ ပင်လုံစိတ်ဓာတ်ဆိုတာ
ရိုးသားခြင်းအပေါ် အခြေခံတဲ့ ညီညွတ်ခြင်း စိတ်ဓာတ်။
မျှတမှုအပေါ် အခြေခံတဲ့ မောင်နှမစိတ်ဓာတ်။
လွတ်လပ်ခြင်းအပေါ် အခြေခံတဲ့ မိတ်ကောင်းဆွေရင်း စိတ်ဓာတ်။

✿ တကယ်တော့ ကိုယ့်အကျိုးကိုသာ ဆောင်ရွက်သူက အများစုပါ။
အများအကျိုး ဆောင်ရွက်တဲ့ ဗိုလ်ချုပ်လို လူမျိုးကတော့ ရှားမှ ရှားပါဗျာ။

✿ တိုင်းပြည်အတွက် အသက်ပေးခြင်းဆိုတာ
မွန်မြတ်တဲ့ အလှူဒါနတစ်ခုပြုခြင်းပဲ။

## ဝိညာဉ် ရင်ခုန်သံ

ရှုလိုင်လ၏ ပထမပတ်။

လာမည့် အာဇာနည်နေ့အတွက် လူငယ်များထံမှ အကြံဉာဏ်များကို ရယူခဲ့သည်။ သူတို့က ပြောကြသည်။

"နှစ်တိုင်းလိုလို ဆရာတို့ လူကြီးတွေ ပြောတာကိုပဲ ကျွန်တော်တို့က နားထောင်ခဲ့ရတယ်။ ဒီနှစ် ကျွန်တော်တို့ သူငယ်ချင်းတစ်တွေက ဒီလို စိတ်ကူးထားတယ်"

"ကဲ… ပြောစမ်းပါဦး"

"မဲနှိုက်မယ်၊ အတန်းထဲမှာ ကျောင်းသား၊ ကျောင်းသူ (၄၀) ရှိတယ်။ မဲလိပ်(၄၀) လုပ်မယ်။ အဲဒီ မဲလိပ်(၄၀)ထဲမှာ မဲလိပ်(၉)လိပ်ကို အာဇာနည် (၉)ဦး နာမည်တွေ ရေးထားမယ်။ ဗလာက (၃၁)လိပ် ပါမယ်။ အာဇာနည် (၉)ဦး နာမည်နဲ့ မဲကျတဲ့သူက ကိုယ်ကျရာ အာဇာနည်တစ်ယောက်အကြောင်းကို ကိုယ်သိသလောက် ပြောပြရမယ်။ ဆရာ့စာအုပ်စင်ထဲက စာအုပ်တွေကို ဆရာက ဖတ်ခွင့်ပြုပါ။ ဒီနှစ် အာဇာနည်နေ့ မတိုင်မီ (၂)ရက် အလိုမှာ 'ဝိညာဉ်တို့၏ ရင်ခုန်သံ' အစီအစဉ်ကို ကျွန်တော်တို့လူငယ်တွေကပဲ ဦးစီးပြီး တင်ဆက်ချင်တယ်။ ဆရာတို့လူကြီးတွေက နားထောင်ပေးပါ။ ကျွန်တော်တို့ကို လွတ်လွတ်လပ်လပ် ဆောင်ရွက်ခွင့်ပေးပါ။ အမှားအယွင်းရှိခဲ့ရင်လည်း ကျွန်တော်တို့ကို ပြုပြင်ပေးပါ"

လူငယ်တွေ မှားတာ ချစ်စရာကောင်းပါသည်။ ကောက်ကျစ်ပြီး မှားတဲ့ အမှားမျိုး မဟုတ်။ ရိုးသားစွာ မှားခြင်း ဖြစ်သည်။ လူကြီးတွေ မှားလျှင်တော့ တိုင်းပြည်ပျက်တတ်၏။ ဤသို့ဖြင့် 'ဝိညာဉ်တို့၏ ရင်ခုန်သံ' အစီအစဉ်ကို အာဇာနည်နေ့ အကြိုအဖြစ် လူငယ်များက စုပေါင်း၍ တင်ဆက်ကြလေ၏။

■

"မင်္ဂလာပါခင်ဗျာ၊ မဲကျသူ(၉)ဦးဟာ မကြာမီမှာ အာဇာနည်(၉) ဦး ပုံစံနဲ့ မြင်တွေ့ကြရတော့မှာ ဖြစ်ပါတယ်။ ၁၉၄၇ ဇူလိုင်လ (၁၉)ရက်နေ့မှာ ကြုံတွေ့ခဲ့ရတဲ့ အဖြစ်ဆိုးရဲ့ မျက်ရည်မိုးအောက်မှာ ဘယ်တော့မှ မသေဘဲ ထာဝစဉ် ရှင်သန် ထမြောက်နေတဲ့ ဝိညာဉ် (၉)ခု။ အသက်အရွယ် အကြီးဆုံးမှ စပြီး မြင်တွေ့ကြရတော့မှာ ဖြစ်ပါတယ်။ ရှုစားတော်မူကြပါခင်ဗျာ"

အားလုံးက တိတ်ဆိတ်ရင်ခုန်စွာ မျှော်လင့်နေချိန်တွင် ဥဩဆွဲသံ ပေါ်ထွက်လာသည်။ ပြီးနောက် မေလှမြိုင်၏ အာဇာနည်အလေးပြုသီချင်း၏ တီးလုံးသံပါးပါးလေး တိုးညင်းစွာ ကြားလိုက်ရသည်။

■

ဟော… ထွက်လာပါပြီ။ ခေါင်းပေါင်းစဖြင့် လူကြီးတစ်ဦးပုံစံ။ နှုတ်ခမ်းမွေးကလည်း ပါလိုက်သေး။ မျက်မှန်ခပ်ဝိုင်းဝိုင်းကို တပ်ထားသေး၏။ ရင်ဖုံးအင်္ကျီကို ဝတ်ဆင်လျက် ဖြည်းဖြည်းမှန်မှန်ဖြင့် လူတစ်ယောက် ထွက်လာသည်။

"အိမ်း… ကျုပ်နာမည်က ဒီးဒုတ်ဦးဘချို။ အသက်က (၅၄)နှစ်ရှိပြီ။ လွတ်လပ်ရေးတိုက်ပွဲအတွက် ဒီးဒုတ်ဂျာနယ်ကို ထုတ်ဝေခဲ့တဲ့ ဦးဘချို ဆိုတာ မမြင်ဖူးရင် ကြည့်ထားကြ။ ကျုပ်က ၁၈၉၃ မှာ မွေးတယ်။ မြောင်းမြသား။ အမျိုးသားကျောင်းရဲ့ ကျောင်းအုပ်ကြီး။ ဒီမယ် မှတ်ထားကြစမ်း။ အင်္ဂလိပ်အစိုးရအောက်မှာ အမှုထမ်းတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် ကျွန်အဖြစ် ရောင်းစားတာပဲ။ ငွေဝယ်ကျွန်ပဲ။ ဒါကြောင့် ကျုပ်က အမျိုးသားကျောင်းမှာပဲ ကျောင်းဆရာလုပ်တယ်။ ဒီမယ်ကွဲ့ ဒီနိုင်ငံမှာ နေတဲ့ ဒီနိုင်ငံသားတိုင်း ဒီနိုင်ငံ တိုးတက်ဖို့အတွက် တာဝန်ရှိတယ်။ ဒါ ကျုပ်တို့နိုင်ငံ။ ကျုပ်တို့နိုင်ငံရဲ့အရေးဟာ ကျုပ်တို့အရေးပဲ။ တိုင်းပြည်လွတ်မြောက်ဖို့ နိုင်ငံသားတိုင်း နိုင်ငံရေးကို စိတ်ဝင်စားကြရမယ်။ နိုင်ငံရေးကို လုပ်ကြရမယ်။ လွန်ခဲ့တဲ့ (၆၆) နှစ် ဇူလိုင် ၁၉ ရက်နေ့ကပေါ့။ ကျုပ် ကျည် (၅)ချက် သင့်ပြီး ကျုပ် ချစ်တဲ့ တိုင်းပြည်ကို စိတ်မချဘဲ ထားခဲ့ရတယ်။ ညီညီညွတ်ညွတ် နေရစ်ကြ"

■

ဆံပင်ပါးပါးကို ကော့ပျံနေအောင် ဖြီးထားသော လူတစ်ယောက်။ တိုက်ပုံအင်္ကျီ ဝတ်ဆင်ပြီး ထွက်လာသည်။ နဖူးပြောင်ပြောင်ကို ထင်ရှားအောင် ဆံပင်ကို ပြင်ဆင်ထား၏။ မျက်မှန်ခပ်ပါးပါးကိုလည်း တပ်ထားလိုက်သေးသည်။ ပရိသတ်ကို ဟန်ပါပါ ကြည့်ပြီး စကားပြောလေ၏။

"အဟမ်း… အဟမ်း… ကျုပ်က ကျဆုံးသွားကြရတဲ့ အာဇာနည် (၉)ဦးထဲမှာ ဒုတိယ အသက်အကြီးဆုံး။ အသက်က (၅၀)နှစ်။ ၁၈၉၇ မှာ မွေးတယ်။ ပြည်မြို့ အနောက်ဘက်က 'ထုံးဘို'သား။ ကိုအောင်ဆန်းက ကျုပ်ကို အရေးအကြီးဆုံး ဝန်ကြီးဌာနဖြစ်တဲ့ ပြည်ထဲရေးဝန်ကြီးတာဝန်ကို အပ်နှင်းထားတယ်။ ဒီမယ်… ကိုအောင်ဆန်းတို့ ဂျပန်ကို သွားတဲ့အချိန် ကျုပ်က မြန်မာပြည်တွင်းမှာ နေပြီး လိုအပ်တာတွေကို ဆောင်ရွက်ပေးရတယ်။ မြေအောက် တော်လှန်ရေးသမားကြီးပေါ့ဗျာ။ ကျုပ်က ကျည်(၂)ချက်သင့်ပြီး ကျဆုံးခဲ့ရတဲ့သူ။ ကျုပ်နိုင်ငံ ကျုပ်လူမျိုး လွတ်လပ်ဖို့အတွက်ဆိုရင် ကျုပ်က ဘာပဲ လုပ်ရ လုပ်ရ လုပ်မယ့်သူဗျ။ ခေါင်းဆောင် ဆိုတာ ကိုယ်အသာယူ သလောက် တိုင်းပြည် နာတယ်ဗျ။ ကျုပ်နာမည်က သခင်မြ"

■

ဝဝဖိုင့်ဖိုင့် လူကြီးပုံစံ ဖမ်းထားသော သူတစ်ယောက် ထွက်လာသည်။ ဘောင်းဘီရှည်နှင့်။ ကုတ်အင်္ကျီနှင့်။ နက်ကတိုင်ကလည်း ပါလိုက်သေး။ ဆံပင်က ခပ်တိုတို။ မျက်နှာက ခပ်ဝိုင်းဝိုင်း။

"အခု ကြားဖြတ်အစိုးရမှာ ပညာရေးဝန်ကြီးတာဝန်ကို ယူထားတဲ့ ဦးရာဇတ် ဆိုတာ ကျုပ်ပဲ။ ကျုပ်က မိတ္ထီလာမှာ မွေးတယ်။ မန္တလေးမှာ ကြီးတယ်။ မန္တလေး အမျိုးသားအထက်တန်းကျောင်းရဲ့ ကျောင်းအုပ်ဆရာကြီး။ ဒီမယ်… ပညာရေးချို့တဲ့ရင် တိုင်းပြည်ချို့တဲ့တယ်။ ပညာရေးညံ့ရင် တိုင်းပြည် ညံ့တယ်။ ပညာရေးကောင်းမှ တိုင်းပြည်ကောင်းမယ်။ ပညာအင်အားရှိမှ တိုင်းပြည် အင်အားရှိမယ်။ ပညာရေးဆိုတာ နိုင်ငံတစ်နိုင်ငံရဲ့ အဓိက အကျဆုံး သံယဇာတပဲ။ ပညာရေးမှာ ရင်းနှီးမြှုပ်နှံမှ တိုင်းပြည်ကောင်းစားမယ်။ အခု ကျုပ်အသက် (၄၉)နှစ်။ ကျဆုံးရရှာတဲ့ အာဇာနည်ထဲမှာ ကျုပ်က တတိယ အသက်အကြီးဆုံး။ ကျည်(၆)ချက် အသင့်ခံရတဲ့သူ။ လူငယ်တွေရဲ့ အနာဂတ်

ကို စိုက်ပျိုးခြင်းဟာ တိုင်းပြည်ကို ချစ်ခြင်းပဲ။ ကျုပ် ဒီတိုင်းပြည်ကို ချစ်တယ် ဆိုတာ ကျုပ် စွမ်းဆောင်ခဲ့တဲ့ ပညာရေးဆောင်ရွက်ချက်တွေကို ကြည့်။ ကျုပ် ဒါပဲ ပြောချင်တယ်''

■

ကတုံးဆံတောက်နှင့် ဆံပင်တိုတို နဖူးမောက်မောက် လူတစ်ယောက် ထွက်လာသည်။ နဖူးမှာလည်း အမာရွတ်က ပါလိုက်သေး၏။ တိုက်ပုံအင်္ကျီက ခပ်ပွပွ၊ လူက ခပ်ပိန်ပိန်။ လှုပ်ရှားသွားလာပုံက ခပ်သွက်သွက်။ မျက်တွင်း ကျကျ မေးရိုးချွန်ချွန်။ အသံက စူးစူးရှရှ။

''နယ်ချဲ့စနစ်ကို တွန်းမှောက်။ ဗြိတိသျှကို ဘယ်တော့မှ ဒူးမထောက်။ ကိုလိုနီအင်ပါယာကို မကြောက်တဲ့ နတ်မောက်သား ဦးဘဝင်း ဆိုတာ ကျုပ်ပဲ။ ကိုအောင်ဆန်းရဲ့ အစ်ကိုအကြီးဆုံး။ ကိုအောင်ဆန်းထက် (၁၄)နှစ် ကြီးတယ်။ မောင်အောင်ဆန်းကို ကိုအောင်ဆန်း ဖြစ်ဖို့။ ကိုအောင်ဆန်းကို သခင်အောင်ဆန်း ဖြစ်ဖို့။ သခင်အောင်ဆန်းကို ဗိုလ်ချုပ်အောင်ဆန်း ဖြစ်ဖို့။ ဗိုလ်ချုပ်အောင်ဆန်း ကို နိုင်ငံသူရဲကောင်းဖြစ်ဖို့ ပထမဆုံး လေ့ကျင့်ပေးခဲ့ရတဲ့ အစ်ကိုကြီး ဦးဘဝင်း ဆိုတာ ကျုပ်ပဲ။ ကျဆုံးချိန်မှာ ထောက်ပံ့ရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဗျ။ ဒီမယ်... ကိုယ့်နိုင်ငံထဲမှာရှိတဲ့ သယံဇာတ အရင်းအမြစ်တွေနဲ့ စီးပွားရေး လုပ်ငန်းတွေကို ကိုယ့်နိုင်ငံသား၊ ကိုယ့်တိုင်းရင်းသား လက်ထဲမှာပဲ ထားရမယ်။ ဒီလိုမဟုတ်ဘဲ တိုင်းတစ်ပါးသားလက်ထဲမှာ ထိုးထည့်ထားလို့ကတော့ လွတ်လပ် ရေး ရလည်း ဘာထူးမှာလဲ။ တိုင်းပြည်ကို ချစ်ရင် တိုင်းပြည်စီးပွားရေးကို တိုင်းရင်းသား လက်ထဲမှာပဲ ထားရမယ်။ ကျုပ်က ကျည်(၈)ချက် သင့်ပြီး ကျုပ် သိပ်ချစ်တဲ့ ညီလေး ကိုအောင်ဆန်းနဲ့အတူ ဇူလိုင်လရဲ့ မိုးစက်တွေအောက် မှာ တိုင်းပြည်အတွက် အသက်ပေးခဲ့တဲ့ ဦးဘဝင်း ဆိုတာ မှတ်ထားပေးပါ။ အဲဒီ အချိန်တုန်းက ကျုပ်အသက် (၄၆)နှစ်''

■

ကရင်ဝတ်စုံဖြင့် မျက်နှာခပ်ပြည့်ပြည့် လူငယ်တစ်ယောက်။ လူကြီး ပုံစံပေါက်အောင် ပြင်ဆင်ထားသည်။

အသံခပ်ဝဲဝဲဖြင့် ပရိသတ်ကို စကားဆို၏။

"ဝေး… ငါက အာဇာနည်(၉)ဦးထဲမှာ ကျည်(၁၅)ချက် အသင့်ခံရပြီး တိုင်းပြည်အတွက် အသက်ပေးသွားတဲ့သူ။ ကျည်ဆန် လက်ဆောင်အများဆုံး ရတာ ငါပဲ။ ကိုအောင်ဆန်းကို ငါ သိပ်ချစ်တယ်။ ကိုအောင်ဆန်းတို့ဖမ်းဖို့အတွက် ဖမ်းဝရမ်းထုတ်တယ်။ ဖမ်းပေးနိုင်သူကို ဆုတော်ငွေ (၅)ကျပ်တဲ့။ ကိုအောင်ဆန်းတို့ ဟသ်ာတက နေပြီး ရန်ကုန်ကို သွားဖို့ ငှက်ပျောသီးလှည်းနဲ့ ခိုးထုတ်ပေးခဲ့တာ ငါပဲ။ ကရင်ကလည်း ဗမာကို ချစ်တယ်။ ဗမာကလည်း ကရင်ကို ချစ်တယ်။ ငါက စက်မှုလက်မှုနဲ့ အလုပ်သမားဝန်ကြီး။ အသက်က (၄၄)နှစ်။ ကရင်ဘာသာစကားနဲ့ စာသင်ကြားပို့ချဖို့ ငါ ကြိုးစားနေတယ်။ ဒီမယ်… ဒီနိုင်ငံမှာ နေတဲ့ ဒီနိုင်ငံသားတိုင်း ဒီနိုင်ငံကို ချစ်ရမယ်။ ဖျက်လိုဖျက်ဆီး လုပ်ခွင့်မရှိဘူး။ လူမျိုးရေးစိတ်ဓာတ် နေရာမှာ နိုင်ငံသားစိတ်ဓာတ် ရှိပါမှ ဒီတိုင်းပြည် တိုးတက်မယ် ငြိမ်းချမ်းမယ်။ တိုင်းရင်းသားတွေချစ်ချစ်ခင်ခင် နေရစ်ကြ"

■

ရှမ်းဘောင်းဘီ၊ ရှမ်းအင်္ကျီ၊ ရှမ်းခေါင်းပေါင်း၊ ရှမ်းဝတ်စုံဖြင့် လူငယ်တစ်ယောက်။ ပြုံးရွှင်ရယ်မောပြီး စင်ပေါ်သို့ တက်လာသည်။ ရှမ်းသံဝဲဝဲဖြင့်သူ၏ စကားကို ဆိုလေ၏။

"ကျုပ်က တောင်တန်းဒေသဆိုင်ရာဝန်ကြီး။ အင်္ဂလိပ်တွေမှာ ရောဂါတစ်မျိုး ရှိတယ်ဗျ။ လူကို လူလို့မမြင်တတ်တဲ့ရောဂါပဲ။ အသားအရောင်ကိုကြည့်ပြီး လူကို ခွဲခြားတယ်။ တောင်ပေါ်မြေပြန့် ကြည့်ပြီး လူကို ခွဲခြားတယ်။ ကျုပ်တို့ ကိုအောင်ဆန်းက တောင်ပေါ်မြေပြန့် ဆိုတဲ့ ခွဲခြားခြင်းတွေ မရှိဘူး။ ရှမ်းလည်း ဗမာပဲ၊ ဗမာလည်း ရှမ်းပဲ။ ကိုအောင်ဆန်းက ရိုးသားတယ်။ ဒါကြောင့် သူ့ကို ကျုပ် ချစ်တယ်။ သူကလည်း ကျုပ်တို့ကို အားကိုးတယ်။ ယုံကြည်တယ်။ ဒါကြောင့် တိုင်းရင်းသားတွေ ညီညွတ်ဖို့အတွက် လက်မှတ်ရေးထိုးတာကိုတောင် ရှမ်းပြည်မှာ ကျင်းပခဲ့တယ်။ ပင်လုံမှာ ကျင်းပခဲ့တယ်။ ပင်လုံစိတ်ဓာတ်ဆိုတာ ရိုးသားခြင်းအပေါ် အခြေခံတဲ့ ညီညွတ်ခြင်းစိတ်ဓာတ်။ မျှတမှုအပေါ် အခြေခံတဲ့ မောင်နှမစိတ်ဓာတ်။ လွတ်လပ်ခြင်းအပေါ် အခြေခံတဲ့

မိတ်ကောင်းဆွေရင်း စိတ်ဓာတ်။ ဒီစိတ်ဓာတ်တွေနဲ့ ပင်လုံမှာ လက်မှတ်ရေးထိုးခဲ့ကြတယ်။ ပြောရဦးမယ်။ ၁၉၄၇၊ ဇူလိုင် ၁၉ ရက်နေ့တုန်းက ကျုပ်… ကျည်(၂)ချက် အသင့်ခံခဲ့ရတယ်။ ကျုပ်က ချက်ချင်း မကွယ်လွန်ဘူး။ နောက်တစ်နေ့ နေ့လယ်အထိ ရှင်သန်ခွင့်ရခဲ့တာ ကျုပ်ပဲ။ ကျုပ်က မေးတယ်။ ဗိုလ်ချုပ်တို့ ဘယ်လို နေသေးတုံး။ ကျုပ်အသက်ရှင်ဖို့ထက် ဗိုလ်ချုပ်တို့က ပိုပြီး အရေးကြီးပါတယ်ဗျာ။ ဗိုလ်ချုပ်တို့ကို ဂရုစိုက်ကြပါ။ ကွယ်လွန်ချိန်မှာ ကျုပ်အသက်က (၄၀)"

■

မျက်လုံးမျက်ဖန်ကောင်းကောင်း။ အသက်အရွယ် ခပ်လတ်လတ်။ အဝတ်အစားဝတ်ပုံ သပ်သပ်ရပ်ရပ်နှင့် လူရွယ်တစ်ယောက်။ လက်ထဲမှာလည်း ဖိုင်တွဲကြီးများ ကိုင်လာသည်။

"ကျွန်တော့်နာမည်က ကိုအုန်းမောင်။ လမ်းပန်းဆက်သွယ်ရေးအတွင်းဝန်။ ရန်သူတွေ မလာခင် (၄၊ ၅)မိနစ်လောက်မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရုံးခန်းထဲကို ကျွန်တော် ရောက်သွားတယ်။ ဗိုလ်ချုပ်အနား ထိုင်နေတုန်း တဒိုင်းဒိုင်း တဒက်ဒက်နဲ့။ သေနတ်သံတွေနဲ့အတူ ကျည် (၅)ချက် သင့်ပြီး ကျဆုံးခဲ့ရတယ်။ ကျွန်တော်က ဗိုလ်ချုပ်ထက် (၂)နှစ် ကြီးသေးတယ်။ (၃၄)နှစ်။ ကျွန်တော် မေးချင်တယ်။ လူတွေက တိုင်းပြည်ကို ချစ်တယ်၊ ချစ်တယ်လို့ သိပ်ပြောကြတယ်။ တိုင်းပြည်အတွက် ဘာတွေ ဘယ်လောက်အထိ လုပ်ပြီးပြီလဲ။ လုပ်နေကြသလဲ။ တကယ်တော့ ကိုယ့်အကျိုးကိုသာ ဆောင်ရွက်သူက အများစုပါ။ အများအကျိုး ဆောင်ရွက်တဲ့ ဗိုလ်ချုပ်လို လူမျိုးကတော့ ရှားမှရှားပါဗျာ"

■

ပိုးတိုက်ပုံ အရောင်နုနု၊ ပိုးပုဆိုး အရောင်ပါးပါး၊ ပိုးခေါင်းပေါင်း အဝါရောင်ကို ပေါင်းလျက် ရှုတည်တည်နှင့် လူငယ်တစ်ယောက် ထွက်လာသည်။

"ကိုအောင်ဆန်း ဆိုတာ ကျုပ်ပဲ။ ဒီနေ့ဟာ… ကျုပ်အသက်က

(၃၂)နှစ် (၅)လနဲ့ (၆)ရက် ပြည့်တဲ့နေ့ပဲ။ ဒီလို ဖြစ်လိမ့်မယ်လို့ ဘယ်သူမှ မသိဘူး။ တိုင်းပြည်အတွက်၊ အများအတွက် အသက်ပေးရတာ တန်ဖိုးရှိပါတယ်ဗျာ။ ကျုပ်က စာရေးဆရာ သိပ်ဖြစ်ချင်ခဲ့တာ။ လွတ်လပ်ရေးရရင် နိုင်ငံရေးလောကထဲက ထွက်မယ်။ စာရေးမယ်။ သစ်ပင်စိုက်မယ်။ ကျုပ်မှာ စည်းစိမ် မရှိဘူး။ ဒါပေမဲ့ ကျုပ်မှာ အမျိုးသားရေးသစ္စာတော့ ရှိတယ်ဗျ။ ကျုပ်စိတ်ထဲမှာ တိုင်းပြည် သူ့ကျွန်ဘဝက လွတ်မြောက်ဖို့အတွက်က လွဲပြီး ဘာမှမရှိဘူး။ ပြည်သူတစ်ရပ်လုံးရဲ့ ဘုံဒုက္ခကို ဖြေရှင်းပေးချင်တယ်။ ပြည်သူတစ်ရပ်လုံးရဲ့ ဘုံမျက်ရည်ကို သုတ်ပေးချင်တယ်။ ပြည်သူတစ်ရပ်လုံးရဲ့ မျှော်လင့်ချက်တွေကို ရှင်သန်စေချင်တယ်။ ဒါဟာ ကျုပ်ဘဝရဲ့ အဓိပ္ပာယ်ပဲ။ ကျုပ်ဟာ သေဆုံးသွားသူ မဟုတ်ဘူး။ ကျရှုံးသွားသူလည်း မဟုတ်ဘူး။ တိုင်းပြည်အတွက် အသက်စွန့်သွားသူသာ ဖြစ်တယ်။ ကျုပ်ထက်အရင် တိုင်းပြည်အတွက် အသက်ပေးသွားတဲ့ ဟသ်ာတသား ဗိုလ်အောင်ကျော်။ အသက် (၂၂)။ ဒီလိုပဲ ကျုပ်ထက်အရင် အများအတွက် အသက်ပေးသွားတဲ့ အင်းဝသား သခင်ဗဟိန်း။ ကျဆုံးချိန်မှာ အသက်က (၂၉)နှစ်။ အခု ကျုပ်အသက်က (၃၂)။ ဘာပဲဖြစ်ဖြစ် တိုင်းပြည်ကို ချစ်တဲ့သူတိုင်း တိုင်းပြည်အတွက် အသက်ပေးခြင်းဆိုတာ မွန်မြတ်တဲ့ အလှူဒါနတစ်ခု ပြုခြင်းပဲ။ ကျုပ်အကြောင်းကို ကျုပ် အများကြီး မပြောချင်ဘူး။ ဒါပဲ''

လက်ခုပ်သံများ ထွက်လာသည်။

■

အသက်ခပ်ငယ်ငယ်။ စစ်ဝတ်စုံဖြင့် လူငယ်တစ်ယောက်။ ကက်ဦးထုပ်ကို ဆောင်းလျက်။ လက်ထဲတွင်လည်း ကစားစရာ သေနတ်တစ်လက်ပါလာသည်။

''ကျွန်တော်က ရဲဘော်မောင်ထွေးပါ။ ဆရာကြီး ဦးရာဇတ်ရဲ့ သက်တော်စောင့်။ မန္တလေးသား။ အသက်က (၁၈)နှစ်။ အတွင်းဝန်ရုံးရဲ့ လှေကားထစ်ပေါ် ပြေးတက်အလာ။ ဒက်ဒက်··· ဒက်ဒက်··· ဆိုပြီး ကျည် (၄)ချက် အသင့်ခံရတဲ့သူ။ အာဇာနည်တွေနဲ့ အတူတူ သေခွင့်ရတဲ့အတွက် ကျွန်တော်ရဲ့ သေဆုံးခြင်းဟာ အလွန်တန်ဖိုးရှိတယ်။ လူငယ်တွေကို ပြောချင်

တယ်။ သေဆုံးခြင်း၊ ရှင်သန်ခြင်းထက် တိုင်းပြည်အတွက် အဓိပ္ပာယ်ရှိရှိ နေထိုင်ခြင်းကသာ လူ့တန်ဖိုးဗျ။ တိုင်းပြည်တည်ဆောက်ရေးမှာ လူငယ်တွေ ပါဝင်ရမယ်။ သေမှာကို မကြောက်ကြပါနဲ့။ အဓိပ္ပာယ်မဲ့စွာ ရှင်သန်နေခြင်းကို သာ ကြောက်ကြပါဗျာ"

■

ထိုနေ့က 'ဝိညာဉ်တို့၏ ရင်ခုန်သံ' ကို လူငယ်များက တန်ဖိုးထား တင်ဆက်သွားကြသည်။

သို့သော်… အာဇာနည်နေ့မှာ ဥသြဆွဲသံ မကြားခဲ့ရပါ။

သူရဲကောင်းတွေကို မချစ်တတ်တဲ့သူ။

သူရဲကောင်းဖြစ်ရိုး ထုံးစံ မရှိ။

✿ ✿ ✿



**ထာဝရ စီးဆင်းနေတဲ့ မြစ်တစ်စင်း**

ဆရာသိန်းဖေမြင့်

(၁၀-၇-၁၉၁၄ မွေးဖွား၊ ၁၅-၁-၁၉၇၈ ကွယ်လွန်)

✿ "မင်းတို့လေးတွေက
ပြဋ္ဌာန်းသင်ရိုးကိုပဲ ပညာလို့ ထင်နေကြတယ်။
✿ တိုင်းပြည်ကို မချစ်တတ်သူဟာ ပညာမတတ်သူပဲ။
ကိုယ့်နိုင်ငံသမိုင်းကို မလေးစားသူဟာ ပညာမဲ့သူပဲ။
✿ ကိုယ့်တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ဖို့
ကိုယ့်မှာ တာဝန်ရှိတယ်လို့ သိတတ်တဲ့စိတ်ဟာ
ပညာတတ်တွေရဲ့ စိတ်ထားပဲ။
✿ ကိုယ့်တိုင်းပြည် ငြိမ်းချမ်းဖို့၊ တည်ငြိမ်ဖို့၊
ကမ္ဘာ့နိုင်ငံများနဲ့ တန်းတူညီတူရှိဖို့
ကြိုးစားမယ်ဆိုတဲ့ စိတ်ဓာတ်တွေ ထွန်းကားမှသာ
နိုင်ငံကြီးသားတွေ နေတဲ့ တိုင်းပြည် ဖြစ်မယ်"

## ထာဝရ စီးဆင်းနေတဲ့ မြစ်တစ်စင်း

ကိုယ်ပိုင်ကျောင်း ဖွင့်လှစ်ထားသော စာသင်ခန်းတစ်ခုတွင်…

"ဇူလိုင်(၁၀)ရက်နေ့မှာ မြန်မာ့စာပေသူရဲကောင်း ဆရာသိန်းဖေမြင့် မွေးတယ်။ သတင်းစာဆရာလည်း ဟုတ်၊ ထက်မြက်ပြီး အရေးအသား သွက်လက်တဲ့ စာရေးဆရာလည်း ဟုတ်၊ သခင်သိန်းဖေလို့ ခေါ်တယ်။ 'တက်ဘုန်းကြီး သိန်းဖေ' လို့ ခေါ်တဲ့ 'ဆရာသိန်းဖေမြင့်' အကြောင်းကို ပြောပြမယ်"

မြန်မာစာဆရာမ ဒေါ်ချိုချိုက သူမ၏ ကျောင်းသားများကို စာသင်နေရင်း ပြင်ပ ဗဟုသုတဖြစ်ဖွယ် စာပေများအကြောင်းကို ပြောပြလေ့ရှိသည်။ သူမ၏ စာသင်ချိန် ဆိုလျှင် ကျွန်တော်က မနီးမဝေးမှ နေပြီး အာရုံစိုက်၍ နားထောင်လေ့ရှိသည်။

"ဆရာသိန်းဖေမြင့်ကို ကြားဖူးတဲ့သူ လက်ညှိုးထောင်"

စာသင်ခန်းကို ဆရာမက မေးခွန်းဖြင့် ပုတ်ပြီး နှိုးလိုက်သည်။ ကျောင်းသား၊ ကျောင်းသူများ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ပြီး ဘယ်သူများ လက်ညှိုးထောင်လေမလဲဟု စိတ်ဝင်စားနေကြသည်။

"ဆရာသိန်းဖေမြင့်ကို ကြားဖူးတဲ့သူလို့ ပြောတာနော်။ ဆရာသိန်းဖေမြင့်ရဲ့ စာကို ဖတ်ဖူးတဲ့သူလို့ ပြောတာမဟုတ်ဘူး။ မေးခွန်းကို သေသေချာချာ နားထောင်"

ဆရာမက သူမ၏ မေးခွန်းကို ပြန်ပြီး ရှင်းပြနေရသည်။ ထိုအချိန်တွင် ကျောင်းသူတစ်ယောက် မတ်တတ်ရပ်လေ၏။

"သမီး ကြားဖူးပါတယ် ဆရာမ"

"အေး… ဟုတ်ပြီ၊ ဘယ်မှာ ကြားဖူးတာလဲ"

"သမီးက မုံရွာမြို့ရဲ့ မြောက်ဘက်မှာရှိတဲ့ 'ဘုတလင်'သူပါ။ ဆရာ

ဦးသိန်းဖေမြင့်ရဲ့ အုတ်ဂူ ဘုတလင်မှာ ရှိပါတယ်။ ဦးသိန်းဖေမြင့်ကို ကြားဖူးတယ်။ ဦးသိန်းဖေမြင့်ရဲ့ စာတွေကိုတော့ သမီး မဖတ်ဖူးပါဘူး"

"ကဲ- သမီး ထိုင်နိုင်ပြီ။ မင်းတို့လေးတွေဟာ ပြင်ပစာပေကို ဖတ်ချိန်မရလောက်အောင် ကျောင်းစာတွေ ကျက်မှတ်နေရတယ်။ မင်းတို့မှာ အပြစ်မရှိပါဘူး။ ဆရာမတို့ရဲ့ ပညာရေးစနစ်ကို ပြန်ပြီးသုံးသပ်သင့်ပြီ။ သမီးပြောသလို ဆရာဦးသိန်းဖေမြင့်ဟာ ဘုတလင်သား။ ဗိုလ်ချုပ်အောင်ဆန်းထက် တစ်နှစ်ကြီးတယ်။ ၁၉၁၄၊ ဇူလိုင် ၁၀ မှာ မွေးတယ်။ ဉာဏ်သိပ်ကောင်းတဲ့သူ၊ စာသိပ်တော်တဲ့သူ။ ဆယ်တန်းကို မုံရွာ ဗုဒ္ဓဘာသာ အထက်တန်းကျောင်းမှာ တက်တယ်။ ဆယ်တန်းအောင်တော့လည်း မြန်မာစာနဲ့ သင်္ချာဘာသာရပ်တွေမှာ ဂုဏ်ထူးပါတယ်။ မန္တလေး ဥပစာကောလိပ်မှာ ဆက်ပြီး ပညာသင်ကြားတယ်။ အဲဒီ အချိန်မှာ စာတွေ စပြီး ရေးနေပြီ"

ဆရာမက ပညာရေးစနစ်ဟု ပြောသဖြင့် ယနေ့ခေတ် ပညာရေးကို ကျွန်တော် တွေးတောလိုက်မိသည်။ အဲဒီခေတ်အခါတုန်းက လူငယ်တွေ တော်ကြ၊ ထက်ကြမှာပေါ့။ သူတို့အားလုံးဟာ ဘုန်းကြီးကျောင်းထွက်တွေ။ ဆရာတော်၊ သံဃာတော်များရဲ့ အဆုံးအမအောက်မှာ၊ မေတ္တာတရားအောက်မှာ ကြီးပြင်းလာတဲ့သူတွေ။ ဗုဒ္ဓနှလုံးသားနဲ့ လူဖြစ်လာတဲ့သူတွေ။ လူတိုင်းလူတိုင်း ဘုန်းကြီးကျောင်းသား။ ဒီတော့ အတွေးအခေါ်တွေက မြန်မာဆန်သည်။ အယူအဆတွေက လူသားဆန်သည်။ လုပ်ပုံကိုင်ပုံတွေက အများအတွက် ဆိုသည့် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သည်။ ဒီနေ့ခေတ် လူငယ်များကတော့ ထိုသို့မဟုတ်ကြ။ ပညာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုအောက်တွင် အဆင့်ဆင့်ကြီးကြပ်ကြ၊ အုပ်ချုပ်ကြ။ နောက်ဆုံး လူစဉ်မမီတဲ့ ပညာတတ်တွေ တစ်နှစ်ပြီး တစ်နှစ် မွေးထုတ်လေတော့သည်။ 'ဘက်စုံပညာရေး' ဟု ကြွေးကြော်ပြီး 'ဘက်ဆုတ်ပညာရေး' ဖြစ်ခဲ့ရသည်။

"ကဲ... ဒီတစ်ခါ မေးမယ်။ စာအုပ်စင်ရှိတဲ့အိမ် လက်ညှိုးထောင်"

စာသင်ခန်းထဲတွင် ကျောင်းသား၊ ကျောင်းသူ (၄၀) ရှိသည်။ လက်ညှိုးထောင်သူက လေးငါးယောက်။

"ကဲ... လက်ညှိုးထောင်တဲ့အထဲက မောင်အာကာ မတ်တတ်ရပ်ပါ။ ဆရာမ မေးမယ်။ သားတို့အိမ်က စာအုပ်စင်မှာ ဘာစာအုပ်တွေ ရှိသလဲ။

သား မှတ်မိတဲ့ စာအုပ်တစ်အုပ်လောက် ဆရာမကို ပြောပါ"

မောင်အာကာတစ်ယောက် ဖင်ကုတ်၊ ခေါင်းကုတ်ဖြင့် ပြုံးဖြဲဖြဲ လုပ်လေ၏။

"စာအုပ်စင်တော့ ရှိတယ် ဆရာမ။ ဘာစာအုပ်တွေ ရှိမှန်းတော့ ကျွန်တော် မသိဘူး။ အမေက ပြောတယ်။ စာအုပ်စင်က စာအုပ်တွေကို မဖတ်ရဘူးတဲ့။ ကျောင်းစာကိုပဲ ကြိုးစားရမယ်တဲ့။ အမှတ်ကောင်းဖို့ လိုတယ်တဲ့။ မဆိုင်တဲ့စာတွေ မဖတ်နဲ့တဲ့"

မောင်အာကာ၏ အဖြေစကားကြောင့် နားထောင်နေသော ကျွန်တော် ခေါင်းယမ်းမိလိုက်သည်။ ဒီနေ့ခေတ် မိဘများကလည်း ပညာရေးစနစ်ကို ဖျက်ဆီးနေကြသူများအထဲတွင် ထိပ်ဆုံးမှ ပါဝင်လေ၏။ ပြင်ပစာပေ လေ့လာခြင်းကို မနှစ်သက်ကြ။ အမှတ်ကောင်းဖို့၊ ဂုဏ်ထူးထွက်ဖို့၊ အင်ဂျင်နီယာကြီး၊ ဆရာဝန်ကြီး၊ စစ်ဗိုလ်ကြီး ဖြစ်ဖို့၊ လွယ်လွယ်နဲ့ ငွေရ မြန်မြန်ချမ်းသာဖို့။ သူတို့၏ သားသမီးများကို နှလုံးသားမဲ့ ပညာတတ်လူသားတွေအဖြစ် ရှင်သန်ဖို့ တွန်းအားပေးနေကြသည်။ ယခုလည်း ကြည့်ပါဦး။ စာအုပ်စင်ရှိပြီး စာဖတ်ခွင့် မရှိ။ အိမ်တွေ၊ အိမ်တွေမှာလည်း ဦးနှောက်မဲ့ အာဏာရှင် မိဘတွေ ကြီးစိုးနေပါရော့လား။

"မောင်အာကာကတော့ စာအုပ်စင်ထဲက ပိုးဟပ်တစ်ကောင်ပဲ။ ဒါဆိုရင် နောက်တစ်ယောက်။ သီတာမြင့်။ သမီး မတ်တတ်ရပ်ပါ။ သမီးတို့ အိမ်ရဲ့ စာအုပ်စင်ထဲက သမီး သတိပြုမိတဲ့ စာအုပ်တစ်အုပ်လောက် ပြောပြစမ်းပါ"

သီတာမြင့်က ရဲရဲဝံ့ဝံ့ ဖြေသည်။

"သမီး အမှန်အတိုင်း ပြောပါ့မယ် ဆရာမ။ သမီးဖေဖေက သူ ဖတ်ထားတဲ့ စာတွေကို ပြောပြောပြတယ်။ သမီးအနေနဲ့ စာအုပ်စင်ထဲက စာတွေကို မျက်လုံးနဲ့ မဖတ်ဖူးပါဘူး။ ဖေဖေကြောင့် နားနဲ့ ဖတ်ဖူးပါတယ်"

"အေး... ဒါဆိုရင် သမီး ကြားဖူးတာ နည်းနည်းလောက် ပြောပြ"

"ဖေဖေက ပြောဖူးတယ်။ စာတစ်ပုဒ်တဲ့။ အမေအကြောင်းတဲ့။ သမီး မှတ်မိသလောက်တော့ အဲဒီအမေက သူ့သားကို သိပ်ချစ်တယ်တဲ့။ သူ့သားကလည်း မူယာမာယာ တော်တော်များတယ်။ တစ်နေ့တော့ ကျောင်း

မလိုက်ချင်လို့ အိပ်ရာထဲမှာ အိပ်နေရင်း သေချင်ယောင်ဆောင်နေသတဲ့။ သူ့အမေက ကျောင်းသွားဖို့ သူ့ကို လာပြီးနှိုးတော့ ဇက်ချိုး ချထားတယ်တဲ့။ နောက်ပြီး ရှိသေးတယ်။ နှစ်နှစ်သား၊ သုံးနှစ်သားအထိ နို့စို့တဲ့ သားငယ်လေးကို နို့ပြတ်ဖို့အတွက် သူ့အမေက နှမ်းစေ့မည်းမည်းလေးကို သွားပိုးကောင်လေးတွေ ဆိုပြီး သားငယ်ကို ပြသတဲ့။ အဲဒီလိုနဲ့ သူ့သားငယ်လေးက နို့ပြတ်သွားတယ်တဲ့။ ဖေဖေ ပြောတဲ့ သားငယ်လေးက သမီးနဲ့ အလွန်တူတယ်။ သမီးက လည်း ကျောင်းသွားဖို့ ပျင်းတယ်။ အချိုကို တအားကြိုက်တယ်။ ဖေဖေက သူ ဖတ်ဖူးတဲ့ ဝတ္ထုထဲက အမေနဲ့ သားအကြောင်းကို ပြောတာတဲ့"

"ကဲ… သမီး သီတာမြင့် ထိုင်နိုင်ပြီ။ သမီး အခု ပြောသွားတဲ့ အမေ ဆိုတဲ့ အကြောင်းအရာဟာ ဆရာသိန်းဖေမြင့်ရဲ့ နာမည်ကြီး ဝတ္ထုတို တစ်ပုဒ်ကွဲ့။ အဲဒီ မူယာမာယာများတဲ့ ကလေးလေးဟာ ဆရာသိန်းဖေမြင့်ပဲ။ မင်းတို့ ဆရာသိန်းဖေမြင့် ဝတ္ထုတိုတွေကို ဖတ်ချင်တယ်ဆိုရင် ရာပြည့်စာအုပ်တိုက်က ထုတ်တဲ့ ဆရာသိန်းဖေမြင့်ရဲ့ ဝတ္ထုတိုပေါင်းချုပ်စာအုပ် ဆရာမမှာ ရှိတယ်၊ ဟောဒီမှာကြည့်"

ဆရာမ ဒေါ်ချိုချိုက အဆင်သင့် ပါလာသော စာအုပ်ကို ကျောင်းသား၊ ကျောင်းသူများအား ပြလိုက်သည်။

ဒီနေ့ခေတ် ကလေးများသည် အလွန် သနားစရာကောင်းလှပါ၏။ ပုံစံခွက်ထဲက ရေခဲတုံးတွေနဲ့ တူသည်။ ခိုင်းတာကို လုပ်မည်။ တရားတာ၊ မတရားတာကို မသိ။ အမိန့်ပေးလျှင် ဆောင်ရွက်မည်။ ကန့်သတ်ပြဋ္ဌာန်းထားသော စာများကို ကျက်မှတ်မည်။ ပြီးလျှင် ကိုယ့်ကိုယ်ကိုယ် အဟုတ်ကြီး ထင်မည်။ ဤသို့ဖြင့် သူတို့လေးတွေသည် 'သင်ရိုးလူ့အဖွဲ့အစည်း' ၏ 'ပုံစံကျ ပြဋ္ဌာန်းခံ' နှလုံးသားမဲ့ လူသားများ ဖြစ်လာကြတော့သည်။ အနာဂတ်အတွက် ရင်လေးစရာ။

"ကဲဟော့… ဒီစာအုပ်ကြီးကို ကြည့်လိုက်ကြစမ်း"

နောက်ထပ် စာအုပ်တစ်အုပ်ကို ပြလိုက်ပြန်သည်။ ကျောင်းသား၊ ကျောင်းသူတွေက ဘုမသိ ဘမသိ မော့၍ ကြည့်ကြလေ၏။

"ဆရာသိန်းဖေမြင့် ရေးတဲ့ စာအုပ် 'အရှေ့က နေဝန်းထွက်သည့်ပမာ' တဲ့"

စာသင်ခန်းထဲမှ အသံများ ထွက်ကျလာသည်။

"ဟာ... အထူကြီးပဲဟေ့"

"ဒီလောက်များတဲ့ စာတွေ ဘယ်အချိန်ကများ ရေးထားကြလဲ မသိဘူး"

"ရေးတဲ့သူက ရေးနိုင်လိုက်တာ၊ ဖတ်တဲ့သူက ပြီးအောင် ဖတ်နိုင်ဖို့တောင် မလွယ်ဘူး"

"တော်တော်ရေးနိုင်တဲ့ စာရေးဆရာကွာ"

"ငါတို့တော့ ဒီစာအုပ်ကြီးသာ ဖတ်ခိုင်းလို့ကတော့ သေပြီဆရာပဲဟေ့။ ဖတ်ရမှာ ပျင်းစရာကြီး"

"ဒီစာအုပ်ကြီး ဖတ်လို့ စာမေးပွဲမှာ အမှတ် ဘယ်လောက် တိုးပြီးရမှာတုံး။ ဒီစာတွေ ဖတ်နေရတာနဲ့ ကျောင်းစာတွေ လွတ်ကုန်တော့မှာပေါ့။ ငါတို့ကို မဖတ်ခိုင်းပါစေနဲ့ ဘုရား"

"မျက်နှာဖုံးမှာ သခင်မျိုးဟေ့ ဒို့ဗမာ။ အရေးတော်ပုံ အောင်ပါစေတဲ့။ နိုင်ငံရေးစာအုပ်ကြီးလား မသိဘူး။ ငါတော့ မဖတ်ရဲပေါင်"

သူတို့၏ တစ်ယောက်တစ်ပေါက် ပြောဆိုသံများကြောင့် ကြားနေရသူ ကျွန်တော့်အဖို့ ဝမ်းနည်းသွားမိသည်။ ဒီမိုး၊ ဒီမုန်တိုင်း၊ ဒီလူငယ်တွေနဲ့ ဒီအနာဂတ်ကို ဘယ်လို ကျော်ဖြတ်ကြရမလဲဗျာ။

ဒေါ်ချိုချိုက ကျောင်းသား၊ ကျောင်းသူတို့၏ ပြောစကားများကို ဂရုစိုက်ပုံ မပေါ်။ သူမ၏ အသံကို မြှင့်ပြီး စကားကို ပြော၏။

"ဒီစာအုပ်ဟာ မြန်မာနိုင်ငံသားမှန်ရင် ဖတ်သင့်တဲ့ စာအုပ်ပဲ။ ကိုယ့်နိုင်ငံရဲ့သမိုင်းကို သိမှ ကိုယ့်နိုင်ငံကို ချစ်မယ်။ ကိုယ့်နိုင်ငံရဲ့ ဖြတ်သန်းမှုကို သိမှ ကိုယ့်နိုင်ငံကို လေးစားတဲ့စိတ်ဖြစ်မယ်။ ကိုယ့်နိုင်ငံရဲ့ သူရဲကောင်းတွေကို စိတ်ဝင်စားမှ ကိုယ်ကိုယ်တိုင် သူရဲကောင်း ဖြစ်ချင်စိတ် ပေါက်လာမယ်။ ဒီစာအုပ်ဟာ မြန်မာ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြတဲ့ ကျောင်းသားအရေးတော်ပုံသမိုင်းကို နောက်ခံပြုပြီး ဇာတ်အိမ် ဇာတ်ကွက် ဆင်ထားတဲ့ စာအုပ်။ ဗြိတိသျှကျွန်သပေါက်ဘဝက နည်းမျိုးစုံနဲ့ လွတ်မြောက်အောင် ကြိုးပမ်းခဲ့ကြတဲ့ စာသင်ခန်းထဲက သူရဲကောင်းတွေ။ လူဆိုတာ သေရမှာကြောက်တာချင်းတူပေမယ့် တိုင်းပြည်အတွက် အသက်စွန့်ဝံ့တဲ့ မျိုးချစ်လူငယ်

တွေ၊ ကျောင်းသားဆိုတာ စာသင်ခန်းထဲ နေပြီး အနာဂတ်နိုင်ငံတော်ကို တည်ဆောက်နိုင်စွမ်းရှိသူတွေ…။ အဲဒီလို ရဲရင့်တဲ့ အရသာတွေ ပေးစွမ်းနိုင်တဲ့ စာအုပ်။ မင်းတို့လေးတွေက ပြဋ္ဌာန်းသင်ရိုးကိုပဲ ပညာလို့ ထင်နေကြတယ်။ တိုင်းပြည်ကို မချစ်တတ်သူဟာ ပညာမတတ်သူပဲ။ ကိုယ့်နိုင်ငံသမိုင်းကို မလေးစားသူဟာ ပညာမဲ့သူပဲ။ ကိုယ့်တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ဖို့ ကိုယ့်မှာ တာဝန်ရှိတယ်လို့ သိတတ်တဲ့စိတ်ဟာ ပညာတတ်တွေရဲ့ စိတ်ထားပဲ။ ကိုယ့် တိုင်းပြည် ငြိမ်းချမ်းဖို့၊ တည်ငြိမ်ဖို့၊ ကမ္ဘာ့နိုင်ငံများနဲ့ တန်းတူညီတူ ရှိဖို့ ကြိုးစားမယ်ဆိုတဲ့ စိတ်ဓာတ်တွေ ထွန်းကားမှသာ နိုင်ငံကြီးသားတွေ နေတဲ့ တိုင်းပြည် ဖြစ်မယ်"

ဒေါ်ချိုချို၏ စကားကြောင့် သူမကို အလွန် လေးစားသွားမိသည်။

ယနေ့ခေတ် ပညာရေးသည် ကိုယ့်တိုင်းပြည်ကို ချစ်တတ်အောင် သင်မပေးကြ။ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ကူးလူးဆက်ဆံရေးကို အလေးမပေးကြ။ ပညာရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော သင်ရိုးကို 'ဏ်၊ သည်' မလွဲ ကျက်မှတ်သင်အံ လေ့ကျင့်ခြင်းသည် ယနေ့ခေတ်၏ 'စံလွဲ သူရဲကောင်း'။ ကျောင်းများတွင် အမည်ခံ စာကြည့်တိုက်များ ရှိကြပါ၏။ လူငယ်များ ဖတ်ရန် လူငယ်စာပေ မရှိ။ လူငယ်များ စာဖတ်ရန် အချိန်မရှိ။ လူငယ်များကလည်း စာဖတ်ဖို့ စိတ်မဝင်စားကြ။ စာမဖတ်တော့ တိုင်းပြည်ကို ချစ်ရကောင်းမှန်း မသိကြတော့ပေ။ အမှတ်ပေးစည်းမျဉ်းဖြင့် စာကို စစ်သည်။ အကြောင်းအကျိုး၊ အမှားအမှန်ကို စစ်ဆေးခြင်းထက် အမှတ်ပေးစည်းမျဉ်းနှင့် တူ မတူ၊ ထပ်တူ ကျ မကျကို တိုက်ဆိုင်စစ်ဆေးကြသည်။ အမှတ်များသူက သူရဲကောင်း။ ဒီပုံစံနှင့် အနာဂတ်တိုင်းပြည်။ အလွန်ရင်လေးစရာ ကောင်းလှ ပါသည်။ Marking Education ဟု ခေါ်သော အမှတ် အနည်း အများဖြင့် တိုင်းတာနေသေးသ၍ ပြိုင်ဆိုင်မှုတွေအပေါ်မှာ သာယာပြီး တိုင်းပြည်နှင့် အနာဂတ်ကို ချစ်တတ်သော လူငယ်များ ဘယ်တော့မှ မွေးထုတ်မပေးနိုင်။

"ဆရာသိန်းဖေမြင့်က စာရေးဆရာ၊ သတင်းစာဆရာ။ ပြီးတော့ နိုင်ငံရေးသမား။ ဗိုလ်ချုပ်အောင်ဆန်းတို့ရဲ့ ဖဆပလ အဖွဲ့ချုပ်မှာ တွဲဖက် အထွေထွေအတွင်းရေးမှူး။ အစိုးရအဖွဲ့ရဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ သစ်တောဌာန ဝန်ကြီး၊ သူ့အသက်(၆၄) နှစ်။ ၁၉၇၈ ဇန်နဝါရီ ၁၅ မှာ ကွယ်လွန်တယ်။

ဝတ္ထုတိုတွေ၊ ဝတ္ထုရှည်တွေ၊ ခရီးသွားဆောင်းပါးတွေ၊ အတ္ထုပ္ပတ္တိတွေ၊ နိုင်ငံရေးစာပေတွေ အများကြီး ရေးခဲ့တဲ့သူ။ ဒီနေ့ဟာ ဆရာသိန်းဖေမြင့်ရဲ့ မွေးနေ့။ ဆရာရဲ့ တန်ဖိုးကို ငယ်သေးတော့ မင်းတို့လေးတွေက သိကြမှာ မဟုတ်ဘူး။ စာပေသူ့ရဲကောင်း ဆိုတာ လူတွေရဲ့ နှလုံးသားထဲမှာ ထာဝရစီးဆင်းနေတဲ့ မြစ်တစ်စင်း။ ဘယ်တော့မှ မခန်းခြောက်နိုင်တဲ့ မြစ်တစ်စင်း။ မင်းတို့လေးတွေ အရွယ်ရောက်လာရင် စာပေသူ့ရဲကောင်းတွေရဲ့ တန်ဖိုးကို သိလာလိမ့်မယ်။ ဒီနေ့တော့… ဒီလောက်ပဲ။ အားလုံး မင်္ဂလာပါ”

✿ ✿ ✿

## ပြက္ခဒိန် နေ့စွဲများ

၉။ ငွေရတု
ဒီမိုကရေစီ သူရဲကောင်းများ မွေးဖွားတဲ့နေ့
(၈-၈-၈၈)

၁၀။ ရဲရင့်နှင်းဆီ
စာပေနှင့် သတင်းစာပညာရှင် ဆရာကြီး လူထုဦးလှ
(၁၉-၁-၁၉၁၀ မွေးဖွား၊ ၇-၈-၁၉၈၂ ကွယ်လွန်)

၁၁။ ကျီးမည်း
မန္တလေးတက္ကသိုလ် ဒုတိယ အဓိပတိ
ဆရာကြီး ဦးကိုလေး (ဇေယျာမောင်)
(၂၃-၈-၁၉၁၃ မွေးဖွား၊ ၁၅-၆-၂၀၀၃ ကွယ်လွန်)

၁၂။ သူဆင်းရဲတို့၏ သူတော်စင်
ငြိမ်းချမ်းရေးနိဘယ်လ်ဆုရှင် မာသာထရီဇာ
(၂၆-၈-၁၉၁၀ မွေးဖွား၊ ၅-၉-၁၉၉၇ ကွယ်လွန်)

၁၃။ ညှို့ဖျင်းမှုသီအိုရီ
ကနောင်ကိုယ်တော်ကြီး
(၅-၉-၁၈၁၉ မွေးဖွား၊ ၂-၈-၁၈၆၆ လုပ်ကြံခံရ)

## ဩဂုတ် နေ့စွဲများ

၉။ ငွေရတု
ဒီမိုကရေစီ သူရဲကောင်းများ မွေးဖွားတဲ့နေ့
(၈-၈-၈၈)

၁၀။ ရဲရင့်နှင်းဆီ
စာပေနှင့် သတင်းစာပညာရှင် ဆရာကြီးလူထုဦးလှ
(၁၉-၁-၁၉၁၀ မွေးဖွား၊ ၇-၈-၁၉၈၂ ကွယ်လွန်)

၁၁။ ကျိုးမည်း
မန္တလေးတက္ကသိုလ် ဒုတိယ အဓိပတိ
ဆရာကြီး ဦးကိုလေး (ဇေယျာမောင်)
(၂၃-၈-၁၉၁၃ မွေးဖွား၊ ၁၅-၆-၂၀၀၃ ကွယ်လွန်)

၁၂။ သူဆင်းရဲတို့၏ သူတော်စင်
ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် မာသာထရီဇာ
(၂၆-၈-၁၉၁၀ မွေးဖွား၊ ၅-၉-၁၉၉၇ ကွယ်လွန်)

၁၃။ ညှို့ဖျင်းမှုသီအိုရီ
ကနောင်ကိုယ်တော်ကြီး
(၅-၉-၁၈၁၉ မွေးဖွား၊ ၂-၈-၁၈၆၆ လုပ်ကြံခံရ)



ငွေရတု

ဒီမိုကရေစီသူရဲကောင်းများ မွေးဖွားတဲ့နေ့

(၈-၈-၈၈)



ငွေရတု

ဒီမိုကရေစီသူ့ရဲကောင်းများ မွေးဖွားတဲ့နေ့

(၈-၈-၈၈)

✿ ခြင်္သေ့ဟာ တောဘုရင်ဆိုတာ ဟုတ်ပေမယ့်
ပင်လယ်ပြင်ရဲ့ ကေရာဇ် ဘယ်တော့မှ မဖြစ်နိုင်ဘူး။

✿ ဒီလိုပဲ ...
လွတ်လပ်ရေးကြိုးပမ်းမှုနဲ့အတူတူ
ပေါ်ပေါက်လာခဲ့ရတဲ့ မြန်မာ့တပ်မတော်ကြီးဟာ ...
တောဘုရင် ခြင်္သေ့မင်းပဲ။

✿ နိုင်ငံတော်ကာကွယ်ရေးနဲ့
လုံခြုံရေးမှာ ကျေးဇူးရှင်အစစ်။

✿ ဒါပေမဲ့ ...
နိုင်ငံတော် အုပ်ချုပ်ရေးမှာ
ကေရာဇ် မဖြစ်နိုင်ဘူး။ မဖြစ်သင့်ဘူး။
မဖြစ်နိုင်တာကို ဖြစ်အောင် ကြိုးစားခဲ့ကြလို့
ငါတို့တိုင်းပြည်ကြီး အဘက်ဘက်က နိမ့်ကျခဲ့ရတာ။

## ငွေရတု

"နေမင်းကြီးက အလင်းရောင်ကိုလည်း ပေးသလို ပူလောင်ခြင်းကိုလည်း ပေးတယ်။ ဒီလိုပဲ ငါတို့ ပိုင်ဆိုင်တဲ့ သဘာဝသယံဇာတ အရင်းအမြစ်တွေဟာ နေမင်းကြီးရဲ့ အလင်းရောင်နဲ့ တူတယ်။ ကိုလိုနီစစ်ပွဲတွေ၊ ပြည်တွင်းစစ်ပွဲတွေနဲ့ အာဏာရှင်စနစ်ဆိုးဟာ သဘာဝသယံဇာတ အရင်းအမြစ် နေမင်းကြီးက မွေးဖွားပေးလိုက်တဲ့ ပူလောင်ခြင်းတွေပဲ။ ဒီလောက်နိုင်ငံက ချမ်းသာပြီး လူထုက မွဲနေရတာ။ အဲဒါ အရည်အသွေး မပြည့်ဝတဲ့ ခေါင်းဆောင်မှုကြောင့်ဆိုတာ အလွန်ထင်ရှားတယ်။ ငြင်းလို့ မရဘူး"

မိုးမရွာ၍ ပြုတ်အိုက်အိုက် ဖြစ်နေသော မန္တလေးမြို့၏ ဩဂုတ်လ နံနက်ခင်း။ Friends လက်ဖက်ရည်ဆိုင်၏ ထောင့်ကျကျ စားပွဲခုံအဝိုင်းတွင် တက္ကသိုလ်ဆရာ ကိုအောင်မော်က သူ၏ တပည့်များကို ဩဝါဒခြွေလေ၏။

"ရှစ်လေးလုံးကာလတုန်းက ငါ့အသက် ၂၄ နှစ်။ နောက်ဆုံးနှစ် ဂုဏ်ထူးတန်းကျောင်းသား။ ငါတို့တိုင်းပြည်ကြီးဟာ နိုင်ငံရေးပုံစံ အမျိုးမျိုး၊ စနစ်အမျိုးမျိုး၊ မူဝါဒအမျိုးမျိုး၊ လမ်းစဉ်အမျိုးမျိုး၊ အုပ်ချုပ်သူအမျိုးမျိုးနဲ့။ အရှုံးတွေ စီမံခန့်ခွဲသလို ကြုံတွေ့ခဲ့ရတာ ၁၉၆၂ ကတည်းက စတယ်လို့ ဆိုကြပါစို့ကွာ။ အရှုံး အရှုံးချင်း လက်ဆင့်ကမ်း။ အစမ်းသပ်ခံဘဝနဲ့ ငါတို့ တိုင်းပြည်ကြီး ဖွံ့ဖြိုးမှု နောက်ကျ။ နောက်ဆုံး လမ်းပျောက်ခဲ့ရတာပဲ အဖတ်တင်တယ်"

နားထောင်နေသူများက တက္ကသိုလ်ကျောင်းသားငယ်လေးတွေ။ ရှိလှမှ အသက်(၂၀)ပေါ့။ ၁၉၈၈ မှာ သူတို့လေးတွေ မမွေးဖွားကြသေး။ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ရှစ်လေးလုံးဆိုတာ သူတို့ သိခဲ့ကြရ၊ ကြားခဲ့ကြရ။

"၁၉၆၂ မှာ အာဏာသိမ်းပြီး တက်လာတဲ့ စစ်တပ်အစိုးရဟာ

ကျောင်းသားသမဂ္ဂကို ဖြိုခွဲဖျက်ဆီးခြင်းနဲ့အတူ လူထုရဲ့ မျက်ရည်ကို ခြေဆေး။ မျိုးဆက်သစ်တွေရဲ့ သွေးတွေကို အင်္ဂတေလုပ်။ အရိုးတွေကို အုတ်ခဲလို စီပြီး ညစ်ထေးလှတဲ့ သူတို့ရဲ့ အာဏာပလ္လင်ကို တည်ဆောက်။ လက်ထဲမှာ ကိုင်ထားတဲ့ သေနတ်အားကိုးနဲ့ လူထုကို ကျွန်ပြု။ တိုင်းတစ်ပါးသား အင်္ဂလိပ်ကျွန်ဖြစ်ခဲ့တာ (၁၂၄)နှစ်။ ၁၉၆၂ ကစလို့ မြန်မာအချင်းချင်း လက်နက်နဲ့ ကျွန်ပြုခံရတာ နှစ်(၅၀)နီးပါ။ တိုင်းတစ်ပါးကျွန်ဖြစ်ရ၊ စစ်ကျွန်ဖြစ်ရနဲ့။ ငါတို့တိုင်းပြည်ဟာ ကမ္ဘာ့အလယ်မှာ အဆင်းရဲဆုံး ဖြစ်ခဲ့ရတယ်"

ဆရာကိုအောင်မော်က ကျွန်တော်၏ ငယ်သူငယ်ချင်း မဟုတ်ပါ။ လက်ဖက်ရည်ဆိုင်တွင် ရံဖန်ရံခါ တွေ့ဆုံတတ်သော 'တီးဖရင့်'။ တက္ကသိုလ်ကျောင်းက ဆရာဟု သိရသည်။ စာအလွန်ဖတ်သူ ဖြစ်သည်။ စကားပြောအလွန်ကောင်းသူ ဖြစ်သည်။ သူနှင့် လက်ဖက်ရည်ဆိုင်တွင် စကားကောင်းမိပါက ရေနွေးကြမ်းအိုး လေး၊ ငါး၊ ခြောက်အိုးကတော့ အသာလေး။

✿ ကမ္ဘာမကျေဘူး…
ငါတို့သွေးနဲ့ ရေးခဲ့ရတဲ့… မော်ကွန်းတွေ။
တော်လှန်ရေး…
ဒီမိုကရေစီတိုက်ပွဲအတွင်းမှာ ကျဆုံးသော
သြော်… သူရဲကောင်းတို့ရေ…။
အာဇာနည်တွေ နေတဲ့တိုင်းပြည်…
ရဲရဲတောက် ဒို့ရဲ့ မြန်မာပြည်။
✿ ကိုယ်တော်မှိုင်း…
ရာဇဝင်တွေလည်း ရိုင်းခဲ့ရပြီ… အဘိုးရေ။
သခင်အောင်ဆန်း…
ရာဇဝင်တွေလည်း သွေးစွန်းခဲ့ပြီ… အဖရေ။
သြော်… လုပ်ရက်ကြပေ။
ပေတစ်ရာပေါ်မှာ ပြည်သူ့အလောင်းတွေ။
အတုံးအရုံး ထပ်၍ လဲပြိုကာနေ"

ဆရာကိုအောင်မော်က လက်ဖက်ရည်ဆိုင်ထဲမှာပင် ထိုသီချင်းကို နားထောင်နေသူ ကျောင်းသားများအား ဆွေးဆွေးမြည့်မြည့် တိုးညင်းစွာဖြင့်

သီဆိုပြလေ၏။

"ကျောင်းသားကို ရန်သူလို သဘောထားခြင်းဟာ အနာဂတ် တိုင်းပြည်ကို ဖျက်ဆီးခြင်းပဲ။ ကျောင်းသားကို မယုံကြည်ခြင်းဟာ နိုင်ငံတော် လုံခြုံရေးပျက်စီးခြင်းပဲ။ ဒီလိုပဲ ပညာရေးကို ကမောက်ကမဖြစ်အောင် အခု တစ်မျိုး၊ နောက်တစ်မျိုး လုပ်ဆောင်နေခြင်းဟာ ခေတ်နောက်ကျခြင်းရဲ့ အကြောင်းရင်းထဲက အဓိကအချက်ပဲ။ ခေတ်အဆက်ဆက် အစိုးရအဆက်ဆက် မှာ သဘောထား မတူညီမှုတွေ၊ လူမျိုးရေး တင်းမာမှုတွေ၊ ဝိဝါဒ ကွဲပြားနေမှု တွေ၊ သူတို့ သတ်မှတ်တဲ့ စံနှုန်းနဲ့ မကိုက်ညီမှုတွေကြောင့် 'တိုင်းရင်းသား စည်းလုံးညီညွတ်ရေး… တို့အရေး' လို့ အော်နေတဲ့ကြားထဲက သူတစ်လူ ငါတစ်မင်း သွေးကွဲခဲ့ကြတယ်။ ခြသေ့ဟာ တောဘုရင် ဆိုတာ ဟုတ်ပေမယ့် ပင်လယ်ပြင်ရဲ့ ဧကရာဇ် ဘယ်တော့မှ မဖြစ်နိုင်ဘူး။ ဒီလိုပဲ လွတ်လပ်ရေး ကြိုးပမ်းမှုနဲ့အတူတူ ပေါ်ပေါက်လာခဲ့ရတဲ့ မြန်မာ့တပ်မတော်ကြီးဟာ တော ဘုရင် ခြသေ့မင်းပဲ။ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးမှာ ကျေးဇူးရှင်အစစ်။ ဒါပေမဲ့ နိုင်ငံတော် အုပ်ချုပ်ရေးမှာ ဧကရာဇ် မဖြစ်နိုင်ဘူး။ မဖြစ်သင့်ဘူး။ မဖြစ်နိုင်တာကို ဖြစ်အောင် ကြိုးစားခဲ့ကြလို့ ငါတို့တိုင်းပြည်ကြီး အဘက်ဘက် က နိမ့်ကျခဲ့ရတာ"

ဆရာကိုအောင်မော်၏ စကားနောက်တွင် နားထောင်နေသူ အားလုံး မျောပါသွားကြလေတော့၏။

"အာဏာဆိုတာ သေနတ်ပြောင်းဝမှာ ရှိတယ်လို့ ပြောခဲ့ကြသူတိုင်း သမိုင်းမလှခဲ့ကြဘူး။ သေနတ်ဆိုတာ မိုးပေါ် ထောင်မပစ်ဘူးလို့ ပြောခဲ့သူရဲ့ သမိုင်း ဘယ်လိုအဆုံးသတ်သွားသလဲ။ ၆၂ ခုမှာ ကိုယ့်ကိုယ်ကိုယ် အစိုးရ လုပ်။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ မူဝါဒတွေ ချမှတ်။ စီးပွားရေး ပြုပြင်ပြောင်းလဲ မှုတွေ လုပ်။ ကိုယ့်တံခါးကို ကိုယ့်ဘာသာ ကိုယ်ပိတ်။ အမှောင်ထဲမှာ ထိုင်။ တစ်ယောက်ကို တစ်ယောက် ကျိန်ဆဲ။ အမှောင်ထဲမှာ နေပြီး ရသလောက် ခိုးယူကြ၊ ဝှက်ယူကြ။ တကယ့်တော့ တွေးကြည့်ရင် အချိန်တွေ နှမြောစရာ ကြီး။ ဆိုရှယ်လစ်စီးပွားရေးစနစ်လို့ ကြွေးကြော်ပြီး အားလုံး ငတ်ခဲ့၊ ပြတ်ခဲ့ကြ ရတယ်"

နားထောင်နေသူ လူငယ်များက 'ဂျူမုံ'နဲ့ လူဖြစ်လာတဲ့သူတွေ။

'ကျွန်ကျောင်း'နဲ့ ကြီးပြင်းလာတဲ့သူတွေ။ 'ဂူခုန်း'နဲ့ မိတ်ဆွေ ဖြစ်ခဲ့တဲ့သူတွေ။ အိုင်ပက်တွေ၊ အိုင်ဖုန်းတွေနဲ့ ယည်ပါးနေတဲ့သူတွေ။ စကြဝဠာထဲက ကွန်ရက်တွေကို လေတံခွန်ကြိုးလို ချိတ်ဆက်ပြီး ကစားတတ်တဲ့သူတွေ။ ရှစ်လေးလုံးဆိုတာ သူတို့အတွက် ပုံပြင်တစ်ပုဒ်ပဲ။ ရှစ်လေးလုံးရဲ့ လူထုတော်လှန်ရေးကို သူတို့ မသိကြ။ ကျွန်တော်တို့နဲ့ ထပ်တူ ခံစားနိုင်စွမ်း မရှိကြ။

"'မမျှမတ… မဆလ'လို့ လူတွေရဲ့ ရင်ထဲမှာ ခံစားခဲ့ကြရတယ်။ စဉ်းစားကြည့်စမ်း။ ရွှေဝါဆပ်ပြာတစ်တောင့် ရဖို့ တစ်နေကုန်အောင် တန်းစီစောင့်ရတဲ့ဘဝ။ ဘီပီအိုင်က ထုတ်တဲ့ ဘာမီတွန်တစ်ဘူး ရဖို့ အဆင့်ဆင့် လက်မှတ်ထိုးပြီးမှ ထုတ်ယူရတဲ့ဘဝ၊ မျက်နှာငယ်ငယ်နဲ့ ဝယ်ယူရတဲ့ဘဝ။ မန္တလေးရမ် အရက်ဆိုတာ လူကြီးတွေ၊ ပါတီကေဒါကြီးတွေမှ သောက်သုံးခွင့်ရတဲ့ဘဝ။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအောက်မှာ မြန်မာ့နည်း မြန်မာ့ဟန်နဲ့ ကမ္ဘာ့အဆင့်မီ ဆင်းရဲခဲ့ကြရတယ်။ 'အညမည'ဆိုပြီး နိုင်ငံရေးတရားဟောတဲ့ ပါတီခေါင်းဆောင်ကြီးတွေက အိမ်ရ မြေရဖို့ ကြိုးစားခဲ့ကြတယ်။ 'မရှိမ ပဋိပဒါ' စကားကို တွင်တွင်ပြောတဲ့သူတွေက 'မျက်စိမှိတ် မသိမသာ'နည်းတွေကို သုံးခဲ့ကြတယ်။ တက္ကသိုလ်ကျောင်းတွေမှာလည်း နိုင်ငံရေးသိပ္ပံဘာသာရပ် ပြဋ္ဌာန်းပြီး မဆလကို အသက်သွင်းခဲ့ကြတယ်။ ဒီလိုနဲ့ လူဖြစ်ရှုံးခဲ့ကြတယ်။ အနေမတတ်တဲ့ ကြက်သွန်နီ၊ ငရုတ်သီးနဲ့ ပေါင်းလို့ အထောင်းခံရတယ် ဆိုသလိုမျိုးပေါ့။ ဗိုလ်ချုပ်အောင်ဆန်း တည်ထောင်ခဲ့တဲ့ တပ်မတော်။ မဆလ ခေတ်နှောင်းပိုင်းမှာ အနေအထိုင် မတတ်တော့ စပြီး နာမည်ပျက်ခဲ့ရတယ်"

ရှေ့၌ ချထားသော လက်ဖက်ရည်ခွက်သည်ပင် အေးစက်လာ၍ မျက်နှာကြောတင်းနေလေပြီ။ ဆရာ ကိုအောင်မော်ကတော့ စကားပြောလို့ ကောင်းဆဲ။

"၁၉၈၇ မှာ ချွေးနဲ့စာနဲ့ ရှာထားတဲ့ ပိုက်ဆံတွေကို တရားမဝင်ငွေကြေးအဖြစ် ကြေညာတယ်။ လူထု အလွန်အင်မတန် ဒုက္ခရောက်ခဲ့ရတယ်။ လူထုဆိုတဲ့အထဲမှာ ကျောင်းသားတွေလည်း ပါတယ်။ အဲဒါဟာ ရှစ်လေးလုံး နိဒါန်းပဲ။ နောက်တစ်ဆင့် ၁၉၈၈ နွေဦးမှာ ရန်ကုန်စက်မှုတက္ကသိုလ်က စတဲ့ ကိုဖုန်းမော် ပြဿနာ။ ကျောင်းသားကို ကြောက်တဲ့ အစိုးရဟာ အနာဂတ်ကို

ကြောက်တဲ့အစိုးရပဲ။ အာဏာရှင်တို့ရဲ့ ထုံးစံအတိုင်း ဥပဒေကို အလွဲသုံးစား လုပ်တယ်။ ပြဿနာထဲမှာ ပါတဲ့ လူကြီးသားကို လွှတ်ပေးရာက အစပြုပြီး မကျေနပ်မှု မုန်တိုင်းကြီးဟာ အားကောင်းလာတော့တယ်။ အဲဒီခေတ်တုန်းက သတင်းစာနဲ့ ရေဒီယို ဆိုတာ လူထုခံစားချက်ကို ဖော်ပြကြတာ မဟုတ်ဘူး။ လူထုကို ဝါဒဖြန့်ချိဖို့နဲ့ အမိန့်ကြော်ငြာစာ ထုတ်ဖို့လောက်ပဲ အသုံးဝင်တယ်။ သတင်းတွေကို သူတို့လိုချင်တဲ့ ပုံစံအတိုင်း ထုတ်လွှင့်တယ်။ ထစ်ခနဲဆိုရင် ကျောင်းပိတ်တယ်။ ဒါဟာ ရှစ်ဆယ့်ရှစ် မြန်မာ့နွေဦးပဲ"

ကျွန်တော်က ဆရာကိုအောင်မော်ကို ကြည့်ပြီး သဘောကျနေမိသည်။ ဒီနေ့ခေတ်မှာ ဒီလို ခွပ်ဒေါင်းစိတ်ဓာတ်ရှိတဲ့ ဆရာတွေ အများကြီး လိုသည်။ ကျီးကန်းစိတ်ဓာတ်ရှိတဲ့ ဆရာတွေ မလိုချင်ပါ။

"အဲဒီအချိန်မှာ 'အောင်ကြီးကိတ်' ဆိုတာ မြန်မာတစ်ပြည်လုံးမှာ နာမည်ကြီး။ အဲဒီ ဦးအောင်ကြီးဟာ ကျောင်းသားသမဂ္ဂ အဆောက်အအုံ ဖြိုခွဲခြင်းကို အစပြန်ဖော်တယ်။ လူထုက ငွေကြေးတရားမဝင် ကြေညာခံရလို့ ဒေါသထွက်၊ ကိုဖုန်းမော်က ကျဆုံး၊ လုံထိန်းနဲ့ ကျောင်းသားတွေက ထိပ်တိုက်တွေ့ကြ၊ သွေးထွက်သံယို ဖြစ်ကြ။ ဒီကြားထဲ ဦးအောင်ကြီးရဲ့ သမဂ္ဂဖြိုခွဲမှု ပြည်သူသို့ အစီရင်ခံစာက မီးလောင်ရာ လေပင့် ဆိုသလိုဖြစ်။ ၁၉၈၈၊ ရှစ် လပိုင်း ရှစ်ရက်နေ့မှာ လူထုအုံကြွမှုကြီး ဖြစ်ဖို့ တာစူလာတော့တယ်။ ၈၈ ခုနှစ်ရဲ့ ဇူလိုင်လဟာ မဆလပါတီရဲ့ အသက်ငင်တဲ့ကာလ ပြောရမယ်။ ဦးနေဝင်း အပါအဝင် 'မဆလခေါင်းကိုင် သက်ကျားအို'ကြီးတွေ အားလုံး နုတ်ထွက်ရာက စပြီး ရှစ်လေးလုံးရဲ့ နိဒါန်းဟာ ခိုင်မာလာခဲ့တယ်။ ဦးနေဝင်း နောက်ဆုံး ပြောသွားတဲ့စကား။ 'နောင်ကို လူစုလူဝေးနဲ့ ဆူဆူပူပူ လုပ်လို့ ရှိရင်တော့ စစ်တပ်ဆိုတာ ပစ်ရင် မှန်အောင် ပစ်တယ်။ မိုးပေါ်ထောင်ပြီး ဖောက်တာ မပါဘူး။ အဲဒါ နောင်ကို ဆူဆူပူပူ လုပ်လို့ရှိရင်တော့ ဆူတဲ့လူတွေ မသက်သာဘူးသာ မှတ်ပေတော့'လို့ ၆၂ မှာ ပြောခဲ့တဲ့ မာနစကားအတိုင်း ၈၈ မှာ စိန်ခေါ်စကားကို ပြောပြီး အာဏာရှင်အစွယ်ကို ပြ။ ဘီလူးဆိုင်းနဲ့ ဘီလူးက ကပြီး နိုင်ငံရေးလောကထဲက ဘီလူးသဘက်လို ထွက်သွားရတယ်"

ဆရာကိုအောင်မော်က ၁၉၈၈ ကာလကို အတော်ကြီး မှတ်မိနေသူပဲ။ နားထောင်နေသူ ကျောင်းသားများက ဦးနေဝင်းကိုလည်း ကောင်းကောင်းမသိ။

ဦးစန်းယု၊ ဦးစိန်လွင်၊ ဦးမောင်မောင်တို့ ဆိုလျှင် ဝေလာ ဝေးရော။ ဆရာကိုအောင်မော်၏ စကားကိုပင် ဒဏ္ဍာရီတစ်ပုဒ်လို နားထောင်နေကြတော့သည်။

"ရှစ်လပိုင်း ၂၆ ရက်နေ့၊ ရွှေတိဂုံဘုရား အနောက်ဘက် မုခ်မှာ လူတွေဟာ ပင်လယ်ပြင်ကြီးလိုပဲ။ များမှ များ။ အဲဒီနေ့မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သမိုင်းဝင် ပြောကြားခဲ့တဲ့ စကား။ 'ဖေဖေ ပျိုးထောင်ခဲ့တဲ့ တပ်မတော်။ ဖေဖေ့ အပေါ်မှာ အင်မတန် မေတ္တာရှိတဲ့လူထု။ ပဋိပက္ခမဖြစ်စေချင်ပါဘူး။ တပ်မတော်သားတွေကိုလည်း မေတ္တာရပ်ခံပါရစေ၊ လူထု အားကိုးနိုင်တဲ့ တပ်မတော်ကြီး ဖြစ်ပါစေ။ တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်တဲ့ တပ်မတော်ကြီး ဖြစ်ပါစေ။ ပြည်သူလူထုကလည်း ဖြစ်ပြီးခဲ့တဲ့ဟာတွေကို ကြိုးစား ခွင့်လွှတ်ပြီးတော့ တပ်မတော်အပေါ်မှာ မေတ္တာမပျက်ပါစေနဲ့လို့ တောင်းပန်ပါရစေ'..."

အရှိန်ကောင်းကောင်းဖြင့် ဆရာကိုအောင်မော်က ဩဝါဒ ခြွေနေလေ၏။ ကျွန်တော်က ဒီလို အပြောအဆိုမျိုး ဆိုရင် သိပ်ကြိုက်တဲ့သူ။ နားထောင်၍ မဝပါ။

"သမ္မတကြီး ဦးမောင်မောင် ပြောတဲ့ မိန့်ခွန်း။ ကြိုက်လွန်းလို့ ပြောပြပါရစေ။ 'အနာဂတ်ကို မျှော်ကိုးပြီး မကောင်းတာ ကောင်းလာအောင်၊ ကောင်းတာ ပိုကောင်းလာအောင်သာ ကြိုးစားကြဖို့ လိုပါတယ်။ ကိုယ်က မှားနေရင်လည်း ပြင်။ သူ မှားပြီကောရယ်လို့ ကိုယ်ကလည်း လိုက်မမှားကြဖို့ လိုပါတယ်။ အမှားတစ်ခုနဲ့ နောက်အမှားတစ်ခု ပေါင်းလိုက်လို့ အမှန်တစ်ခု ဖြစ်မလာပါဘူး'..."

ရှစ်လေးလုံးအကြို စကားဝိုင်းလေးဟု စိတ်ထဲတွင် မှတ်တမ်းတင်မိပါသည်။ ဆရာကိုအောင်မော်က စာသင်စရာရှိ၍ လက်ဖက်ရည်အေးအေးကို တစ်ကျိုက်တည်း မော့သောက်လိုက်သည်။ ပြီးနောက် နှုတ်ဆက်စကား ဆို၏။

"'ရှစ်ရက်၊ ရှစ်လ' ဆိုတာ အိပ်မောကျနေတဲ့ လူ့အခွင့်အရေးကို ပုတ်နိုး လှုပ်နိုးနိုင်တဲ့ ဒီမိုကရေစီသူရဲကောင်းတွေရဲ့ မွေးဖွားတဲ့နေ့။ ဒီလိုပဲ လာမယ့် (၂၅)နှစ်ပြည့် ငွေရတု 'ရှစ်ရက်၊ ရှစ်လ'ဟာ ဒီမိုကရေစီ သူရဲကောင်းတွေရဲ့ ဝိညာဉ်တော်တွေ ရှင်ပြန် ထမြောက်တဲ့နေ့။ ထာဝရ ဂုဏ်ပြုရမယ့်နေ့။ အတန်းဝင်စရာရှိလို့ ဆရာ့ကို ခွင့်ပြုဦး"



ရဲရင့်နှင်းဆီ

စာပေနှင့် သတင်းစာပညာရှင် ဆရာကြီး လူထုဦးလှ

(၁၉-၁-၁၉၁၀ မွေးဖွား ၇-၈-၁၉၈၂ ကွယ်လွန်)

✿ 'ဟိုး... ရှေးရှေးတုန်းက...' လို့
အစချီလိုက်တယ် ဆိုရုံနဲ့
ကလေး ဆိုတာ ပျော်တတ်ကြတာမျိုး။

✿ ပုံပြင်ဆိုတာ မိသားစု နွေးထွေးမှုရဲ့ သင်္ကေတ။
ပုံပြင်ဆိုတာ စနစ်တကျ ပုံသွင်းပြုပြင်ပေးတဲ့ ဆုံးမစကား။
ပုံပြင်ဆိုတာ ရိုးရာဓလေ့နဲ့ လူငယ်များကို မိတ်ဆက်ပေးခြင်း။
ပုံပြင်ဆိုတာ ယဉ်ကျေးမှုတို့၏ မြေဆီမြေနှစ်။
ပုံပြင်ဆိုတာ အနာဂတ်ရဲ့ အိပ်မက်။

✿ ပုံပြင်ထဲက သူရဲကောင်းဟာ ကိုယ်။
ပုံပြင်ထဲက လူဆိုး၊ လူမိုက်ဟာ ကိုယ်မဟုတ်။
စာနာခြင်းတွေ၊ ညှာတာခြင်းတွေ၊
ကိုယ်ကျင့်တရားတွေ၊ ဘာသာရေး အဆုံးအမတွေ၊
သူရဲကောင်း အာဇာနည် စိတ်ဓာတ်တွေနဲ့ ဖွဲ့စည်းထားတဲ့
ပုံပြင်တွေကို ဒီနေ့ လူငယ်တွေ ကြားနာခွင့် မရကြ။
ဒီတော့ လူငယ်တွေ ရိုင်းကြပေမပေါ့။

## ရဲရင့်နှင်းဆီ

"တိုင်းရင်းသားစည်းလုံးညီညွတ်ရေး… ဒို့အရေး… ဆိုပြီး ကြီးကြီး ကျယ်ကျယ်ကြီးတွေ မပြောဘူး။ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများပုံပြင်တွေကို ပြုစုပြီး တိုင်းရင်းသား ညီအစ်ကိုတွေ စည်းလုံးဖို့၊ ညီညွတ်ဖို့၊ အပြန်အလှန် ယုံကြည်လေးစားဖို့၊ လက်တွေ့ ဆောင်ရွက်သွားတဲ့ စာပေသူရဲကောင်း၊ သို့မဟုတ်၊ အာဇာနည်စိတ်ဓာတ် အပြည့်ရှိတဲ့ သတင်းစာဆရာကြီး လူထု ဦးလှဟာ ဒီလို ဩဂုတ်လ ၇ ရက်နေ့မှာ ကွယ်လွန်ရှာတယ်။ ဒါကြောင့် မင်းတို့ကို 'လူထုချစ်တဲ့ လူထုဦးလှ' အကြောင်းကို ပြောပြဖို့ စိတ်ကူးထားတယ်"

ဩဂုတ်လ ၇ ရက်နေ့။

ထိုနေ့က စာသင်ခန်းထဲတွင် လူထုဦးလှ အကြောင်းကို လူငယ်များအား ပြောပြဖြစ်ခဲ့သည်။ ယနေ့ခေတ် ပညာရေးစနစ်တွင် ကျောင်းဆရာ၊ ဆရာမများ စာဖတ်ချိန်မရှိကြ။ အရေးမပါသော စာရင်းဇယားများကို ဟိုကူး ဒီဖြည့် လုပ်နေကြရရင်း အချိန်တွေ ကုန်၊ အသက်တွေ ကြီး၊ စိတ်ဓာတ်တွေ ကျ… ဖြစ်နေကြရသည်။ တက်ကြွမှုမရှိသော ဆရာတို့၏ ဦးဆောင်မှုသည် အနာဂတ် လူငယ်များအတွက် ရင်လေးစရာ ကောင်းလှပါသည်။ အနာဂတ် နိုင်ငံတော်အတွက် ဆိုလျှင် မတွေးရဲစရာ။

"လူထုဦးလှက မန္တလေးသား မဟုတ်ဘူး။ သူ့ကိုယ်သူ 'မယားပါ မန္တလေးသား' လို့ ပြောတတ်တယ်"

ကျောင်းသားတစ်ယောက် ထပြီး မေးသည်။

"မယားပါ မန္တလေးသား ဆိုတာ ဘာလဲ ခင်ဗျ"

"လူထုဦးလှက ပဲခူးတိုင်း ညောင်လေးပင်မြို့ အရှေ့နားက ပုဇွန်

မြောင်း ဆိုတဲ့ရွာသား။ ၁၉၁၀၊ ဇန်နဝါရီ ၁၉ မှာ မွေးတယ်။ မန္တလေးသူစစ်စစ် လူထုဒေါ်အမာနဲ့ ၁၉၃၉၊ နိုဝင်ဘာမှာ အိမ်ထောင်ကျပြီး မန္တလေးကို လိုက်လာခဲ့တဲ့သူ။ ၁၉၈၂၊ ဩဂုတ်လ ၇ ရက်နေ့၊ မန္တလေးမှာ ကွယ်လွန်တယ်။ မန္တလေးမြို့မှာ ဒုတိယကမ္ဘာစစ် မဖြစ်မီကတည်းက အိမ်ထောင်ကျပြီး အခြေချခဲ့တဲ့သူ။ လွတ်လပ်ရေး ကြိုးပမ်းမှုခေတ်၊ ဖဆပလခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ မဆလခေတ်တစ်လျှောက်လုံး မန္တလေးမှာ အခြေချပြီး အမေလူထုဒေါ်အမာနဲ့အတူ တိုင်းကျိုးပြည်ပြုစာပေတွေ ရေးသားခဲ့တဲ့သူ၊ လူထုဘက်မှာ သစ္စာရှိရှိ အမြဲတမ်း ရပ်တည်ခဲ့တဲ့ 'လူထုရဲ့ သစ္စာပန်း'၊ လူထုဘက်က သတ္တိအပြည့်နဲ့ ဆောင်ရွက်ခဲ့တဲ့ 'ထာဝရအနီရောင် ရဲရင့်နှင်းဆီ'၊ နားဝင်ပီယံဖြစ်စေတဲ့ တိုင်းရင်းသားလူမျိုးပုံပြင်တွေကို လူငယ်တွေရဲ့ နှလုံးသားထဲ စီးဝင်စေဖို့ အမြဲမပြတ် ကြိုးစားအားထုတ်ခဲ့တဲ့ 'ပျားရည်မြစ်တစ်စင်း'။ ဒါကြောင့် လူထုဦးလှရဲ့ ချိုမြိန်လှတဲ့ စာပေတချို့နဲ့ မင်းတို့ကို မိတ်ဆက်ပေးချင်တယ်''

မန္တလေးသူ၊ မန္တလေးသားများသည် မဟာမြတ်မုနိကို ချစ်သလို မန္တလေးတောင်ကိုလည်း မြတ်နိုးသည်။ မြို့မငြိမ်းကို ရင်းနှီးသလို နန်းတော်ရှေ့ ဆရာတင်ကိုလည်း တန်းဖိုးထားသည်။ ရွှေမန်းတင်မောင်၏ ကကြိုးကကွက်များကို နှစ်သက်သလို မြို့တော် သိန်းအောင်၏ ပြဇာတ်များကိုလည်း မေ့မရနိုင်။ ဆရာကြီး ဦးရာဇတ် ဂုဏ်ကျေးဇူးကို အောက်မေ့သလို သခင်ဗဟိန်း၏ ပြောင်မြောက်သော သတ္တိကိုလည်း ချီးကျူး၍မဆုံး။ ထို့အတူ လူထုဒေါ်အမာကို ချစ်သလို လူထုဦးလှကိုလည်း အသည်းစွဲ။ ထို့ကြောင့် ကျွန်တော်က မေးခွန်းတစ်ခု မေးလိုက်သည်။

''လူထုဦးလှက ပုံပြင်တွေ အများကြီး ရေးသွားတယ်။ လူထုဦးလှရဲ့ ပုံပြင်တွေကို ဖတ်ဖူးတဲ့သူ တစ်ယောက်လောက် ထပြီး ဆွေးနွေးပေးပါလား''

ရှေ့ဆုံးခုံမှ ကျောင်းသူတစ်ယောက်က ချက်ချင်း မတ်တတ်ထရပ်ပြီး-

''သမီးက ပုံပြင်တွေကို သိပ်ကြိုက်တာ။ လူထုဦးလှ ရေးတဲ့ ပုံပြင်တွေကို သမီး ဖတ်ဖူးတယ်''

''ပြောပြလို့ ရမလား''

''သမီး မှတ်မိတဲ့ ပုံပြင်တစ်ပုဒ် ရှိတယ်။ 'အတာတ်ကြေး အရှုံးဖြစ်'တဲ့''

''ဆိုစမ်းပါဦး''

''ပုံပြင်ထဲမှာ လူလေးယောက်။ ပညာသင်ပြီးပြန်အလာ လမ်းခုလတ်မှာ ထမင်းချက်ပြီး စားကြတယ်။ အဲဒီ လူလေးယောက်မှာ တစ်ယောက်က သဘင်ပညာ ကျွမ်းကျင်သူ၊ တစ်ယောက်က ဆေးအတတ်ကျွမ်းကျင်သူ၊ နောက်တစ်ယောက်က နက္ခတ္တဗေဒပညာရှင်၊ နောက်ဆုံးတစ်ယောက်က ဒဿနိကဗေဒ ပညာရှင်''

''ဒီတော့ ဘာဖြစ်တုံး''

''သဘင်ပညာရှင်က ထမင်းအိုး ဆူပွက်နေတဲ့ အသံကို ဗုံတီးသံထင်ပြီး ထမင်းအိုး မင့်ဘဲ ထ ထပြီး ကတတ်သတဲ့။ ဒီလိုပဲ ဆေးပညာရှင်က ဟိုအစားအစာကဖြင့် မတည့်ဘူး၊ ဒီအစားအစာကဖြင့် ဒီရာသီနဲ့ မလိုက်ဖက်ဘူး ဆိုပြီး ကန့်ကွက်နေလိုက်တာ အားလုံး ထမင်းငတ်ရော။ ဒီလိုပဲ နက္ခတ္တဗေဒပညာရှင်က နက္ခတ်မမိသေးလို့ မသွားနဲ့ဦး၊ မလာနဲ့ဦး ဆိုပြီး တားတယ်။ နောက်ဆုံးတစ်ယောက် ဒဿနိကဗေဒပညာရှင်က ထမင်းဟာ ဆန်က လာတာ။ ဆန်က စပါးပင်က ဖြစ်တာ။ စပါးဆိုတာ မြက်ပင်တစ်မျိုး။ ဘာကြောင့်များ မြက်ပင်တိုင်းက စပါးသီး မသီးကြတာလဲ။ စပါးသီး မသီးသင့်ဘူးလား။ အဲဒီလို တွေးခေါ်တင်ပြ ပြောဆိုနေလိုက်တာ အားလုံး ထမင်းငတ်ကြသတဲ့''

''ကောင်းလိုက်တဲ့ ပုံပြင်လေး။ အဲဒီပုံပြင်ရဲ့ ရည်ရွယ်ချက်က ဘာလို့ထင်သလဲ''

''လူတွေဟာ ကိုယ်သန်ရာ သန်ရာကိုပဲ စဉ်းစားတွေးခေါ်တတ်ကြတယ်။ စွဲလမ်းနေတဲ့ အကျင့်ဟောင်းကို ပြုပြင်ဖို့ ခက်တယ်။ အရိုးစွဲနေတဲ့ အကျင့်ကို မပြုပြင်နိုင်တဲ့အတွက် လုပ်ငန်း မအောင်မြင်ဘူး။ ဒါကြောင့် အရိုးစွဲအတတ်ကြူးတဲ့သူတွေကို တာဝန်မပေးသင့်ဘူး။ နေရာမပေးသင့်ဘူး။ 'မူ' ဘယ်လောက်ပဲ ကောင်းကောင်း၊ 'မူ'ဘယ်လောက်ပဲပြင်ပြင်၊ အကျင့်ဟောင်းတွေကို စွဲလမ်းနေတဲ့လူတွေကြောင့် အောင်မြင်ဖို့ ခက်တယ်။ အောင်မြင်ချင်ရင် 'မူ'ကောင်းကောင်းတွေရှိရုံနဲ့ မပြည့်စုံဘူး။ အကျင့်ဟောင်းတွေကို 'ဖက်တွယ်' ထားတတ်တဲ့ လူတွေကို ဖယ်ရှားပစ်မှ အောင်မြင်မယ်''

ကျောင်းသူလေး၏ အပြောကြောင့် စိတ်ထဲတွင် ကျေနပ်သွားမိသည်။ 'အကျင့်ဟောင်း'ကို မပြောင်းရင် 'မူကောင်း'ပေမယ့် 'ခေတ်မပြောင်း'ဘူး ဆိုပါလား။

"ဟုတ်တယ်ကွဲ့၊ လူထုဦးလှက ပုံပြင်တွေ အများကြီး ပြုစုသွားခဲ့တဲ့သူ။ ကရင်၊ ရခိုင်၊ မွန်၊ ကချင်၊ ရှမ်း၊ ချင်း၊ ပလောင်၊ နာဂ၊ အင်းလေး၊ လီဆူး၊ တောင်ရိုး၊ ရဝမ်၊ လားဟူ၊ အညာကျေးလက် တိုင်းရင်းသား ရိုးရာပုံပြင်တွေ ပြုစုခဲ့သလို ခေါမ၊ ရောမ၊ ဟိန္ဒူ၊ အီတလီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား နိုင်ငံခြားပုံပြင်တွေကိုလည်း စုဆောင်းရေးသားခဲ့တဲ့သူ။ ငါတို့နိုင်ငံမှာ လူတွေကို စာမဖတ်ဘူးလို့ အပြစ်တင်ကြတယ်။ တကယ်တော့ လူတွေ စာဖတ်ဖို့အတွက် ငယ်စဉ်ကတည်းက ပုံပြင်စာပေတွေနဲ့ လေ့ကျင့်ပေးမှ ရမယ်။ ခက်တာက ငါ့တို့တိုင်းပြည်မှာ လူငယ်တွေအတွက် လူငယ်စာပေ မရှိသလောက်ပဲ။ ရှားတယ်။ လူငယ်စာပေ မထွန်းကားခြင်းဟာ လူငယ်တွေကို မချစ်ခြင်းပဲ။ မလေးစားခြင်းပဲ။ လူငယ်တွေကို မချစ်တာ မလေးစားတာဟာ တိုင်းပြည်ကို မချစ်တာ မလေးစားတာနဲ့ အတူတူပဲ။ လူထုဦးလှက နိုင်ငံကို တကယ်ချစ်တဲ့သူ။ ဘာကြောင့်လဲ ဆိုရင် လူငယ်စာပေတွေကို အများကြီး ပြုစုသွားခဲ့လို့ပဲ"

လူထုဦးလှအကြောင်း ပြောရင်း လူထုဦးလှ၏ ကျေးဇူးတရားကို အောက်မေ့ဆင်ခြင်မိလိုက်သည်။ 'ဟိုး… ရှေးရှေးတုန်းက…'လို့ အစချီလိုက်တယ် ဆိုရုံနဲ့ ကလေး ဆိုတာ ပျော်တတ်ကြတာမျိုး။

ပုံပြင်ဆိုတာ မိသားစု နွေးထွေးမှုရဲ့ သင်္ကေတ။

ပုံပြင်ဆိုတာ စနစ်တကျ ပုံသွင်းပြုပြင်ပေးတဲ့ ဆုံးမစကား။ ပုံပြင်ဆိုတာ ရိုးရာဓလေ့နဲ့ လူငယ်များကို မိတ်ဆက်ပေးခြင်း။ ပုံပြင်ဆိုတာ ယဉ်ကျေးမှုတို့၏ မြေဆီမြေနှစ်။

ပုံပြင်ဆိုတာ အနာဂတ်ရဲ့ အိပ်မက်။

ပုံပြင်ထဲက သူရဲကောင်းဟာ ကိုယ်။ ပုံပြင်ထဲက လူဆိုး၊ လူမိုက်ဟာ ကိုယ်မဟုတ်။ စာနာခြင်းတွေ၊ ညာတာခြင်းတွေ၊ ကိုယ်ကျင့်တရားတွေ၊ ဘာသာရေး အဆုံးအမတွေ၊ သူရဲကောင်း အာဇာနည် စိတ်ဓာတ်တွေနဲ့ ဖွဲ့စည်းထားတဲ့ ပုံပြင်တွေကို ဒီနေ့ လူငယ်တွေ ကြားနာခွင့် မရကြ။ ဒီတော့ လူငယ်တွေ ရိုင်းကြပေမပေါ့။ လူထုဦးလှ၏ အမြော်အမြင်နှင့် တိုင်းပြည်အပေါ် ချစ်သည့် စိတ်ကို တွေးဆမိလိုက်ပြီး ဆရာ့ကို စိတ်ထဲက ဦးညွှတ်မိလိုက်သည်။

"လူထုဦးလှက သတင်းစာဆရာစစ်စစ်ကြီး။ ဖဆပလခေတ်မှာလည်း ထောင်အချခံခဲ့ဖူးတယ်။ မဆလခေတ်မှာလည်း မိသားစုနဲ့အတူ ထောင်ချခံခဲ့

ရပြန်တယ်။ သူ့ဘဝမှာ ထောင်ငါးကြိမ်တိတိ အချခံရဖူးသတဲ့။ ခေတ်အဆက်ဆက် အုပ်ချုပ်သူ လူတန်းစားဟာ ပြည်သူ့ဘက်က ရပ်တည်တဲ့ စာရေးဆရာတွေ၊ သတင်းစာဆရာတွေကို ထောင်ချပြီး လူထုရဲ့ မျက်စိအောက်က ပျောက်ကွယ်ဖို့ ဖန်တီးခဲ့ကြတယ်။ ဒါပေမဲ့ ပျောက်ကွယ်မသွားပါဘူး။ ထောင်ထဲမှာလည်း စာရေးတဲ့ ဦးလှ။ ထောင်အပြင်မှာလည်း စာရေးတဲ့ ဦးလှ။ မြန်မာစာပေဖွံ့ဖြိုးရေးအတွက် ကိုယ့်အသိစိတ်နဲ့ကိုယ် ကြိုးပမ်းခဲ့တဲ့ ဦးလှ။ လူထုဦးလှရေးခဲ့တဲ့ စာတွေကတော့ အများကြီးပဲ။ 'အရက်သမား အမှားတစ်ထောင်' ဆိုတဲ့ စာအုပ်။ သိပ်ကောင်းတယ်။ မင်းတို့ ဖတ်သင့်တယ်။ ဖတ်ချင်စဖွယ်ဖြစ်အောင် ရေးထားတယ်''

ထိုအချိန်တွင် ကျောင်းသားတစ်ယောက်က လက်ညှိုးထောင်ပြီး မတ်တတ်ရပ်လိုက်၏။

''ကျွန်တော့်အဘိုးက လူထုဦးလှအကြောင်း ပြောဖူးတယ် ခင်ဗျ''

''ဘာများလဲ''

''လူထုဦးလှက ခပ်ချောချော၊ ခပ်သန့်သန့်တဲ့။ နှာတံပေါ်ပေါ်၊ မျက်ခုံးမျက်လုံးကောင်းကောင်း။ အားကစားကိုလည်း အလွန်လိုက်စားတယ်တဲ့။ ဘုရား တရားကိုလည်း အမြဲ ကြည်ညိုတဲ့သူတဲ့။ မန္တလေးမြို့ကို လူထုဦးလှရောက်ရှိလာခဲ့ခြင်းဟာ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက 'သတင်းစာဆိုတာ ခေတ်သမိုင်းကို ဖော်ပြတယ်' ဆိုတဲ့ အယူအဆ ထွန်းကားလာစေခဲ့တယ်တဲ့။ ပြီးတော့ လူထုဦးလှက ဗိုလ်ချုပ်အောင်ဆန်းနဲ့ အလွန်ရင်းနှီးတဲ့သူ။ လူထုဦးလှက ဗိုလ်ချုပ်အောင်ဆန်းနဲ့ ကချင်လူမျိုးစု ခေါင်းဆောင် 'ဆမားဒူးဝါးဆင်ဝါးနောင်' ကို မိတ်ဆက်ပေးတယ်။ တွေ့ဆုံပေးတယ်။ ဆက်သွယ်ပေးတယ်။ ဒါကြောင့် ကျယ်ပြန့်လှပသပ်ရပ်တဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ဖြစ်လာခဲ့တာတဲ့''

လူထုဦးလှကို ချစ်သော သူတွေ မန္တလေးမြို့မှာ အများကြီးပါလား။

ထိုအချိန်တွင် ကျောင်းသူတစ်ယောက်က မတ်တတ်ရပ်ပြီး ဤသို့ စကားဆို၏။

''လူထုဦးလှရဲ့ ပုံပြင်တွေထဲက ပုံပြင်တစ်ပုဒ်လောက် ပြောပြပါလား ဆရာ''

ကျွန်တော်ကလည်း ပြောချင်နေသူ။ ဒီတော့ အကွက်ဆိုက်သွား၏။

"ကဲ… နားထောင်ကြ။ လူထုဦးလှ ရေးတဲ့ 'စာဆိုပညာရှိ ကာလီဒါသ' စာအုပ်ထဲက 'ဘုရင်အား တရားပြခြင်း' ဆိုတဲ့ ပုံပြင် ပြောပြမယ်"

ကျောင်းသား၊ ကျောင်းသူ အားလုံး ပြုံးရွှင်သွားကြတော့သည်။

"တစ်ခါတုန်းက အိန္ဒိယနိုင်ငံ၊ 'ဘောဇဘုရင်' လက်ထက်။ 'ကာလီဒါသ' ဆိုတဲ့ ပညာရှင်အမတ်တစ်ယောက် ရှိသတဲ့။ တစ်နေ့တော့ လမ်းမကြီးပေါ်မှာ အသုဘတစ်ခု ချသွားတာကို ဘုရင်က မြင်တယ်။ ဒီတော့ ပညာရှင်အမတ် ကာလီဒါသကို မေးတယ်။ 'ဘယ်လိုလူတွေ သေရင် နတ်ပြည်ရောက်သလဲ။ ဘယ်လိုလူတွေ သေရင် ငရဲပြည်ရောက်သလဲ'။ ကာလီဒါက ပြန်ဖြေတယ်။ 'သေသောသူအား ကျန်ရစ်သော လူအများက ချီးကျူးကြကုန်သည်ရှိသော် သေသူသည် နတ်ဘုံသို့ ရောက်၏။ သေသောသူကို ကျန်ရစ်သော လူအများက ကဲ့ရဲ့ကြကုန်သည်ရှိသော် သေသူသည် အပါယ်ငရဲသို့ လား၏'။ 'ထို့အတူ လူတစ်ယောက် သေဆုံးသောအခါ ကျန်ရစ်သူ လူများစွာက ဝမ်းနည်းကြကုန်သည်၊ လွမ်းဆွတ်ကြကုန်သည်၊ တမ်းတကြကုန်သည်ရှိသော် သေဆုံးသူသည် နတ်ပြည်သို့ မုချရောက်၏။ ထိုသို့မဟုတ်ဘဲ လူတစ်ယောက် သေဆုံးသောအခါ ကျန်ရစ်သူ လူများစွာက ပျော်ရွှင်ကြကုန်သည်၊ ဝမ်းပန်းတသာဖြစ်ကြကုန်သည်၊ ရယ်မောကြကုန်သည်ရှိသော် သေဆုံးသူသည် ငရဲဘုံသို့ မုချ လား၏'။ 'လူအများ ကြည်ညိုခြင်းခံရသူ သေဆုံးသည်ရှိသော် နတ်ပြည်သို့ လား၍၊ လူအများ မုန်းတီးရွံရှာခြင်း ခံရသူ သေဆုံးသည်ရှိသော် ငရဲပြည်သို့ လား၏' တဲ့"

လူငယ်များက ခေါင်းတညိတ်ညိတ်ဖြင့် မှတ်သားနာယူနေကြသည်။ စာသင်ချိန်လည်း စေ့ပြီ။

"ကဲဟေ့… ဒီနေ့တော့ ဒီလောက်ပဲ။ လူထုချစ်တဲ့ လူထုဦးလှအကြောင်း သိချင်ရင် ငါ့စာအုပ်စင်မှာ မင်းတို့ ရှာပြီးဖတ်ကြ။ ပုံပြင်စာအုပ်တွေ အများကြီးရှိတယ်။ 'သောင်းပြောင်းထွေလာ ရေးချင်ရာရာ' ဆိုတဲ့ စာအုပ်ထဲမှာလည်း မှတ်သားစရာတွေ တစ်ပုံကြီးပဲ။ လူထုဦးလှ ပြုစုတဲ့ ပုံပြင်တွေထဲက 'လမင်းကို ဖမ်းခြင်း' ဆိုတဲ့ ပုံပြင်နဲ့ နှုတ်ဆက်မယ်ဟေ့။ လမင်းကို လိုချင်လို့ သစ်ပင်ပေါ်တက်ပြီး တံချူနဲ့ ချူကြတယ်။ မရဘူး။ ဒီလိုပဲ ရေထဲမှာပေါ်လာတဲ့

လရိပ်ကို တံချူနဲ့ မျှားကြပြန်တယ်။ မရဘူး။ နောက်ဆုံးတော့ လမင်းကို ဘယ်လိုမှ ဖမ်းမရဘူး။ လမင်းကြီးဟာ သာမြဲတိုင်း သာနေဆဲပေါ့။ လမင်းကို ဖမ်းဖို့ ကြိုးစားသူတွေသာ တစ်ယောက်ပြီး တစ်ယောက် မောသွားကြတယ်။ ပလ္လင်ပေါ်က ဆင်းပြီး သွားကြရတယ်။ ခေတ်အဆက်ဆက် သတင်းစာ ပညာရှင်ကြီးတွေ၊ စာပေပညာရှင်ကြီးတွေရဲ့ စေတနာ လက်ရာတွေဟာ လမင်း ကြီးလိုပဲ ထာဝရ ရှင်သန်နေတယ်။ လင်းလက်နေတယ်။ သာမြဲတိုင်း သာနေ တယ်။ လမင်းကြီးက ဘယ်တော့မှ အပြုံးမပျက်ဘူး။ တကယ်တော့ လမင်းကို ဖမ်းဖို့ ကြိုးစားတယ်ဆိုတာ အတွေးအခေါ်မရှိတဲ့ အတ္တသမားတွေရဲ့ လုပ်ရပ်ပါ။ လမင်းကို ဘယ်တော့မှ ဖမ်းလို့ မရဘူး။ ဒီနေ့ဟာ အနီရောင် ရဲရင့်နှင်းဆီ စာပေနဲ့ သတင်းစာပညာရှင် လူထုဦးလှ ကွယ်လွန်တဲ့နေ့ပေါ့။ မှတ်ထားကြ"


✿ ✿ ✿



ကျိုးမည်း
မန္တလေးတက္ကသိုလ် ဒုတိယအဓိပတိ
ဆရာကြီး ဦးကိုလေး (ဧေယျာမောင်)
(၂၃-၈-၁၉၁၃ မွေးဖွား။ ၁၅-၆-၂၀၀၃ ကွယ်လွန်)



ကျိုးမည်း
မန္တလေးတက္ကသိုလ် ဒုတိယအဓိပတိ
ဆရာကြီး ဦးကိုလေး (ဗေဒယျာမောင်)
(၂၃-၈-၁၉၁၃ မွေးဖွား ၁၅-၆-၂၀၀၃ ကွယ်လွန်)



- ဒီကျောင်းကြီးသာ
  အထက်မြန်မာပြည်မှာ မရှိခဲ့ရင်
  ပညာတတ်တွေ ဘယ်လောက် နည်းသွားမလဲ။
- အာဏာရှင်တို့၊ မတရားအုပ်ချုပ်သူတို့ … ဆိုတာ
  လူငယ်တွေ ပညာတတ်ဖြစ်လာမှာကို
  သိပ်ပြီး စိုးရိမ်တတ်ကြတယ်။ ကြောက်ကြတယ်။
- ဒါဟာ အာဏာရှင်တွေရဲ့ သဘာဝပဲ။

## ကျိုးမည်း

"ဟောဒီ လှေကားထစ်တွေဟာ သူရဲကောင်းတွေ အများကြီး မွေးဖွား ပေးခဲ့တဲ့ လှေကားထစ်တွေပဲ"

မန္တလေးတက္ကသိုလ်၏ ပင်မ အဆောက်အအုံရှေ့ရှိ ကျောက်တိုင် ကြီး (၆)တိုင်က ကျွန်တော့်ကို ငုံ့ကြည့်ပြီး စကားတစ်ခွန်းကို ဆိုလေသည်။ ကျွန်တော်သည် ဘူမိဗေဒကျောင်းသား ဖြစ်ခဲ့၍ ကျောက်ဖြစ်ရုပ်ကြွင်းများ အကြောင်းကို လေ့လာသင်ယူခဲ့ဖူးသည်။ ဘူမိဗေဒပညာရပ်သည် သက်မဲ့ ရုပ်ကြွင်းတို့၏ စကားများကို နားလည်ခံစားတတ်အောင် သင်ကြားပေးသည်။ ထို့ကြောင့် သက်မဲ့ဖြစ်သော ကျောက်တိုင်ကြီး (၆)တိုင်၏ စကားသံများကို ကျွန်တော် ကြားနာခွင့် ရလိုက်ခြင်း ဖြစ်သည်။

"မန္တလေးတက္ကသိုလ် ဆိုတာ 'ဥုံ… ဖွ' ဆိုပြီး ဂါထာနဲ့ မန်းမှုတ်လို့ ဖြစ်ပေါ်လာခဲ့ရတာ မဟုတ်ဘူး။ ဒီတက္ကသိုလ်ကြီးမှာလည်း သမိုင်းဆိုင်ရာ ဒဏ်ရာဒဏ်ချက်တွေ အများကြီးပဲ ရှိခဲ့တယ်။ ဖိနှိပ်မှု အမျိုးမျိုးကို ရင်ဆိုင် ကျော်ဖြတ်ခဲ့ရဖူးတယ်။ စစ်ဒဏ်ကိုလည်း ခံစားခဲ့ရဖူးတယ်။ တက္ကသိုလ်ကျောင်း ကြီး တိုးတက်ရေးထက် ကိုယ့်ဘဝ တည်မြဲရေးကို အလေးထား လုပ်ဆောင် သွားတဲ့သူတွေနဲ့လည်း လက်မတွဲချင်ဘဲ လက်တွဲခဲ့ရဖူးတယ်။ ဒီလိုပဲ သူရဲ ကောင်းတွေနဲ့လည်း ရင်းနှီးခဲ့ရဖူးတယ်"

မန္တလေးတက္ကသိုလ်၏ ပင်မအဆောက်အအုံကို အဝေးကပင် မြင်နိုင် ပါသည်။ ထိုပင်မအဆောက်အအုံသည် စိုက်ပျိုးရေးဥပစာကောလိပ်အတွက် ရည်ရွယ်၍ ဆောက်လုပ်ထားခြင်း ဖြစ်သည်ဟု မှတ်သားဖူးပါသည်။ ရန်ကုန် တက္ကသိုလ်အက်ဥပဒေကြောင့် ၁၉၂၀ ပထမ ကျောင်းသားသပိတ် ဖြစ်ပေါ်ခဲ့ရ သည်။ ထိုသပိတ်၏ ကျေးဇူးကြောင့် အထက်မြန်မာပြည်အတွက် ကျောင်း

တစ်ကျောင်း ရှိရန် တောင်းဆိုခဲ့ကြသည်။ အထက်မြန်မာပြည်မှ (၁၀)တန်း အောင်မြင်ပြီးသူများက ရန်ကုန်တက္ကသိုလ်သို့ သွားပြီး ပညာသင်ကြားရန် ထိုအချိန်က မလွယ်ကူလှပါ။ ထို့ကြောင့် မန္တလေး၌ ဥပစာကောလိပ်ကျောင်း တစ်ကျောင်း ဖြစ်ပေါ်ဖို့ မန္တလေးသားကြီးများဖြစ်ကြသော ဗဟိုရုံစည် ဦးဘဦး၊ ရသေ့ကြီး ဦးခန္တီနှင့် ကျောက်စာဝန် တော်စိန်ခိုတို့က ဦးဆောင်ပြီး ကြိုးစားခဲ့ကြသည်။ အောင်မြင်ခဲ့ကြ၏။

"မှတ်ထားကွ၊ ၁၉၂၅၊ ဇူလိုင်လမှာ ဥပစာကောလိပ်ကို ကျောင်းသား (၃၁)ယောက်နဲ့ စပြီးဖွင့်တယ်။ အဲဒီ ဥပစာကောလိပ်က အောင်မြင်သူတွေအထဲမှာ နောင်တစ်ချိန်အတွက် အာဇာနည်ဖြစ်လာမယ့် နတ်မောက်သား 'မောင်ဘဝင်း' ဆိုတာ ပါလာခဲ့ဖူးတယ်။ မင်းတို့ ပြောပြောနေတဲ့ 'ဗိုလ်ချုပ် အောင်ဆန်း' ရဲ့ အစ်ကိုကြီးပဲ"

ကျောက်တိုင်ကြီး (၆) တိုင်ထဲမှ ကျောက်တိုင်ကြီး တစ်တိုင်က ကျွန်တော့်ကို သူ့အမြင်တွေ ပြောပြလေ၏။

"အဲဒီလို အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်တဲ့ သူရဲကောင်းတွေ မွေးဖွားရာ သမိုင်းအစဉ်အလာကြီးမားတဲ့ အောင်မြေဟာ ဟောဒီ မန္တလေး တက္ကသိုလ်ပဲ"

နောက်ထပ် ကျောက်တိုင်ကြီးက ပြောပြန်သည်။

"ဒီတက္ကသိုလ်နယ်မြေဆိုတာ နယ်နယ်ရရ ဟုတ်ရိုးလား မောင်ရင်ရယ်။ ဗန်းမော်ကျောင်းတိုက်အနီးမှာ ရှိတဲ့နယ်မြေ။ ဗန်းမော်ဆရာတော်ဘုရား ဆိုတာ လူတိုင်းသိတယ်။ စကားအရာ အလွန်ကြွယ်ဝတဲ့သူ။ ဗန်းမော်ဆရာတော် ဘုရားကြီးနဲ့ စာဆို ဦးပုည ဆိုတာကလည်း အလွန်အင်မတန် ရင်းနှီးသကွဲ့။ ဒီမြေဟာ မြန်မာ့စာပေ အလင်္ကာမှာ အထင်ကရ ပုဂ္ဂိုလ်တွေ ခြေချခဲ့တဲ့မြေ"

သူတို့ပြော၍ မန္တလေးတက္ကသိုလ်မှ မွေးထုတ်ပေးခဲ့သော ဆရာတင်မိုး (ဆရာဂျမ်း)၊ မောင်ပေါက်စည်၊ ဆရာမောင်စွမ်းရည်၊ မြန်မာစာဆရာကြီး ဂုဏ်ထူး ဦးသိန်းနိုင်၊ ဆရာကြီး ဦးသာနိုး၊ ဆရာကြီး ဇော်ဇော်အောင်၊ ကဗျာဆရာကြီး ကြည်အောင်၊ ကဗျာဆရာကြီး ကိုလေး (အင်းဝဂုဏ်ရည်) တို့ကို ပြေးပြီး မြင်ယောင်လိုက်မိသည်။

နောက်ထပ် ကျောက်တိုင်ကြီးတစ်တိုင်က ကျွန်တော့်ကို ငုံ့ကြည့်ပြီး

စကားတစ်ခွန်း ဆိုလေ၏။

"စာရေးဆရာနဲ့ သတင်းစာဆရာ သခင်သိန်းဖေလို့ ခေါ်တဲ့ ဆရာသိန်းဖေမြင့်ကို မောင်ရင် သိပါတယ်နော်။ ဘုတလင်သား။ သူကလည်း ဟောဒီ တက္ကသိုလ်ကျောင်းတော်ကြီးရဲ့ သူရဲကောင်းတစ်ယောက်ပဲ။ ဟောဒီလှေကားထစ်ပေါ်မှာ ဖြတ်လျှောက်ခဲ့ဖူးတယ်ကွ"

နောက်ထပ် ကျောက်တိုင်ကြီးတစ်တိုင်က အားကျမခံ ပြန်ပြီး ပြောပြန်သည်။

"သခင်ဗဟိန်း ဆိုတာ အင်းဝသားပေါ့။ မန္တလေး ဥပစာကောလိပ်ရဲ့ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ။ ဆရာကြီး ဦးရာဇတ် တည်ထောင်တဲ့ အမျိုးသားကျောင်းထွက်။ ချောချောခဲ့ခဲ့ အညာသား။ 'မြင်းခွာတစ်ချက်ပေါက်ရင် မီးဟုန်းဟုန်း တောက်စေရမယ်' ဆိုတဲ့ အမျိုးသား အာဇာနည် သခင်ဗဟိန်း ဟော့ဒီ လှေကားထစ်ပေါ်မှာ ဖြတ်လျှောက်သွားခဲ့တာပေါ့။ ဒီကျောင်းမှာ ဖျောက်ဖျက်လို့မရတဲ့ သူရဲကောင်းတွေရဲ့ သမိုင်းတွေ ရှိတယ်။ သခင်ဗဟိန်းလို ကျောင်းသားမျိုး ဒီခေတ်မှာ မရှိသလောက် ရှားသွားပြီ"

ဆွေးဆွေးမြည့်မြည့်ဖြင့် ပြောလာသော ကျောက်တိုင်ကြီးကို ကြည့်ပြီး ကျွန်တော့်စိတ်ထဲမှာ စကားတချို့ ပြန်ပြောလိုက်မိသည်။

"အာဇာနည်သူရဲကောင်းတွေကို မချစ်တတ်တဲ့သူတွေ ကြီးစိုးတဲ့ ကာလမှာ အာဇာနည်သူရဲကောင်းတွေ ဘယ်လိုလုပ်ပြီး ပေါ်ပေါက်နိုင်မှာလဲ ခင်ဗျာ။ သခင်ဗဟိန်းရဲ့ အုတ်ဂူ 'ရဟိုင်း' သင်္ချိုင်းမှာ ရှိခဲ့ဖူးတယ်တဲ့။ အခု ဘယ်ရောက်သွားမှန်းတောင် မသိရတော့ဘူး။ ကျိုးကန်းတွေ၊ ကျိုးမည်းတွေ ကြီးစိုးနေတဲ့ကာလမှာ လှပတဲ့ ဒေါင်းတွေလည်း အနှိမ်ခံကြရတာပေါ့။ သူရဲကောင်းတွေကို သူရဲကောင်းလို့ အသိအမှတ်မပြုနိုင်တဲ့သူဟာ ဘယ်တော့မှ သူရဲကောင်း မဖြစ်နိုင်ဘူး။ ကျိုးကန်းတွေ၊ ကျိုးမည်းတွေက ဒေါင်းတွေရဲ့အလှကို မခံစားတတ်သလိုမျိုးပေါ့"

ကျွန်တော်က ဤသို့ တွေးတောနေစဉ် ပင်မ အဆောက်အအုံကြီး၏ သွပ်ခေါင်မိုးပေါ်၌ ကျိုးမည်းတစ်အုပ်က တဝုန်းဝုန်း တဒိုင်းဒိုင်းဖြင့် ပြေးလွှား ဆော့ကစားနေသည်ကို သတိပြုမိသည်။

နောက်ထပ် ကျောက်တိုင်ကြီးတစ်တိုင်က ပြောပြန်လေသည်။

"ဒီမယ် မှတ်ထား မောင်ရင်ရဲ့။ ငါတို့ မန္တလေး တက္ကသိုလ်ကြီး ဖြစ်လာဖို့ တကယ်ကျေးဇူးတင်ထိုက်တဲ့သူတွေ ရှိတယ်။ အဲဒီအထဲက ငါ မှတ်မိသလောက် ပြောရရင် ဆရာကြီး ဦးရာဇတ်။ သူက အမျိုးသား ကျောင်း အုပ်ကြီး။ သူ့ကျောင်းက ထွက်တဲ့ ကျောင်းသားတိုင်း တိုင်းပြည်ကို ချစ်တဲ့သူ၊ ကိုယ့်ဇာတိ၊ ကိုယ့်ရပ်ရွာကို စောင့်ရှောက်မယ့်သူ ဖြစ်စေချင်တယ်။ (၁၀)တန်း အောင်ပြီ ဆိုတော့ မန္တလေးဥပစာကောလိပ်ကို တက်ကြရတယ်။ မန္တလေး ဥပစာကောလိပ်မှာ (၂)နှစ် သင်ကြားပြီးတော့ ရန်ကုန်တက္ကသိုလ်မှာ (၂)နှစ် ဆက်ပြီး ပညာသင်ကြားရပြန်တယ်။ ရန်ကုန်တက္ကသိုလ်ကိုလည်း ရောက်ရော တိုင်းပြည်ချစ်စိတ်တွေ၊ မျိုးချစ်စိတ်တွေ မရှိကြတော့ဘူး။ I.C.S ဖြစ်ဖို့၊ B.C.S ဖြစ်ဖို့ ကြိုးစားကြတော့တယ်။ I.C.S, B.C.S ဆိုတာ အိန္ဒိယဘုရင်ခံ နယ်မြေတွေရဲ့ အုပ်ချုပ်ရေးကို တာဝန်ယူရတဲ့သူ။ မြို့အုပ်တို့၊ နယ်ပိုင်တို့ပေါ့။ ဗြိတိသျှ ပိုင်ဆိုင်တဲ့ ကိုလိုနီနယ်တိုင်းမှာ အုပ်ချုပ်ရေးတာဝန်ကို ယူတဲ့သူ။ လစာ ကောင်းတယ်။ တစ်နည်းပြောရရင် အင်္ဂလိပ်ရဲ့ ကျွန်။ ဒီတော့ အမျိုးသား ကျောင်းက မွေးထုတ်လိုက် ကျွန်ပညာရေးက ဝါးစားသွားလိုက်။ အဲဒီလို ဖြစ်နေတာကို ဆရာကြီး ဦးရာဇတ်က မကြိုက်ဘူး။ ဒါကြောင့် (၄)နှစ် သင်တန်း ဖွင့်လို့ရတဲ့ တက္ကသိုလ်ကျောင်းကြီး မန္တလေးမှာ ရှိစေချင်တယ်။ ရန်ကုန်တက္ကသိုလ်က သိပ္ပံဆိုင်ရာတွေအတွက် ကျောင်းတော်ကြီး ဖြစ်မယ် ဆိုရင် မန္တလေးတက္ကသိုလ်ဆိုတာ ထီးရိပ်၊ နန်းရိပ်၊ ယဉ်ကျေးမှုအငွေ့အသက် တွေ ရှိတဲ့ နေရာ။ အနုပညာ ယဉ်ကျေးမှုနဲ့ အမျိုးသားရေး စိတ်ဓာတ်တွေ နိုးကြားရမယ့်နေရာလို့ ခံယူတယ်။ ဒီအတွက် ၁၉၄၆ ဖဆပလ ကြားဖြတ် အစိုးရဖြစ်တဲ့အချိန်၊ ဆရာကြီး ဦးရာဇတ်က ပညာရေးဝန်ကြီး ဖြစ်လာတယ်။ ပညာရေးဝန်ကြီး ဖြစ်ဖြစ်ချင်းပဲ သူ ယုံကြည်စိတ်ချရတဲ့ စစ်ကိုင်းသား၊ စစ်ကိုင်း အမျိုးသားကျောင်းထွက်၊ မန္တလေး ဥပစာကောလိပ်ရဲ့ ကျောင်းသားဟောင်း၊ အင်္ဂလန်မှာ ဓာတုဗေဒ ဘာသာရပ်နဲ့ တက်ရောက်သင်ကြားခဲ့တဲ့သူ။ 'ဖုံးလုပ် နည်း' ဆောင်းပါး ရေးခဲ့ဖူးတဲ့သူ။ မျိုးချစ်စိတ်ဓာတ် အလွန်ပြင်းထန်တဲ့သူ။ 'ဦးကိုလေး'။ သူ့ကို မန္တလေးတက္ကသိုလ် ကောလိပ်ရဲ့ ဒုတိယ အဓိပတိအဖြစ် ခန့်ထားလိုက်တယ်။ ဒုတိယအဓိပတိ ဆိုတာ ဒီနေ့ခေတ်အခေါ် ကျောင်းအုပ် ကြီးပဲ။ ဒီကျောင်းကို စပြီး တည်ထောင်တဲ့ ရည်ရွယ်ချက်မှာ ပညာရေးအပေါ်

အခြေခံတဲ့ အမျိုးသားရေးစိတ်ဓာတ်တွေ ဖြစ်လာစေဖို့ပဲကွဲ့"

ဆရာကြီး ဦးကိုလေးကို ကျွန်တော် အလွန်စိတ်ဝင်စားပါသည်။ ဒေါက်တာ ဝေါလ်ပိုလာ၏ "What the Buddha Taught" ကို 'မြတ်ဗုဒ္ဓဒေသနာတော်'လို့ ဘာသာပြန်ခဲ့တဲ့ ဆရာကြီး ဦးကိုလေး။ ဆရာကြီး ဇေယျာမောင် အဖြစ် ရင်းနှီးခဲ့ရတဲ့သူ။ ၁၉၁၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့မှာ မွေးဖွားပြီး ၂၀၀၃ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့မှာ ကွယ်လွန်ခဲ့တဲ့သူ။

ဆရာကြီး၏ ကျေးဇူးကို အောက်မေ့မိပါသည်။

နောက်ထပ် ကျောက်တိုင်ကြီးတစ်တိုင်က ဤသို့ စကားဆိုပြန်၏။

"ဟဲ့ကောင်လေး၊ နင်က ဒီကျောင်းက ဘူမိဗေဒနဲ့ ဘွဲ့ရခဲ့တာဆို။ ဒါဆိုရင် ဆရာကြီး ဦးကိုလေးကို နင် ကောင်းကောင်းသိမှာပါ။ နင်တို့ဘူမိဗေဒဌာနရဲ့ ဖခင်ကြီး။ သိပ်တော်တဲ့ ဆရာကြီးဟဲ့။ ၁၉၄၆၊ မေလမှာ ဒီကျောင်းကို တာဝန်ပေးခြင်း ခံရတယ်။ ဟော… ဇူလိုင်လလည်း ရောက်ရောကျောင်းဖွင့်ဖို့ အဆင်သင့် ဖြစ်နေပြီတဲ့။ ဆရာကြီး ဦးကိုလေးက မန္တလေးကို သံယောဇဉ်ကြီးတယ်။ မန္တလေးမြို့သူ မြို့သားတွေကလည်း သူ့ကို ချစ်ကြတယ်။ ဒီတော့ ဒီကျောင်းကြီး အောင်မြင်တော့တာပေါ့။ နိုင်ငံတကာ အတွေ့အကြုံရှိတဲ့ ဆရာကြီး ဖြစ်ပြန်တော့ အမြင်ကျယ်တာပေါ့ကွယ်။ သူ့ရဲ့ ကြိုးစားမှုကြောင့် ဒီတက္ကသိုလ်ကြီး အခြေခံခိုင်မာခဲ့တာ။ အခု မြင်တွေ့နေရတဲ့ ရွှေပြည်အေးဆောင်၊ အောင်မင်္ဂလာဆောင်၊ ရတနာပုံဆောင်၊ သစ္စာဆောင်တို့ဆိုတာ ဆရာကြီး ဦးကိုလေး ဖန်ဆင်းခဲ့တာ။ 'ရာဇတ်'ဟော ဆိုတာ တစ်ချိန်က စာကြည့်တိုက်။ ကျေးဇူးရှင်ဖြစ်တဲ့ ဆရာကြီး ဦးရာဇတ်ကို ဂုဏ်ပြုထားတာ။ မင်းပဲ စဉ်းစားကြည့်စမ်း။ ဒီကျောင်းကြီးသာ အထက်မြန်မာပြည်မှာ မရှိခဲ့ရင် ပညာတတ်တွေ ဘယ်လောက်နည်းသွားမလဲ။ အာဏာရှင်တို့၊ မတရားအုပ်ချုပ်သူတို့ ဆိုတာ လူငယ်တွေ ပညာတတ်ဖြစ်လာမှာကို သိပ်ပြီး စိုးရိမ်တတ်ကြတယ်။ ကြောက်ကြတယ်။ ဒါဟာ အာဏာရှင်တွေရဲ့ သဘာဝပဲ။ အဲဒီကြားထဲက ပညာတတ်တွေ၊ သူရဲကောင်းတွေ မွေးဖွားပေးဖို့ အချိန်ပြည့် ကြိုးစားခဲ့တဲ့ဆရာကြီး ဦးကိုလေး။ ဒါပေမဲ့ကွယ် ဒီကနေ့အထိ ဒီကျောင်းတော်ကြီးမှာ 'ဆရာကြီး ဦးကိုလေး'ခန်းမ ဆိုတာ မရှိခဲ့ဘူး။ မရှိသေးဘူး။ အံ့ဩစရာအလွန်ကောင်းလိုက်တာ။ 'ဆရာကြီး ဦးကိုလေး'နဲ့အတူတူ လက်တွဲ လုပ်

ဆောင်ခဲ့ကြတဲ့ ဆရာတွေရဲ့ နာမည်ကို ဂုဏ်ပြုထားတဲ့ အဆောက်အအုံတွေ၊ လမ်းတွေဆိုတာ ဘယ်မှာရှိလို့တုံး။ ဆရာကြီး ဦးရာဇတ်ရဲ့ ရုပ်တုထားဖို့အတွက် တောင် အကြီးအကျယ်ကြီး ညှိနှိုင်းနေကြရတယ်။ အမိန့်ခံယူနေကြရတယ်။ ဒီလိုပဲ ကျေးဇူးရှင် 'ဆရာကြီး ဦးကိုလေး'ရဲ့ ကိုယ်တစ်ပိုင်းရုပ်တု။ ဟောဒီ ပင်မဆောင်ရှေ့က မြက်ခင်းပြင်ပေါ်မှာ မရှိသင့်ဘူးလားကွာ။ ကျေးဇူးမသိ တတ်တဲ့သူတွေကို ပညာတတ်လို့ မခေါ်သင့်ဘူး ကလေးရဲ့။ ကျေးဇူးကန်းခြင်း ဆိုတာ ပညာမဲ့တွေရဲ့အလုပ်။ ဟိုမှာ တွေ့လား၊ လှေကားထစ်တွေ။ လှေကား ထစ် ဆိုတာ အမြင့်ကို တက်ဖို့အတွက် ကျေကျေနပ်နပ်ကြီး အနင်းခံပေးနေ တဲ့သူ။ အဲဒီ လှေကားထစ်လို စိတ်ဓာတ်မျိုးရှိတဲ့ ပါမောက္ခတွေ၊ ပညာတတ် တွေ၊ ခေါင်းဆောင်တွေ ဒီကျောင်းမှာ များများပေါ်ထွက်လာဖို့ လိုတယ်"

သူတို့ကို ကျွန်တော့်စိတ်ထဲက စကားတစ်ခွန်း ပြန်၍ ပြောနေမိသည်။

"ဒီမယ်ဗျာ၊ ဆရာကြီး ဦးကိုလေးက ၁၉၆၁ မှာ မန္တလေးတက္ကသိုလ် ဒုတိယအဓိပတိ ကျောင်းအုပ်ကြီး ဘဝကနေပြီး အနားယူပြီးတဲ့နောက် ဘာတွေ ဆက်ဖြစ်သလဲ။ သိကြရဲ့လား။ ဒီလောက် တိုင်းပြည်အတွက် အနစ်နာခံခဲ့တဲ့ ကျောင်းအုပ်ကြီး။ အလုပ်လုပ်ခဲ့တဲ့ ပညာရှင်ကြီး။ ပြင်ဦးလွင်မှာ အခြေချတယ်။ ပင်စင်လစာလေး မဖြစ်စလောက်နဲ့ အသက်ကြီးတောင့်ကြီးမ ဖြစ်တဲ့အချိန်။ ဝင်ငွေကလည်း မရှိ၊ သားသမီးကလည်း မရှိ။ ဒီတော့ ဆရာကြီးက အင်္ဂလိပ် လို ဘာသာပြန်တဲ့အလုပ်ကို တစ်ဖက်က လုပ်။ တစ်ဖက်ကလည်း ကျူရှင်ပြပြီး ဘဝကို ရုန်းကန်ရသတဲ့။ ဒီလိုပဲ ဆရာကြီး ကတော်ကလည်း မက်မန်းသီးတွေ၊ မက်မန်းပေါင်းတွေ ရောင်းပြီး ဘဝကို ဖြတ်သန်းရသတဲ့။ တွေးကြည့်ရင် ဝမ်းနည်းစရာကောင်းလိုက်တာဗျာ။ နောက်ဆုံး ဆရာကြီး ဦးဘခင်၊ ဝေဘူ သာရာတော်ဘုရားကြီး၊ ဆရာကြီး ဦးဂိုအင်ကာတို့နဲ့ တွေ့ပြီး ဝိပဿနာကမ္မဋ္ဌာန အလုပ်တွေကို တစိုက်မတ်မတ် လုပ်ရှာသတဲ့။ သူ ပိုင်တဲ့ ပြင်ဦးလွင်က မြေနဲ့ တိုက်ကို ရောင်းပြီး ဘာသာရေးအတွက် လှူဒါန်းလိုက်တယ်။ ပြီးတော့ ရန်ကုန် ကမ္ဘာအေးကုန်းမြေ 'ဓမ္မယျာဠ္ဌမြေ' ဆိုတဲ့ ဧည့်ရိပ်သာမှာ ကွယ်လွန် တဲ့အထိ နေသွားပြီး ဗုဒ္ဓစာပေတွေကို တစ်ကမ္ဘာလုံး ဖတ်ကြားနိုင်အောင် အင်္ဂလိပ်လို ဘာသာပြန်ပေးသွားသတဲ့။ ဒါပေမဲ့ဗျာ... ဂုဏ်ပြုထိုက်တဲ့သူကို ဂုဏ်ပြုရမယ့်စကား ပြောနေကြတဲ့ သူတွေကိုယ်တိုင် လက်တွေ့ ဒီကနေ့အထိ

ဆရာကြီး ဦးကိုလေးကို ဂုဏ်ပြုရကောင်းမှန်း မသိကြပါဘူးဗျာ။ လာမယ့် ဩဂုတ်လ ၂၃ ရက်နေ့ဆိုရင် 'ဆရာကြီး ဦးကိုလေး' နှစ်(၁၀၀)ပြည့် မွေးနေ့ဗျ။ အလကားပါဗျာ… ကျေးဇူးတရား မသိတတ်ကြပါဘူး''

ထိုအချိန်တွင် သွပ်မိုးအပေါ်၌ နားခိုနေကြသော ကျီးမည်းတစ်အုပ်သည် ပင်မဆောင်၏ လှေကားထစ်ပေါ်သို့ ဝဲပျံဆင်းသက်လာကြလေသည်။ ထိုကျီးမည်းများကို ကြည့်ပြီး ပင်မဆောင်မှ ကျွန်တော် ထွက်ခွာလာခဲ့၏။

အလို…

ကျီးမည်းတွေ၊ ကျီးကန်းတွေ။

မန္တလေးတက္ကသိုလ် ပင်မဆောင်ရဲ့ လှေကားထစ်တွေပေါ်မှာ တစ်ထစ်ပြီး တစ်ထစ် တက်လိုက်၊ ဆင်းလိုက်နဲ့။

'တ… အာ… အာ…' နဲ့။

အော်မြည်ပျော်ရွှင်နေကြပါရော့လား။

✿ ✿ ✿



**သူဆင်းရဲတို့၏ သူတော်စင်**

ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင် မာသာထရီဇာ

(၂၆-၈-၁၉၁၀ မွေးဖွား၊ ၅-၉-၁၉၉၇ ကွယ်လွန်)



**သူဆင်းရဲတို့၏ သူတော်စင်**

ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင် မာသာထရီဇာ

(၂၆-၈-၁၉၁၀ မွေးဖွား၊ ၅-၉-၁၉၉၇ ကွယ်လွန်)

✿ လူဆိုတာ သက်ရှိတွေထဲမှာ
အသိဉာဏ်အရှိဆုံးလို့ ပြောကြတယ်။

✿ အသိဉာဏ် အနိမ့်အမြင့်ကို
အတ္တ အနည်း အများနဲ့ တိုင်းတယ်။

✿ အတ္တကြီးခြင်းဟာ အသိဉာဏ် နိမ့်ခြင်းပဲ။
အသိဉာဏ် နိမ့်ခြင်းဟာ တိရစ္ဆာန်စိတ်ဓာတ်ပဲ။

✿ အများအကျိုး ဆောင်ရွက်ခြင်းဟာ
အသိဉာဏ် မြင့်မားခြင်းပဲ။

✿ အသိဉာဏ်မြင့်မားခြင်းဟာ 'လူသားဆန်တဲ့စိတ်'ပဲ။
ဒီတော့ မင်းတို့ ငါတို့ ပတ်ဝန်းကျင်မှာ
အတ္တအားကြီးတဲ့လူတွေ ရှိနေရင် ...
သူတို့ဟာ အမြီးမပါတဲ့ တိရစ္ဆာန်တွေပဲ။

## သူဆင်းရဲတို့၏ သူတော်စင်

"လာမယ့် ဩဂုတ်လ ၂၆ ရက်နေ့ဟာ ကရုဏာရှင်၊ မေတ္တာရှင်၊ ငြိမ်းချမ်းရေးတို့ရဲ့ မိခင် 'မာသာထရီဇာ' မွေးတဲ့နေ့ပဲ"

အပြင်မှာ မိုးတွေ ရွာနေသည်။ မန္တလေးသူ၊ မန္တလေးသားတို့သည် မိုးရွာလျှင် အိမ်ထဲက အိမ်ပြင် မထွက်ကြ။ မိုးရွာသဖြင့် စာသင်ခန်းအတွင်း၌ လူမစုံ။ ဆရာတွေကလည်း မိုးရွာသဖြင့် ခွင့်ယူထားကြလေ၏။ ထို့ကြောင့် လူနည်းနည်း စာသင်ခန်းတစ်ခုဆီသို့ စာသင်ကြားပေးဖို့ ကျွန်တော် ရောက်အသွား… 'မာသာထရီဇာ'အကြောင်းကို မိုးစက် မိုးပေါက်တွေ ကြားမှာ ပြောဖြစ်ခဲ့သည်။

"မာသာထရီဇာကို ဘယ်သူ ကြားဖူးသလဲဟေ့"

ကျောင်းသူတစ်ယောက်က ထပြီး ဖြေ၏။

"သမီး ကြားဖူးပါတယ်။ ပရဟိတမိခင်ကြီးလို့ တင်စားကြသတဲ့။ ဟုတ်လား ဆရာ"

"နောက်တစ်ယောက်လောက် ထပြီး ဖြေပါဦး"

"ကျွန်တော် သိတယ်။ ကမ္ဘာမှာ မာသာထရီဇာ။ မြန်မာပြည်မှာ သဲကုန်းဆရာတော် ရှင်ဉာဏိဿရ။ ရန်ကုန်မှာ ဒေါ်သန်းမြင့်အောင်"

"အေး… ဟုတ်ပြီ။ နောက်တစ်ယောက်လောက်…"

"မာသာထရီဇာက အိန္ဒိယနိုင်ငံသူ မဟုတ်ဘူး ဆို။ မက်စ်ဆီဒိုးနီးယားသူဆို။ အဲဒီလောက်တော့ ကြားဖူးတယ်ရှင့်"

"ဟုတ်တယ်၊ မာသာထရီဇာက အများကို ကယ်တင်စောင့်ရှောက်ဖို့အတွက် ဘုရားသခင်က စေလွှတ်လိုက်တဲ့ မေတ္တာရှင် တမန်တော်တစ်ဦးပဲ။ သူက ၁၉၁၀၊ ဒီလို ဩဂုတ်လ ၂၆ ရက်နေ့မှာ မွေးတယ်။ လာမယ့် ဩဂုတ်လ

၂၆ ရက်နေ့ဟာ သူ့ရဲ့ (၁၀၃)နှစ်မြောက် မွေးနေ့ပဲ။ အဲဒီလို ကရုဏာရှင်၊ မေတ္တာရှင်တစ်ယောက် လောကကြီးထဲကို ရောက်လာခြင်းဟာ ကမ္ဘာ့ငြိမ်းချမ်းခြင်းပဲ။ ကမ္ဘာ့ကျက်သရေပဲ။ ကမ္ဘာ့ရတနာပဲ''

''သမီး သိချင်လို့ပါ။ မာသာထရီဇာက အိန္ဒိယနိုင်ငံမှာ မမွေးဘဲ အိန္ဒိယကို ဘာကြောင့် ရောက်လာရသလဲရှင့်''

''ဒီလိုကွဲ့၊ မာသာထရီဇာရဲ့ ငယ်နာမည်က 'အဂ္ဂနိစ်'။ ခရစ်ယာန်ဘာသာဝင်တစ်ဦး။ သူ ကျောင်းနေစဉ်အရွယ် (၁၂)နှစ်သမီးလောက်မှာ အိန္ဒိယနိုင်ငံအကြောင်းကို ဆရာတွေ သင်ကြားပေးလို့ သိခဲ့ရဖူးတယ်။ အိန္ဒိယနိုင်ငံမှာ ခိုကိုးရာမဲ့တွေ၊ အိမ်မဲ့ရာမဲ့တွေ၊ ဒုက္ခရောက်နေတဲ့သူတွေ အများကြီးပဲ ရှိတယ်တဲ့။ လူဆိုတာ လူသားအချင်းချင်း တစ်ယောက်ကို တစ်ယောက် ကူညီဖို့၊ ဖေးမဖို့၊ ကယ်တင်ဖို့၊ စောင့်ရှောက်ဖို့၊ မေတ္တာထားဖို့၊ စေတနာထားဖို့ မွေးဖွားလာခြင်းပဲတဲ့။ အဲဒီလို သူ့ရဲ့ ဆရာတွေက စာသင်ခန်းထဲမှ သင်ကြားပို့ချပေးတယ်။ ဒါကြောင့် မာသာထရီဇာ ဖြစ်လာမယ့် မိန်းကလေးဟာ ငယ်စဉ်ကတည်းက လူသားဆန်တဲ့စိတ်တွေ ပေါ်ပေါက်လာခဲ့ရတယ်''

''လူသားဆန်တဲ့စိတ် ဆိုတာ ဘာလဲ ဆရာ။ ကျွန်တော် မသိလို့ မေးတာပါ ခင်ဗျ''

''ဒီလိုရှိတယ်။ လူဆိုတာ သက်ရှိတွေထဲမှာ အသိဉာဏ်အရှိဆုံးလို့ ပြောကြတယ်။ အသိဉာဏ် အနိမ့်အမြင့်ကို အတ္တအနည်း အများနဲ့ တိုင်းတယ်။ အတ္တကြီးခြင်းဟာ အသိဉာဏ်နိမ့်ခြင်းပဲ။ အသိဉာဏ်နိမ့်ခြင်းဟာ တိရစ္ဆာန်စိတ်ဓာတ်ပဲ။ အများအကျိုး ဆောင်ရွက်ခြင်းဟာ အသိဉာဏ်မြင့်မားခြင်းပဲ။ အသိဉာဏ်မြင့်မားခြင်းဟာ လူသားဆန်တဲ့စိတ်ပဲ။ ဒီတော့ မင်းတို့၊ ငါတို့ ပတ်ဝန်းကျင်မှာ အတ္တအားကြီးတဲ့လူတွေ ရှိနေရင် သူတို့ဟာ အမြီးမပါတဲ့ တိရစ္ဆာန်တွေပဲ။ မှတ်ထားကြ''

ကျောင်းသူတစ်ယောက်က မေးပြန်သည်။

''မာသာထရီဇာက အိန္ဒိယကို ရောက်တော့ ဘယ်မှာ နေသလဲရှင့်။ ဘာလုပ်သလဲရှင့်''

''အိန္ဒိယနိုင်ငံရဲ့ အရှေ့မြောက်ပိုင်း၊ ဟိမဝန္တာတောင်တန်းရဲ့ အခြေ၊ အလွန်အေးမြပြီး လှပတဲ့ ဒါဂျီလင် ဆိုတဲ့ မြို့မှာ ခရစ်ယာန်သီလရှင်အဖြစ်

နေထိုင်ခဲ့တယ်။ ရုံဖန်ရုံခါမှာ ကာလကတ္တားကို ရောက်တယ်။ နှစ်ပေါင်း (၂၀)လောက် ဒါဂျီလင်မှာပဲ ကျောင်းသူ၊ ကျောင်းသားတွေကို စာသင်တဲ့ဆရာ အဖြစ် နေထိုင်ခဲ့တယ်။ သူ့အသက် (၃၆၊ ၃၇)မှာ ဒီလို တွေးမိသတဲ့။ ငါ ကိုးကွယ်ယုံကြည်တဲ့ ဘုရားသခင်ဟာ လူသားတွေကို ကယ်တင်တဲ့သူ။ ကရုဏာ ထားတော်မူခဲ့တဲ့သူ။ မေတ္တာတော်အနန္တနဲ့ လောကကြီးကို ငြိမ်းချမ်းစေခဲ့တဲ့သူ။ ဘုရားသခင်ကို ချစ်တယ်၊ ကြည်ညိုတယ်၊ ယုံကြည်တယ်လို့ ပြောနေတဲ့ငါ။ ဘုရားသခင်ကို တကယ်ချစ်ရင် ဘုရားသခင် လမ်းစဉ်အတိုင်း လုပ်သင့်တာ ပေါ့။ ဒါမှ ဘုရားသခင်ကို လေးစားရာရောက်မယ်။ ကြည်ညိုရာ ရောက်မယ်။ ချစ်ခင်ရာ ရောက်မယ်။ ဒီအတွက် ကာလကတ္တားမြို့မှာ ရှိတဲ့ ဆင်းရဲနွမ်းပါး သူတွေ၊ ခိုကိုးရာမဲ့သူတွေ၊ ရောဂါဘယ ဖိစီးနှိပ်စက်မှုကြောင့် ဒုက္ခရောက် နေသူတွေကို ငါ နိုင်သလောက် စောင့်ရှောက်မယ်။ ကယ်တင်မယ်။ အဲဒီလို တွေးပြီး ဆုံးဖြတ်ချက်ချတယ်။ အဲဒီအချိန်တုန်းက ၁၉၄၆ ဝန်းကျင်လောက် နေမှာပေါ့။ အိန္ဒိယနိုင်ငံမှာ ဒုတိယကမ္ဘာစစ်ကြီးအပြီး လွတ်လပ်ရေးကြိုးပမ်း နေစဉ်ကာလ။ ကာလကတ္တားကို မာသာထရီဇာ ရောက်လာတော့တယ်"

ကျောင်းသားတစ်ယောက်က မေးလေ၏။

"ဘာကြောင့် 'အဂ္ဂနိစ်' ဆိုတဲ့ နာမည်က နေပြီး 'မာသာထရီဇာ' ဖြစ်သွားရတာလဲ ခင်ဗျ"

" 'အဂ္ဂနိစ်'ဆိုတာ သူ့ရဲ့မွေးနာမည်။ ငယ်နာမည်။ ဒါပေမဲ့ ဒုက္ခနဲ့ ပူဆွေးမှုကြောင့် သောကရောက်နေရသူတွေကို ကယ်တင်ဖို့အတွက် သူ လေးစားမြတ်နိုးတဲ့ သူတော်စင်တစ်ဦးရဲ့ နာမည်ကို သူက ယူလိုက်တယ်။ အဲဒါ 'ထရီဇာ'ပဲ။ 'ထရီဇာ'ဆိုတဲ့ နာမည်ကို ခံယူလိုက်ခြင်းဟာ အများ အကျိုး ဆောင်ရွက်ဖို့ ဆုံးဖြတ်လိုက်ခြင်းပဲ။ ခရစ်ယာန်သာသနာမှာ ဆရာမတွေ ကို 'စစ္စတာ'လို့ သုံးတယ်။ ဒါပေမဲ့ အသက် (၄၀)နီးပါး 'ထရီဇာ'ကိုတော့ 'စစ္စတာ ထရီဇာ' မခေါ်ကြဘဲ 'မာသာထရီဇာ'လို့ ခေါ်ကြတယ်။ 'မာသာ' ဆိုတာ 'အမေ'ပေါ့။ 'အမေ'တစ်ယောက်လို ချစ်ပါရစေ။ ချစ်ခွင့်ပေးပါ။ အားကိုးပါရစေ။ အားကိုးခွင့်ပြုပါ။ ယုံကြည်ပါရစေ။ ယုံကြည်ခွင့်ပြုပါ ဆိုတဲ့ သဘောနဲ့ 'မာသာ' ဆိုတဲ့ နာမည်ကို ဒုက္ခရောက်နေသူတွေက အားကိုးတကြီးနဲ့ ထည့်ပြီး ခေါ်ဆိုကြရင်း 'မာသာထရီဇာ' ဖြစ်လာခဲ့ရတာပဲ"

နောက်ထပ် ကျောင်းသူတစ်ယောက်က စိတ်ဝင်တစားဖြင့် မေး၏။

"အိန္ဒိယနိုင်ငံက သမီးတို့နိုင်ငံထက် ဆင်းရဲသလားရှင့်"

"အဲဒီအချိန်တုန်းကတော့ တို့နိုင်ငံက အိန္ဒိယနိုင်ငံထက် အများကြီး သာတာပေါ့ကွာ။ အိန္ဒိယနိုင်ငံက လူဦးရေကလည်း များ။ နိုင်ငံကြီးကလည်း အကြီးကြီးဆိုတော့ အစိုးရရဲ့ စီမံခန့်ခွဲမှု မှန်သမျှဟာ လူထုထံကို တကယ် မရောက်ဘူး။ အဲဒီအချိန်မှာ ကာလကတ္တားမှာ လူဦးရေ (၈)သန်းလောက် ရှိသတဲ့။ နယ်က၊ ရွာက တက်လာတဲ့လူတွေဆိုတာ နေ့စဉ်နဲ့အမျှ အများကြီးပဲ တဲ့။ ဒီတော့ ကာလကတ္တားဆိုတဲ့ မြို့ပြကြီးဟာ လူတစ်စုအတွက်တော့ နတ်ဘုံ၊ နတ်နန်းကြီးပေါ့။ အများစုဖြစ်တဲ့ ပြည်သူပြည်သားတွေအတွက်တော့ ငရဲဘုံ၊ ငရဲနန်းတော်ကြီးပေါ့"

နောက်ထပ် ကျောင်းသူတစ်ယောက်က မေးပြန်သည်။

"နတ်ဘုံနဲ့ ငရဲဘုံကို ဆရာက ဘယ်လိုလုပ်ပြီး ခွဲခြားထားသလဲရှင့်"

"သမီးရယ်၊ အောက်ခြေလူတန်းစား တော်တော်များများဟာ စားချင်တာ မစားရ။ စားစရာလည်း မရှိ။ နေစရာ၊ ခိုကိုးစရာလည်း မရှိ။ လမ်းပေါ်မှာ အိပ်၊ လမ်းပေါ်မှာ စား၊ လမ်းပေါ်မှာ နေ၊ လမ်းပေါ်မှာ သေကြရတဲ့ဘဝ။ ဒါဟာ ငရဲဘုံပေါ့။ တစ်နေ့တော့ အမှိုက်ပုံမှာ အမျိုးသမီးတစ်ယောက် လဲကျ မေ့မြောနေသတဲ့။ ဘယ်သူကမှ မကူညီကြဘူး။ မကယ်တင်ကြဘူး။ သေပြီဆိုပြီး ပစ်ထားကြတယ်။ မာသာထရီဇာက တွေ့တော့ သူကိုယ်တိုင် ပွေ့ချီပြီး ဆေးရုံကို သွားတယ်။ ဆေးရုံတွေက အဲဒီလို ကျောမွဲ လူတန်းစားအတွက် နေရာမပေးဘူး။ နေရာမရှိဘူး"

"ဟယ်... ငါတို့ဆီနဲ့ သိပ်မကွာဘူးတော့"

စာသင်ခန်းထဲမှ စကားသံ တိုးတိုးညင်းညင်း ထွက်လာ၏။

"အဲဒီအချိန်ကတည်းကစပြီး မာသာထရီဇာရဲ့ စိတ်ထဲမှာ ကယ်တင် စောင့်ရှောက်ခွင့်ကို ပေးသနားတဲ့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို အောက်မေ့ပြီး အခြေမဲ့ အနေမဲ့တွေရဲ့ ဘဝကို စောင့်ရှောက်ဖို့ သူ့ဘဝကို ပြောင်းလဲ ပစ်လိုက်တော့တယ်။ ၁၉၄၈။ သူ့အသက် (၃၈)နှစ်မှာ အိန္ဒိယနိုင်ငံသူအဖြစ် လုံးဝ ခံယူလိုက်တော့တယ်။ ကလေးတွေကို စာသင်ပေးတယ်။ ပုံပြောပြတယ်။ နာမကျန်းသူတွေကို ဆေးကုပေးတယ်။ စားစရာမရှိသူတွေကို ရှာဖွေကျွေးမွေး

တယ်။ စောင့်ရှောက်တယ်။ သူကိုယ်တိုင် အိန္ဒိယအမျိုးသမီးတွေလို ဆာရီကို ဝတ်တယ်။ သူ အမြဲဝတ်တဲ့ ဆာရီက အဖြူရောင်။ အနားမှာတော့ အပြာရောင် ကွပ်ထားတယ်။ အဲဒါ မာသာထရီဇာရဲ့ ဖက်ရှင်ပဲ။ သူ့လုပ်ငန်းကို ဝင်ရောက်ပြီး ကူညီကြတဲ့ အမျိုးသမီးတွေဟာလည်း သူ့လို ဝတ်ဆင်ကြတယ်။ ဒီလိုနဲ့ ကူညီသူတွေ တဖြည်းဖြည်း များလာတယ်"

ကျောင်းသားတစ်ယောက်က မေးသည်။

"ဆရာရယ်၊ မာသာထရီဇာက ခရစ်ယာန်ဘာသာဝင်။ အိန္ဒိယက ဟိန္ဒူနဲ့ အစ္စလာမ်ဘာသာ ကိုးကွယ်သူတွေ။ အယူအစွဲကြီးတဲ့သူတွေ။ ဒီတော့ ပဋိပက္ခတွေ မဖြစ်ကြဘူးလား။ သံသယတွေ မဝင်ကြဘူးလား"

"ဖြစ်တာပေါ့ကွ။ ဒါပေမဲ့ မာသာထရီဇာရဲ့ လုပ်ရပ်က ရိုးသားတယ်။ ဖြူစင်တယ်။ ဟန်ဆောင်ပန်ဆောင် လုပ်တာ မဟုတ်ဘူး။ အများအတွက် ရည်ရွယ်တာ။ ခရစ်ယာန်သာသနာပြုနေခြင်း မဟုတ်ဘူး။ တကယ်တော့ ဘာသာတရားတိုင်းမှာ မေတ္တာတရားဆိုတာ အခြေခံပဲ။ တကယ်မေတ္တာရှိတဲ့ သူတော်စင်မကြီးဆိုတော့ သူ့ရဲ့ လုပ်ရပ်တွေဟာ အောင်မြင်ခြင်းနဲ့အတူတူ သီးပွင့်လာခဲ့ရတယ်။ သူ့ရဲ့ အဖွဲ့ကို 'စေတနာရှင်များအဖွဲ့ချုပ်' လို့ ခေါ်ဝေါ် သတ်မှတ်ခဲ့တယ်။ သူ့ရဲ့ နေရာဟာ မေတ္တာတွေ၊ ကရုဏာ၊ အကြင်နာတွေနဲ့ ထွေးပိုက်ယုယပေးမယ့် မိခင်တစ်ယောက်ရဲ့ ရင်ခွင်။ နှလုံးသားဗိမာန်"

ကျောင်းသူတစ်ယောက်က ပြောသလိုနှင့် မေးသည်။

"ဟုတ်တယ်နော် ဆရာ။ မေတ္တာတရားဆိုတာ လူသားတိုင်းရှိသင့်တဲ့ တရားပဲ။ မေတ္တာရှိခြင်း၊ မရှိခြင်းဟာ ကိုးကွယ်တဲ့ ဘာသာတရားမှာ မူမတည်ဘူး။ လူသားစိတ်ဓာတ် အမှန်တကယ် ရှိ၊ မရှိပေါ်မှာပဲ မူတည်တယ်။ လူသားစစ်စစ်တိုင်းဟာ မေတ္တာတရားပေါ်မှာ ဘဝကို တည်ဆောက်ကြတယ်။ သမီးတို့ တိုင်းပြည်မှာ လူစစ်စစ်တွေ နည်းလိုက်တာ ဆရာရယ်။ တစ်ယောက်ကို တစ်ယောက် မေတ္တာမထားနိုင်ကြဘူး။ မနာလိုမှုတွေ၊ ဝန်တိုမှုတွေ၊ အပုပ်ချမှုတွေ၊ ကဲ့ရဲ့မှုတွေနဲ့နော်။ အံ့ဩစရာ ကောင်းလိုက်တာ"

"သမီးပြောတာ မှန်တယ်။ အခု ဆရာတို့ တိုင်းပြည်မှာ ဖြစ်ပျက်နေတာတွေဟာ နိုင်ငံရေးပြဿနာ မဟုတ်ဘူး။ မေတ္တာတရား ခေါင်းပါးခြင်းကြောင့် ဖြစ်နေရတဲ့ ပြဿနာ။ စေတနာ မမှန်ကန်မှုကြောင့် ပေါ်ပေါက်နေရတဲ့

ပြဿနာ။ စည်းကမ်းမရှိလို့ ကြုံတွေ့နေရတဲ့ ပြဿနာ။ အသိဉာဏ်ခေါင်းပါးမှုကြောင့် ဖြစ်ပေါ်နေရတဲ့ ပြဿနာပဲ သမီးရေ။ မာသာထရီဇာက အနာကြီးရောဂါသည်တွေကိုလည်း ဆေးကုပေးတယ်။ ဆေးကျွေးတယ်။ မေတ္တာထားတယ်။ ဒါကြောင့် မာသာထရီဇာကို ချစ်သူ၊ ခင်သူတွေ ပေါများရတာပေါ့။ ၁၉၆၄ မှာ အိန္ဒိယကို ပုပ်ရဟန်းမင်းကြီး ရောက်လာတယ်။ မာသာထရီဇာ အသုံးပြုဖို့အတွက် သူ စီးတဲ့ကားကို ပေးခဲ့တယ်။ မာသာထရီဇာက အဲဒီကားကို ရောင်းပြီး အနာကြီးရောဂါသည်တွေအတွက် နေစရာတွေ ဆောက်လုပ်ပေးသတဲ့လေ။ အတုယူဖို့ကောင်းတယ်ဟော့''

ကျောင်းသားတစ်ယောက် မေးသည်။

''မာသာထရီဇာက ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ရဖူးတယ်ဆို။ ဟုတ်ပါသလား ဆရာ''

''ဟုတ်တယ်၊ ၁၉၇၉ မှာ ရခဲ့တာ။ သူ ရတဲ့ ဆုကြေးငွေတွေကို သူ့အတွက် မသုံးဘူး။ ဒီလိုပဲ သူ့ကို ကျွေးမယ့် ညစာစားပွဲကိုလည်း မကျင်းပပါနဲ့တဲ့။ အဲဒီ ကုန်ကျငွေကို သူက တောင်းတယ်။ နိုဘယ်လ်ဆုက ရတဲ့ငွေနဲ့ပေါင်းပြီး ဆင်းရဲဒုက္ခရောက်နေသူတွေအတွက် နေစရာတွေ၊ စာသင်ကျောင်းတွေ၊ ဆေးပေးခန်းတွေ ဖန်တီးပေးတယ်။ သူ့ရဲ့ ဂေဟာမှာ အဘိုးအို၊ အဘွားအိုကြီးတွေအစ ကျပ်မပြည့်တဲ့သူတွေအပါအဝင် ကလေးငယ်တွေအဆုံး ကယ်တင်စောင့်ရှောက်ထားတယ်။ သူ့ရဲ့ဂေဟာထဲက နေပြီး အောင်မြင်ထွန်းပေါက်သွားသူတွေ အိန္ဒိယနိုင်ငံမှာ အများကြီးပဲ ရှိတယ်။ အင်္ဂလန်နိုင်ငံရဲ့ 'လေဒီဒိုင်ယာနာ' မင်းသမီးတို့၊ ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်တို့ ဆိုတာ မာသာထရီဇာကို အလွန်ပဲ လေးစားကြည်ညိုကြသတဲ့။ ၁၉၉၇၊ စက်တင်ဘာလ (၅)ရက်။ သူ့အသက်(၈၇)နှစ်မှာ 'သူဆင်းရဲတို့၏ သူတော်စင် မာသာထရီဇာ' ကွယ်လွန်ရှာတယ်။ သူ့ရဲ့ ဈာပန အခမ်းအနားမှာ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ ပါဝင်သလို နိုင်ငံပေါင်းစုံက ခေါင်းဆောင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ပညာရှင်ကြီးတွေ ကိုယ်တိုင် လာရောက်ပြီး ဂါရဝပြုကြရတယ်''

ကျောင်းသားတစ်ယောက်က ပြောသည်။

''အဲဒီလို လူတွေရဲ့ချစ်ခင်ခြင်း၊ ကြည်ညိုခြင်း၊ လေးစားခြင်း၊ အားကျခြင်း ခံရတဲ့သူတွေ ကွယ်လွန်သွားတာ အလွန်နှမြောစရာ ကောင်းတယ်နော်''

“ဟုတ်တယ်ကွဲ့၊ မာသာထရီဇာ ပြောဖူးတယ်။ ဘုရားသခင် ခရစ်တော်ယေရှုက လက်ဝါးကပ်တိုင်ပေါ်မှာ သေအံ့ဆဲဆဲဖြစ်နေသခိုက် ‘ကျုပ် ရေဆာတယ်’ လို့ ပြောတာဟာ ‘မေတ္တာကို တောင့်တခြင်း’ သာ ဖြစ်တယ်။ ‘မေတ္တာတရား’ ဆိုတာ ဆင်းရဲသူဖြစ်စေ၊ ချမ်းသာသူဖြစ်စေ၊ အောင်မြင်သူ ဖြစ်စေ၊ ကျဆုံးသူဖြစ်စေ၊ ရှင်ဘုရင်ပင်ဖြစ်စေ၊ ကျေးကျွန်ပင်ဖြစ်စေ ရေဆာ သလို အမြဲတမ်း ဆာလောင်မွတ်သိပ် သောက်သုံးခွင့် ရချင်ကြတာချည်းပဲတဲ့။ မေတ္တာပန်းရနံ့တွေကို ရှုရှိုက်ခွင့် ရချင်တဲ့သူဟာ မေတ္တာမျိုးစေ့ကို ကြဲပက် စိုက်ပျိုးမှ ဖြစ်မယ်။ အရှုးတွေကတော့ အတ္တမျိုးစေ့ကို ကြဲပက်စိုက်ပျိုးပြီး မေတ္တာပန်းရနံ့ကို ရှုရှိုက်ခွင့်ရဖို့ မျှော်လင့်နေတတ်ကြတယ်။ ဆုတောင်းနေ တတ်ကြတယ်။ မင်းတို့ ဘာမျိုးစေ့ကို ကြဲပက်စိုက်ပျိုးကြမလဲ။ စဉ်းစားကြ။ အရှုးဘွဲ့ကို မခံယူကြပါနဲ့”

✿ ✿ ✿



ညံ့ဖျင်းမှု သီအိုရီ
ကနောင်ကိုယ်တော်ကြီး
(၅-၉-၁၈၁၉ မွေးဖွား။ ၂-၈-၁၈၆၆ လုပ်ကြံခံရ)



**ညံ့ဖျင်းမှု သီအိုရီ**

ကနောင်ကိုယ်တော်ကြီး

(၅-၉-၁၈၁၉ မွေးဖွား။ ၂-၈-၁၈၆၆ လုပ်ကြံခံရ)

✿ တိုင်းပြည်တစ်ခု တိုးတက်ချင်ရင်
သူ့နေရာနဲ့သူ နေတတ်ဖို့လိုတယ်။

✿ စစ်တပ်က စစ်တပ်အလုပ်ကို လုပ်ရမယ်။
ကုန်သည်က ကုန်သည်အလုပ်ကို လုပ်ရမယ်။
အုပ်ချုပ်သူက အုပ်ချုပ်သူ အလုပ်ကို လုပ်ရမယ်။
နိုင်ငံရေးသမားက နိုင်ငံရေးအလုပ်ကို လုပ်ရမယ်။
သာသနာပိုင်တွေက သာသနာရေးရာ ကိစ္စများကိုသာ လုပ်ရမယ်။

✿ ကိုယ် မကျွမ်းကျင်တဲ့ကိစ္စတွေမှာ ဝင်ရောက်ပြီးတော့
ဩဝါဒတွေပေး၊ အမိန့်တွေ ခြွေနေကြလို့
တို့တိုင်းပြည် နစ်မွန်းခဲ့ရတာ။

## ညှံ့ဖျင်းမှု သီအိုရီ

“လူတွေမှာပဲ မျက်လုံးရှိတယ် မထင်နဲ့။ တိုင်းပြည်တွေ၊ နိုင်ငံတွေမှာလည်း မျက်လုံးရှိတယ်။ ဦးနှောက်ရှိတယ်။ နှလုံးသားရှိတယ်”

ထို့နေ့က ကောင်းကင်တစ်ခုလုံး မှုန်ပျပျဖြင့် တိမ်ထူထပ်နေသည်။ မိုးကလည်း မရွာ။ နေကလည်း မထွက်။ ပြုတ်အိုက်အိုက် မန္တလေးသည် သူကိုယ်တိုင် ချွေးထုတ်ပြီး လေပူတို့ကို တဖူးဖူး မှုတ်ထုတ်လျက် ရှိလေသည်။

“ကနောင်မင်းသားကြီး လုပ်ကြံခံလိုက်ရတာဟာ ငါတို့တိုင်းပြည်ရဲ့ ဘယ်ဘက်မျက်လုံး ကွယ်ခြင်းပဲ။ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံလိုက်ရပြန်တော့ ငါတို့ တိုင်းပြည်ဟာ ညာဘက်မျက်လုံး ကွယ်ပြန်လေရော။ ဒီတော့ မျက်ကန်းတစ်ယောက်လို စမ်းတဝါးဝါးနဲ့ ခရီးမရောက်ခဲ့ဘူး။ နှစ် (၁၅၀) နီးပေါ့”

ဤသို့ဖြင့် ထိုနေ့က ‘ကနောင်ကိုယ်တော်ကြီး’အကြောင်းကို စာသင်ခန်းထဲတွင် ကျွန်တော် ပြောဖြစ်ခဲ့ပါသည်။ စိတ်ဝင်စားသော ကျောင်းသား၊ ကျောင်းသူတွေက တစ်ယောက်ပြီး တစ်ယောက် ထပြီး မေးကြလေ၏။

“ဆရာ ကျွန်တော်က စိန်ပန်းသား ခင်ဗျ။ စိန်ပန်း ဆိုတာ စက်မှုရပ်ကွက်လေ။ ကနောင်ကိုယ်တော်ကြီးကို အလွန်စိတ်ဝင်စားပါတယ်။ ကနောင်ကိုယ်တော်ကြီး လုပ်ကြံခံရတော့ အသက် ဘယ်လောက်လဲ ခင်ဗျ”

“ကနောင်ကိုယ်တော်ကြီးက ၁၈၁၉၊ စက်တင်ဘာ ၅ ရက်နေ့မှာ မွေးတယ်။ ၁၈၆၆၊ ဩဂုတ်လ ၂ ရက်နေ့မှာ လုပ်ကြံခံရတယ်။ ဒီတော့ သူကွယ်လွန်ချိန်မှာ (၄၇)နှစ်ပဲ ရှိသေးတယ်။ အတွေးအကြံတွေ လွန်စွာ ထက်တဲ့အချိန်မှာ ဆုံးရှုံးလိုက်ရတာ အလွန်နှမြောစရာကောင်းတယ်”

“ကနောင်မင်းနဲ့ မင်းတုန်းမင်းက ညီအစ်ကို အရင်းတွေလား”

"ဟုတ်တယ်၊ 'အဖေတူ အမေတူ' ညီအစ်ကို အရင်းတွေပဲ"

"နားမလည်လို့ ပြန်ရှင်းပြပါဦး"

"ဒီလိုကွ၊ ဘုရင်ဆိုတာ မိန်းမတွေ အများကြီး ရှိတယ်။ ဒီတော့ 'အဖေတူ အမေကွဲ' ညီအစ်ကိုတွေက အများကြီးပဲ။ မင်းတုန်းမင်းက ကနောင်မင်းထက် (၅)နှစ် ကြီးတယ်။ သာယာဝတီမင်းရဲ့ သားတော်တွေ။ ပုဂံမင်းထံက ထီးနန်းကို ပြန်လည်သိမ်းပိုက်တာလည်း ဒီညီအစ်ကိုနှစ်ယောက်ပဲ။ အဲဒီလို သိမ်းပိုက်ပြီးတဲ့နောက် အစ်ကိုကြီးကို ဘုရင်လုပ်စေတယ်။ ညီတော် ကနောင်မင်းသားက အိမ်ရှေ့မင်းသားပေါ့"

"အိမ်ရှေ့မင်းသား ဆိုတာ ဘာလဲ ခင်ဗျ"

"ဒီလို… အိမ်ရှေ့မင်းသား ဆိုတာ ဘုရင်သေရင် ဘုရင်ဖြစ်ခွင့်ရတဲ့သူ။ ပုဂံမင်းကို အတူတူ ပုန်ကန်ခဲ့တဲ့ ညီအစ်ကို။ အစ်ကိုကြီးကို ဘုရင်အဖြစ် နန်းတင်တယ်။ အစ်ကိုကြီး မရှိတော့မှ ညီဖြစ်တဲ့ ကနောင်မင်းသားက ဘုရင်လုပ်မယ်ပေါ့။ အဲဒီဇာတ်အိမ်ဟာ နန်းတွင်းရတနာပုံ နေပြည်တော်ကြီးရဲ့ ညစ်နွမ်းတဲ့ သမိုင်းအစပဲ"

"ဘာကြောင့်လဲ ခင်ဗျ"

"မင်းတုန်းမင်းကြီးမှာလည်း မိန်းမတွေက အများကြီး။ သားတော်တွေကလည်း အများကြီး။ ဘုရင်စနစ်မှာ အဖေသေရင် သားက ဘုရင်ဖြစ်ရမှာ။ အခုအတိုင်းဆို ကနောင်မင်းသားက ဘုရင်ဖြစ်ရတော့မှာ။ ကနောင်မင်းသား ဘုရင်ဖြစ်ရင် ကနောင်မင်းရဲ့ သားတော်တွေက ဆက်တိုက်ဆိုသလို ဘုရင်တွေ ဖြစ်ကြတော့မှာ။ ဒီတော့ ကနောင်မင်းသား ဘုရင်မဖြစ်ဖို့ လိုတယ်။ လိုရင်းပြောရရင်တော့ နေရာရူး၊ အာဏာရူး၊ ဘုရင်ရူးစိတ်ဓာတ်တွေကြောင့် ငါတို့တိုင်းပြည် ငါးပါးမှောက်ခဲ့ရတာ"

"ဆရာခင်ဗျ၊ မင်းတုန်းမင်းကြီးက မြန်မာနိုင်ငံကို ပညာတတ်တဲ့၊ ခေတ်မီတဲ့ စက်မှုနိုင်ငံတော်ကြီးဖြစ်ဖို့ ကြိုးစားခဲ့တယ်လို့ မြန်မာစကားပြေမှာ သင်ကြားဖူးတယ်။ ရှင်းပြပေးပါလား"

"ငါသိသလောက်ပေါ့ကွာ။ အဲဒီအချိန်မှာ တို့တိုင်းပြည်က (၃)ပုံ (၂)ပုံလောက် အင်္ဂလိပ်လက်ထဲ ပါနေပြီ။ အထက်မြန်မာပြည်ပဲ ကျန်တော့တယ်။ ငါတို့တိုင်းပြည်ကို ပြင်သစ်ကလည်း မျက်စောင်းထိုး။ အင်္ဂလိပ်က

လည်း အပိုင်သိမ်းချင်။ ဒီတော့ စစ်လက်နက် ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ဖို့ လိုတယ်။ ဒီအတွက် အစ်ကိုကြီးက အုပ်ချုပ်ရေးကို တာဝန်ယူ။ ညီအငယ်က တိုင်းပြည်တိုးတက်ရေးနဲ့ ကာကွယ်ရေးကို တာဝန်ယူတဲ့သဘောပေါ့။ ကနောင် ကိုယ်တော်ကြီးက အမြင်ကျယ်တယ်။ စစ်တိုက်တယ်ဆိုတာ အသေခံရဲတိုင်း မရဘူး။ နည်းပညာလိုတယ်။ ဉာဏ်ပညာလိုတယ်။ စစ်ပွဲတစ်ခုရဲ့ အနိုင် အရှုံးဟာ နည်းပညာ အကြီးအသေးပေါ်မှာ မူတည်တယ်လို့ ခေတ်မီတဲ့ စစ်ရေး အမြင်၊ ကမ္ဘာဆန်တဲ့ နိုင်ငံရေးအမြင် ရှိတယ်"

"အဲဒီခေတ်ရဲ့ နည်းပညာ ဆိုတာ ဘာလဲဗျ"

"ဒီနေ့ခေတ်လို i-pad တွေ၊ i-phone တွေ မဟုတ်ဘူး။ အောက် မြန်မာပြည် ပြန်ရဖို့ ခေတ်မီလက်နက် တပ်ဆင်ရေးဟာ နည်းပညာပဲ။ မြဝတီ မင်းကြီး ဦးစက ပြောဖူးတယ်။ ဥရောပကို ယှဉ်ပြိုင်ဖို့ ဥရောပလို လုပ်မှ ဖြစ်မယ်တဲ့။ ကင်းဝန်မင်းကြီး ဦးကောင်းကလည်း ပြောဖူးတယ်။ ဥရောပ သေနတ်တွေက အလွန်ကောင်းတယ်။ ကျုပ်တို့စစ်တပ်မှာက သေနတ်ကောင်း ကောင်း မရှိဘူး။ လူတန်းစေ့ မကိုင်နိုင်ဘူး။ မြန်မာတွေ ဘယ်လိုသတ္တိကောင်း ကောင်း မင်းကြီးဗန္ဓုလ ကျဆုံးသလိုပဲ ရှိလိမ့်မယ်။ အလောင်းမင်းတရားကြီး ခေတ်တုန်းကလို ဝါးရင်းတုတ်ခေတ် မဟုတ်တော့ဘူးတဲ့။ စစ်တိုက်တယ်ဆိုတာ နည်းပညာချင်း တိုက်ရတာ။ သတ္တိချင်းယှဉ်ပြိုင်ပြီး တိုက်ခိုက်တဲ့ခေတ် ကုန် သွားပြီတဲ့"

"ကနောင်ကိုယ်တော်ကြီးက နိုင်ငံခြားကို ပညာတော်သင်တွေ စေလွှတ်တယ်လို့ ကြားဖူးတယ်။ ဟုတ်လား ခင်ဗျ"

"အေး… ဟုတ်တယ်၊ မင်းပြောတဲ့ နိုင်ငံခြားဆိုတာ ဥရောပတိုက် ကို ပြောတာ။ စေလွှတ်တဲ့ ပညာတော်သင် (၉၀)ကျော်လောက် ရှိသတဲ့။ အဲဒီက ပြန်လာတဲ့ ပညာရှင်တွေက တိုင်းပြည်အတွက် လိုအပ်တဲ့ နည်းပညာ တွေကို ဖြန့်ဖြူးပေးတယ်။ ဥပမာကွာ အဲဒီခေတ်ကတည်းက ကြေးနန်းရိုက်တဲ့ စနစ် ပေါ်နေပြီ"

"ကြေးနန်းရိုက်တယ် ဆိုတာ ဘာလဲ ခင်ဗျ"

"အသံနဲ့ စာပို့တဲ့ စနစ်ကို ခေါ်တာပေါ့။ အဲဒီစနစ်ကြောင့် စစ်ရေး၊ အုပ်ချုပ်ရေးတွေမှာ တော်တော်အသုံးတည့်လာတယ်။ ယောမင်းကြီးဦးဘိုးလှိုင်

ဆိုတာ ကနောင်ကိုယ်တော်ကြီး အလွန်အားထားရတဲ့ မိတ်ဆွေကောင်းကြီး ပေါ့။ လူတော်ပညာရှိကြီးပေါ့။ အဲဒီခေတ်မှာကို မန္တလေးဝန်းကျင်မှာ စက်ရုံ ပေါင်း (၅၀)ကျော်လောက် ရှိနေပြီ။ စစ်လက်နက်ထုတ်လုပ်ရေး စက်ရုံတွေ လည်း ရှိနေပြီ။ နည်းပညာကတော့ ပြင်သစ်-အီတလီ နည်းပညာပေါ့ကွာ။ အဲဒီခေတ်က တို့မြန်မာ့တပ်မတော်ကြီးမှာ ခေတ်မီအမြောက်(၁၂)လက်၊ စစ်သင်္ဘော (၁၈)စင်းထိ ပိုင်ဆိုင်ဖူးသတဲ့"

"ဒါတောင်မှ ဘာကြောင့် စစ်ရှုံးရသလဲ ခင်ဗျ"

"ပြောရရင်တော့ အများကြီးပဲကွာ။ ငါတို့တိုင်းပြည် မညံ့ခဲ့ဘူးကွ။ လူတော်တွေ ရှိတယ်။ ဒါပေမဲ့ ညီညွတ်မှု မရှိဘူး။ ဥပမာကွာ အင်္ဂလိပ်တို့၊ ပြင်သစ်တို့ ဆိုပါစို့။ မြန်မာပြည်ကို လာတယ်။ အစုအဖွဲ့နဲ့ လာတယ်။ အဲဒီ အစုအဖွဲ့ထဲမှာ သံတမန်ပါတယ်။ စကားပြန်ပါတယ်။ မှတ်တမ်းဆရာပါတယ်။ ဓာတ်ပုံဆရာ ပါတယ်။ ပန်းချီဆရာ ပါတယ်။ စစ်ခေါင်းဆောင် ပါတယ်။ ကုန်သည်ပါတယ်။ ဘူမိဗေဒပညာရှင် ပါတယ်။ သာသနာပြုဆရာတော်တစ်ပါး တောင် ပါလိုက်သေးတယ်။ အလွန်စနစ်ကျတယ်။ အလွန်ညီညွတ်တယ်။ သူတို့တင်ထားတဲ့ မှတ်တမ်းတွေ ဘယ်လောက်ထိ မှန်သလဲ၊ မှားသလဲဆိုတာ ခဏထား။ ဒီကနေ့ထိ သူတို့ မှတ်တမ်းတွေကိုပဲ ငါတို့ ကိုးကားနေရတယ်။ အဲဒီလို စည်းကမ်းစနစ်ကြီးတဲ့သူကို စည်းကမ်းမဲ့၊ စနစ်မဲ့တဲ့ ငါတို့က ယှဉ်ပြိုင်ပြီး စစ်ပြုခြင်းဟာ စစ်ရှုံးရခြင်းရဲ့ အခြေခံအချက်ပဲ"

"ကနောင်ကိုယ်တော်ကြီးကို သူ့တူတော်မောင်တွေက သတ်တာဆို"

"အေး… ဟုတ်တယ်။ မြင်ကွန်းမင်းသားနဲ့ မြင်းခုန်တိုင်မင်းသား ဆိုတာ မင်းတုန်းမင်းကြီးနဲ့ ရွှေရေးဆောင်မိဖုရားက ဖွားမြင်ကြတဲ့ သားတော်တွေ။ အရည်အချင်း ရှိတယ်။ ထက်မြက်တယ်။ ပြီးတော့ ထီးနန်းအရိုက်အရာ ကိုလည်း ဆက်ခံလိုတဲ့သူတွေ ဖြစ်တယ်။ ဘုရင်ဖြစ်ချင်နေတဲ့ သားတော်တွေ ပေါ့။ ကနောင်ကိုယ်တော်ကြီး ရှိနေသေးသ၍ သူတို့အိပ်မက်တွေ မဖြစ်နိုင် ဘူး။ အင်္ဂလိပ်တွေ သွေးထိုးတာလည်း ပါမှာပေါ့။ ဒီလိုနဲ့ အခု မန္တလေးတောင် ခြေက စန္ဒာမုနိဘုရား တည်ထားတဲ့ နေရာမှာ အဲဒီတုန်းက နန်းမြေဘုံသာ ယာယီစံနန်းတော်ကြီး ရှိသတဲ့။ အဲဒီနေရာမှာ မြင်ကွန်းမင်းသားနဲ့ မြင်းခုန်တိုင် မင်းသားက ရန်ဖြစ်ချင်ယောင်ဆောင်ပြီး သူတို့ရဲ့ ဦးလေးတော်သူ ကနောင်

ကိုယ်တော်ကြီး အနားကို ရောက်လာတယ်။ အနားလည်း ရောက်ရော မြင်းခုန်တိုင် မင်းသားက ဓားနဲ့ ခုတ်ပိုင်းလိုက်တာ ခေါင်းတခြား၊ ကိုယ်တခြား ဖြစ်သွား သတဲ့။ အဲဒီနေ့က ၁၈၆၆၊ စက်တင်ဘာလ ၂ ရက်နေ့။ ပြီးတော့ သူတို့ရဲ့ ဖခင်အရင်းဖြစ်တဲ့ မင်းတုန်းမင်းကိုလည်း သတ်ဖို့ ကြံစည်ကြပြန်သေးတယ်။ မအောင်မြင်ကြဘူး"

"ဒါဆိုရင် အဲဒီခေတ်က ဘုရင့်သားတွေကလည်း ဒီနေ့ခေတ် လူကြီး သားသမီးတွေနဲ့ သိပ်မကွာပါလား"

"အေး… အဲဒါ အုပ်ချုပ်ရေးစနစ်နဲ့ ဆိုင်တယ်။ မြေရှင်ပဒေသရာဇ် စနစ်တို့၊ ဘုရင်စနစ်တို့၊ အာဏာရှင်စနစ်တို့ဆိုတာ ခေါင်းဆောင်ကောင်းကို လည်း မွေးဖွားမပေးနိုင်သလို ခေါင်းဆောင်ကောင်းတွေကိုလည်း ဆုံးရှုံးရ တတ်တယ်။ ပြီးတော့ အာဏာရှင်တွေလည်း သမိုင်းမလှ။ တိုင်းပြည်လည်း သမိုင်းမလှ ဖြစ်ရပြန်တယ်။ အာဏာရှင်စနစ်ဆိုတာ ဘုရင့်သား မဆိုထားနဲ့ သူကြီးသားကိုတောင် ကြောက်ကြရတာ။ ဒါကြောင့် အာဏာရှင်စနစ်ကို ငါတော့ မကြိုက်ဘူး။ အာဏာရှင်စနစ်ဆိုတာ မီးတောင်ကြီးနဲ့ တူတယ်။ တစ်ချိန်ချိန်တော့ ကိုယ်ကိုယ်တိုင် ပေါက်ကွဲပြီး ကိုယ်ကိုယ်တိုင် ပျက်စီးရတာ ချည်းပဲ"

"ကျွန်တော် သိချင်လို့ ခင်ဗျ"

"ဘာများလဲ"

"ရေမြှုပ်ဖုံးအကြောင်းပါ"

"ငါ ဆရာညိုမြရေးတဲ့ ကုန်းဘောင်ရှာပုံတော်ထဲမှာ ဖတ်ဖူးတယ်"

"ပြောပြပါလား ဆရာ"

"တစ်နေ့တော့ ကနောင်ကိုယ်တော်ကြီးနဲ့ ယောမင်းကြီးဦးဘိုးလှိုင် တို့ အောင်ပင်လယ်ကန်စောင်းမှာ ရေမြှုပ်ဖုံးကို စမ်းသပ်ကြတယ်။ ယောမင်း ကြီး ဦးဘိုးလှိုင်ကို ကနောင်ကိုယ်တော်ကြီးက 'ရွှေပြည်ဝန်ကြီး' လို့ ခေါ်တယ်။ အဲဒီ ရေမြှုပ်ဖုံး စမ်းသပ်တဲ့နေ့မှာ မင်းတုန်းမင်းကြီးက သံဃဒါနဆွမ်း ကပ်လှူ နေတဲ့အချိန်နဲ့ တိုက်ဆိုင်နေတယ်။ မင်းတုန်းမင်းကြီးက သာသနာတော်ကို အလွန်ကြည်ညိုတဲ့မင်း။ ဘုရားအလောင်းတော် ဖြစ်ချင်တဲ့ မင်း။ တကယ်တော့ တိုင်းပြည်ထူထောင်ရေးမှာ သတ္တိရှိပြီး ရဲရင့်တဲ့ ခေါင်းဆောင်၊ ပညာတတ်ပြီး

ပြတ်သားတဲ့ မင်းကောင်းမင်းမြတ်ကို လူထုက အလိုရှိတာ။ ဒါပေမဲ့ မင်းတုန်းမင်းကြီးက ဒီလိုမဟုတ်ဘူး။ အောင်ပင်လယ်ကန်စောင်းက တော်ပီဒိုဖုံးရဲ့အသံ 'ဝုန်းခနဲ'လည်း ကြားရော ကနောင်ကိုယ်တော်ကြီးတို့က လက်ခမောင်းခတ်ပြီး 'အောင်ပြီ'လို့ ကြွေးကြော်ကြတယ်။ မြန်မာကို အထင်သေးတဲ့ အင်္ဂလိပ်ကို 'အောင်နိုင်ပြီ'လို့ အော်ဟစ်ကြတယ်။ ဒါပေမဲ့ . . .''

''ဆက်ပြောပါ ဆရာ''

''အဲဒီရေမြှုပ်ဖုံးသံကြောင့် တို့ပြည်သူပြည်သားတွေဟာ အင်္ဂလိပ်ကို ရင်ဆိုင်ဝံ့ပြီဆိုတဲ့ အသိနဲ့ ပျော်ကြတယ်။ စက်ရုံအလုပ်ရုံတွေထဲက လုပ်သားကြီးတွေက အင်္ဂလိပ်ကို မကြောက်ဘူးဆိုတဲ့ သတ္တိတွေ ဖြစ်လာတယ်။ မင်းတုန်းမင်းကြီးက အဲဒီလိုမဟုတ်ဘူး။ မင်းတုန်းမင်းကြီးက သာသနာတော်ကို အလွန်ကြည်ညိုတဲ့ဘုရင်။ ရေမြှုပ်ဖုံးကြောင့် ရေနေသတ္တဝါတွေ သေကျေပျက်စီးနိုင်တယ်။ စစ်ဖြစ်ရင် ဒီဖုံးဒဏ်ကြောင့် လူအများ သေစေနိုင်တယ်။ ဒါကြောင့် သတ္တဝါအများ ကျန်းမာချမ်းသာစေဖို့အတွက် ညီတော်ဖြစ်တဲ့ ကနောင်မင်းသားကို လက်နက်စွန့်ပါ၊ ဖုံးလုပ်ခြင်းကို စွန့်ပါတဲ့။ ဒီလိုနဲ့ ငါတို့တိုင်းပြည် ကိုယ်ကျိုးနည်းခဲ့ရတာပဲ''

ဝမ်းနည်းသံကြီးဖြင့် ကျွန်တော်က ထိုစကားကို ဆိုလိုက်ပါသည်။

''မင်းတို့ပဲ စဉ်းစားကြည့်ကြ၊ သမိုင်းဆိုတာ သင်ခန်းစာယူဖို့။ သမိုင်းဆိုတာ ရန်ဖြစ်နေဖို့ မဟုတ်ဘူး။ ကနောင်ကိုယ်တော်ကြီးရဲ့ မွေးနေ့ ရောက်ခါနီးပြီ။ ရတနာပုံ နန်းတွင်းအရှုပ်တော်ပုံကြီးဆိုတာ သမိုင်းမှာ တကယ်ရှိခဲ့တာ။ တကယ်တော့ အရည်အချင်းမဲ့တဲ့ အုပ်စိုးသူတွေရဲ့ အောက်မှာ အရည်အချင်းမဲ့တဲ့ နိုင်ငံတစ်ခုဖြစ်ဖို့ အစပျိုးခဲ့ရတော့တာပါပဲ။ နောက်ဆုံးတော့ သီပေါမင်း ညံ့ဖျင်းလို့ တိုင်းပြည်ကျွန်ဖြစ်ခဲ့ရတာလို့ ပြောကြတယ်။ တကယ်တော့ အုပ်ချုပ်သူတွေ ပညာမဲ့လို့၊ မညီညွတ်ခဲ့ကြလို့ ကျွန်ဖြစ်ခဲ့ရတာ။ သင်ခန်းစာယူတတ်ရင်တော့ ကောင်းတာပေါ့ကွာ''

✿ ✿ ✿

## စက်တင်ဘာ နေ့စွဲများ

၁၄။ ဝါတွင်းမိုးစက်

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည် မင်္ဂလာဆောင်သောနေ

(၆-၉-၁၉၄၂) ၁၃၀၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁၁)ရက်နေ့

၁၅။ လက်နက်ကိုင်မှ သူရဲကောင်းတဲ့လား

ဆရာတော် ဦးဥတ္တမ

(၂၇-၁၂-၁၈၇၉ ဖွားမြင်တော်မူ၊ ၉-၉-၁၉၃၉ ပျံလွန်တော်မူ)

၁၆။ ယစ်

ဆရာတော် ဦးဝိစာရ

(၂၃-၄-၁၈၈၉ ဖွားမြင်တော်မူ၊ ၁၉-၉-၁၉၂၉ ပျံလွန်တော်မူ)

၁၇။ ကဗျာတစ်ပုဒ်… သေနတ်တစ်လက်

ဆရာဇော်ဂျီ

(၁၂-၄-၁၉၀၇ မွေးဖွား၊ ၂၆-၉-၁၉၉၀ ကွယ်လွန်)



**ဝါတွင်းမိုးစက်**

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည် မင်္ဂလာဆောင်သောနေ့

(၆-၉-၁၉၄၂)

၁၃၀၄ ခုနှစ်၊ ဝါခေါင် လပြည့်ကျော် (၁၁)ရက်နေ့




**ဝါတွင်းမိုးစက်**

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည် မင်္ဂလာဆောင်သောနေ့

(၆-၉-၁၉၄၂)

၁၃၀၄ ခုနှစ်၊ ဝါခေါင် လပြည့်ကျော် (၁၁)ရက်နေ့



✿ ခက်ထန်ကြမ်းတမ်းပါတယ် ဆိုတဲ့
ဒသဂီရိရဲ့ နှလုံးသားဟာ
သီတာဒေဝီရဲ့ အချစ်ဆူး စူးပြီး
သမိုင်းတွင်အောင် ရှုံးခဲ့ရဖူးတယ်။

✿ ငါတို့ ကိုးကွယ်ယုံကြည်တဲ့ မြတ်စွာဘုရားတောင်မှ
ဘုရားမဖြစ်မီ သိဒ္ဓတ္ထမင်းသားဘဝမှာ
ယသော်ဓရာ ဆိုတဲ့ ချစ်သူထံ
သူ့ရဲ့ နှလုံးသားကို ပုံအပ်ခဲ့ဖူးတယ်။ ချစ်ခဲ့ဖူးတယ်။

✿ ဘယ်လောက်ကျယ်ပြောတဲ့
ပင်လယ်သမုဒ္ဒရာကြီးပဲဖြစ်ဖြစ်
အနားသတ်ကမ်းစပ် ဆိုတာ ရှိကြသလို
ဒီကနေ့ ကျော်ကြားနေတဲ့ သူရဲကောင်းတွေ၊
အာဇာနည်တွေရဲ့ နှလုံးသားဟာလည်း
အချစ်ဆိုတဲ့ ကမ်းစပ်မှာ တစ်ချိန်ချိန်တော့ ရိုက်ပုတ် ခိုနားကြရစမြဲပဲ။

## ဝါတွင်းမိုးစက်

"အချစ်ဆိုတာ ခွင့်မတောင်းဘဲလည်း ဝင်လာတတ်သလို နှုတ်မဆက်ဘဲလည်း ထွက်သွားတတ်တယ်။ အချစ်ဆိုတာ ပျော်ရွှင်ခြင်း မြေဆီလွှာပေါ်မှာ ထာဝရ ရှင်သန်ပေါက်ဖွားနေတဲ့ မျှော်လင့်ခြင်းသစ်ပင်ရဲ့ အဆင်းလှလှ ရနံ့ သင်းသင်း ပန်းတစ်ခင်းပဲ။ လူတိုင်းလူတိုင်းမှာ တစ်ချိန်ချိန်တော့ အချစ်ဆိုတာ ရှိတတ်ကြတယ်။ ရှိခဲ့ကြတယ်။ ရှိနေကြတယ်"

ကျွန်တော့်စကား၏ နိဒါန်းကို 'အချစ်'ဖြင့် ဖွင့်လိုက်သည်။

"ခက်ထန်ကြမ်းတမ်းပါတယ် ဆိုတဲ့ ဒသဂီရိရဲ့ နှလုံးသားဟာ သီတာဒေဝီရဲ့ အချစ်ဆူး စူးပြီး သမိုင်းတွင်အောင် ရှုံးခဲ့ရဖူးတယ်။ ငါတို့ ကိုးကွယ်ယုံကြည်တဲ့ မြတ်စွာဘုရားတောင်မှ ဘုရားမဖြစ်မီ သိဒ္ဓတ္ထမင်းသား ဘဝမှာ ယသော်ဓရာ ဆိုတဲ့ ချစ်သူထံ သူ့ရဲ့ နှလုံးသားကို ပုံအပ်ခဲ့ဖူးတယ်။ ချစ်ခဲ့ဖူးတယ်။ အချစ်ဆိုတာ နွေးထွေးခြင်းတွေကို သယ်ဆောင်တတ်တဲ့ နေမင်း ကြီးဖြစ်သလို အေးမြခြင်းတွေကို ပေးဝေတတ်တဲ့ လမင်းကြီးလည်း ဖြစ်တယ်။ ဘယ်လောက် ကျယ်ပြောတဲ့ ပင်လယ်သမုဒ္ဒရာကြီးပဲဖြစ်ဖြစ် အနားသတ် ကမ်းစပ် ဆိုတာ ရှိကြသလို ဒီကနေ့ ကျော်ကြားနေတဲ့ သူရဲကောင်းတွေ၊ အာဇာနည်တွေရဲ့ နှလုံးသားဟာလည်း အချစ်ဆိုတဲ့ ကမ်းစပ်မှာ တစ်ချိန်ချိန် တော့ ရိုက်ပုတ်ခိုနားကြရစမြဲပဲ"

၂၀၁၃ ၏ စက်တင်ဘာလဆန်း။

စာသင်ခန်းတစ်ခု၏ စာသင်ချိန် ပြီးဆုံးရန် မိနစ်(၂၀)ခန့် အလို။ 'အချစ်'၏ နိဒါန်းစကားကြောင့် အားလုံးက ပြုံးပျော်သွားကြရတော့သည်။

ဩော်… အချစ်ဆိုတာ ပျော်ရွှင်ခြင်းတွေကို ဆောင်ယူတတ်ပါလား။

"အချစ်ဆိုတာ ဘာလဲဟေ့။ တစ်ယောက်လောက် ဆွေးနွေးကြည့်

ပါလား''

အရွယ်ကြီးကြီး ကျောင်းသားတစ်ယောက်က ထပြီး ဖြေသည်။

''အချစ်ဆိုတာ တဆွေတစ်ကောင်နဲ့ တူပါတယ် ဆရာ''

''ဘာဖြစ်လို့လဲ''

''တဆွေဆိုတာ ကြောက်စရာကောင်းတယ်လို့ ပြောကြတယ်။ ကြားရရုံနဲ့ ရင်ခုန်တယ်။ ဒါပေမဲ့ တဆွေကို တွေ့ဖူးတဲ့သူ မရှိဘူး။ ဒါကြောင့် ရင်ခုန်ခြင်းနဲ့ ကြောက်ရွံ့ခြင်းကို နှုးညံ့စွာ ရောစပ်ထားတဲ့ ဒြပ်ပေါင်းဟာ အချစ်ပါပဲ''

သူ့စကားက ပျော်စရာကောင်း၏။ ကြည်နူးစရာကောင်း၏။ ပြီးတော့ တွေးစရာလေးတွေ ပါနေသဖြင့် ကြားရသူအပေါင်း ကြည်နူးသွားရတော့သည်။

''ဒီ စက်တင်ဘာလ ပထမပတ်ရဲ့ ၆ ရက်နေ့ဟာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဒေါ်ခင်ကြည်တို့ မင်္ဂလာဆောင်တဲ့နေ့ပဲ။ ၁၉၄၂ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့။ နေ့လယ် ၂ နာရီ အချိန်မှာ မြန်မာ့လွတ်လပ်ရေးဗိသုကာကြီး ဖြစ်လာမယ့် ဗိုလ်ချုပ်အောင်ဆန်းက သူ့ရဲ့ နှလုံးသားကို ဒေါ်ခင်ကြည့်ရင်ခွင်ထဲ အပြီးအပိုင် အပ်နှံလိုက်တဲ့နေ့။ ပြီးတော့ သူရဲကောင်းမျိုးဆက်သားသမီးတွေကို မွေးဖွားရှင်သန်ဖို့အတွက် နိဒါန်းပျိုးတဲ့နေ့။ ပါရမီဖြည့်ဖက်ရဲ့ အင်အားနဲ့ နိုင်ငံသားအားလုံးရဲ့ ဘဝများစွာကို ကိုယ့်ဘဝနဲ့ ထပ်တူ ခံစားဖို့ အားယူတဲ့နေ့''

ကျောင်းသား၊ ကျောင်းသူတွေက (၁၅)၊ (၁၆) အရွယ်တွေ။ ဒီတော့ စိတ်ကစားတတ်ကြသည်။ စိတ်ကူးယဉ်တတ်ကြသည်။ အချစ်ကို စူးစမ်းချင်ကြသည်။ အချစ်အကြောင်း ပြောသဖြင့် အားလုံးက ပျော်နေကြတော့သည်။

ကျောင်းသူတစ်ယောက်က မေး၏။

''ဒေါ်ခင်ကြည်က ဗိုလ်ချုပ်အောင်ဆန်းထက် အသက်ကြီးတယ်ဆို''

''အေး… ဟုတ်တယ်။ ဒေါ်ခင်ကြည်က ၁၉၁၂၊ ဧပြီလ ၁၆ ရက်နေ့မှာ မွေးတယ်။ ဗိုလ်ချုပ်အောင်ဆန်းက ၁၉၁၅၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ မွေးတယ်။ ဒီတော့ ဒေါ်ခင်ကြည်က ဗိုလ်ချုပ်အောင်ဆန်းထက် ၃ နှစ်နဲ့ ၂ လ ကျော်ကျော်လောက် ကြီးတယ်။ အညာသားလို့ ခေါ်မလား၊ မြေလတ်သားလို့ ခေါ်မလား၊ နတ်မောက်ဇာတိ တောသားလေး ကိုအောင်ဆန်းက ဧရာဝတီတိုင်းသူ၊ မြောင်းမြဇာတိ မခင်ကြည်ကို မြင်မြင်ချင်း ချစ်သတဲ့

ကွယ်။ အဲဒီအချိန်တုန်းက ဗိုလ်ချုပ်အောင်ဆန်း အသက် ၂၇ နှစ်။ လူပျိုကြီး ပေါက်စပေါ့။ ဒေါ်ခင်ကြည်က အသက် ၃၀။ အေးဆေးတည်ငြိမ်ပြီး အရာရာကို ဦးဆောင်တတ်၊ ဆုံးဖြတ်တတ်တဲ့အရွယ်၊ အပျိုကြီးပေါ့"

"သူတို့က ဂျပန်ခေတ်ဆေးရုံကြီးမှာ တွေ့ကြတာဆို"

"ဟုတ်တယ်၊ ငါတို့ ဗိုလ်ချုပ်အောင်ဆန်းက ငှက်ဖျားဖြစ်ပြီး ဆေးရုံတက်နေရတဲ့အချိန်။ အပြင်ပန်းကြည့်ရင်တော့ ဗိုလ်ချုပ်အောင်ဆန်းက ခပ်ပြတ်ပြတ် သမားကြီး။ ဘုတောတတ်တဲ့ အညာသားကြီး။ သေချာတွေးကြည့်ရင်တော့ ဗိုလ်ချုပ်အောင်ဆန်းက သူ့မွေးချင်းတွေထဲမှာ အငယ်ဆုံး။ ဒီတော့ ဆိုးနွဲ့တဲ့ပုံစံကို ဒီနေရာမှာ လာပြီး တွေ့ရတယ်။ ဒေါ်ခင်ကြည် ဆေးတိုက်မှ သောက်မယ်ဆိုတဲ့ မူနွဲ့နွဲ့ အပြုအမူကို ကြည့်ရင် သိနိုင်တယ်။ တကယ်တော့ ဗိုလ်ချုပ်အောင်ဆန်းဟာ လူထဲက လူတစ်ယောက်ပဲ။ သူ့မှာလည်း အချစ်ရှိတယ်။ ရင်ခုန်သံဆိုတာ ရှိတယ်။ သူ့ရင်ခုန်သံကို ဘာသာပြန်ပေးမယ့်သူ၊ သူ့နှလုံးသားကို စာနာနားလည်တတ်တဲ့သူ၊ သူ့ဘဝရဲ့ အပြည့်ဝဆုံး ပါရမီဖြည့်ဖက်ကို သူ မျှော်လင့်ရှာမှာပဲ၊ လိုချင်ရှာမှာပဲ။ အဲဒီအချိန်တုန်းက ဆေးရုံအုပ်ဆရာဝန်ကြီးက ဒေါက်တာဘသန်း၊ ပြီးတော့ အနီးကပ်ဆရာဝန်က ဒေါက်တာမြင့်ဆွေ။ အဲဒီ ဒေါက်တာမြင့်ဆွေက တယောထိုးသိပ်ကောင်းတယ်တဲ့။ အနီးကပ် ပြုစုရသူက နောင်တစ်ချိန်မှာ ဗိုလ်ချုပ်ရဲ့ ချစ်ဇနီးကောင်း ဖြစ်လာမယ့် သူနာပြုဆရာမ ဒေါ်ခင်ကြည်။ ဒေါ်ခင်ကြည်က အထူးကြင်နာတတ်တယ်။ ဒေါ်ခင်ကြည်ရဲ့ အပြုံးဟာ ဗိုလ်ချုပ်ရဲ့ နှလုံးသားမှာ အချစ်မျိုးစေ့တွေကို ကြဲပက်သလို ဖြစ်စေခဲ့တယ်။ ဒေါ်ခင်ကြည်က အပြုအစုကောင်းတော့ တို့ဗိုလ်ချုပ်အောင်ဆန်းလည်း မြန်မြန် သက်သာလာတော့တာပေါ့"

"ဒေါ်ခင်ကြည်က ချောလား ဆရာ"

"ဗိုလ်ချုပ်အောင်ဆန်းရဲ့ မျက်လုံးထဲမှာတော့ ဒေါ်ခင်ကြည်ဟာ အယဉ်ကျေးဆုံး၊ အလှဆုံး၊ အနူးညံ့ဆုံး၊ စွဲမက်ဖွယ်ရာ အကောင်းဆုံး နတ်မိမယ်လေး ဖြစ်နေမှာ သေချာတယ်။ ဒါကြောင့် ပြောတာပေါ့။ အချစ်ဆိုတာ ခွင့်မတောင်းဘဲလည်း ရောက်လာတတ်တယ်လို့။ ဆေးရုံတက်နေရင်းနဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ နှလုံးသားမြေဆီမှာ မျှော်လင့်ခြင်းဆိုတဲ့ သစ်ပင် ရှင်သန်ခဲ့ရသလို အချစ်ဆိုတဲ့ ပန်းပွင့်တွေလည်း ဝေဆာပွင့်ဖူးခဲ့ရတယ်"

အချစ်အကြောင်း ပြောရသဖြင့် ကျွန်တော့်မှာလည်း အလိုလိုနေရင်း စကားလုံးများက အစီအရီ ထွက်ပေါ်နေလေတော့သည်။

"တစ်နေ့တော့ ဒေါက်တာမြင့်ဆွေကို တယောထိုးခိုင်းပြီး ဒေါ်ခင်ကြည် ကို ဗိုလ်ချုပ်အောင်ဆန်းက သီချင်းဆိုခိုင်းသတဲ့။ ဒေါ်ခင်ကြည်ကလည်း သီချင်း အဆိုကောင်းကွ။ ဒေါ်မေရှင်ရဲ့ 'စိန်ခြူးကြာညောင်'သီချင်းကို အစအဆုံး ဆိုပြသတဲ့။ အဲဒီ သီချင်းစာသားထဲမှာ 'စိမ်းကားလွန်းပါသော်၊ ဖိုးရွှေလကို ပြောလိုက်ပါနော်၊ ချစ်မိတဲ့သူအပေါ် ဘယ်ဆီမှာ မျှော်' ဆိုတဲ့ စာသားလေး ပါတယ်။ ဗိုလ်ချုပ်က အဲဒီစာသားနဲ့ အဲဒီသီချင်းကို သိပ်ကြိုက်ပြီး ဒုတိယ အကြိမ် ထပ်ဆိုခိုင်းပြန်သတဲ့။ တကယ့်ကို ဖွတ်ပဲ။ အချစ်ဆိုတာ တစ်ခါတစ်ရံ အဲဒီလို ဖွတ်တရွတ်နိုင်ခြင်းတွေနဲ့လည်း ဖွဲ့တည်အပ်တဲ့အရာ"

အချစ်သည် လူတိုင်း စိတ်ဝင်စားသောအရာ ဖြစ်၏။ ကျွန်တော် ယခု ပြောဆိုနေသော အချစ်သည် သာမန်လူတစ်ယောက်၏ အချစ်အကြောင်း မဟုတ်။ ဗိုလ်ချုပ်အောင်ဆန်း ဆိုတဲ့ မြန်မာ့လွတ်လပ်ရေးဗိသုကာတစ်ယောက် ၏ အချစ်အကြောင်း။ ဒါကြောင့် လူငယ်တို့က ပိုပြီး စိတ်ဝင်စားနေကြတော့ သည်။

"တကယ့်ဖြစ်ရပ်ကွ။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိန်းမ တောင်းတဲ့ နည်းကတော့ ရိုးလည်း ရိုးတယ်။ ဆန်းလည်း ဆန်းတယ်။ ဆေးရုံက ပေးထား တဲ့ အဆောင်တစ်ခုရဲ့ အခန်းတစ်ခန်းမှာ ဒေါ်ခင်ကြည်နေစဉ် ဒေါ်ခင်ကြည် ရှိတဲ့ အဆောင်ကို သွားတယ်။ ဗိုလ်ချုပ်နဲ့အတူ ဒေါက်တာမြင့်ဆွေရယ်၊ ရွှေပေါက်ပင်က ဦးဘသိန်းရယ် ပါလာသတဲ့။ 'မိန်းမတောင်းရအောင် လာ တာဗျ' လို့ ဘွင်းဘွင်းကြီး ပြောချလိုက်သတဲ့။ 'ဘယ်သူ့ကိုလဲ' လို့ မေးတော့ 'မခင်ကြည်' ကိုလို့ တဲ့တိုးကြီး ဖြေသတဲ့။ အဲဒီလိုနဲ့ ဗိုလ်ချုပ်အောင်ဆန်း တစ်ယောက် မိန်းမရခဲ့တာပဲ။ ဘယ်နေရာမှာ မင်္ဂလာဆောင်သလဲ ဆိုတော့ အဲဒီဆေးရုံကြီးမှာပဲတဲ့။ ဗိုလ်ချုပ်တို့ရဲ့ မင်္ဂလာညည့်ခံပွဲဟာ တကယ့်ကို မင်္ဂလာ ရှိတဲ့ပွဲ။ ပကာသနတွေ မပါဘူး။ စိန်တွေ၊ ရွှေတွေ မပါဘူး။ နိုင်ငံ့ခေါင်းဆောင် ကြီးတစ်ယောက်ဟာ ရိုးရှင်းစွာပဲ မင်္ဂလာဆောင်ခဲ့တယ်။ ပြောရဦးမယ်။ အဲဒီမင်္ဂလာပွဲမှာ ပြည်လှဖေနဲ့ မေရှင်တို့ရဲ့ 'သက်ဝေ' ဆိုတဲ့ သီချင်းနဲ့ ဗိုလ်ချုပ်ရဲ့ မိတ်ဆွေတွေက သီဆိုပြီး ဂုဏ်ပြုကြသတဲ့။ ဗိုလ်ချုပ်အောင်ဆန်းက ဂျပန်ခေတ်

စစ်ဝတ်စုံကြီးနဲ့ပေါ့။ ဒေါ်ခင်ကြည်က ဘီးဆံပတ် ထုံးပြီး ဆံပင်က ညာဘက်ကို ချထားတယ်။ ပန်းကုံးလေးတစ်ကုံးတောင် ပါလိုက်သေးတယ်။ တို့ဗိုလ်ချုပ်က ရှုတည်တည်ကြီးနဲ့။ ဒါပေမဲ့ သူ့နှုတ်ခမ်းက ပြုံးယောင်သန်းနေတယ်။ ဆံပင်က ခပ်တိုတို။ ကတုံးကေနဲ့။ လျှာထိုးဦးထုပ်ကို လက်က ကိုင်ထားတယ်။ ဒီဘက် ခေတ်လို ရေခဲမုန့်ကို တစ်ယောက်ကို တစ်ယောက် ခွံ့ကျွေးတာတို့၊ မော်တော်ကားသော့တွေ လက်ဖွဲ့တာတို့၊ မြေဂရန်တွေ၊ တိုက်ကြီးတွေ လက်ဖွဲ့တာတို့ လုံးဝ မပါဘူး။ ရိုးသားခြင်းဟာ ယဥ်ကျေးခြင်းပဲ။ အရိုးဆုံး အပြုအမူဟာ အစွဲလမ်းစေဆုံး အပြုအမူပဲ။ ဘယ်လောက်ထိများ မြန်မာဆန်လိုက်သလဲဆိုရင်''

ကျွန်တော်က အဆင်သင့် ယူလာသော မှတ်စုစာရွက်ငယ်ကို အိတ်ထောင်ထဲမှ ထုတ်ယူပြီး ခေတ္တမျှ ငုံ့ကြည့်လိုက်သည်။

''သူတို့ရဲ့ မင်္ဂလာရက်မြတ်ကို ၁၃၀၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်နေ့။ ဗိုလ်တေဇနှင့် မခင်ကြည်တို့၏ မင်္ဂလာဧည့်ခံပွဲ··· တဲ့''

ကျောင်းသား၊ ကျောင်းသူများက လိုက်လံ၍ မှတ်သားနေကြသည်။

''မင်းတို့ကို 'ဝါတွင်းမိုးစက်'တွေအကြောင်း ပြောပြရဦးမယ်။ ဆရာတို့ရဲ့ မြန်မာ့နိုင်ငံရေးမှာ ဝါတွင်းကာလကြီးကို တန်ဖိုးထားရကောင်းမှန်း မသိတဲ့လူတွေ အကြိမ်ကြိမ် ဖိနှိပ် အုပ်စိုးခဲ့ဖူးတယ်''

မှတ်စုစာရွက်ကို ကျွန်တော်က နောက်တစ်ကြိမ် ထပ်ပြီး ကြည့်ရင်း-

''ကဲ··· ဝါတွင်းကာလကြီးမှာ သွေးမြေကျမှုတွေ ရှိခဲ့တယ်လို့ ပြောရင် မင်းတို့ ယုံနိုင်မလား။ တို့နိုင်ငံမှာ ကနောင်မင်းသားကြီး လုပ်ကြံခံခဲ့ရတာ ၁၈၆၆၊ ဩဂုတ်လ ၂ ရက်နေ့။ ဝါတွင်းကာလကြီးနော်။ ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံခဲ့ရတဲ့ ၁၉၄၇၊ ဇူလိုင်လ ၁၉ ရက်နေ့။ မြန်မာ သက္ကရာဇ်နဲ့ ၁၃၀၉ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်နေ့။ ဝါတွင်းကာလကြီးပဲ။ ဝါတွင်းကာလဆိုတာ ဥပုသ်သီတင်း ဆောက်တည်ကြရတဲ့ကာလ။ ကြေးစည်သံတွေ ဝေဆာနေကြရတဲ့ကာလ။ မင်္ဂလာရှိတဲ့ကာလ။ အခုတော့ သေနတ်သံတွေနဲ့ ဆူညံခဲ့ရတယ်။ ဗိုလ်ချုပ်တို့ လုပ်ကြံခံရတာ မင်္ဂလာရှိသလား''

လူငယ်ကျောင်းသားတွေက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ပေးနေကြသည်။

''မင်းတို့ပဲ စဉ်းစားကြည့်။ ထင်ရှားတဲ့ 'ဝါဆိုဦး မိုးရေစက်'တစ်ခု

ရှိသေးတယ်။ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့။ ရန်ကုန်တက္ကသိုလ်နယ်မြေမှာ ကျောင်းသားတွေ သွေးမြေကျခဲ့ရတယ်။ အတုံးအရုံး သေဆုံးခဲ့ကြရတယ်။ ဗုဒ္ဓဘာသာကို မြတ်နိုးကိုးကွယ် ယုံကြည်ပါတယ်ဆိုတဲ့ ခေါင်းဆောင်ဆိုသူ လူဟစ်စုက အဲဒီ 'ဝါဆိုဦး' မှာပဲ လူသတ်မှုကို ကျူးလွန်ခဲ့ကြတယ်။ ဇူလိုင်လ ၇ ရက်နေ့ဟာ မြန်မာသက္ကရာဇ်နဲ့ ပြောရရင် ၁၃၂၄ ခုနှစ်၊ ဝါဆို လဆန်း ၆ ရက်နေ့။ 'ဝါတွင်း' ကာလ ရောက်ခါနီးပြီ။ လုပ်ရက်လိုက်ကြတာ''

ကျောင်းသား၊ ကျောင်းသူများ အားလုံး၏ မျက်နှာတွင် ဝမ်းနည်းမှု အရိပ်အယောင်များကို တွေ့လိုက်ရသည်။

''ဝါတွင်းကာလမှာတောင် ကိုယ့်နိုင်ငံသားအချင်းချင်း သတ်ဖြတ်နေမှုကိုတော့ မရှောင်ကြဉ်ကြဘူး။ တိုက်ပွဲတွေလည်း မရပ်စဲကြဘူး။ သွေးမြေကျမှုတွေက တစ်ပုံတစ်ပင်။ ဘယ်လိုများ နားလည်ရမလဲ''

ကျွန်တော်က စကားကို ခံစားချက်ဖြင့် ပြောမိသည်။

''ကဲဟော့··· ရှစ်လေးလုံး။ ၁၉၈၈၊ ဩဂုတ်လ ၈ ရက်နေ့။ မြန်မာ့သက္ကရာဇ်နဲ့ပြောရရင် ၁၃၅၀ ပြည့်နှစ်၊ ဒုတိယ ဝါဆိုလပြည့်ကျော် ၁၁ ရက်နေ့။ အဲဒီဝါတွင်းကာလကြီးမှာပဲ သတ်လိုက်ကြ၊ ဖြတ်လိုက်ကြနဲ့။ သေလိုက်ကြရတာလည်း သောက်သောက်လဲ။ ပြီးတော့ ပြောရဦးမယ်။ ၁၉၈၈၊ စက်တင်ဘာလ ၁၈ ရက်နေ့မှာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က 'ကယ်တင်မယ်' ဆိုတဲ့ စကားလုံးတွေ သုံးပြီး အာဏာကို သိမ်းယူခဲ့ပြန်တယ်။ အဲဒီနေ့ကို မြန်မာသက္ကရာဇ်နဲ့ ပြောရရင် ၁၃၅၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၈ ရက်နေ့။ ဝါတွင်းကာလကြီးပဲ။ အဲဒီနေ့မှာလည်း သတ်လိုက်ကြ၊ သေလိုက်ကြတာ။ နောက်တစ်ခု ရှိသေးတယ်။ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေး။ ဒီလို စက်တင်ဘာလကြီးထဲမှာ ဖြစ်ခဲ့ရတာ။ ဝါတွင်းကာလကြီးမှာတောင် ရဟန်းသံဃာတော်တွေကို ညှဉ်းပန်းနှိပ်စက်ခဲ့ကြတယ်''

ကျွန်တော်က နာရီကို ငုံ့ကြည့်လိုက်သည်။

''ကဲဟော့··· စာသင်ချိန်လည်း စေ့ပြီ။ မှတ်ထားကြ။ ဝါတွင်းကာလမှာ မင်္ဂလာရှိအောင် နေကြ။ မင်္ဂလာရှိတဲ့အမှုကို ပြုကြ။ သမိုင်းကို သင်ခန်းစာယူကြ။ ဒါဟာ ပယ်ဖျောက် ထိမ်ချန်လို့ မရတဲ့ 'ဝါတွင်းမိုးစက်'ပဲ''

✿ ✿ ✿



**လက်နက်ကိုင်မှ သူ့ရဲကောင်းတဲ့လား**

ဆရာတော်ဦးဥတ္တမ

(၂၇-၁၂-၁၈၇၉ ဖွားမြင်တော်မူ၊ ၉-၉-၁၉၃၉ ပျံလွန်တော်မူ)

✿ သူရဲကောင်းစစ်စစ်တွေဟာ
နှလုံးရည်ကို အားကိုးကြတယ်။
လက်ရုံးရည်ကို အားမကိုးကြဘူး။

✿ သူရဲကောင်းစစ်စစ်တွေဟာ
သူတို့ရဲ့ ကိုယ်ကျင့်တရားနဲ့
သူတို့ရဲ့ သမိုင်းကို တည်ဆောက်ကြတယ်။

✿ အနစ်နာခံမှုနဲ့
သူတို့ရဲ့ သမိုင်းကို အုတ်မြစ်ချကြတယ်။
ရိုးသားမှုနဲ့
သူတို့ရဲ့ သမိုင်းကို ဖွဲ့စည်းကြတယ်။
ဖြောင့်မှန်မှုနဲ့
သူတို့ရဲ့ သမိုင်းကို ပြုစုကြတယ်။
စွန့်လွှတ်မှုနဲ့
သူတို့ရဲ့ သမိုင်းကို မော်ကွန်းထိုးကြတယ်။

## လက်နက်ကိုင်မှ သူရဲကောင်းတဲ့လား

"စက်တင်ဘာလရဲ့ မိုးရေစက်တွေဆိုတာ 'အာဇာနည် သူရဲကောင်း သံဃာတော်'တွေကို လွမ်းဆွတ်လို့ ကျလာခဲ့ရတဲ့ သိကြားမင်းကြီးရဲ့ မျက်ရည်စက်တွေပဲ"

ဗဟုသုတ ဖြစ်ဖွယ်၊ အတုယူ အားကျဖွယ်ရာ သူရဲကောင်းတို့၏ အကြောင်းကို စာသင်ခန်းအတွင်း၌ အပတ်စဉ် ကျွန်တော်က ပြောကြားနေကျ။ ဒီကနေ့တော့ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအတွက် ပထမဆုံး နိုင်ငံရေးမျက်စိ ဖွင့်ပေးခဲ့သူ ရခိုင်အမျိုးသား ရဟန်းတော်တစ်ပါး ဖြစ်သည့် ဆရာတော်ဦးဉတ္တမ အကြောင်း ပြောပြမည်ဟု ဆုံးဖြတ်ထားပြီး ကြိုတင်ပြင်ဆင်လာခဲ့သည်။

"တို့နိုင်ငံရဲ့ ဇူလိုင်လနဲ့ ဩဂုတ်လတွေဟာ နိုင်ငံရေးသူရဲကောင်းတွေ၊ လူ့အခွင့်အရေး သူရဲကောင်းတွေ၊ လွတ်လပ်ရေး သူရဲကောင်းတွေ ကျဆုံးခဲ့ရတဲ့ လ။ စက်တင်ဘာလကတော့ မတရားဖိနှိပ်မှုကို ငုံ့ခံမနေကြဖို့ ရှေ့တန်းကနေပြီး ရဲရဲရင့်ရင့် တိုက်ပွဲဝင်ရင်း ပျံလွန်တော်မူသွားရရှာတဲ့ သာသနာ့အာဇာနည် ရဟန်းတော်များရဲ့ လ။ ဒီတော့ အင်္ဂလိပ်အစိုးရက ရန်သူတော် နံပါတ်တစ်လို့ သတ်မှတ်ခြင်းခံခဲ့ရတဲ့ 'ဆရာတော်ဦးဉတ္တမ' အကြောင်းကို ဒီကနေ့ ပြောပြမယ်။ ဆရာတော် ဦးဉတ္တမကို ကြားဖူးတဲ့သူ တစ်ယောက်လောက် ထပြီး ဆွေးနွေးစမ်းပါ"

အရွယ်ခပ်လတ်လတ် ကျောင်းသားတစ်ယောက်က မတ်တတ်ရပ်ပြီး ဆွေးနွေးသည်။

"ကျွန်တော့်နာမည်က 'မောင်အောင်ဇံထွန်း'ပါ။ ရခိုင်အမျိုးသားပါ ခင်ဗျ။ စစ်တွေဇာတိပါ။ ဆရာတော်ဦးဉတ္တမကို ကျွန်တော် ငယ်စဉ်ကတည်း က ကြားခဲ့ဖူးပါတယ်"

"မင်းသိသလောက် ပြောပြနိုင်မလား"

"ဟုတ်ကဲ့ ခင်ဗျ၊ ဆရာတော် ဦးဥတ္တမက စစ်တွေမြို့၊ ရှုပရပ်မှာ မွေးပါတယ်။ ငယ်နာမည်က 'ပေါ်ထွန်းအောင်'တဲ့။ အဲဒီခေတ် အင်္ဂလိပ်ဘုရင်ခံကို မြန်မာနိုင်ငံက နေပြီး 'မင်း… အခု ထွက်သွား'လို့ ပထမဆုံး ပြောရဲသူ၊ အကြောက်တရားကင်းသူ မြန်မာ့တိုင်းရင်းသား သူရဲကောင်းတစ်ယောက်ပါ။ ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားခြေရင်း တောင်ဘက်မုခ်မှာ 'ဦးဥတ္တမပန်းခြံ'ဆိုတာ ရှိခဲ့ဖူးပါတယ်။ 'ဦးဥတ္တမနေ့'ဆိုတာလည်း ရှိခဲ့ဖူးတယ်လို့ ကြားခဲ့ဖူးပါတယ်။ အဲဒီလောက်ပဲ ကျွန်တော် သိပါတယ်"

"ကျေးဇူးပဲ၊ ထိုင်တော့…"

စာသင်ခန်းထဲတွင် ကျောင်းသား အယောက်(၄၀) ရှိသည်။ ဆရာတော် ဦးဥတ္တမကို ကြားဖူးသူ (၄)ယောက်ပင် မပြည့်။ ဤပြဿနာသည် သာမန်ပြဿနာ မဟုတ်ပါ။ ဒီနိုင်ငံမှာ နေတဲ့ လူငယ်တွေဟာ ဒီနိုင်ငံမှာ ရှိခဲ့ဖူးတဲ့ သူရဲကောင်းတွေကို စိတ်ဝင်စားမှ ဒီနိုင်ငံရဲ့ အနာဂတ် စိတ်ချရမည်။ အခုတော့ မြန်မာ့သူရဲကောင်းတွေကို မသိ။ မက်ဆီကို သိသည်။ ရွှန်းနီကို စိတ်ဝင်စားသည်။ မော်ရင်ဟိုကို နှစ်သက်သည်။ တီဗက်စ်ကို ကြိုက်သည်။ စီရော်နယ်ဒိုကို မမေ့ကြ။ ရင်လေးစရာ ကောင်းလှပါ၏။

"အေးကွ၊ ဆရာတော် ဦးဥတ္တမက ၁၈၇၉၊ ဒီဇင်ဘာလ ၂၇ ရက်နေ့မှာ ဖွားမြင်တော်မူတယ်။ ရခိုင်အမျိုးကောင်းသား။ သူ့မိဘတွေက သူ့ကို သိပ်ချစ်ကြတယ်။ မခွဲနိုင်လို့ (၅)တန်းနဲ့ ကျောင်းထုတ်ပစ်လိုက်ကြတယ်။ အဲဒီ 'ပေါ်ထွန်းအောင်' ဆိုတဲ့ ရခိုင်လူငယ်လေးက ပညာရေးကို အလွန်စိတ်ဝင်စားတယ်။ ကျောင်းဆက်နေချင်တယ်။ ဒီတော့ စစ်တွေမြို့မှာ ရှိတဲ့ ရွှေစေတီကျောင်း ဆရာတော်ဘုရားထံမှာ ဖိုးသူတော် ဝတ်ပြီး သဒ္ဒါတွေ၊ သင်္ဂြိုဟ်တွေ သင်ယူတယ်။ ၁၆ နှစ်ရောက်မှ ကိုရင် ဝတ်တယ်။ ကိုရင်နာမည်က အရှင်ဥတ္တမ။ အရွယ်ကလေး ရောက်လာတော့ ဒီထက်မြင့်မားတဲ့ ပိဋကတ်တွေကို သင်ယူဖို့ သူ့မိဘတွေကို ပူဆာရင်း မအူပင်မြို့ကို ရောက်လာတယ်။ အဲဒီကတစ်ဆင့် ရန်ကုန်။ ပြီးတော့ တောင်ငူ။ တောင်ငူမြို့ ရောက်တော့ ရှင်သာမဏေ စာမေးပွဲတစ်ခုကို ဝင်ပြီးဖြေဆိုတာ ပထမရသတဲ့။ အဲဒီလို စာတော်တာကြောင့် တောင်ငူမြို့မှာ နေထိုင်တဲ့ ရှမ်းအမျိုးသမီးကြီးတစ်ဦးက

ရှင်ဥတ္တမကို သားအဖြစ် မွေးစားပြီး အိန္ဒိယနိုင်ငံ၊ ကာလကတ္တားမြို့ကို ပို့။ စာတွေ သင်ယူ။ ဆယ်တန်းအောင်။ မြန်မာပြည် ပြန်လာ။ အဲဒီအချိန်မှာ အသက်ကလည်း ၂၀ နီးပြီ။ ဒီတော့ ရဟန်းခံတယ်။ ရဟန်းဘဝနဲ့ အိန္ဒိယကို ပြန်ပြီးသွား။ အိန္ဒိယနိုင်ငံဟာ မြန်မာနိုင်ငံနဲ့အတူတူ အင်္ဂလိပ်ရဲ့ လက်အောက်ခံတွေ၊ ကျွန်နိုင်ငံတွေ။ အိန္ဒိယနိုင်ငံမှာ လွတ်လပ်ရေးရဖို့အတွက် ကြိုးစားနေကြပုံတွေကို ဆရာတော် ဦးဥတ္တမက မြင်တွေ့ခဲ့ရတယ်။ ဒါကြောင့် အမျိုးသားရေး စိတ်ဓာတ်တွေ သန္ဓေတည်လာခဲ့ရတယ်။ ရင့်သန်လာခဲ့ရတယ်"

မောင်အောင်ဖတွန်းက ထပြီး ဆွေးနွေးသည်။

"ဆရာခင်ဗျ၊ ရခိုင်လူမျိုး အရှင်ဥတ္တမကို ရှမ်းအမျိုးသမီးကြီးက မွေးစားတယ်။ ကျောင်းထားပေးတယ်။ အဲဒီခေတ်တုန်းက တိုင်းရင်းသားတွေဟာ ဒီနေ့ခေတ်ထက် တစ်ဦးကိုတစ်ဦး ချစ်တတ်လိုက်ကြတာနော်။ အခုလည်း အဲဒီလို ချစ်ကြရင် သိပ်ကောင်းမှာပဲ"

"ဟုတ်တာပေါ့၊ ဆရာတော် ဦးဥတ္တမက အလွန်ဉာဏ်ကောင်းတဲ့ ရဟန်းတစ်ပါး။ ဘာသာစကားပေါင်းစုံ တတ်မြောက်တဲ့သူ။ ပညာရေးကို အလွန်စိတ်ဝင်စားတဲ့သူ။ ပညာသင်ဖို့ အိန္ဒိယကနေပြီး ပြင်သစ်ကို သွားခဲ့ပြန်တယ်။ အဲဒီအချိန်မှာ ရုရှားနဲ့ ဂျပန်က စစ်ဖြစ်နေကြသတဲ့။ အလွန် အင်အားကြီးမားတဲ့ ရုရှားကို ဂျပန်က နိုင်သတဲ့ကွာ။ ဒါကြောင့် ဆရာတော် ဦးဥတ္တမက ဂျပန်ပြည်ကို အလွန်စိတ်ဝင်စားသွားတော့တယ်။ ဒီလိုနဲ့ ဂျပန်ပြည်ကို အရောက်သွားပြီး ပညာသင်ယူပြန်တယ်။ ဂျပန်နိုင်ငံမှာရှိတဲ့ ဗုဒ္ဓဘာသာသိပ္ပံကျောင်းမှာ ပါဠိပါမောက္ခအဖြစ် ဆောင်ရွက်တယ်။ ဂျပန်ပြည်မှာ ၇ နှစ်လောက် ကြာအောင် နေခဲ့တယ်။ ဒီတော့ မြန်မာပြည်တွင်းမှာရှိတဲ့ လူတွေနဲ့ ဆရာတော်ဦးဥတ္တမရဲ့ အမြင် အလွန်ကွာခြားသွားတော့တယ်။ အင်္ဂလိပ်ဆိုတာ ကမ္ဘာပေါ်မှာရှိတဲ့လူတွေထဲက လူတစ်ယောက်သာ ဖြစ်တယ်။ အဲဒီလို အရပ်ရှည်ရှည်၊ နှာခေါင်းချွန်ချွန်၊ အသားဖြူဖြူ အင်္ဂလိပ်ဆိုတဲ့ လူလိုပုံစံတွေ ကမ္ဘာပေါ်မှာ အများကြီး ရှိတယ်ဆိုတာ ပြည်တွင်းမှာနေတဲ့ မြန်မာတွေက မသိကြဘူး။ ဥရောပနိုင်ငံတွေမှာဆိုရင် အဲဒီလို ပုံစံတွေဟာ သာမန်လက်လုပ်လက်စားတွေ၊ လယ်သမားတွေ။ ဒီနိုင်ငံမှာတော့ သူတို့က မိုလ်ကျချင်သလို ကျနေကြတော့တယ်။ ဒီတော့ အင်္ဂလိပ်ကို မကြောက်ဖို့ မကြောက်တရား စပြီး ဟော

တယ်။ အဲဒီအချိန်တုန်းက မြန်မာနိုင်ငံအတွက် အင်္ဂလိပ်ဘုရင်ခံဟာ 'ဆာရယ်ဂျီနယ် ကရက်ဒေါက်'။ အဲဒီဘုရင်ခံကို 'ဗမာပြည်က မင်း အခု ထွက်သွား' လို့ ပြောရဲတဲ့သူဟာ ဆရာတော်ဦးဥတ္တမပဲ။ အဲဒီလို ပြုမူလိုက်တာဟာ မြန်မာတစ်မျိုးသားလုံးအတွက် ပြောခွင့် ရှိတယ်၊ ပြောရဲရမယ် ဆိုတဲ့ အချက်ကို မီးမောင်းထိုးပြလိုက်တာပဲ"

ကျောင်းသူတစ်ယောက်က ထပြီး ဆွေးနွေးသည်။

"သမီး ပြောပါရစေ"

"ဘာများလဲ"

"သမီးရဲ့ အစ်မက အမေရိကားမှာ ကျောင်းသွားတက်ပါတယ်။ အဲဒီက ပြန်လာတော့ သူ့မှာ သတ္တိတွေ ပိုပြီး ရှိလာတယ်။ အလွန် ပြောင်းလဲသွားတယ်။ အစ်မက ပြောတယ်။ နိုင်ငံခြားကို ငါတို့လူမျိုးတွေ များများသွားသင့်တယ်။ ကျောင်းနေသင့်တယ်။ ငါတို့လူမျိုးတွေက တစ်ယောက်ကို တစ်ယောက် မလေးစားကြဘူး။ ကြောက်တတ်ကြတယ်။ ကြောက်တတ်ချင်ယောင် ဆောင်တတ်ကြတယ်။ နိုင်ငံတကာမှာဆိုရင် လူတွေဟာ တစ်ယောက်ကို တစ်ယောက် လေးလေးစားစား ဆက်ဆံကြတယ်။ ကြောက်စရာမလိုဘူး။ ဒီမှာတော့ အကြောက်တရားနဲ့ ရှင်သန်နေကြရတယ်။ အကြောက်တရားနဲ့ ရှင်သန်နေထိုင်ကြသူတွေကို 'လူ'လို့ မခေါ်ဘူး။ အဲဒါ 'တိရစ္ဆာန်'တွေရဲ့ အပြုအမူတဲ့"

"ဟုတ်တယ် သမီး၊ သမီးအစ်မ ပြောသလိုပဲ။ ဆရာတို့ပတ်ဝန်းကျင်မှာ လူတွေက နည်းပြီး တိရစ္ဆာန်တွေက များနေတော့တယ်။ ဆရာတော် ဦးဥတ္တမက လူတွေကို 'လူ'ဖြစ်စေချင်တာ။ ဒီလိုနဲ့ မကြောက်တရားကို ဦးဆောင်ပြီး ဟောကြားခဲ့တဲ့ ဆရာတော် ဦးဥတ္တမ။ သူ့ရဲ့ ဆန္ဒကို ဖော်ထုတ်ခဲ့တဲ့အတွက် အဖမ်းခံရတော့တာပဲ။ ထောင်ကျတော့တာပဲဟေ့"

စာသင်ခန်းထဲမှ အသံတစ်သံ ထွက်လာသည်။

"ဒီနေ့ခေတ်နဲ့ သိပ်မကွာဘူးနော်"

"ကဲ… နားထောင်ကြဟေ့။ ဆရာတော် ဦးဥတ္တမက မအူပင်ထောင်မှာ (၄)နှစ်နီးပါး နေခဲ့ရတယ်။ ထောင်ကထွက်လာမှ ပိုပြီးတော့ ရဲရင့်လာတယ်။ မတရားမှုအတွက် ရင်ဆိုင်ကြရတဲ့သူတိုင်းဟာ မတရားမှုနဲ့ တွေ့တိုင်း ပိုပို

ပြီးတော့ ရဲရင့်လာတတ်ကြတာ အမှန်တရားတစ်ခုပဲ။ ဆရာတော်ဘုရားဟာ အင်္ဂလိပ်အစိုးရရဲ့ မတရားဖမ်းဆီးခြင်းကို ဒုတိယတစ်ကြိမ် ထပ်ပြီးခံရပြန်တယ်။ မြန်မာတိုင်းရင်းသားအချင်းချင်း ရိုင်းပင်းကြဖို့၊ ညီညွတ်ကြဖို့၊ စည်းကမ်းရှိကြဖို့၊ မတရားကျွန်ပြုထားသူတွေကို ပြန်လည်တွန်းလှန်ကြဖို့ ဟောပြောပို့ချချက်တွေဟာ အင်္ဂလိပ်အစိုးရအတွက် အကြောက်တရားကို ဖြစ်စေတယ်။ ဒီတော့ အဖမ်းခံရတဲ့သူတွေက အကြောက်တရားကင်းပြီး ဖမ်းဆီးဖို့ အမိန့်ထုတ်ပြန်သူတွေက အကြောက်တရား ရှိနေတယ်ဆိုတာ ပေါ်လွင်လာတော့တာပေါ့။ ဒါဟာ အာဏာရှင်တွေရဲ့ သဘာဝပဲ။ အင်အားကြီးပြီး ကြောက်တတ်သူတွေဟာ အင်အားငယ်ပြီး မကြောက်တတ်သူတွေကို ဖမ်းဆီးချုပ်နှောင်ခြင်းဖြင့် သူတို့ရဲ့ အကြောက်တရားကို ဖော်ပြတတ်ကြတယ်"

နားထောင်နေသူ ကျောင်းသား၊ ကျောင်းသူ လူငယ်လေးများက ဆရာတော် ဦးဥတ္တမ၏ သတ္တိကို ဘယ်လို သဘောထားမည် မသိ။ ကျွန်တော်ကတော့ လေးစားနေမိသည်။

"ဆရာတော် ဦးဥတ္တမ ဒုတိယအကြိမ် ထောင်က ထွက်လာတော့ မြန်မာပြည်မှာ အကွဲအပြဲ ဇာတ်လမ်းတွေ စပြီ။ အင်္ဂလိပ်ကလည်း တော်တော်အကင်းပါးတယ်။ အိန္ဒိယနိုင်ငံနဲ့ မြန်မာနိုင်ငံကို တွဲလျက် အုပ်ချုပ်ရာကနေပြီး ခွဲရေး၊ တွဲရေး စကားတွေ ပြောလာကြတယ်။ (၉၁)ဌာနအုပ်ချုပ်ရေး ဆိုတာ ပေါ်ပေါက်လာတယ်။ လုပ်ပိုင်ခွင့်တွေ၊ အာဏာတွေ၊ နေရာတွေနဲ့ တွေ့ရင် ငါတို့ ခေါင်းဆောင်တွေက မခံနိုင်ကြဘူး။ မညီညွတ်ကြဘူး။ အဲဒီကြားထဲမှာ ပြည်သူ့ချဉ်ဖတ် (၂၁)ဦး ပါတီနဲ့ သွားပြီး ပတ်သက်လိုက်တော့ ဆရာတော်ရဲ့ နိုင်ငံရေးသိက္ခာ ကျရှုံးရတော့တယ်"

မောင်အောင်ဇံထွန်းက မတ်တတ်ရပ်ပြီး ဆွေးနွေး၏။

"ကျွန်တော့်အဖေ ပြောဖူးတယ်။ ဆရာတော်ဦးဥတ္တမက ကမ္ဘာ့အမြင်ရှိတဲ့သူ။ ကျန်တဲ့သူတွေက ကမ္ဘာ့အမြင် မရှိဘူး။ ဒီတော့ အမြင်ကျယ်သူနဲ့ အမြင်ကျဉ်းမြောင်းသူတွေ ဖြစ်တတ်ကြတဲ့ ပဋိပက္ခ။ အမြင်ကျဉ်းမြောင်းသူတွေက အင်အားကြီးမားနေလေတော့ တိုင်းပြည် ဒုက္ခရောက်ခဲ့တာပဲတဲ့"

"ဟုတ်တယ်... အောင်ဇံထွန်း။ ငါတို့လူမျိုးတွေက အခုထိ အမြင်ကျဉ်းမြောင်းနေကြတုန်းပဲ။ အဲဒီ အမြင်ကျဉ်းမြောင်းမှုကို ခုတုံးလုပ်ပြီး

နိုင်ငံရေးအာဏာ ရအောင် ယူဖို့ ကြိုးစားကြတဲ့ နိုင်ငံရေးသမားတွေဟာ တိုင်းပြည်ကို နစ်မွန်းအောင် လုပ်နေခြင်းပဲ။ ဆရာတော်ဦးဥတ္တမဟာ မြန်မာနိုင်ငံအတွက် လွတ်လပ်ရေးမျိုးစေ့ကို ပထမဆုံး ချပေးခဲ့တဲ့သူ။ နိုင်ငံ့ဝန်ကိုလည်း ထမ်းသလို သာသနာ့ဝန်ကိုလည်း မြင့်မြတ်တဲ့ ကိုယ်ကျင့်တရားနဲ့ ထမ်းဆောင်သွားတဲ့သူ။ ဆရာတော်ရဲ့ သက်တော်ကလည်း ကြီးရင့်လာပြီ။ (၆၀)အရွယ်တောင် ရောက်ပေါ့။ ကျန်းမာရေးကလည်း ချို့တဲ့။ နိုင်ငံရေးအမြင် မတူသူတွေရဲ့ ချောက်ချမှုကြောင့် ဆရာတော်ဟာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်လာပြီး စိတ်ကျရောဂါ၊ ဆီးချိုရောဂါ၊ လေးဖက်နာရောဂါတွေနဲ့ နောက်ဆုံးမှာ အဲဒီစိတ်နဲ့ပဲ ဆရာတော်ဟာ အိပ်ရာထဲ လဲပြီး ပျံလွန်တော်မူခဲ့ရရှာတယ်။ ၁၉၃၉၊ စက်တင်ဘာလ ၉ ရက်နေ့ဟာ ဆရာတော် ဦးဥတ္တမ ပျံလွန်တော်မူတဲ့နေ့ပဲ။ ဒါကြောင့် လာမယ့် စက်တင်ဘာလ ၉ ရက်နေ့ဟာ ဆရာတော်ရဲ့ ပျံလွန်တော်မူခြင်း (၇၄)နှစ်ပြည့်ပဲ"

ကျောင်းသား၊ ကျောင်းသူတချို့က လိုက်လံမှတ်သားနေကြသည်။

"အဲဒီလို အများအတွက် အသက်စွန့်သွားတဲ့ အာဇာနည် သူရဲကောင်းတွေဟာ 'မြန်မာတစ်မျိုးသားလုံးရဲ့ ကျေးဇူးရှင်'တွေ။ မမေ့အပ်ဘူး။ မင်းတို့စိတ်ထဲမှာ ဓားတွေ၊ လှံတွေ၊ သေနတ်တွေ ကိုင်မှ သူရဲကောင်းလို့ မထင်မှတ်ကြလေနဲ့။ သူရဲကောင်းစစ်စစ်တွေဟာ နှလုံးရည်ကို အားကိုးကြတယ်။ လက်ရုံးရည်ကို အားမကိုးကြဘူး။ သူရဲကောင်းစစ်စစ်တွေဟာ သူတို့ရဲ့ ကိုယ်ကျင့်တရားနဲ့ သူတို့ရဲ့ သမိုင်းကို တည်ဆောက်ကြတယ်။ အနစ်နာခံမှုနဲ့ သူတို့ရဲ့သမိုင်းကို အုတ်မြစ်ချကြတယ်။ ရိုးသားမှုနဲ့ သူတို့ရဲ့ သမိုင်းကို ဖွဲ့စည်းကြတယ်။ ဖြောင့်မှန်မှုနဲ့ သူတို့ရဲ့ သမိုင်းကို ပြုစုကြတယ်။ စွန့်လွှတ်မှုနဲ့ သူတို့ရဲ့ သမိုင်းကို မော်ကွန်းထိုးကြတယ်"

ထိုအချိန်တွင် မမျှော်မလင့် မောင်အောင်ဇံထွန်းက စကားတစ်ခွန်း ထ၍ ပြော၏။

"ဆရာ... ကျွန်တော် ပြောချင်လို့"

"ဘာများလဲ..."

"ကျောင်းတွေမှာ အသင်း(၅)သင်း ရှိပါတယ် ဆရာ။ အသင်း (၅) သင်းရဲ့ အမည်တွေက မြန်မာ့သူရဲကောင်းတွေရဲ့ အမည်တွေပါ။ အဲဒီ

သူရဲကောင်း (၅)ဦးစလုံးဟာ ဓားကိုင်ထားတဲ့သူ၊ လှံကိုင်ထားတဲ့သူ၊ လက်ပိုက်ပြီး ရှုတည်တည်နဲ့ ကြည့်နေတဲ့သူ။ အဲဒီတော့ ကျွန်တော်တို့လူငယ်တွေရဲ့ ရင်ထဲမှာ သူရဲကောင်းဆိုတာ လူသတ်တဲ့လက်နက် ကိုင်ရတယ်၊ လောကကြီးကို ပမာမခန့် ဆက်ဆံရတယ်၊ ဗိုလ်ကျရတယ်၊ အနိုင်ကျင့်ရတယ်လို့ ယူဆသွားနိုင်ပါတယ်။ စစ်သားတွေ၊ စစ်ဗိုလ်တွေ၊ လက်နက်ကိုင်ဆောင်သူတွေသာ သူရဲကောင်း ဖြစ်ထိုက်တယ်လို့ အဓိပ္ပာယ်ရနေပါတော့တယ်။ အဲဒါကြောင့် ကျောင်းတွေမှာရှိတဲ့ အသင်း(၅)သင်းအတွက် လက်နက်ကိုင်တဲ့ သူရဲကောင်းကို တစ်ယောက်လောက်ပဲ ထည့်ပြီး ကလောင်ကိုင်တဲ့ သူရဲကောင်း၊ နိုင်ငံရေးသူရဲကောင်း၊ တတ်သိပညာရှင် သူရဲကောင်း၊ တံစဉ်ကိုင်တဲ့ သူရဲကောင်း၊ သပိတ်ကိုင်ပြီး တိုက်ပွဲဝင်တဲ့သူရဲကောင်း။ အဲဒီလို နှလုံးရည် သူရဲကောင်းတွေကိုလည်း မထည့်သွင်းသင့်ဘူးလား။ တန်ဖိုးထားတတ်အောင် သင်ကြားပေးကြစမ်းပါ။ လူသတ်တဲ့ လက်နက်ကိုင်မှ သူရဲကောင်းတဲ့လား"

✿ ✿ ✿



**ယစ်**

ဆရာတော် ဦးဝိစာရ

(၂၃-၄-၁၈၈၉ ဖွားမြင်တော်မူ၊ ၁၉-၉-၁၉၂၉ ပျံလွန်တော်မူ)

✿ အင်္ဂလိပ်အစိုးရက
ကိုယ့်လူမျိုး၊ ကိုယ့်အစိုးရ မဟုတ်လို့
လူထုကို နှိပ်စက်တယ်၊ ပြည့်ဘဏ္ဍာကို ခိုးယူတယ်၊
သာသနာတော်ကို စော်ကားတယ်။
တွေးကြည့်ရင် ခံသာပါတယ် ဘုရား။

✿ အခုတော့ ... ဆရာတော်ဘုရားရယ်။
ထကြည့်တော်မူပါဦး ဘုရား။

✿ တရားမရှိ၊ ဓမ္မမရှိ၊
ငရဲမကြောက်၊ သံသရာမကြောက်တဲ့လူတွေ။
ဒီမြေပေါ်မှာ ကာလကြာရှည် ကြီးစိုးခဲ့ကြတယ်။
အခုလည်း ပြန်ပြီး ကြီးစိုးဖို့ ကြိုးစားနေကြပြီ။

## ယစ်

"စပ်စုတယ်လို့ မထင်ပါနဲ့။ မောင်ရင်က ရန်ကုန်ကလား၊ နယ်ကလား"

တက္ကစီမောင်းသည့် ဒရိုင်ဘာကို ကျွန်တော်က မေးလိုက်သည်။

"ရန်ကုန်ဇာတိ မဟုတ်ဘူးဗျ။ မုံရွာ၊ ချောင်းဦးနယ်ကပါ"

လှည်းတန်း ခုံးကျော်မှ အဆင်း ဟံသာဝတီအဝိုင်း အရောက်တွင် မော်တော်ကားတန်းရှည်ကြီးကို တွေ့လိုက်ရသည်။ လမ်းမထက်ပေါ်၌ ငရဲအကျခံနေရသော ရန်ကုန်မြို့ကြီးကို ကျွန်တော် တွေ့လိုက်ရသည်။

ဟံသာဝတီအဝိုင်း…။ ပြီးတော့ ဦးဝိစာရအဝိုင်းတွင် ကားတန်းရှည်ကြီးကို တစ်ဖန် ထပ်ပြီး တွေ့လိုက်ရပြန်သည်။

"မောင်ရင်က မုံရွာ၊ ချောင်းဦးနယ်က ဆိုတော့ ဘယ်ရွာကလဲ"

"မင်းဂေါင်ရွာကပါ"

"ဒါဆိုရင် ဆရာတော် ဦးဝိစာရရဲ့ ဇာတိကို သိမှာပေါ့နော်"

"သိတာပေါ့ဗျ၊ ဆရာတော် ဦးဝိစာရက ချောင်းဦးနယ်၊ ကမ်းနိမ့်ရွာသား။ ချင်းတွင်းမြစ်ကမ်းဘေးမှာ ရှိတဲ့ ရွာတွေထဲက ရွာကြီးတစ်ခုပေါ့။ ကျွန်တော်တို့နဲ့ တစ်နယ်တည်း"

ကျောက်တိုင်ထိပ်တွင် မတ်တတ်ရပ်လျက် သီတင်းသုံးတော်မူလျက်ရှိသော ဦးဝိစာရရုပ်တုက သေးသေးငယ်ငယ် မှိန်မှိန်ပျပျ။ သို့သော် ကျွန်တော့်ရင်ထဲတွင် ဆရာတော် ဦးဝိစာရက မဟာသူရဲကောင်း။

"ဆရာတော်ဦးဝိစာရရဲ့ ဘကြီးက အင်္ဂလိပ်ဗြိတိသျှကို တော်လှန်ပုန်ကန်လို့ ကြိုးစင်မှာ အဆုံးစီရင်ခံခဲ့ရတဲ့သူ။ ဆရာတော်တို့မျိုးရိုးက အာဇာနည်သူရဲကောင်းမျိုးရိုးဗျ။ သီပေါမင်း ပါတော်မူပြီး (၃)နှစ်ကျော်ကျော် ၁၈၈၉

ခု၊ ပိတောက်ဝါဝါတွေ လှိုင်လှိုင်ပွင့်တဲ့ ဧပြီလ ၂၃ ရက်နေ့မှာ ဖွားမြင်ခဲ့တယ်တဲ့။ ငယ်နာမည်က 'မောင်လှကျော်'။

''မောင်ရင်ရဲ့ ဗဟုသုတ ဝေမျှစမ်းပါဦး''

''(၁၀) နှစ်၊ (၁၂) နှစ်လောက် အရောက်မှာ ကိုရင်ဝတ်တယ်ဗျ။ ဗုဒ္ဓဟူးသား ဖြစ်တော့ ကိုရင်ဘွဲ့ကို 'ရှင်ဝိစာရ'လို့ ပေးတယ်တဲ့။ 'သာမန်ပုဂ္ဂိုလ်တို့ထက် အထူးထူးသော ကျင့်ဝတ်သိက္ခာတို့ကို စောင့်ထိန်းလိုက်နာကျင့်ကြံအားထုတ်တတ်သူ။ အရာရာကို စနစ်တကျ သုံးသပ်နိုင်စွမ်းရှိသူ'လို့ အနီးစပ်ဆုံး အဓိပ္ပာယ် ဖော်လို့ ရမယ် ထင်တယ်''

ချောင်းဦးနယ်သားဖြစ်၍ ဆရာတော်ဦးဝိစာရ အကြောင်းကို ဂုဏ်ယူစွာဖြင့် ပြောကြားချင်နေပုံရသည်။ ကျွန်တော်က ငြိမ်ပြီး နားထောင်ပေးလိုက်သည်။

''မောင်လှကျော်က အိမ်ထောင်ရေး ကံမကောင်းရှာဘူးဗျ။ 'မယ်ညဏ်' ဆိုသူနဲ့ အိမ်ကပေးစားလို့ ယူလိုက်ရတယ်။ ယောက္ခမနဲ့ အဆင်မပြေပြန်ဘူး။ သမီးလေးတစ်ယောက် ရပြီး ကွဲသွားတယ်။ ဒုတိယအိမ်ထောင်ကတော့ 'မသေးမျှင်'တဲ့။ သူ ချစ်လို့ ယူတာ။ မသေးမျှင်နဲ့လည်း သမီး တစ်ယောက် ထွန်းကားပြန်တယ်။ အဲဒီလို အိမ်ထောင်နှစ်ဆက် ကျခဲ့ရခြင်းကို မောင်လှကျော်က သေသေချာချာ သုံးသပ်ကြည့်ပြီး အိမ်ထောင်သည်ဘဝကို မပျော်နိုင်တော့ဘူး ဖြစ်လာတယ်။ ဒါကြောင့် ရဟန်းဘောင်ကို အပြီးကူးပြောင်းသွားတော့တယ်''

ကျွန်တော်တို့ရှေ့က မော်တော်ကားတန်းကြီးသည် ရွာမှာ ရှင်လောင်းလှည့်နေသလိုမျိုး။ တအိအိနဲ့ ရှေ့တိုးလိုက်၊ ရပ်လိုက်နဲ့။ ခရီးမတွင်လှပါ။ သို့သော် ဆရာတော်ဦးဝိစာရ အကြောင်းကို ဆွေးနွေးခွင့်ရသဖြင့် မော်တော်ကားလမ်း ပိတ်ဆို့နေမှုကိုပင် ကျေးဇူးတင်နေမိပြန်တော့သည်။

''ဆရာတော်ဦးဝိစာရက အသက်(၂၀)မှာ ရဟန်းဘောင်ကို ရောက်တယ်။ ချောင်းဦး၊ မန္တလေး၊ ပခုက္ကူတို့မှာ သီတင်းသုံးတော်မူတယ်။ (၉)ဝါ အရောက် မန္တလေးမြို့၊ ရွှေရေးဆောင်ကျောင်းတိုက်မှာ သီတင်းသုံးနေစဉ် အိမ်တော်ရာဘုရားပွဲမှာ ကြုံတွေ့ခဲ့ရတဲ့ ဖြစ်ရပ်တစ်ခု ရှိတယ်။ အဲဒါ ဘာလဲဆိုတော့ အင်္ဂလိပ်ရာဇဝတ်ဝန် 'မစ္စတာစတီးဝပ်' ဆိုသူက ဘုရားရင်ပြင်တော်

ထက်ကို ဖိနပ်စီးပြီး တက်လာတယ်။ ဒါဟာ သာသနာကို စော်ကားခြင်းပဲ။ ယဉ်ကျေးမှုကို ထိပါးခြင်းပဲ။ အမျိုးကို စိန်ခေါ်ခြင်းပဲ။ ဒါကြောင့် မကျေနပ်တဲ့ ရဟန်းပျို အရှင်ကေသရက ဓားနဲ့ ဝင်ပြီး ခုတ်လိုက်တာ။ အဲဒီ ရာဇဝတ်ဝန် နှာခေါင်းပြတ်သွားရတယ်။ အရှင်ကေသရလည်း ထောင်ဒဏ် တစ်သက် တစ်ကျွန်း အကျခံရရှာတယ်။ အဲဒီအချိန်က စပြီး ဆရာတော် ဦးဝိစာရရဲ့ ရင်ထဲမှာ မျိုးချစ်စိတ်ဓာတ်တွေ အထူး ရှင်သန်လာခဲ့ရတယ်''

ကားမောင်းနေသူ လူငယ်လေးက လွန်ရောကျွံရော ရှိလှမှ အသက်က (၄၀)ဝန်းကျင်။ အလွန် စာဖတ်ပုံရသည်။

''မောင်ရင်က သိလှချည်လား''

''ကျွန်တော်က စာဖတ်တယ်ဗျ။ ငယ်ငယ်တုန်းက ဘုန်းကြီးကျောင်းသား။ ပြီးတော့ သမိုင်းဘာသာရပ်နဲ့ ဘွဲ့ရထားတဲ့သူ။ အစိုးရမကောင်းလို့ ကားမောင်းနေရတာ။ ခေတ်ပျက်လို့ ရှုးချင်ယောင်ဆောင်နေရတာ။ ကျွန်တော်က သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းကို အလွန် သဘောကျတာ''

''ကဲ… ဆရာတော် ဦးဝိစာရ အကြောင်း ဆက်စမ်းပါဦး''

''ချောင်းဦးနဲ့ ပခုက္ကူက နီးနီးလေး။ ဒီတော့ ဆရာတော် ဦးဝိစာရက ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်မှာ သီတင်းသုံးတော်မူနေစဉ် မျိုးချစ် ရဟန်းတော်ကြီး၊ အကြောက်တရားကင်းတဲ့ ဆရာတော်ကြီး ဦးဥတ္တမ ဖမ်းဆီးခံရတဲ့အကြောင်းကို ကြားသိရပြီးတဲ့နောက် မတရားအုပ်ချုပ်နေသူ အင်္ဂလိပ်ကို တော်လှန်ချင်စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာခဲ့ရတယ်။ ရန်ကုန်မှာလည်း သံဃာ့သမဂ္ဂီ အဖွဲ့အစည်းတွေ ဖွဲ့ကြတယ်။ ရဟန်း သံဃာတော်ငယ်တွေ၊ ဦးဇင်းတွေဟာ အဲဒီအဖွဲ့အစည်းကို ထောက်ခံကြတယ်။ ဝင်ရောက်ကြတယ်။ သက်တော် ဝါတော်ကြီးတဲ့ ဆရာတော်ဘုရားကြီးတွေက မကြိုက်ကြဘူး။ ဆရာတော် ဦးဥတ္တမ အကျဉ်းထောင်က လွတ်လာပြီးတဲ့နောက် ပခုက္ကူမြို့ကို ကြွလာတဲ့အချိန်။ ဆရာတော် ဦးဥတ္တမကို အနီးကပ် ဖူးမြော်ခွင့် ကြုံတယ်။ ဆရာတော် ဦးဝိစာရရဲ့ အသွေးအသားထဲမှာလည်း ဆရာတော် ဦးဥတ္တမရဲ့ စိတ်ဓာတ်တွေ၊ သတ္တိတွေ၊ ဝိညာဉ်တွေ ကူးစက်ပျံ့နှံ့လာတော့တယ်။ ဒီလိုနဲ့ ပခုက္ကူက နေပြီး ရန်ကုန်ကို ကြွတယ်။ ကြည့်မြင်တိုင်၊ ဝေဠုဝန်တိုက်မှာ သီတင်းသုံး နေထိုင်ပြီး စာဝါတွေ ပို့ချတယ်။ သံဃာ့သမဂ္ဂီ အဖွဲ့ဝင်တယ်။

ဆရာတော် ဦးဥတ္တမနဲ့ ရင်းနှီးလာခဲ့ရတယ်။ ဆရာတော် ဦးဥတ္တမရဲ့ လက်ရုံး တစ်ဆူ တပည့်အရင်း ဖြစ်လာခဲ့ရတယ်''

သူ ပြောမှ ဆရာတော် ဦးဥတ္တမနှင့် ဆရာတော် ဦးဝိစာရ၏ ဆက်နွယ်မှုကို တစ်စွန်းတစ်စ ကျွန်တော် သိလိုက်ရသည်။

''ဆရာတော် ဦးဥတ္တမက ၁၉၂၃ မှာ အိန္ဒိယကို ကြွတဲ့အချိန် ဆရာတော် ဦးဝိစာရကို ခေါ်သွားခဲ့တယ်။ အိန္ဒိယမှာ (၂)နှစ် ဝါဆိုတယ်။ အိန္ဒိယကွန်ဂရက် အစည်းအဝေးတွေမှာ မြန်မာ့လွတ်လပ်ရေးအတွက် ဆွေးနွေးတယ်။ လေ့လာတယ်။ ကျွန်တော်တို့ ဆရာတော် ဦးဝိစာရက အလွန်ဉာဏ်ကောင်းတယ်ဗျ''

''ဟုတ်ပါတယ် မောင်ရင်ရယ်၊ ဆက်ပြောစမ်းပါဦး''

''အင်္ဂလိပ်အစိုးရက မတရားအစိုးရဗျ။ ဆရာတော် ဦးဝိစာရဟာ သူတို့မှတ်တမ်းထဲမှာ ရန်သူတော် နံပါတ် (၄၄)တဲ့။ အဲဒီလို မျိုးချစ်စိတ်ဓာတ် ပြင်းထန်တဲ့ ရဟန်းတော်တွေကို ရန်သူလို သဘောထားတယ်။ ရက်ရက်စက်စက် နှိပ်ကွပ်တယ်။ ခေါင်းမထောင်နိုင်အောင် လုပ်တယ်။ ဦးချိုးတယ်''

သူ့စကား အရှိန်ရလာပြီ။

''အင်္ဂလိပ်တွေက 'မောင်မင်း သိစေရမည်' ဆိုတဲ့ စကားကို အစချီပြီး မြန်မာလူမျိုးနဲ့ တိုင်းရင်းသားတွေကို ကျေးကျွန်သဖွယ် ဆက်ဆံတယ်။ မြန်မာ့အမွေအနှစ်တွေဖြစ်တဲ့ သစ်တော၊ ရေနံ၊ ရွှေတွင်း၊ ငွေတွင်း၊ ပတ္တမြားတွင်း၊ ကျောက်စိမ်းတွင်းတွေ မကျန် လယ်မြေ၊ ခြံမြေ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားတွေအထိ မတရားတဲ့နည်းနဲ့ ရအောင်ယူတယ်။ မြန်မာတွေမှာ ဒီနိုင်ငံသားဖြစ်ပြီး ဒီနိုင်ငံထဲမှာပဲ နေ။ ဒါပေမဲ့ နေစရာ အိမ်မရှိ၊ မြေမရှိ။ စားဝတ်နေရေးတွေချို့တဲ့။ ဒါန၊ သီလ၊ ဘာဝနာအတွက် လုပ်ဆောင်ချိန်မရ။ ကျင့်ကြံချိန်မရ။ ဒုက္ခအမျိုးမျိုးနဲ့ ကြုံတွေ့နေရတာကို ဆရာတော်ဦးဝိစာရက ဒီအတိုင်း ကြည့်မနေနိုင်တော့ဘူး။ ကူညီတော့တယ်။ ကယ်တင်တော့တယ်။ ရခိုင်ရဟန်းတော်ကြီး ဆရာတော် ဦးဥတ္တမလိုပဲ ပြည်သူလူထုရဲ့ ရင်ထဲကို မကြောက်တရားတွေထည့်ပေးတယ်။ ဟောကြားတယ်။ 'ဖွတ်ကျောပြာစု၊ ခရုဆန်ကျွတ်' ဖွတ်ဖြစ်နေရတဲ့ ငါတို့တစ်တွေ။ ဒီလိုပဲ အင်္ဂလိပ်ကို လက်ပိုက်ကြည့်နေကြရတော့မှာလား။ လက်နက်မကိုင်ဘဲ လူထုအားနဲ့ အင်္ဂလိပ်ကို တော်လှန်ဖို့ လိုပြီ''

"ဒါဆိုရင် ဆရာတော် ဦးဝိစာရ ထောင်ကျမှာ သေချာတယ်"

"ထောင်ကျတာပေါ့ ဆရာရယ်။ မတရားတဲ့ အစိုးရတိုင်းဟာ အများအတွက် ကြိုးပမ်းဆောင်ရွက်သူတွေကို ထောင်သွင်းအကျဉ်းချတတ်ကြတာ သူတို့ရဲ့ ပုံသေနည်းပဲ။ ဆရာတော့်အသက် (၃၇)နှစ်မှာ ထောင်ကျတယ်။ တရားဟောခြင်းကို ပိတ်ပင်တယ်။ ထောင်က လွတ်လာတယ်။ နောက်ထပ် တစ်ခါ ထောင်ပြန်ကျတယ်။ ဆရာ့ကို ပြောရဦးမယ်"

စကားပြောနေလျက်နဲ့ 'ပြောရဦးမယ်' ဟူသော စကားကြောင့် ကျွန်တော် ပို၍ စိတ်ဝင်စားသွားသည်။

"ဆရာ စဉ်းစားမိလား မသိဘူး"

"ဘာများလဲ"

"လူဝတ်လဲခြင်း ခံလိုက်ရတဲ့ ဆရာတော် ဦးဝိစာရက ရဟန်းစိတ်နဲ့ နေတယ်။ ဥပုသ်ပြုချင်တယ်။ ဥပုသ်ပြုခွင့် မပေးဘူး။ ဒါကြောင့် အစာငတ်ခံ ဆန္ဒပြတယ်။ သင်္ကန်းကို ဖွတ်ဆွဲပြီး ချွတ်တာကြောင့် အဝတ်ဗလာနဲ့ နေတယ်။ အဲဒါကို 'ရူးနေတယ်'လို့ စွပ်စွဲပြီး အရူးထောင်ကို ပို့တယ်။ အဝတ်ဗလာနဲ့ အစာငတ်ခံ ဆန္ဒပြရတဲ့ ရည်ရွယ်ချက်ဟာ သာသနာတော်ကို ထိပါးလို့။ ဝိနည်းသိက္ခာတော်ကို မလေးစားလို့။ သံဃာကို လူလို မဆက်ဆံလို့။ အဲဒီလို ဖွတ်အတင်းအဓမ္မ မတရားလုပ်တဲ့သူဟာ အင်္ဂလိပ်အစိုးရပဲ။ သေချာတွေးကြည့်ရင် နည်းနည်းတော့ ခံသာတယ်ဗျ"

"မင်းစကားကို ငါနားမလည်ဘူး"

"သူတို့က လူမျိုးခြား အင်္ဂလိပ်တွေလေ။ နယ်ချဲ့တွေလေ။ အဲဒီလို ပြုမူရက်တာ မဆန်းဘူး။ ဒီနေ့ခေတ်မှာတော့ ဒီလို စက်တင်ဘာလကြီး။ ၂၀၀၇ တုန်းက အဲဒီ ပုံစံအတိုင်း လုပ်ခဲ့ကြတာ လူမျိုးခြား မဟုတ်ဘူးဗျ။ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံက ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ပါတယ် ဆိုတဲ့ ခေါင်းဆောင်တွေ၊ အရာရှိတွေ၊ လက်နက်ကိုင်တွေ။ လုပ်လည်း လုပ်ရဲကြပါ့ဗျာ။ လုပ်ရက်ကြပါ့ဗျာ"

"အေး... မင်းစကားကို ငါ သဘောပေါက်ပြီ။ ဆက်ပြောပါဦး"

"ဆရာတော် ဦးဝိစာရရဲ့ သက်တော် (၄၀) ဝန်းကျင်လောက်မှာ နောက်ဆုံးအကြိမ် ထောင်(၆)နှစ် ကျတယ်။ သင်္ကန်းဝတ်ခွင့်၊ ဥပုသ်ပြုခွင့်

မပေးတာကြောင့် အစာငတ်ခံ ဆန္ဒပြတယ်။ ၁၆၆ ရက် အရောက် သေအံ့မူးမူး ဖြစ်နေတဲ့ အချိန်ထိပေါ့။ ဆရာတော်ဟာ အလွန်ပိန်ချုံးပြီး ရုပ်ဆင်းအင်္ဂါတောင် မပီပြင်တော့ဘူး။ 'ငါသည် မြတ်သော အကျင့်သီလအတွက် အဓိဋ္ဌာန်ပါရမီကို ပြည့်မြောက်အောင် ဆောက်တည်ခဲ့သည်။ သာသနာတော်၏ မျက်နှာကို ထောက်ရှုပြီး အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာအတွက် ကြိုးပမ်းဆောင်ရွက်ကြ'လို့ အမြဲတမ်း ပြောတော်မူခဲ့တဲ့ ဆရာတော် ဦးဝိစာရဟာ ရန်ကုန် ဗဟို အကျဉ်းထောင် ကြိုးတိုက် အခန်း(၅)မှာ အဝတ်ဗလာနဲ့ မေ့မြောသည်အထိ နှိပ်စက်ခံရတယ်။ သတိမရတစ်ချက်၊ ရတစ်ချက်နဲ့ပေါ့။ ဆရာတော့်သူငယ်ချင်း ဦးကေတု ရောက်သွားချိန်မှာတော့ လေသံသဲ့သဲ့လေးနဲ့ နောက်ဆုံးစကား တစ်ခွန်း မိန့်ကြားတော်မူခဲ့တယ်။ 'တပည့်တော် တပ်နေကျ မျက်မှန်ကို အလှူခံယူတော်မူပါဘုရား။ တိုင်းပြည်ကို လိမ္မာရစ်ကြပါလို့ မှာလိုက်ပါရစေ'တဲ့။ ထောင်တွင်းမှာပဲ ပျံလွန်တော်မူခဲ့ရတယ်။ အဲဒီနေ့ဟာ စက်တင်ဘာလ ၁၉ ရက်နေ့။ ၁၉၂၉ ခုနှစ်မှာပေါ့။ အသည်းနာဖို့ ကောင်းလိုက်တာဗျာ။ အရိုးစု သာသာ ရှိတော့တဲ့ ဆရာတော်ရဲ့ ရုပ်ကလာပ်ကို ကြည့်မြင်တိုင် ဥယျာဉ်တိုက်မှာ လာပြီး ပစ်ချသွားခဲ့တယ်။ စက်တင်ဘာလကို ဆရာ ဘယ်လိုမြင်သလဲ''

''မင်းအမြင်ပဲ ပြောပါ''

''ဆရာတော် ဦးဥတ္တမ ပျံလွန်တော်မူတာ စက်တင်ဘာလ ၉ ရက်နေ့။ ဆရာတော် ဦးဝိစာရ ပျံလွန်တော်မူတာ စက်တင်ဘာလ ၁၉ ရက်နေ့။ ပြီးတော့ ရွှေဝါရောင်တော်လှန်ရေး ဖြစ်ခဲ့တာလည်း စက်တင်ဘာလ ၁၈ ရက်နေ့။ ဒီတော့ စက်တင်ဘာလဟာ ရွှေဝါရောင်သံဃာတော်တွေရဲ့ မော်ကွန်းတင်ထိုက်တဲ့လ''

မော်တော်ကားက ဦးဝိစာရအဝိုင်းကို လွန်ခဲ့လေပြီ။ ကျွန်တော့်အတွေးများက မဆုံးသေး။ ဆရာတော် ဦးဝိစာရကို လက်အုပ်ချီမိုးပြီး ရင်ထဲက စကားတစ်ခွန်း လျှောက်ထားလိုက်မိသည်။

''အင်္ဂလိပ်အစိုးရက ကိုယ့်လူမျိုး၊ ကိုယ့်အစိုးရမဟုတ်လို့ လူထုကို နှိပ်စက်တယ်၊ ပြည့်ဘဏ္ဍာကို ခိုးယူတယ်၊ သာသနာတော်ကို စော်ကားတယ်။ တွေးကြည့်ရင် ခံသာပါတယ် ဘုရား။ အခုတော့ ဆရာတော်ဘုရားရယ်၊ ထကြည့်တော်မူပါဦး ဘုရား။ တရားမရှိ၊ ဓမ္မမရှိ၊ ငရဲမကြောက်၊ သံသရာ မကြောက်တဲ့လူတွေ ဒီမြေပေါ်မှာ ကာလကြာရှည် ကြီးစိုးခဲ့ကြတယ်။ အခု

လည်း ပြန်ပြီး ကြီးစိုးဖို့ ကြိုးစားနေကြပြီ။ ထကြည့်တော်မူပါဦး ဆရာတော်ဘုရား''

''လီမ္မာရစ်ကြ'' တဲ့။

''ဆရာတော့်ရဲ့ ဆုံးမစကား။ အခုထိ မလိမ္မာကြသေးပါ ဘုရား။ မညီညွတ်ကြသေးပါ။ စည်းကမ်းမရှိကြသေးပါ။ အတ္တသမားတွေက ခေါင်းထောင်ပြီး ခေါင်းဆောင်လုပ်ဖို့ ကြိုးစားနေကြပါတယ် ဘုရား။

ဆရာတော်ဘုရားရဲ့ ဆုံးမစကားထဲက 'ရစ်ကြ' ဆိုတဲ့ စကားလုံးကိုတော့ နားထောင်ကြပါရဲ့ ဘုရား။ အမျိုးမျိုး 'ယစ်'နေကြပါတယ်။ အချိန်တွေဆွဲနေကြပါတယ်။ လွယ်တာတွေကို ခက်အောင် လုပ်နေကြပါတယ်။ အာဏာကို 'ယစ်မူး'နေကြပါတယ်။ နေရာနဲ့ လုပ်ပိုင်ခွင့်တွေကို 'ယစ်မူး'နေကြပါတယ် ဘုရား။ အခုတော့ 'မလိမ္မာ'ဘဲ 'ယစ်'နေကြသူတွေက အများစုပါ ဘုရား။ ဝမ်းနည်းစရာ ကောင်းလိုက်တာ''

✿ ✿ ✿



**ကဗျာတစ်ပုဒ်... သေနတ်တစ်လက်**

ဆရာဇော်ဂျီ

(၁၂-၄-၁၉၀၇ မွေးဖွား။ ၂၆-၉-၁၉၉၀ ကွယ်လွန်)

✿ တိရစ္ဆာန်စိတ် ဆိုတာ ကြီးနိုင်ငယ်ညှဉ်းစိတ်ဓာတ်၊
အစွယ်ရှိသူက အစွယ်မဲ့သူကို
အစွယ်နဲ့ အနိုင်ယူတဲ့စိတ်ဓာတ်။

✿ ဦးချိုရှိသူက ဦးချိုမဲ့သူကို
ဦးချိုနဲ့ အနိုင်ယူတဲ့စိတ်ဓာတ်။

✿ လက်နက်ရှိသူက လက်နက်မဲ့သူကို
လက်နက်အားကိုးနဲ့ အနိုင်ယူတဲ့ စိတ်ဓာတ်။

✿ အင်အားကြီးသူက အင်အားငယ်သူကို
အင်အားနဲ့ ဗိုလ်ကျစိုးမိုးတဲ့ စိတ်ဓာတ်။

✿ အတ္တအပေါ် အခြေခံတဲ့စိတ်ဓာတ်၊
အများအကျိုးကို ပစ်ပယ်တဲ့စိတ်ဓာတ် ...။

✿ ဒီတော့ ...
မင်းတို့ဟာ လူစိတ်တွေ ပျောက်ပြီး
အဲဒီလို တိရစ္ဆာန်စိတ်တွေ ဖြစ်ကုန်မှာ ငါစိုးရိမ်တယ်။
အဲဒီလို ဆိုဆုံးမထားတဲ့ ကဗျာ။

## ကဗျာတစ်ပုဒ်... သေနတ်တစ်လက်

"ငါ့မှာ 'သိန်းဟန်' ဆိုတဲ့ သူငယ်ချင်း တစ်ယောက် ရှိခဲ့ဖူးတယ်။ ဆယ်တန်းတုန်းက သူငယ်ချင်း။ သူနဲ့ ငါက ကဗျာရေးဖော်၊ ရေးဖက်။ စာရူးဖော်၊ စာရူးဖက်။ သိန်းဟန်က ဆရာဇော်ဂျီရဲ့ ကဗျာတွေကို အလွန်နှစ်သက်တယ်။ ဆရာဇော်ဂျီရဲ့ အမည်ရင်းကလည်း 'မောင်သိန်းဟန်'။ ဒီတော့ ငါ့ သူငယ်ချင်း သိန်းဟန်က သူ့ရဲ့ 'သိန်းဟန်' ဆိုတဲ့နာမည်ကို သိပ်ပြီး ဂုဏ်ယူဝင့်ကြွားတယ်။ ဆရာဇော်ဂျီရဲ့ မူလနာမည်နဲ့ သူ့ရဲ့ နာမည်က တူနေတယ်။ ဒါကို သူက ကျေနပ်တယ်။ အဲဒီကတည်းက ဆရာဇော်ဂျီရဲ့ ကဗျာတွေကို ငါတို့ နှစ်သက်ခဲ့ရတာ"

ဒီကနေ့သည် စက်တင်ဘာလ ၂၆ ရက်။

ဆရာဇော်ဂျီက ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာ ၂၆ ရက်မှာ ကွယ်လွန်ခဲ့သည်။ ကျေးဇူးတရားကို အောက်မေ့သည့်အနေဖြင့် စာသင်ခန်းထဲ၌ ဆရာဇော်ဂျီ၏ ဘဝပုံရိပ် အပိုင်းအစ တချို့ကို သူ၏ ကဗျာများနှင့် ရွတ်ဆိုပူဇော်ခဲ့သည်။ ဆရာဇော်ဂျီ၏ ကဗျာများက ကျွန်တော်တို့ကို လူပီသစေခဲ့ပါသည်။

"မင်းတို့ အလွတ်ရတဲ့ 'သင်သေသွားသော်' ဆိုတဲ့ ကဗျာ။ အဲဒါ ဆရာဇော်ဂျီရဲ့ လက်ရာ။ အဓိပ္ပာယ် အလွန် လေးနက်တယ်။ အဲဒီ ကဗျာရေးစဉ်တုန်းက ဆရာဇော်ဂျီ အသက်က ၂၉ နှစ်။ ဆရာဇော်ဂျီက ၁၉၀၇ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့မှာ ဖွားမြင်သူ။ 'သင်သေသွားသော်' ကဗျာက ၁၉၃၆ အိုးဝေမဂ္ဂဇင်းမှာ ဖော်ပြခဲ့တာ။ အတ္တကြီးမားသူတွေကို သတိနဲ့ သံဝေဂ ဉာဏ်ရစေဖို့ အသိပေးနှိုးဆော်တဲ့ ကဗျာ။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးနဲ့ အများကောင်းကျိုး သယ်ပိုးဖို့ ဆိုဆုံးမတဲ့ ကဗျာ။ 'သစ္စာအရောင်၊ ဉာဏ်တန်ဆောင်' ဆိုတဲ့ စကားလုံးနဲ့ သစ္စာလေးပါး မြတ်တရားကို ဉာဏ်သွင်းပြီး ကြိုးစား

အားထုတ်ကြဖို့ ကျစ်လျစ်တဲ့ စကားလုံးတွေနဲ့ ဖွဲ့သီခဲ့တဲ့ကဗျာ။ သူများတွေတော့ မသိဘူး။ ငါ့မှာတော့ အဲဒီ 'သင်သေသွားသော်' ဆိုတဲ့ ကဗျာတစ်ပုဒ်တည်းနဲ့ လူဖြစ်ရခြင်း အဓိပ္ပာယ်ကို တွေးဆမိခဲ့တယ်။ ဆရာဇော်ဂျီရဲ့ ကျေးဇူးက အကြီးကြီးပဲ"

ဆရာဇော်ဂျီကို စာသင်သားတိုင်း၊ ကျောင်းသား ကျောင်းသူတိုင်းက ရိုသေလေးမြတ်စွာ သိကြပါသည်။ ဆရာဇော်ဂျီသည် ကျွန်တော်တို့အတွက် 'ကလောင်ကိုင်သည့် သူရဲကောင်း'။ ၂၀ ရာစု မြန်မာစာပေလောကရဲ့ ကဗျာကဝိ။ 'ပလေးတိုးနီဒါန်း'ဖြင့် ရင်ခုန်စွာ စွဲလမ်းခဲ့ရသူ။ ဘာသာပြန်စာပေ သဘောတရားနှင့် ဝေဖန်ရေးစာပေတို့၏ ဦးသျှောင်။ မြန်မာစာပေသမိုင်း၏ ပညာရှင်။ ခေတ်စမ်းစာပေရဲ့ ဦးဆောင်လှုပ်ရှားခဲ့သူတစ်ဦး။ ရန်ကုန်တက္ကသိုလ်နဲ့ လန်ဒန်တက္ကသိုလ်တို့မှာ ပညာသင်ကြားခဲ့တဲ့သူ။ ရန်ကုန် တက္ကသိုလ်ကျောင်းတိုက်ကြီးရဲ့ စာကြည့်တိုက်မှူး။ 'ဝဏ္ဏကျော်ထင်' ဘွဲ့တံဆိပ်ရ ပညာရှင်။ ကျောင်းသုံးစာအုပ် ထုတ်လုပ်ရေး ညွှန်ကြားရေးဝန်။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနရဲ့ ဂုဏ်ထူးဆောင်ပါမောက္ခ။ အမျိုးသားစာပေဆု ရွေးချယ်ရေး ကော်မတီရဲ့ ဥက္ကဋ္ဌ။ 'အမျိုးသားစာဆို' အဖြစ် ပြည်သူလူထုတစ်ရပ်လုံးရဲ့ နှလုံးသားထက်မှာ ထာဝရ ကိန်းဝပ်နေသည့် စာပေတန်ခိုးရှင်။

"အဓိပ္ပာယ်အလွန်ပြည့်ဝတဲ့ ဆရာဇော်ဂျီရဲ့ ကဗျာတွေကို ငါတို့ အတူ ရွတ်ဆိုကြရအောင်။ ကွန်ပျူတာနဲ့ စာစီလာခဲ့တယ်။ မင်းတို့လက်ထဲကို ငါ ဝေထားတဲ့ စာရွက်ထဲမှာ ပါတယ်။ တွေ့လား။ 'မင့်အိမ်'တဲ့။ အဲဒီကဗျာထဲ က အောက်ဆုံးအပိုဒ်။ ငါတို့ အတူ ရွတ်ဆိုကြမယ်"

လူငယ်အားလုံးက ဆရာဇော်ဂျီ၏ ကဗျာကို ညီညီညာညာဖြင့် ရွတ်ဆို ကြလေ၏။

"မကောင်း မင့်အိမ်၊ ကောင်း မင့်အိမ်တည့်။
မင့်အိမ် ရွှဲစို၊ အမိုးယိုသော်
မငြိုသင့်ပါ၊ မင်း တက်ဖာပေါ့။
အကာ အခင်း၊ ပျက်ပြိုယွင်းသော်
မငြင်းစေချင်၊ မင်း ဆက်ပြင်ပေါ့။
အခွင် အနဲ့၊ အရွဲ့ အစောင်း

မကောင်း မပြော၊ ဟောင်းထွေထွေကို
အခြေနှင့်မျှ၊ ဉာဏ်ဖြင့် ဆ၍
လုံ့လသက်သွင်း၊ သစ်စေမင်း''

''ဒီကဗျာဟာ ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာဖို့အတွက် မင်းတို့၊ ငါတို့ အားလုံးမှာ ဟာဝန်ရှိတယ် ဆိုတဲ့ အသိစိတ်ကို နှိုးဆော်ပေးတဲ့ ကဗျာပဲ။ ကိုယ့်နိုင်ငံကို ကိုယ်တန်ဖိုးထားတတ်ဖို့၊ ချစ်တတ်ဖို့၊ ပြုပြင်သင့်တာကို ပြုပြင်ကြဖို့ အသိပေးတဲ့ ကဗျာတစ်ပုဒ်ပဲ။ ကဲ··· နောက်တစ်ပုဒ်။ 'ဂုဏ်အလှ' ဆိုတဲ့ကဗျာ။ တွေ့လား။ အောက်ဆုံးနှစ်ပိုဒ်ကို ရွတ်ကြည့်ကြစမ်း''

ဆရာဇော်ဂျီ၏ စကားလုံးတို့သည် အဓိပ္ပာယ် လေးနက်လှ၏။ အတွေးအားပါလှ၏။ ရိုးရိုးလေးနှင့် ဆန်းလှပါ၏။ ပြီးတော့ ဓမ္မသဘောတွေ ပြည့်နှက်နေသည်။ 'ဂုဏ်အလှ' ဆိုသည့် ကဗျာကို လူငယ်လေးများက မြတ်မြတ်နိုးနိုး ရွတ်ဆိုကြပြန်သည်။

''ရွှေဂုဏ် ငွေဂုဏ်၊ ရာထူးဂုဏ်သည်
လူ့ဘုံလောက၊ အကာမျှတည့်
သူက ငြုစူ၊ မကြည်ဖြူ၍
ခွာယူလိုက ခွာ၍ရ။
ရိုးဂုဏ် ဖြောင့်ဂုဏ်၊ ယဉ်ကျေးဂုဏ်သည်
လူ့ဘုံလောက၊ နှစ်သာရတည့်
သူက ငြုစူ၊ မကြည်ဖြူလည်း
ခွာယူမရ ကွာမကျ''

''ကဲဟေ့- ရိုးဂုဏ်၊ ဖြောင့်ဂုဏ်၊ ယဉ်ကျေးဂုဏ်တဲ့။ ဘယ်သူတွေ ဘယ်လိုပဲ ငြုစူပါစေ၊ ခွာယူလို့မရဘူး။ မင်းတို့စိတ်ထဲမှာ ဘယ်သူ့ကို ပြေးပြီး မြင်မိသလဲ''

တချို့က 'ဗိုလ်ချုပ်အောင်ဆန်း' ဟု ဖြေသည်။ တချို့က 'ဆရာကြီး သခင်ကိုယ်တော်မှိုင်း' တဲ့။ ကျောင်းသူတချို့ကမူ 'မာသာထရီဇာ' တဲ့။ တချို့ ကတော့ 'ဆရာဇော်ဂျီ' တဲ့။ တချို့ကမူ 'ဆရာမင်းသုဝဏ်' တဲ့။

သူတို့၏ အဖြေစကားကြောင့် ကျွန်တော့်စိတ်ထဲတွင် ကြည်နူးပီတိ ဖြစ်သွားမိပါသည်။

"ကဲဟော့- 'သခင်အောင်ဆန်းတရား' ဆိုတဲ့ ကဗျာ။ ဒုတိယအပိုဒ်ကို အတူတူ ရွတ်ဆိုကြရအောင်"

"ဆန်း၏ သတ္တိ
ဆန်း၏ သမာဓိ၊ ဆန်း၏ ပညာ
ဟောစရာကား၊ အလွန်များ၏။
မင့်သားအရွယ်၊ သက်နှစ်ဆယ်တွင်
လူငယ်အောင်ဆန်း၊ သူ့အစွမ်းကို
ပန်းကောင်းတစ်ပွင့်၊ ပန်ဆင်တင့်သို့
မင့်သား သိစေချင်လှ၏"

"အဲဒီကဗျာက ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရိုးရိုးကျင့်ပြီး မြင့်မြင့်ကြံတတ်ပုံ။ လူငယ်ဘဝနဲ့ တိုင်းပြည်အတွက် သက်စွန့်ကြိုးပမ်းပုံတွေကို လူငယ်တွေ သိဖို့ ရေးထားတဲ့ကဗျာ။ ဆရာဇော်ဂျီဟာ အမျိုးသားရေးတာဝန် ကျေပွန်တဲ့ တကယ့်စာဆိုပညာရှင်ကြီး။ နောက်တစ်ပုဒ်ဟော့။ အဲဒီကဗျာက တိုတိုလေး။ 'အပ်နဖား'တဲ့။ ငါကိုယ်တိုင် အသံနေအသံထားနဲ့ ရွတ်ပြမယ်။ ကဗျာဆိုတာ အသံပါမှ လှတာ"

"ထိုးသော်လှဲ့ ထိုးသော်
ကြိုးချော်လို့ သွား။
အမယ်အို အမြင်ကတ်တယ်
အပ်ရွှေနဖား"

ကျွန်တော်က ဓာတ်မင်းသားကြီး လေသံဖြင့် ကဗျာကို ဟဲပြလိုက်သည်။

အားလုံးက ပြုံးဖြဲဖြဲဖြင့် နားထောင်ကြလေ၏။

"သိပ်ပြီး အတွေးအားပါတဲ့ ကဗျာ။ မင်းတို့ စဉ်းစားကြည့်ကြစမ်း။ အပ်နဖားထဲကို ကြိုးထိုးတဲ့ အဘွားအိုတစ်ယောက်။ အပ်နဖားပေါက်နဲ့ ကြိုးက လွဲတယ်။ ဒီတော့ ကြိုးကို ဆဲတယ်။ အမြင်ကတ်တယ်။ ကိုယ်ကိုယ်တိုင် အသက်ကြီးနေပြီ ဆိုတာကို မေ့နေတဲ့ အဘွားအို။ ငယ်ငယ်တုန်းကလို လုပ်တိုင်း ဖြစ်မယ်လို့ ထင်တဲ့ အဘွား။ ဒီကဗျာမှာ လူကြီးတွေကို သတိတစ်ခု ပေးထားတယ်။ အပ်နဖားကို ကြိုးထိုးတဲ့ကိစ္စ။ လူငယ်တွေကို ခိုင်းရမှာ။ 'ငါ မပါ

ဘယ်နေရာမှ မပြီး'လို့ လူကြီးတွေရဲ့ ဘဝင်မြင့်တတ်တဲ့ ထင်မှတ်ထားမှု။ အဲဒါကို ဆုံးမထားတာ။ တကယ်တော့ 'ငါ ပါနေလို့ကို ဘယ်နေရာမှ မပြီး' ဖြစ်နေရတာ။ လူကြီးတွေ… လူကြီးတွေ… အသက်ကြီးလာရင် နေတတ်ကြဖို့ လိုတယ်။ ပြီးတော့ လူငယ်တွေကိုလည်း ယုံယုံကြည်ကြည်နဲ့ နေရာပေးဖို့ လိုတယ်။ ခိုင်းဖို့ လိုတယ်"

ဆရာဇော်ဂျီ၏ ကဗျာများထဲမှ 'ဗေဒါလမ်းကဗျာစု' များနှင့် 'ရှေးခေတ်ပုဂံ ကဗျာစု'များကို လူသိများပါသည်။ ကျွန်တော်က လူသိနည်းသော ကဗျာများကိုသာ ရွေးချယ်ပြီး လူငယ်တို့၏ အာရုံကို နှိုးဆွလိုက်သည်။

"နောက်တစ်ပုဒ်။ ဒီကဗျာက ၁၉၈၄ ခုနှစ်မှာ ဆရာဇော်ဂျီကိုယ်တိုင် ရွတ်ဆိုခဲ့တဲ့ ကဗျာ။ ဆရာဇော်ဂျီက ၁၉၀၇၊ ဧပြီလ ၁၂ ရက်နေ့မှာ မွေးတယ်။ ဒီတော့ ဒီကဗျာဟာ ဆရာဇော်ဂျီရဲ့ အသက် ၇၇ နှစ်ရောက်မှ ရေးခဲ့တဲ့ကဗျာ။ ဖြတ်သန်းမှုတွေကြားက ဖြစ်ပေါ်လာတဲ့ ကဗျာတစ်ပုဒ်။ 'ဇော်ဂျီနဲ့ ရှိန်းဆာယာ' တဲ့။ နားထောင်ကြပေ့။ မေးစရာရှိရင်လည်း မေးကြ"

"ရုပ်သေးစင်ပေါ်
ဇော်ဂျီနှင့် တောင်ဇေး။
အခုန်အပျံနှင့်
သူ့ဟန်ကို သည်ဖေကြည့်
မောမိတယ်လေး။
ရှိန်းဆာယာ ပိုမောက်
ကိုယ်ပျောက်သည့် တန်ခိုး။
ရှိန်းဆာယာ သည်ဖေကြောက်
စိတ်ပျောက်မှာ စိုး"

ကျောင်းသားတစ်ယောက်က ထပြီး ပြောသည်။

"ဒီကဗျာကိုတော့ သိပ်ပြီး နားမလည်ဘူးဗျ။ 'ရှိန်းဆာယာ' ဆိုတာ ဘာလဲ ခင်ဗျ။ 'သည်ဖေကြောက်' တယ်ဆိုတာ ဘာသဘောလဲ။ 'စိတ်ပျောက်မှာစိုး' ဆိုတဲ့ ရေးသားဟန်ကို သဘောမပေါက်ဘူး"

"ဒီလိုရှိတယ်၊ ဆရာဇော်ဂျီက ဒီကဗျာနဲ့ သူ့တပည့်တွေကို ဆရာကန်တော့ပွဲမှာ ဆိုဆုံးမခဲ့တာ"

"ဘယ်လို ဆိုဆုံးမတာလဲ ခင်ဗျ"

"ဆရာဇော်ဂျီရဲ့ အသက်က ၇၇ နှစ်ဆိုတော့ သူ့တပည့်တွေကလည်း ၅၀ ကျော်၊ ၆၀ ကျော် ဖြစ်ကုန်ကြပြီ။ ဌာနဆိုင်ရာတွေမှာ လူကြီးတွေ၊ ညွှန်ချုပ်ကြီးတွေ၊ စစ်ဗိုလ်ချုပ်ကြီးတွေ၊ ပါမောက္ခကြီးတွေ ဖြစ်နေကြပြီ။ အဲဒီလို ဖြစ်နေကြတဲ့ သူ့တပည့်တွေကို ဆရာဇော်ဂျီက သတိပေးတယ်။

'မင်းတို့ဟာ ရုပ်သေးစင်ပေါ်က သူများ ကြိုးဆွဲရာကို ကနေရတဲ့ ဇော်ဂျီရုပ်ကလေးတွေ။ တကယ်တန်ခိုးရှိတဲ့ ဇော်ဂျီအစစ် မဟုတ်ဘူး။ ကြိုးဆွဲကောင်းလို့ ခုန်နိုင်၊ ပျံနိုင်တာကို ဘဝင်မြင့်မနေကြနဲ့။ မင်းတို့ကို ကြည့်ရတာ ငါ ရင်မောလိုက်တာ။ တကယ်တော့ မင်းတို့ဘဝဟာ သူများက နေရာပေးလို့ နေရာရထားတဲ့သူ။ သိကြပေ့'

ဒီလို ဆိုလိုဟန် ရှိတယ်။ နောက်တစ်ပိုဒ်မှာ 'ရှိန်းဆာယာ ပိုမောက်၊ ကိုယ်ပျောက်တဲ့ တန်ခိုး'တဲ့။ 'ရှိန်းဆာယာ' ဆိုတာ 'ဇော်ဂျီအစစ်တွေမှာရှိတဲ့ ကိုယ်ပျောက်တတ်တဲ့တန်ခိုး'ကို ဆိုလိုတယ်။ ဆရာဇော်ဂျီက သူ့တပည့်တွေကို ဒီလို ပြောချင်ပုံရတယ်။ 'မင်းတို့တစ်တွေဟာ ရာထူးလေး ရှိလိုက်တာနဲ့ အာဏာပြချင်တယ်။ နေရာလေး ရလိုက်တာနဲ့ လုပ်ပိုင်ခွင့်ကို အလွဲသုံးစား လုပ်ချင်တယ်။ ဒီတော့ ကြာလာရင် လူစိတ်တွေ ပျောက်ကုန်မှာ ငါ စိုးရိမ်တယ်။ မင်းတို့ လူစိတ် ရှိကြစမ်း' "

"လူစိတ် ဆိုတာ ဘာလဲဗျ"

"တိရစ္ဆာန်စိတ်ရဲ့ ဆန့်ကျင်ဘက်ဟာ လူစိတ်ပေါ့။ 'တိရစ္ဆာန်စိတ်' ဆိုတာ ကြီးနိုင်ငယ်ညှဉ်းစိတ်ဓာတ်၊ အစွယ်ရှိသူက အစွယ်မဲ့သူကို အစွယ်နဲ့ အနိုင်ယူတဲ့စိတ်ဓာတ်၊ ဦးချိုရှိသူက ဦးချိုမဲ့သူကို ဦးချိုနဲ့ အနိုင်ယူတဲ့စိတ်ဓာတ်၊ လက်နက်ရှိသူက လက်နက်မဲ့သူကို လက်နက်အားကိုးနဲ့ အနိုင်ယူတဲ့ စိတ်ဓာတ်၊ အင်အားကြီးသူက အင်အားငယ်သူကို အင်အားနဲ့ ဗိုလ်ကျစိုးမိုးတဲ့ စိတ်ဓာတ်၊ အတ္တအပေါ် အခြေခံတဲ့စိတ်ဓာတ်၊ အများအကျိုးကို ပစ်ပယ်တဲ့ စိတ်ဓာတ်။ ဒီတော့ မင်းတို့ဟာ လူစိတ်တွေ ပျောက်ပြီး အဲဒီလို တိရစ္ဆာန်စိတ်တွေ ဖြစ်ကုန်မှာ ငါ စိုးရိမ်တယ်။ အဲဒီလို ဆိုဆုံးမထားတဲ့ ကဗျာ"

"ဒါဆိုရင် နားလည်ပါပြီ။ အခုလည်း လူစိတ်ပျောက်နေတဲ့ 'ရုပ်သေးဇော်ဂျီ'တွေ ကျွန်တော်တို့နိုင်ငံမှာ အများကြီးပဲဗျ"

နားထောင်နေသူ အားလုံးက 'ဟုတ်တယ်ဟေ့' ဟု ဝိုင်းပြီး ပြောကြလေသည်။

ကျောင်းသူတစ်ယောက်က မေးပြန်သည်။

''ဆရာဇော်ဂျီက အမျိုးသားစာပေဆု ရခဲ့ဖူးသလား''

''နှစ်ကြိမ်ရခဲ့ဖူးတယ်။ ကြုံလို့ ပြောရဦးမယ်။ ဆရာဇော်ဂျီက အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ၁၀ နှစ်တာဝန်ထမ်းဆောင်ခဲ့ဖူးတယ်။ ၁၉၆၅ ကနေပြီး ၁၉၇၅ အထိပေါ့။ အဲဒီကာလမှာ ဆရာဇော်ဂျီရဲ့ ကဗျာတွေကို အမျိုးသားစာပေဆုပေးဖို့ နောက်ဆုံးဆန်ခါတင်စာရင်းမှာ ပါခဲ့တာတောင် သူ့ကို မရွေးချယ်ဖို့ သတိပေးတယ်။ စိစစ်ရွေးချယ်ရေးထဲမှာ ပါပြီး ဒီဆုကို ယူလိုက်ရင် မြန်မာစာပေအပေါ်မှာ လူထုက အယုံအကြည်မဲ့သွားမယ်။ ဒါကြောင့် မယူခဲ့ဖူး။ အဲဒီလောက်ထိ စာပေကို ချစ်တဲ့သူ၊ သစ္စာရှိတဲ့သူ၊ တည်ကြည်တဲ့သူ။ အတုယူထိုက်တယ်။ ဒီလိုနဲ့ ၁၉၇၉ ခုနှစ်ရောက်မှ ကဗျာဆရာဖြစ်ပေမယ့် 'ဘာသာပြန်ရသစာပေ'နဲ့ 'အမျိုးသားစာပေဆု'ကို ပထမအကြိမ် ရခဲ့တယ်။ ၁၉၈၇ ရောက်မှ 'ရှေးခေတ်ပုဂံကဗျာများနှင့် အခြားကဗျာများ' စာအုပ်နဲ့ အမျိုးသားစာပေဆုကို ဒုတိယအကြိမ် ရခဲ့တယ်''

ထိုနေ့က ဆရာဇော်ဂျီ၏ ကဗျာများကို လူငယ်များနှင့်အတူ ကျွန်တော်ရွတ်ဆိုခဲ့ပါသည်။

စက်တင်ဘာလ၏ မိုးရေစက်များက အိမ်အပြန် လမ်းမထက်ပေါ်တွင် ပြိုဆင်းလာကြသည်။ ထိုမိုးရေစက်များ၏ အေးမြမှုသည် စိတ်ကို ကြည်နူးစေ၏။ ကဗျာတို့သည် မိုးရေစက်များ ဖြစ်ကြသည်။ ထိုမိုးရေစက်များကို ကြည့်ရင်း စကားတစ်ခွန်းကို ကျွန်တော် ကျူးရင့်မိသည်။

စာပေသည် ယဉ်ကျေးမှုတို့၏ အခြေခံ။ ယဉ်ကျေးမှုသည် ငြိမ်းချမ်းရေးတို့၏ မိခင်။ ဒါဆိုရင်···

'ကျည်ဆန်တစ်တောင့်' နဲ့ 'ကဗျာတစ်ကြောင်း'၊
'သေနတ်တစ်လက်' နဲ့ 'ကဗျာတစ်ပိုဒ်'၊
'အမြောက်တစ်လက်' နဲ့ 'ကဗျာတစ်ပုဒ်'
တန်ဖိုးချင်း မတူပါ။

သူ့တန်ဖိုးနှင့်သူ ရှိကြမည်မှာ မှန်သော်လည်း ငြိမ်းချမ်းရေးအတွက်တော့ 'သေနတ်တစ်လက်' ထက် 'ကဗျာတစ်ပုဒ်' က ပိုပြီး တန်ဖိုးရှိပါသည်။

✿ ✿ ✿

## လင်းလွန်းခင်စာပေတိုက်မှ ထုတ်ဝေပြီးစာအုပ်များ

| | |
|---|---|
| ၁၅၅။ မေတ္တာနံ့နက်ခင်း အတွေးရသစာစု | ဦးဘုန်း(ဓာတု)မန္တလေး |
| ၁၅၆။ ဂျင်မီယင် (သို့မဟုတ်) လူသားအားမာန် | တင်မောင်မြင့် |
| ၁၅၇။ ဤမှန်သော သစ္စာစကားကြောင့် (တတိယအကြိမ်) | မြတ်ငြိမ်း |
| ၁၅၈။ သုနာပရန္တ စန္ဒာလင်္ကာရပုံရိပ် | ဦးစန္ဒိမာ(စလင်း) |
| ၁၅၉။ ဘဝစာမျက်နှာသစ် ခေတ်သစ်ပုံပြင်များ | ဖေလင်းသစ် |
| ၁၆၀။ နောက်ဆုံးခရာသံ | ညိုထွန်းလူ |
| ၁၆၁။ ကလေးတို့ ဘဝပျော်ရွှင်စေရေးနှင့် စိတ်ကျန်းမာရေး | မြမြဆွေ(စိတ်ပညာ) |
| ၁၆၂။ အနာကြီး၊ တင်းတိပ်နှင့် အခြားအရေပြားပြဿနာများ | ဒေါက်တာကျော်ကျော် |
| ၁၆၃။ အတွေးလက်ဆောင်ဒိုင်ယာရီ | ဦးဘုန်း(ဓာတု)မန္တလေး |
| ၁၆၄။ ပြည်သူ့ဆန္ဒနဲ့ စီးချင်းထိုးသူများ | အောင်ရဲထွန်း(ဓာတု) |
| ၁၆၅။ ကျောင်းတုန်းက သူငယ်ချင်းတွေ | တင်မောင်မြင့် |
| ၁၆၆။ ဟယ်လို… လူကြောင်နှင့် အခြားဝတ္ထုတိုများ | ဦးဆွေ(ဒဿနိက) |
| ၁၆၇။ ပွဲစားကြီးငါးခြောက် | ဇော်ခိုင်ဦး |
| ၁၆၈။ လမ်းဆုံဘူတာနှင့် မဂ္ဂဇင်းဝတ္ထုတိုများ | ရဲသျှမ်း |
| ၁၆၉။ တန္တေနာရီ ခေတ်ပေါ်ရှိမန့်တစ် ဝတ္ထုတိုများ | ကလောင်စုံ |
| ၁၇၀။ မရှုံ့သောမြေ မသေသောမြစ် | နတ်မျိုး |
| ၁၇၁။ စွယ်တော် ရေနွဲ့အတွေးရသစာစု | ဦးဘုန်း(ဓာတု)မန္တလေး |
| ၁၇၂။ လင်းလွန်းခင်စိတ်ကြိုက် အက်ဆေးများ | ကလောင်စုံ |
| ၁၇၃။ ဦးထုပ်ခြောက်လုံး တွေးခေါ်နည်း | မြတ်ငြိမ်း |
| ၁၇၄။ သာသနာပိုင်ဆရာတော်များနှင့် သာသနာ့တန်ဆောင်ဆရာတော်များ | ဦးစန္ဒိမာ(စလင်း) |
| ၁၇၅။ မီးလျှံနှင့် ကြာဖြူ | အောင်ခန့် |
| ၁၇၆။ ကျဉ်တုတ်ခံဝံ့ မခံဝံ့ | မောင်သာရ |
| ၁၇၇။ ပီနိချက်အတွက် မြည်းအမြီးရှည်တစ်ချောင်း (မြန်မာပြန်) | တင့်ဇော် |
| ၁၇၈။ ရွှေကြက်ယက်၊ မြောင်းမြကျောင်း ဆရာတော်နှင့် အမေရိကန်နိုင်ငံက ဖြစ်ရပ်ဆန်းများ | ရွက်သစ် |
| ၁၇၉။ စမ္မာနဂိုရ် ပြားသွားပြီနှင့် အခြားဝတ္ထုတိုများ | မောင်ရင့်မာ(ကျောင်းကုန်း) |

၁၈၀။ လင်းလွန်းခင်စိတ်ကြိုက် မဂ္ဂဇင်းဝတ္ထုတိုများ (၆) ကလောင်စုံ

၁၈၁။ မိဖုရားဖြစ်ချင်သူ မိုက်သူကြီးသမီး (ဘဝဇာတ်ခုံ-၇) ကျော်ရင်မြင့်

၁၈၂။ ဖူးသစ်နွယ် လူငယ်အတွေးရသစာစု ဦးဘုန်း(ဓာတု)မန္တလေး

၁၈၃။ စတုတ္ထမဏ္ဍိုင်၏ အကျိုးပြုပုံများနှင့်
စတုတ္ထမဏ္ဍိုင် ခြေလှမ်းမှာသော် ဘယ်လိုလုပ်ကြမလဲ ဒေါက်တာထွန်းဝင်း

၁၈၄။ ပရိတ်တန်ခိုးအမျိုးမျိုး မကြွယ်ကြွယ်

၁၈၅။ နေ့စဉ် ကျန်းမာစေဖို့ အကြံပေး စကားများ ခင်စောတင့်

၁၈၆။ လောကဓံနှင့် ဘောလုံးကစားခြင်း (အတွေးရသစာစုများ) ထက်ကျော်

၁၈၇။ မနေ့က လရောင်အောက်မှာ မောင်ကိုယု

၁၈၈။ သကြိန်လူ၊ ခြင်ထောင်လူ၊ လေယာဉ်လူ ဒေါက်တာအောင်ကြီး

၁၈၉။ တောင်တွေလည်း တန်းပါစေ၊ မြစ်တွေလည်း ဖွမ်းပါစေ မောင်သာချို

၁၉၀။ ပြောပြစရာတွေလဲ တပုံကြီး (၄) မာမာအေး

၁၉၁။ ပရဟိတ ပါရဂူ

၁၉၂။ သည်ကမ္ဘာမြေမှာ သူတို့ပျော်ပါလေစနှင့် မဂ္ဂဇင်းဝတ္ထုတိုများ ညိုနှင်းအိမ်

၁၉၃။ စာရေးဆရာလောက၊ စာရေးဆရာအကြောင်း ခင်ဆွေဦး [နှင့် အခြား…]

၁၉၄။ မြန်မာ့ဘဏ္ဍာရေးလုပ်ငန်းနယ်ပယ်
ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာများ ကျော်သွင်ကို

၁၉၅။ အိမ်မွေးအချစ်တော်များ ဒေါက်တာခင်စန်းမော်

၁၉၆။ တတိယနားဖြင့် နားထောင်ခြင်း သက်လုံ


## ယခု


၁၉၇။ ရဲရင့်နှင်းဆီ ဦးဘုန်း(ဓာတု)မန္တလေး


## ဆက်လက်ထွက်ရှိမည့် စာအုပ်များ


၁။ ရွှေအမြုတေ လက်ရွေးစင်ဝတ္ထုရှည်စုစည်းမှု(၅) [ကြူးနှစ်နှင့် အခြား….]

၂။ ဒီမိုကရေစီကို သိဒ္ဓိတင်လွန်းနေသလားနှင့်… မာန်သစ်နိုး

၃။ လှေကားသုံးထစ်ဆင်းရင် အပျိုဖြစ်မှာလား အမရာ(ဆေး-၁)

၄။ ရောဝတီမြစ်ကမ်းပါးပေါ်မှ ဘုရား စေတီ ပုထိုး ၅၀၀၀ ဦးခင်မောင်ဆွေ(မန်းတက္ကသိုလ်)

## ဦးဘုန်း(ဓာတု)မန္တလေး၏ ထွက်ရှိပြီး စာအုပ်များ

၁။ နီးနီးဝေးဝေး အတွေးလက်ဆောင်
၂။ တွင်း အတွေးစာစကား
၃။ ငှက်တစ်ကောင်၏ အတွေးရသ
၄။ သုည အတွေးရသစာစု
၅။ အဖေ့အိမ်
၆။ သံစဉ်များနဲ့ ကမ္ဘာ
၇။ အတွေးလက်ဆောင်ဒိုင်ယာရီ
၈။ ကြက်ရိုးဒဿန အတွေးရသစာစု
၉။ သတ္တိရှိတဲ့မြက်ပင်များ နေ့စွဲအတွေးရသစာစု
၁၀။ ပန်းသေနတ် အတွေးရသစာစု
၁၁။ မွေးနေ့လက်ဆောင်ဒိုင်ယာရီ
၁၂။ မေတ္တာနံနက်ခင်း အတွေးရသစာစု
၁၃။ စွယ်တော် နေ့စွဲအတွေးရသစာစု
၁၄။ ဖူးသစ်နွယ် လူငယ်အတွေးရသစာစု

**ယခု**

၁၅။ ရဲရင့်နှင်းဆီ နေ့စွဲအတွေးရသစာစု

သူရဲကောင်း စစ်စစ်တွေဟာ
သူတို့ရဲ့ ကိုယ်ကျင့်တရားနဲ့
သူတို့ရဲ့ သမိုင်းကို တည်ဆောက်ကြတယ်။
အနစ်နာခံမှုနဲ့
သူတို့ရဲ့ သမိုင်းကို အုတ်မြစ်ချကြတယ်။
ရိုးသားမှုနဲ့
သူတို့ရဲ့ သမိုင်းကို ဖွဲ့စည်းကြတယ်။
ဖြောင့်မှန်မှုနဲ့
သူတို့ရဲ့ သမိုင်းကို ပြုစုကြတယ်။
စွန့်လွှတ်မှုနဲ့
သူတို့ရဲ့ သမိုင်းကို မော်ကွန်းထိုးကြတယ်။

**ဦးဘုန်း(ဓာတု)မန္တလေး**

[ နေ့စွဲ အတွေးရသ စာစု ]